

ရွှေရွှေအောင်
နွဲ့ဆိုရတဲ့မောင်မောင်

ပထမအကြိမ်

—

တစ်ထောင်အုပ်

—

စာအုပ်စာတမ်း၊ စာနယ်ဇင်း
စာမူကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် ၄၂၁/၈၉ (၆)

—

မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်အမှတ် ၄၈၈/၈၉(၆)

—

တန်ဖိုး၊ သုံးဆယ့်ခြောက်ကျပ်

—

ပန်းချီ မောင်ကျော်ညွန့် * အဖွဲ့

—

အဖုံး သိန်းမြင့်ဝင်း မအောင်ဓိဆက်

—

ထုတ်ဝေ ခိုင်ထွန်းအေး (၀၇၉၀)
စိန်မင်းသူစာပေ
အမှတ် ၁၆၊ နတ်ချောင်းကမ်းနားလမ်း၊ တာမွေ၊ ရ

—

ပုံနှိပ် ဒေါ်တင်ရွှေ (၀၁၄၄၀)
အောင်ချမ်းသာပုံနှိပ်တိုက်
၅၄၊ ၉၃ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

# ဆွေဆွေအောင်

ဋ္ဌဆုရတဲ့ မောင်မောင်

• မည်သူ့ကိုမျှ မရည်ရွယ်ပါ၊
တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

●

ရတနာသုံးပါး ဦးထိပ်ထား၍ တရားသဖြင့် ရသောငွေဖြင့် မိဘနှစ်ပါးအား လုပ်ကျွေးရသော ကုသိုလ်ကောင်းမှုကြောင့် ကျွန်မ၏ စာဖတ်ပရိသတ်များနှင့် အဝတူစာရေးဆရာများသည် ကျွန်မနှင့် ထပ်တူ ကာယသုခ စိတ္တသုခနှင့် ပြည့်စုံကြပါစေ....။

ဆွေဆွေအောင်

အခန်း (၁)

---

ဟောင်းရွက်ညှာ ခါလှစ်လို့၊ တာသစ်တဲ့နံ့ကြိုင်၊ သုတ်ဖျူးလေဆော်လို့၊ ပန်းကံ့ကော်ဝတ်မှုန်ကျင်း၊ သင်းတဲ့လို့ လှိုင်။ ။ ကြယ်နှစ်ဆိုင်၊ သွယ်ပြိုင်ပဝင်း။ ။ စိုကြွယ်နှင့်၊ ရွှေလသော်တာတို့၊ ယုဂန်ချာတောင်တော်စွန်းမှာ ထွန်းထိန်လို့လင်း။

တိုးသူတော်ဦးမင်း
(တန်ခူးလဘွဲ့သဖြန်)

လေပြည်စိမ့်စိမ့်လေးက တသိမ့်သိမ့်လေး လှိုမ့်၍လှိုမ့်၍ တိုက်ခတ်နေသည်။

ခြံထဲမှ ကံ့ကော်ရနံ့ သင်းပျံ့ပျံ့ကို ရှူရှိုက်နေခဲ့ရသည်မှာ ရက်အတော်ပင်ကြာလေပြီ။

ယခုလေအဝေ့တွင် ပိတောက်နံ့ ဖြန်းခနဲရလိုက်သဖြင့် စန္ဒီ ကိုယ်ကလေး တောင့်တောင့်လေးဖြစ်သွားသည်။

ဪ....ဟုတ်ပေသားပဲ။

မနက်အရုဏ်မတက်ခင်က မိုးစက်မိုးပွင့်လေးတွေ မြေထက်သို့ ကြွေသက်ခဲ့ကြသေးသည်။

သင်္ကြန်လက်ဆောင်မိုးလို့ပဲ ခေါ်မလား၊ တန်ခူးမိုးဦးလို့ပဲ ခေါ်မလား။

သင်္ကြန်မတိုင်ခင် မိုးရွာတတ်တာ စန္ဒီတို့ငယ်ငယ်တည်းက မှတ်မိနေခဲ့သည်။

မိုးလေးတစ်ပြိုက်လောက်ရွာလိုက်သည်နှင့် နောက်တစ်နေ့ နံနက်တွင် ပိတောက်ပန်းတွေ ပင်လုံးကျွတ်ပွင့်ပါတော့သည်။

ထိုကဲ့သို့ ပိတောက်နံ့တွေ သင်းပျံ့လာသည်နှင့်အမျှ ရင်မှာ ကြည်နူးသလိုလို လွမ်းဆွတ်သလိုလိုကြီး ဖြစ်လာရသည်။

ငယ်စဉ် ကလေးဘဝက ထိုခံစားချက်ကို နားမလည်ခဲ့သော်လည်း အပျိုပေါက်အရွယ်ရောက်လာသောအခါ သင်္ကြန်ကျတော့မည်၊ ပိတောက်တွေပွင့်တော့မည်ဆိုလျှင် ရင်မှာ သိမ့်ခနဲငြိမ့်ခနဲ ဖြစ်သွားတတ်ပါသည်။

ကလေးဘဝက သင်္ကြန်ကျတော့မည်ဆိုသည်နှင့် ရေပက်ကစားရတော့မည်၊ ရေပက်ခံ ထွက်ရတော့မည်၊ တစ်ဦးနှင့်တစ်ဦး အသက်အရွယ်မရွေး ရေပက်ခွင့်ရှိသည်။ မုန့်လုံးရေ



ပေါ် စားရမည်။ သင်္ကြန်ရက်များအတွင်း အိမ်ဘေးပတ်ဝန်းကျင်မှ မုန့်မျိုးစုံလာပို့တတ်ကြသည်။ အိမ်ကလည်း ပြန်ပို့သည်၊ စန္ဒီတို့ကတော့ စားပွဲပေါ်မှာတွေ့သမျှ အကုန်နှိုက်တော့တာပဲ။

သူများကိုရေပက်ခွင့်ရလျှင် ခုန်ဆွခုန်ဆွနှင့် ပါးစပ်ကလေးအပြုံသားနှင့် ရယ်မောသဘောကျသလောက် ကိုယ့်ကို ပက်လေသောအခါ မြေပြင်ကိုဖနောင့်နှင့်ပေါက်၍ သံကုန်ခြစ်ကာ ငိုပစ်လိုက်စမြဲ။

စန္ဒီ လေသာဆောင်ဆီသို့ ထွက်ခဲ့သည်။

"မမစံ၊ ပိတောက်ပန်းတွေ အပွင့်လှသလောက် မွှေးမှမွှေးပဲ၊ ပန်မှာမဟုတ်လား"

ခြံထဲတွင် ဒူးဆစ်ခန့်အထိသာရှည်သော ဘောင်းဘီဖြင့် ပိတောက်ပင်ပေါ်တက်ဖို့ ဟန်ပြင်နေသော ဇော်ဝင်းက လှမ်းအော်မေးခြင်းဖြစ်သည်။

စန္ဒီ မျက်ခုံးမည်းမည်းလေးများ အလယ်တွင်စုသွားသည်။

ပိတောက်ပင်အောက်တွင် ဇော်ဝင်း၊သန့်ဇင်နှင့် မျိုးလွင်တို့အပြင် သိင်္ဂီနှင့်ယင်းမာကိုလည်း တွေ့ရသည်။

သိင်္ဂီနှင့်ယင်းမာက လှပစွာ ဝတ်စား ပြင်ဆင်ထားကြသည်။

"မမစံ၊ ရေပက်ခံထွက်မလို့ လိုက်ဦးမှာလား"

မျိုးလွင်၏အမေးကို စန္ဒီက မျက်နှာတည်တည်ဖြင့် ခေါင်းခါပြလိုက်သည်။

“မခေါ်နဲ့….မခေါ်နဲ့၊ မမစံက အပျိုကြီးဖြစ်သွားပြီ၊ဟိုင်းသွားပြီ၊ အပျော်အပါးထက် စီးပွားရေးပဲ စိတ်ဝင်စားတာ”

မောင်ငယ် သန့်ဇင်က ပိတောက်ခက်တွေချိုးချရင်း ပြောသည်။

“မမစံက သည်လောက်လှတာ ယောက်ျားတော့ ရဦးမှာပဲ”

မျိုးလွင်က စန္ဒီရှိရာလှမ်းကြည့်ရင်း ပိတောက်ပွင့်လေးများကိုရှုရှိုက်ရင်း ပြောခြင်းဖြစ်သည်။

ထိုအပြုအမူလှုပ်ရှားမှုသည် ကျောက်သားလိုဖြစ်နေသော အသည်းနှလုံးကို ပျော့ပျောင်းသွားစေတာ အမှန်။

“ဟော့….သိင်္ဂီ၊ မမစံမှာ ရည်းစားမရှိဘူးလား”

“ဟင့်အင်း”

“မဖြစ်နိုင်တာဘဲ၊ ရှိကိုရှိရမယ်”

“မရှိပါဘူးဆို ဖိုးလွင်ရာ”

“အလျင်ကတော့ ရှိခဲ့မှာပေါ့”

“အလျင်ကတော့ရှိတာပေါ့ဟ၊ အတိတ်ဆိုတာ လူတိုင်းမှာရှိတာပဲ”

“အံမာ….ကြီးကျယ်လို့၊ ဒါဆို နင့်မှာရော အတိတ်ဆိုတာ ရှိနေပြီလား”

“ရှိတယ်လေ၊ သိပ်ရှိတာပေါ့၊ ငါက ခုမှ ဆယ့်လေးနှစ်ဆိုတော့ ငါ့အတိတ်ကလဲ ပိစိကွေးပဲရှိသေးတာ”

“ကဲ….နင့်အတိတ်ပိစိကွေးကို ပြောပြပါဦး၊ ဘယ်လောက်စိတ်ဝင်စားစရာကောင်းလဲလို့”



သိင်္ဂီက နှုတ်ခမ်းလေးတင်းတင်းစေ့၍….

“ငါ့အတိတ်ကတော့ဒါပဲ၊ မှတ်မိသေးလား၊ မနှစ်က သင်္ကြန်တုန်းက ငါ့မျက်နှာကို အိုးမည်းသုတ်ထားတာလေ၊ ကဲ….ကဲ”

ပြောပြောဆိုဆို သိင်္ဂီက မျိုးလွင်၏ မျက်နှာဖြူဖြူကို အိုးမည်းအဆီများဖြင့် သုံးလေးချက်သုတ်ပစ်လိုက်သည်။

“အောင်မယ်လေးဗျ၊ ပေကုန်ပါပြီဗျ၊ ဟား….ဟား”

“ဟား….ဟား…. ဟား”

“ခစ်….ခစ်….ခစ်”

ယင်းမာနှင့် ဇော်ဝင်းက လုံးထွေးသတ်ပုတ်နေသော သိင်္ဂီနှင့် မျိုးလွင် တို့ကိုကြည့်၍ ခွက်ထိုးခွက်လန်ရယ်သည်။

မျိုးလွင်က သူ့မျက်နှာမှ အိုးမည်းဆီများကို သူ့လက်နှစ်ဘက်နှင့်ပွတ်၍ သိင်္ဂီ့မျက်နှာကိုပြန်သုတ်သည်။

နှစ်ယောက်သား လုံးထွေးနေသည်။

သိင်္ဂီ့ကိုယ်လုံးလေး မျိုးလွင်၏ ရင်ခွင်ထဲရောက်နေသည်။ မျိုးလွင်က သိင်္ဂီ့ကိုယ်လုံးလေးကို ရင်ခွင်ထဲသွင်း၊ ဘယ်ဘက်လက်ဖြင့် သိုင်းဖက်ပြီး ညာဘက်လက်ဖြင့် အိုးမည်းသုတ်လိမ်းနေခြင်းဖြစ်သည်။

အစ်မဖြစ်သူ သိင်္ဂီကို မျိုးလွင်က အသဲအမဲအိုးမည်းသုတ်လိမ်းနေသည်ကို အငယ်ကောင်သန့်ဇင်က အကြီးအကျယ်သဘောကျပြီး ရယ်မောနေသည်။

စန္ဒီသက်ပြင်းချမိသည်။

လုံးထွေး သက်ပုတ်နေတတ်သော်လည်း သူတို့မျက်လုံး အကြည့်များက ရိုးစင်းသည်၊ တစ်ယောက်ကိုတစ်ယောက် အနိုင်ယူချင်သည့်စိတ်ကများနေသည်။

ဘာပဲဖြစ်ဖြစ် သိဂီသည် ကလေးမဟုတ်တော့။

အရွယ်ရောက်ပြီဖြစ်၍ ယောကျ်ားပျို တစ်ယောက်နှင့်ယခု လို လုံးထွေးသက်ပုတ်မနေသင့်....

အင်း....ညကျမှ သတိပေးရဦးမည်။

"စန္ဒီရေ၊ အန်တီတို့ ရေပက်ခံထွက်မလို့၊ ကလေးတွေလဲ ခေါ်သွားမယ်၊ စန္ဒီလဲလိုက်ခဲ့ပါလား"

"မလိုက်တော့ပါဘူး အန်တီအေးရယ်၊ အန်တီအေးတို့ပဲ သွားကြပါ"

"ဘာလဲ၊ ညည်းက သင်္ကြန်တိုင်းအပြင်မထွက်ဘဲ ဝရန်တာ မှာ ထိုင်ထိုင်ပြီး ပိတောက်ပင်တွေကို ငြိမ်ငြိမ်ကလေးထိုင် ငေးငေးနေပုံထောက်တော့ သင်္ကြန်နဲ့ပတ်သက်ပြီး ဇာတ်လမ်း ရှိခဲ့ဖူးပြီထင်တယ်၊ ဟုတ်လား"

"မဟုတ်ပါဘူးအန်ကယ်ရယ်၊ စန္ဒီ ကိုယ်တိုင်က အခုလိုပဲ အေးအေးဆေးဆေးနေတတ်လို့ပါ"

"ကဲ...ဒါဆိုလဲ ကလေးတွေခေါ်သွားမယ်"

"ဟုတ်ကဲ့....ဟုတ်ကဲ့"

သိဂီနှင့်မျိုးလွင်က သူတို့၏မျက်နှာပေါ်မှ အိုးမည်းများ ကို ပြောင်အောင်သုတ်ရင်း ကားပေါ်တွင်အလုအယက်တက် ထိုင်ကြသည်။



တာတာ၊ ဘိုင့်ဘိုင် လုပ်ရင်းပါသွားကြသည်။

လူရှင်းမှ စန္ဒီခြံထဲဆင်းခဲ့သည်၊ တစ်ခြံလုံးပိတောက်တွေ ပွင့်နေကြသည်။ ပွင့်သမျှပိတောက်ပွင့်လှလှတို့ကို သိဂီတို့အုပ်စု ခူးခြွသွားကြသည်။ ခေါင်းမှာအပြည့်ပန်သလို ဘုရားစင်တွင် ကပ်သည်၊ အလှပန်းအိုးတွင်ထိုးသည်၊ ဂျစ်ကားတွင် အကိုင်း လိုက် အခိုင်လိုက်ထိုးသည်။

မြေပြင်ပေါ်တွင်ပြန့်ကြဲနေသော ပိတောက်ခက်လေးများ၊ ပိတောက်ကြွေလေးများကို ကောက်ယူ ရှူရှိုက်ရင်း စန္ဒီ တစ် ဘက်ခြံရှိ ဝရန်တာသို့လည်းကောင်း၊ စန္ဒီစောစောကရပ်နေခဲ့ သော လေသာဆောင်ဆီသို့လည်းကောင်း လှမ်းမျှော်ကြည့်မိ သည်။

လေပြည်စိမ့်စိမ့်နှင့်အတူ သင်းပြန့်သော ပိတောက်ရနံ့က စန္ဒီ့ရင်ကို သိမ့်ခနဲဖြစ်သွားစေသည်။

သည်ရာသီကို ရောက်လျှင် စန္ဒီလူတစ်ယောက်ကို သတိရ တမ်းတမြဲ။

လူတစ်ယောက်ဆိုတာထက် စန္ဒီ့အချစ်ဦး အချစ်ဆုံးဆို လျှင်လည်း ပြော၍ရသည်။

သူ့နာမည်က ခိုင်၊ ကျော်ထွန်းခိုင်။

အဲဒီတုန်းက စန္ဒီက(၁၄)နှစ်။

ကျော်ထွန်းခိုင်နှင့် စန္ဒီသည် သက်တူရွယ်တူ။

ဟိုဘက်ခြံမှာ ကျောင်းလာနေသော ခိုင်နှင့်စန္ဒီတို့ ခုလို ပိတောက်တွေပွင့်သည့်အချိန်မှာ စတွေ့ခဲ့ကြတာလေ၊

အချစ်ဦးလည်းဖြစ်၊အချစ်ဆုံးလည်းဖြစ်တဲ့ ချစ်သူကို ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ ခုလိုရာသီမှာ စတွေ့ရပြီး အတူမပေါင်းသင်းရဘဲ ဖော်ကွာဝေးသူဘဝနှင့် နှစ်ပေါင်းများစွာ အထီးကျန်ဆန့်ခဲ့ရသူ စန္ဒီ့ရင်ထဲမှာ အမြဲပဲဆွေးမြည့်တမ်းတနေခဲ့ပါတယ်။

အချစ်ဦးကို တမ်းတနေသူတစ်ယောက်အတွက် နောက်ထပ် အချစ်သစ်ဆိုတာ ပေါက်ဖွားလာနိုင်တော့မယ်မထင်ပါဘူးလေ။

ဘယ်နေရာ ဘယ်ဒေသကိုရောက်ရောက် သည်ရာသီ သည်ကာလကိုရောက်ရင် စန္ဒီ့ရင်မှာ ဝေဒနာအသစ် ပြန်ဖြစ်ရစမြဲပါ။

"ဖြေမနိုင် ရေဆိုင်ဝဲသို့၊ လိုင်ပွဲတဲ့သစ်စေ၊ တ်
ကျွန်းဆောင်ပျံနှင့် ခြသေ့ခံမှန်ပြတင်းမှာမှ၊ သွင်းတဲ့
လေပြည်၊မျိုလို့သာခဲရတယ်၊သည်းနောက်ကျူဗျာပွေ၊
ကြွေကြွေဘွယ့်ဘနန်း၊ နှင်းသတ်အထုံဝရတ်ကယ်
သဥ္ဇာဘုံက၊ ထည်ကောဋ္ဌမြုံရုံထွေးသော်လဲ၊ မလုံမစုံ
သေးသူတို့ ဆွေးဖို့စတမ်း"

(ဘဆိုတော် ဦးကြင်ဥ)

* * *

အခန်း (၂)

---

တန်ခူးလသည် ပူပြင်းသောလတစ်လဖြစ်သော်လည်း လွမ်းဆွတ်ဖွယ် တမ်းတဖွယ် သဘာဝလည်းရှိနေသည်။

သစ်ရွက်များမှာ ပူပြင်းသော နေအရှိန်ကြောင့် မြစိမ်းရောင်မှ ရွှေဝါရောင်သို့ ပြောင်းချိန်၊ တောင်လေရူးကလည်း 'ရွှေတန်ခူး လေရူးဆော်တော့သည်' ဟုဖွဲ့ဆိုရလောက်အောင် ကလူဆော့ကစားနေကြသည်။

အကိုင်း၊အညှောက်၊အဖူး၊အပွင့်၊အညွန့်တို့နှင့် စီရရီဖူးပွင့်လျက်ရှိသော ငွေအဆင်း ရွှေအဆင်း ဆောင်သည့် ပန်းကံ့ကော်တို့ကလည်း လေယူရာတိမ်းညွတ်၍နေကြသည်။

ကြည်လင်သော ရေအလျင် နှစ်သက်ဖွယ် တစ်သွင်သွင်စီးဆင်းနေသော မြစ်ကမ်းသွဲသောင်စပ်တွင် ဟသ်ာ သောင်တင်းပိန်ညင်းငှက်တို့ အစောင်ဖြန့်ကာ ဝဲကာ ဖိုမယှဉ်တွဲ ချစ်တင်းနှဲ၍ နေကြလေသည်။

ရာသီစက် တစ်ဆယ့်နှစ်ကွက်တွင် ဤလရာသီသည် အခြားသော လရာသီတို့နှင့် ချိန်စက်နှိုင်းပြိုင်၍မမျှ၊ တုဘက်ပြိုင်ဘဘိကင်းလွတ်သော လရာသီဖြစ်တော့သည်။

ပိတောက်ပင်အောက်တွင် တံချူ တစ်ချောင်းဖြင့်လည်ပင်းညောင်းမတတ် မော့၍မော့၍ပိတောက်ခက်များ ချိုးချနေသူကတော့ အပျိုဖော်ဝင်စ စောမြတ်စန္ဒီ ပင် ဖြစ်သည်။

ရှမ်းသွေးပါသဖြင့် သူမ၏အသားသည် ဝင်းစက် ဆ်ဖြူနေသည်။

အသက် (၁၄) နှစ် ပြည့်ပြီးစဖြစ်သော်လည်း ထွားထွားမြင့်မြင့်နှင့် အထူး တင့်တယ်လှပနေသည်၊

ရေမိုးချိုးပြီးကာစ သနပ်ခါး ပါးကွက်လေးကွက်၍တို့နံ့နံ့ဆံပင်များကို ဖဲကြိုးဖြင့် စုစည်းထားသည်။ ပိတောက်ပန်းများကိုလည်း တစ်ခေါင်းလုံးပန်ဆင်ထားသည်။

"စန္ဒီ"

"ရှင်....မေမေ"

"ပန်းခူးလို့ မပြီးသေးဘူးလား....တစ်ခေါင်းလုံးလဲ ပန်းချည်းပဲ၊ တော်ရောပေါ့၊ ဟိုဘက်ခြံမှာ မုန့်လုံးရေပေါ် သွားစိုင်းလုံးပေးရအောင် လိုက်ခဲ့"

"ဟုတ်"



စန္ဒီ ပိတောက်ခက်လေးကို နှာဝတွင်တေ့ရင်း မိခင်နောက်မှ ခုန်စွခုန်စွဖြင့် လိုက်ခဲ့သည်။

"ဝေး....ဟေး....ဟေး"

"ဝါး....ဟား....ဟား"

"ဟဲ့....ဟဲ့"

"အမေ့....ရေတွေနဲ့ပက်ပြီ၊ တစ်ကိုယ်လုံးစိုကုန်ပြီ၊ သနပ်ခါးတွေလဲ ပျက်ကုန်ပြီ၊ ပန်းတွေလဲပြုတ်ကုန်ပြီ အိ....အင့်....အီး....ဟီး....ဟီး"

စန္ဒီ ဘစ်ယောက် ခေါင်းပေါ်မှ ရေအလောင်းခံရသလိုခွာစိတ်နှင့် အပက်ခံလိုက်ရသဖြင့် နှာကျင်ခြင်း၊ ဝမ်းနည်းခြင်းဖြင့် ဆောင့်ကြောင့်ထိုင်၍ ငိုပါလေပြီ။

"ဟဲ့....နီတွတ်၊ ဘာလို့အဲ့ဒီလို လုပ်တာတုံး"

"ဟာ အန်တီကြီးကလဲ၊ သင်္ကြန်မို့ ရေပက်တာပဲ"

"ပက်တာတော့ ပက်တာပေါ့၊ အဲ့သလို အလန့်တကြားမလုပ်နဲ့၊ ပြီးတော့ ခေါင်းပေါ်ကလဲ လောင်းမချနဲ့"

နီတွတ်နှင့် အဖော်ကောင်လေးက ဒေါ်စမ်းနုကို မကျေနပ်သလို မော့ကြည့်နေသည်။

"ကဲလာ သမီး"

"မလာဘူး....မလာဘူး၊ ခွေးစုတ်တွေ၊ သူများခုမှ ရေချိုးပြီးတာ အားလုံးပျက်စီးကုန်ပြီ၊ အီး....ဟီး"

"ဟာ....နားငြီးလိုက်တာ စန္ဒီရာ၊ ရေချိုးပြီးပြီး မပြီးပြီး သင်္ကြန်ဆို အပြင်ထွက်ရင် ပက်မှာပဲ"

"ကဲ....ကဲ"

စန္ဒီက နီတွတ်ဘေးတွင် ရေအပြည့်ဖြင့် ချထားသော သတ္တုပုန်းကို လျင်မြန်စွာ လှမ်းဆွဲပြီး နီတွတ်၏ မျက်နှာကို ဝုန်းခနဲ ပက်ထည့်လိုက်သည်။

"အမယ်လေးဗျ....ဖရှူး....ဖရှူး"

နှာခေါင်းထဲ ရေတွေဝင်ပြီး အသက်ရှူကျပ်နေသော နီတွတ်ဟစ်ယောက်ဖင်ထိုင်လဲရာမှ မထနိုင်သေးသော်လည်း....

"အေး....နင်ငါ့အကြောင်း ကောင်းကောင်းသိမယ် မိစန္ဒီ နင့်မျက်နှာကို အိုးမည်းနဲ့ကို သုတ်မယ် မှတ်ထား"

စန္ဒီက မီးခင်နောက်ကို ခြေကုန်သုတ်၍ ပြေးလိုက်သွားသည်။ ကြောက်သလိုလို ဖြစ်မိသဖြင့် ခပ်ကုပ်ကုပ်လေး ထိုင်နေမိသည်။

နီတွတ်တို့တိုက်သည် ဤရပ်ကွက်တွင် အကြီးဆုံး၊ ပြီးတော့ လူအစုံဆုံး၊ ရပ်ရေး ရွာရေး သာရေး နာရေး အစရှိသည်တို့ အတွက် နီတွတ်တို့အိမ်ကပင် တာဝန်ယူတတ်သဖြင့် နောက်ပိုင်း ဘာသာရေးပွဲတော်များအတွက် ဖြစ်စေ၊ ရာသီအလိုက် ပွဲတော်များအတွက် ဖြစ်စေ၊ သံဃာများကို ဆွမ်းကပ် လှူဒါန်းရန်အတွက် ဖြစ်စေ နီတွတ်တို့အိမ်မှာပင် စုဝေး ချက်ပြုတ်ကြသည်။

မုန့်လုံးရေပေါ် × ×အပျိုဝိုင်း× ×ရွာလယ်ပိုင်းက
မဏ္ဍပ်မှာဗျ× ×စည်ကားနေလိုက်တာ× ×ဟာ×ဟာ×
စည်ကားနေလိုက်တာ× ×ပျိုပျို×အို—အို×သကြန်ဆို



သူတို့ကဲ× ×ပျိုပျို×အို×အို×သကြန်ဆိုသူတို့ကဲ× ×ကျွန်
တော်လဲ မရှောင်×ကျွန်တော်လဲ မရှောင်× ×ဝုက္ခပေး
ဖို့ကြိုးစားနေ × ဟားတိုက်မှာဖြင့် ကျွန်တော်တို့
ကြောက်ပါသလေ....

အိမ်ရှေ့ပန်းခြံကျယ်ထဲတွင် မဏ္ဍပ်ကြီးတစ်ခု ထိုးထားသည်။ ထိုမဏ္ဍပ်ထဲတွင် အပျိုချော အပျိုလှများက ခုံဝိုင်းများတွင် လက်ကိုင်ပဝါခါးကြားထိုး၍ ထိုင်နေကြသည်။ မျက်နှာလေးများ ပြင်ဆင်ခြယ်သထားသောကြောင့် ရွှန်းပ၍ နေကြသည်။ ဆေးဆိုးထားသော နီတျာတျာနှုတ်ခမ်းလွှာလေးများက ပြုံးလဲ့လဲ့လေး ရှိနေကြပြီး တောက်ပရွှန်းလဲ့သော မျက်ဝန်းများက တဖြိုးဖြိုးတဖျပ်ဖျပ်နှင့် တစ်စုံတစ်ဦးကို ရှာဖွေနေကြသည်ထင်၏။ သူမတို့၏ လှပသွယ်လျသော လက်ချောင်းပြည့်ပြည့်လေးများတွင် ရတနာမျိုးစုံစီခြယ်ထားသော လက်စွပ်များ ဝတ်ထားကြသဖြင့် မုန့်လုံးရေပေါ် လုံးနေသော လက်ကလေးများသည်လည်း လှပနေကြသည်။

ထိုမိန်းမလှလေးများကို အနီးတစ်ဝိုက်ရှိ လူပျိုများက မျက်စိစားပွဲထိုင်နေကြသည်။ မိန်းမလှများကလည်း ပြုံးစိစိဖြင့် ပြန်၍ကြည့်ကြသည်။ အပျိုမများလုံး၍ ပြုတ်ထားသော မုန့်လုံးရေပေါ်များကို ပန်းကန်များထဲမှ နှိုက်စားရင်း အငမ်းတူနေကြခြင်း ဖြစ်သည်။

ဟေ့×ဟေ့ × မောင်ကြီးရေ× ×ဟေ့ × ဟေ့ ×
မောင်ကြီးရေ× ×မုန့်လုံး× ×မုန့်လုံး× ×ရေပေါ်××

ရေပေါ် ပေါ်ပါတဲ့× ×မုန့်မုန့်လုံး × × သုံးဆောင်ရ
အောင်ကြွပါလား နော် ×× သုံးဆောင်ရအောင်ကြွ
ပါလား နော်××
စားလို့ကောင်းရဲ့လား× ×ကောင်းရဲ့လား နော်× ×
စားလို့ကောင်းရဲ့လား× ×ကောင်းရဲ့လားတော်× ×
ဟား×ဟား××ဟား××

ရေဒီယိုထဲမှ သီချင်းသံက မြူးကြွပြီး လိုက်လိုက်လှဲလှဲ သီဆိုရယ်မောနေကြသလို အပြင်တက် မုန့်လုံးရေပေါ်ဝိုင်းတွင်လည်း အဖျော်မကို အငမ်းတူ ငရုတ်သီးစိမ်းမိသဖြင့် လျှာကို အလျှားလိုက်ထုတ်ပြီး ယပ်ခတ်နေသည့် လူပျိုသိုးများကို ကြည့်ပြီး မျက်ရည်ထွက်မတတ် အူတက်မတတ် ရယ်နေရတော့သည်။

စန္ဒီလည်း အမေ့ဘေးတွင် ခပ်ကုပ်ကုပ်လေးထိုင်၍ သွားအဖြူသားလေး ရယ်နေမိသည်။

"အမေ့"

တစ်စုံတစ်ဦးက မျက်နှာကို လက်ဖြင့်အုပ်လိုက်ခြင်းခံရပြီးမှ မျက်နှာကို အိုးမည်းအသုတ်ခံလိုက်ရပြီဆိုသည့် အသိကြောင့် ကြွက်ကြွက်ညံအောင် ငိုပစ်လိုက်မိသည်။

အနားကလူများ နားကိုလက်ဖြင့် ဖိထားရသည်အထိ စန္ဒီ့အသံ ကျယ်လောင်သည်။

စန္ဒီ့မျက်လုံးများက စူးရှတောက်ပြောင်နေသည်။အိုးမည်းသုတ်လိမ်းခံထားရသဖြင့် နီဂရိုးမလိုလို သူရဲမလိုလို ဖြစ်နေ



သော စန္ဒီ့မျက်လုံးအကြည့်သည် အတော်ကို ကြောက်စရာကောင်းပါသည်။

စန္ဒီ သဘက်ကိုပြင်ဝတ်ပြီး ခြေလှမ်းကျဲကြီးများဖြင့် အိမ်တက်ပြေးထွက်ခဲ့သည်။

ထိုနေ့မှစ၍ စန္ဒီ့နှလုံးသားတွင် နီတွတ်ကို ရန်သူအလားအမုန်းကြီးမုန်းနေမိတော့သည်။ နီတွတ်ကို မြင်သည်နှင့် စန္ဒီက ချာခနဲ လှည့်ထွက်သွားစမြဲ။

ငယ်သာငယ်သည်။ စန္ဒီ့အသည်းက မာသည်။ အမုတ်အသားကြီးသည်။

သင်္ကြန်သုံးရက်လုံး စန္ဒီအပြင်မထွက်တော့။

အကြောင်းကိစ္စရှိ၍ အပြင်ထွက်မိလျှင်ဖြစ်စေ၊ လသာဆောင်ထွက်မိလျှင် ဖြစ်စေ တစ်ဘက်ခြံမှ နီတွတ်က မိမိကိုလှမ်း၍ကြည့်နေသည်ဟု ထင်သည်။ မိမိတို့အရွယ် ကောင်လေးတစ်ယောက် ရပ်နေကြောင်းသိသဖြင့် ရိပ်ခနဲ မြင်မိသဖြင့် စန္ဒီ ချာခနဲ လှည့်ထွက်မိခြင်း ဖြစ်သည်။

သို့သော် စိတ်ထဲမှာ သံသယတစ်ခုရှိနေသည်။

မိမိမျက်ဝန်းထဲတွင် မြင်ရသောအရိပ်သဏ္ဌာန်သည် နီတွတ်တစ်ယောက်တည်းမှ ဟုတ်ပါလေစ၊

တစ်ခါတလေတွေ့လျှင် နီတွတ်ကား ပါးစပ်မှ အသံမျိုးစုံထွက်၍ ရှက်ရှက်လုပ်တတ်သည်။လက်ခေါက်မှုတ်တတ်သည်။ ခြေဖြင့်လှမ်းပစ်၍ စတတ်သည်။

တစ်ခါတလေကျတော့ မလှုပ်မယှက်လေး မတ်မတ်ရပ်၍ ကြည့်နေတတ်သည်။

နှစ်ဆန်းတစ်ရက်နေ့တွင် စန္ဒီအပြင်ထွက်ရပ်သည်။ မလှုပ်မယှက်ကြည့်နေသော အရိပ်သဏ္ဍာန်ကို တွေ့ရသဖြင့် မသိမသာ မျက်လုံးဝေ့၍ကြည့်မိသည်။

"ဟင်....နီတွတ်မှ မဟုတ်ဘဲ၊ ဒါကြောင့်ကိုး"

စန္ဒီ့ကိုအရွယ် ကောင်လေးတစ်ယောက်၊ ဖြူဖြူချောချော မြင့်မြင့်မားမား၊ မျက်ခုံးထူထူ နှာတံပေါ်ပေါ်နှင့်။

စန္ဒီ့ရင်ထဲတွင် လှိုင်းထသွားသည်။

စန္ဒီရင်ခုန်တတ်ပြီပဲ။

"သူ....ဘယ်သူလဲ"

ဘယ်ကလဲ သိချင်လာသည်။

"အမေ"

"ဘာလဲ သမီး"

"နီတွတ်တို့အိမ်မှာ ကောင်လေးတစ်ယောက် ရောက်နေတယ်နော်"

"အင်းလေ ကြာပြီပဲ၊ သင်္ကြန်မတိုင်ခင်ကတည်းကပဲ"

"ဟင်....ဟုတ်လား၊ ဒါဆို စန္ဒီ့ကို နီတွတ် အိုးမည်းသုတ်တုန်းက သူရှိတယ်ပေါ့ဟုတ်လား"

"ရှိသားပဲ၊ နီတွတ်အနားမှာ သူတစ်ချိန်လုံးရှိနေတာပဲ"

စန္ဒီရှက်နေသည်။

ပုံဆိုး ပန်းဆိုး မိမိကိုသူမြင်ဖူးပြီပေါ့။

အဲသည်တုန်းက ဒေါသလည်းဖြစ် ရှက်လည်းရှက်ပြီး စန္ဒီပါးစပ်ထဲရောက်လာသမျှ စကားတွေနှင့်ဆဲပစ် အော်ပစ်ခဲ့သည်ပဲ။



ရှက်လိုက်တာ။

စန္ဒီရှက်တတ်လာပြီပဲ။

ကိုယ့်ကိုယ်ကို ဝေဖန်ကြည့်မိသည်။

သည်လူတစ်ယောက်အကြောင်း စဉ်းစားမိရုံနှင့်ရှက်ခြင်း၊ ရင်ခုန်ခြင်းများ ဖြစ်ပုံထောက်တော့ စန္ဒီ့စိတ်တွေ မရိုးသားတော့ဘူးဆိုတာ စန္ဒီသိသည်။

ထိုသိခြင်းနှင့်အတူ နီတွတ်တို့အိမ်က ကောင်လေးကို စန္ဒီချောင်းကြည့်တတ်လာသည်။

"သူက နီတွတ်တို့အိမ်ကို ဘာလာလုပ်နေတာလဲမေမေ"

"နီတွတ်တို့အမျိုးပဲ၊ ညီအင်ကို သုံးလေးဝမ်းကွဲလောက် ဘော်မယ်ထင်တယ်၊ ဆင်းရဲလို့ ဒီမှာကျောင်းထားပေးဖို့ ပို့ထားတာ"

"သြော်...."

ကောင်လေးကို စန္ဒီသနားသွားသည်။

သူ့ရုပ်လေးက သားသားနားနားလေးပါ။

နောက်ပိုင်း သည်ကောင်လေးသည် နီတွတ်တို့အိမ်၏လက်တို့သက်တောင်းဖြစ်လာသည်။ နီတွတ်၏ ခိုင်းပဟ်ဖြစ်လာသည်။

ခြင်းတောင်ဆွဲ၍ လည်းကောင်း၊ ချိုင့်ဆွဲ၍ လည်းကောင်း တစ်နေကုန်ထွက်ဝယ်နေရတတ်သည်။ တစ်ခါတစ်ရံနောက်က လိုက်ရတတ်သည်။ စန္ဒီတို့အိမ်ကို ခိုင်းစရာရှိလျှင်လည်း သူသာ လာရတတ်သည်။ သူနှင့်စန္ဒီမျက်နှာခြင်း မကြာခဏ ဆုံပြီးကြပြီ။

ပြုံးပြကြသည့်အဆင့်အထိ ရောက်နေကြပြီ။

ကျောင်းတွေဖွင့်တော့ သူ့ကိုကျောင်းဝတ်စုံနှင့်လွယ်အိတ်ကလေးလွယ်၍ သပ်သပ်ရပ်ရပ် ဖြူဖြူစင်စင်လေး တွေ့ရသည်။

တစ်ကျောင်းတည်းတစ်ခန်းတည်းတွင် ဆုံဆည်းကြရသည့်အခါ အံ့ဩရတော့သည်။ ပို၍ အံ့ဩရသည်ကတော့ သူ စာ လည်းတော်သည်။ လက်ရေးလည်းလှသည်။

နဂိုကတည်းက မြင်တွေ့ဖူးသူများ ဖြစ်၍ ယခုလိုတစ်ကျောင်းတည်း၊ တစ်ခန်းတည်း နေကြရသောအခါ သူငယ်ချင်းများဖြစ်လာကြသည်။

စန္ဒီသိသည်။

သူ စန္ဒီ့ကို စန္ဒီမသိအောင် တိတ်တိတ်ကလေးကြည့်တတ်သည်ဟု။

သူ သည်လိုကြည့်တာကို စန္ဒီ ကျေနပ်နေမိသည်။

နီတွတ်က အတန်းတစ်တန်း ပိုကြီးသဖြင့် ကျောင်းဆင်းကျောင်းတက်ချိန်များတွင်သာ တွေ့တတ်ကြသည်။

တွေ့လေတိုင်း စန္ဒီကစူပုပ်ပုပ်မျက်နှာဖြင့် အလျင်ဦးအောင်ရှောင်ပစ်တတ်သဖြင့် သကြန်ပြီးကတည်းက စကားမပြောဖြစ်။ မခေါ်ဖြစ်ကြသည်မှာကြာပြီပဲ။

"ခိုင်ရေ၊ နင်အားရင် ငါနဲ့အတူစာလာကျက်လေ"

"မအားပါဘူး စန္ဒီရယ်၊ အိမ်အလုပ်တွေလည်းလုပ်ရအောင်တယ်"

"နင့်ကိုကြည့်ရတာ တအားပင်ပန်းတာပဲဟယ်၊ ဒါတောင်နင်က စာတော်တယ်နော်"



ခိုင်ကသက်ပြင်းချလျက်....

"ငါ့ကို စာတော်လို့ ရန်ကုန်မှာ ကျောင်းလာထားတာ၊ စာမတော်ရင် လယ်လုပ်နိုင်းမှာပေါ့ဟ"

"ဪ....နင်တို့က လယ်လုပ်ကြတာလား"

"ဟုတ်တယ်၊ နီတွတ်တို့ပိုင်တဲ့လယ်တွေ ငါတို့ရွာမှာတစ်ခုကြီးပဲ၊ ငါတို့အဖေက သူတို့လယ်တွေကို ဦးစီးပေးရတာ"

"အင်း....အင်း၊ သိပြီ...သိပြီ"

ထိုစဉ် စက်ဘီးတစ်စီး အရှိန်ဖြင့် တိုးဝင်လာပြီး စန္ဒီ့ကိုဝင်တိုးမလိုဖြစ်သွားသဖြင့် စန္ဒီအထိတ်တလန့်အော်ရင်း ခိုင့်ကို လှမ်းဆွဲမိသည်။ ခိုင်ကလည်း စန္ဒီလဲမကျသွားစေရန် လှမ်းဆွဲမိရင်း နှစ်ယောက်လုံး ပြိုလဲကျသွားသည်။

"ဟား....ဟား....ဟား"

နီတွတ်က ဖရိုဖရဲပြိုလဲရာမှကုန်းထနေသောစန္ဒီ့ကို လှောင်သလိုလိုကြည့်ရင်း ရယ်မောနေခြင်းဖြစ်သည်။

"ဟေ့ကောင် ခိုင်၊ မင်းကို ရန်ကုန်မှာခေါ်ထားတာ စန္ဒီ့နားမှာ ခစားဖို့မဟုတ်ဘူးကွ၊ မင်းကို မေမေခေါ်နေတယ်"

"ဟုတ်ကဲ့ ကိုတွတ်"

ခိုင်က စန္ဒီ့ကိုတစ်ချက်လှမ်းကြည့်ပြီး သူတို့အိမ်ကြီးရှိရာသို့ ပြေးထွက်သွားသည်။

စန္ဒီ၏အခိုးအငွေ့လျှံသော မျက်လုံးများက နီတွတ်တစ်ကိုယ်လုံး အရည်ပျော်မတတ် ကြည့်နေသည်။

"စန္ဒီ"

"သွား....သွား၊ မခေါ်နဲ့၊ မကြားချင်ဘူး။ မမြင်ချင်ဘူး"

စန္ဒီက နားနှစ်ဘက်ကို လက်ဖြင့်ဖိ၊ မျက်လုံးကိုစုံမှိတ်ရင်း ခေါင်းကို တွင်တွင်ခါပစ်သည်။

"ဟင်...."

"ဟား....ဟား....ဟား"

မျက်နှာနှင့် ခန္ဓာကိုယ်ပေါ်သို့ တစ်စုံတစ်ခု ဖိတ်စဉ်လာ သဖြင့် စန္ဒီ အလန့်တကြားလေး ဖွင့်ကြည့်မိသည်။ မျက်နှာကို ပွတ်သပ်ကြည့်သောအခါ မင်တွေ၊ အင်္ကျီဖြူဖြူတွင်လည်း စွန်းထင်းကုန်ပြီ၊

"ခွေးစုတ်....ခွေးစုတ်၊ နင်သိပ်လူဝါးဝတယ်၊ ယုတ်မာ တယ်၊ နင့်ကို ငါသိပ်မုန်းတယ်၊ နင် မြန်မြန်သေပါစေ၊ နင် သေမှ အေးမှာ၊ အင့်....ဟင့်"

စန္ဒီ ဝမ်းပန်းတနည်း ရှိုက်ငိုမိသည်။

သူ့အိမ်မှာ သွားတိုင်လျှင်လည်း ဈေးလွှတ်ကြဦးမည် နီတွတ်ကို လိမ္မာလာအောင်တော့ ဘယ်တော့မှ မဆုံးမကြ

စန္ဒီ အိမ်ကိုပြန်ခဲ့ပြီး စာရေးစားပွဲတွင်ထိုင်ကာ ဗလာစာ အုပ်တစ်အုပ်တွင် အောက်ပါစာလုံးများကို ဒေါနှင့်မောနှင့် ရေးပစ်လိုက်သည်။

"နီတွတ်ကိုသိပ်မုန်းတယ်၊ နီတွတ်ကိုသိပ်မုန်းတယ်၊နီတွတ် ကို သိပ်မုန်းတယ်၊ နီတွတ် မြန်မြန်သေပါစေ၊ သူသေမှ အေး မယ်၊ သူမရှိမှ ကောင်းမယ်...."

* * *

အခန်း (၄)

---

ကျောင်းကြီးပိတ်၍ ခိုင် ရွာပြန်လေတိုင်း စန္ဒီ လွမ်းကျန် ရစ်ခဲ့စမြဲ။

ခိုင်ကလည်း သွားခါနီးတိုင်း စန္ဒီရှိရာ လေသာဆောင်ဆီ သို့ လည်တပြန်ပြန်ကြည့်သွားစမြဲ။

ဖွင့်မပြောသော်လည်း ခိုင့်မျက်လုံးတွေ မရိုးသားတာကို စန္ဒီ ဟိုတုန်းကတည်းက သိခဲ့ပြီးသားပါ။

ထို့အတူ စန္ဒီ့မျက်လုံး လက်လက်ကလေးများက မိမိ အပေါ် ကြင်နာကြောင်း၊ လွမ်းဆွတ်ကြောင်း၊ သတိရ ကြောင်း ပြောပြနေသည်ပဲ၊

ခိုင့်ရင်ထဲက ဖွင့်မပြောသော စကားလုံးများကိုလည်း စန္ဒီ သိရှိနိုင်မည်ထင်ပါသည်။

ခိုင့်မှာ အားနည်းချက်ရှိပါသည်။

ခိုင်သည် စန္ဒီတို့အသိုင်းအဝိုင်းတွင် ညှိသည်ပါ။

ပြီးတော့ မျက်နှာမွဲပါ။

ခိုင့်ကို စန္ဒီတို့အသိုင်းအဝိုင်းက ကူဖော်လောင်ဖက်သဘော၊ ခိုင်းပတ်သဘောလောက်သာ စိတ်ကူးကြောင်း ခိုင် သိသည်။

စန္ဒီတစ်ယောက်သာ ခိုင့်ကို တလေးတစား တန်ဖိုးထား ဆက်ဆံတတ်သည်။

ကျောင်းကြီးပိတ်၍ ရွာပြန်လာတိုင်း စန္ဒီ့ကိုလွမ်းသည့် စိတ်၊ တွေ့ချင်သည့်စိတ်က အတော်နှိပ်စက်ပါသည်။

စန္ဒီကလည်း ပြန်ခါနီးတိုင်း သကြံန်ကျရင် ပြန်လာမှာ လားဟု အမြဲမေးတတ်သည်။

"လာချင်ပါတယ် စန္ဒီရယ်"

ဆိုသည့်အဖြေကိုသာပေးနိုင်ပြီး ခိုင် ရွာမှာသာ လုပ်အား ပေးနေရသဖြင့် ကျောင်းဖွင့်မှ ပြန်လာဖြစ်တော့သည်။

အောင်စာရင်းထွက်ချိန်တွင် စန္ဒီ ပျော်လွန်းသဖြင့် ခုန် ပေါက်နေမိသည်။ မီမီရော ခိုင်ရော ဆယ်တန်းရောက် ပြီ။

ခိုင်တို့အဖေရောက်လာကြောင်း ကြားရသဖြင့် စန္ဒီ အား လျော့သွားသည်။ ခိုင်ကိုယ်တိုင် မလာနိုင်တော့ဘူးနော်။

"ဟော...ဦးလေး၊ လာ...လာ"



ခိုင်တို့အဖေ ဦးလေးထွန်း လွယ်အိတ်လေးလွယ်၍ တိုက်ထဲ ဝင်လာသဖြင့် စန္ဒီ ဝမ်းသာအားရကြိုမိသည်။ ပျာပျာသလဲ အဲအားတစ်ခွက်ဖျော်ခိုင်းပြီး တိုက်သည်။

"ဦးလေး၊ လာလည်တာလား"

"အေး...လာလည်ရင်း၊ဟိုဘက်က အစ်ကိုတို့အိမ် ငွေရှင်း ရင်း၊ ခိုင့်အောင်စာရင်း လာကြည့်ရင်းပဲ"

"ခိုင် အောင်ပါတယ်"

"အေး...သူ့သိရင် ဝမ်းသာမှာပဲ၊ ရော့...ငါ့တူမအတွက် စာတင်စောင်ရယ်၊ မြေပဲနဲ့ ထန်းလျက်ခဲ လက်ဆောင်ပေးလိုက် တယ်"

"ဟုတ်လား၊ ဦးလေး ဘယ်တော့ပြန်မှာလဲ"

"ခုပဲ"

"ဟင်... ချက်ချင်းကြီးပဲလား၊ ခိုင့်ဆီ စာတင်စောင် ပေး လိုက်ချင်လို့"

"သားဝမ်းသာအောင် ပြန်ပြောချင်လို့လေ၊ စာပေးမယ် ဆိုရင် ဦးလေးစောင့်နေပါ့မယ်၊ သွားရေးပါ"

စန္ဒီ ချက်ချင်းကြီးဆိုတော့ သွေးပူပြီး ဘာရေးရမှန်းမသိ ဖြစ်နေသည်။

ခိုင်

ခိုင်ရော စန္ဒီရော စာမေးပွဲအောင်ကြတယ်။

ဝမ်းသာစရာကြီးနော်။

ခုလာမယ့် ကျောင်းတက်နှစ်ပြီးရင် ငါတို့ တက္ကသိုလ် ရောက်ကြပြီနော်။
တွေးကြည့်ပြီး ပျော်လိုက်တာ။
နှင်ပေးလိုက်တဲ့စာကို မဖတ်ရသေးဘူး။
လက်ဆောင်တွေ ထည့်ပေးလိုက်လို့ ကျေးဇူးတင်ပါတယ်။
နှင့်အတွက် လက်ဆောင်ထည့်ပေးချင်ပေမယ့် ရုတ်တရက်ဆိုတော့ ဘာမှ ဝယ်ထားတာ မရှိဘူး၊ ကျောင်းသားကတ်လုပ်ဖို့ ရိုက်ထားတဲ့ ဓာတ်ပုံလေးပဲ အမှတ်တရ ထည့်ပေးလိုက်တယ်။

နှင့်ကို သတိရလျက်
စန္ဒီ

စန္ဒီ အမှုအရာပျက်လောက်အောင် ပျာယာခတ်နေသည်ကို မိခင်ဖြစ်သူက အကဲခတ်နေသည်။

ဦးထွန်း ပြန်သွားသည်နှင့် ခိုင် ပေးလိုက်သည့် လက်ဆောင်များကို ပွေ့ပိုက်ပြီး အပေါ်ထပ်တက်ခဲ့သည်။

ထို့နောက် စာကို ဖောက်ဖတ်သည်။

စန္ဒီ

နေကောင်းတယ်နော်။

အောင်စာရင်းထွက်ရင် စန္ဒီအကြောင်း ကြားပါလိမ့်မယ်။ နီတွတ်တို့ လှမ်းမှာပါလိမ့်မယ် ပြောထားလျက် အဖေက ဇွတ်ထွက်လာတယ်လေ။ ခိုင်ကိုယ်တိုင်



လာကြည့်ပါမယ် ပြောတော့လဲ ကျောင်းပြန်တက်ရင် ခွဲကြရဦးမှာမို့ မလွှတ်ချင်ကြသေးဘူး။

စာမေးပွဲတွေအောင်ပြီး နောက်တစ်နှစ်နေရင် တက္ကသိုလ် တက်ရတော့မယ်နော်၊ ပညာဆက်သင်ခွင့် ရပါစေလို့ပဲ ဆုတောင်းနေမိတယ်။

ရွာမှာ တအားပူနေပြီ။

သင်္ကြန်တုန်းကတော့ စည်ပါတယ်၊ ဒါပေမယ့် ခိုင် မပျော်ဘူး၊ ငယ်ငယ်တုန်းက အမြဲပျော်ခဲ့တဲ့ ရွာသင်္ကြန်ဟာ အခု ပျော်စရာမကောင်းတော့သလိုပဲ၊

ပိတောက်ပွင့်တွေ မြင်ရတော့ စန္ဒီ့ကိုသတိရတယ်။

စန္ဒီ့ကို စတွေ့တုန်းက ပိတောက်ပန်းတွေကို တံချူနဲ့ ခူးနေတဲ့အချိန်ပဲ၊ စန္ဒီ ပိတောက်သိပ်ကြိုက်တယ်နော်၊ ပိတောက်ပွင့်တဲ့နေ့တိုင်း ပိတောက်ပင်အောက်မှာ တစ်ပွေ့တစ်ပိုက်ခူးပြီး တယုတယပန်တတ်တယ်၊ ပိတောက်ပန်းလေးတွေကို တရှုင်ရှုပ် နမ်းတတ်တယ်နော်။

ရွာမှာ ပိတောက်တွေပွင့်တုန်းက ပိတောက်တွေ အများကြီး ခူးမိတယ်၊ ပြီးတော့ ပိတောက်ခက်တွေ ပွေ့ပိုက်နမ်းရှုပ်ရင်း စန္ဒီ့ကို သတိရနေမိတယ်။ အမှတ်တရအနေနဲ့ အလှဆုံးအခက်လေးတွေ ချိုးပြီး စာအုပ်ကြားမှာ ညှပ်ထားခဲ့တယ်။

စန္ဒီရော သင်္ကြန်တုန်းက ပျော်ရဲ့လား။

ကိုတွတ်က အစသန့်တော့ စန္ဒီ စိတ်ဆိုး စိတ်ညစ်ရတယ်နော်၊ သည်နှစ်ရော ကိုတွတ် စ,သေးလား၊ စန္ဒီရော ကိုတွတ်တို့ခြံဘက် ရောက်သေးလား။

ရွာကသူငယ်ချင်းတွေကတော့ ခိုင့်ကိုခနဲ့ကုန်ကြပြီ။ ရန်ကုန်က ပြန်လာပြီးကတည်းက တစ်မျိုး ဖြစ်နေလို့တဲ့လေ။

ဟုတ်တယ်။

ရန်ကုန်ကို ရောက်တာစတုန်းက ရွာက အမေတို့ အမေတို့ကို လွမ်းရသလို ရန်ကုန်က ရွာကိုပြန်ရောက်တော့ ရန်ကုန်ကလူတွေ ကို လွမ်းရပြန်ရော။

အလွမ်းပြေ ခေါက်ပုံလေးဘာလေး ကြည့်ရရင် ကောင်းမှာနော်။

ရွာကိုပြန်ကတည်းက စန္ဒီ့ဆီက ခေါက်ပုံတစ်ပုံလောက် တောင်းမလို့ပဲ၊ ဒါပေမယ့် စန္ဒီစိတ်ဆိုးမှာစိုးလို့ မတောင်းရဲလို့လေ။

ဒါပါပဲ စန္ဒီရယ်။

ရွာမှာ တအားပူတယ်။

ခိုင့်ရင်မှာ အပြင်က အပူတွေ ကူးပြီး ပူနေတယ်။

သတိရလျက်

ခိုင်



စန္ဒီ ရင်တွေခုန်နေသည်။

စာကလေးဖတ်ကြည့်ရုံနှင့် ချစ်သည်ဆိုသည့် အသုံးအနှုန်းမပါဘဲ အချစ်အကြောင်းလေးများ သိဖွဲ့ထားကြောင်း သိရှိနိုင်ပါသည်။

တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသလို စန္ဒီလည်း သူ့ကို လွမ်းနေဘာပါပဲ။

ကျောင်းတွေပြန်ဖွင့်တော့မည်ဆိုတော့ သူနှင့် တွေ့ရတော့မည်။

မတွေ့ရသေးသည့် ကာလလေးအတွင်း လွမ်းနေရတာကိုပဲ ကျေနပ်နေလိုက်ပါမည်။

"စန္ဒီ"

"လာပြီမေမေ"

ခိုင့်ဆီက စာကို အကြိမ်ပေါင်းမရေတွက်နိုင်အောင် ဖတ်နေမိစဉ်အိပ်ခန်းအပြင်မှ တံခါးခေါက်သံနှင့်အတူမိခင်၏အသံကို ကြားလိုက်ရသဖြင့် စန္ဒီလန့်သွားသည်။

စာကလေးကို ဘယ်ထားပြီး ဘယ်ဝှက်ရမှန်းမသိအောင် ဒီးရိမ်နေမိသည်။

"ဟဲ့....စန္ဒီ"

"လာပြီ၊ လာပြီ"

ခြင်ထောင်အမိုးပေါ် ပစ်တင်ပြီး တံခါးပြေးဖွင့်ပေးမိသည်။

မိခင်က အခန်းကို ဝေ့ကြည့်ရင်း....

"ခိုင့်ဆီက စာရော"

ထိုစကားကြောင့် စောစောက တထိတ်ထိတ်ဖြစ်နေသော နှလုံးခုန်သံမှာ ခေတ္တရပ်သွားသလို ခံစားလိုက်ရသည်။

မျှေးစေးများ ထွက်လာပြီး မိခင်ကို မျက်လုံးပြူးလေးဖြင့် အူကြောင်ကြောင် လှမ်းကြည့်နေမိသည်။

"ပေးစမ်း....မေမေ ဖတ်ချင်တယ်"

"ဟို...ဘာမှမပါဘူး မေမေ၊ သတိရကြောင်းပဲ ရေးထားတာပါ"

"အေးပါ၊ ဘာပဲရေးရေး ဖတ်ချင်တယ်ဆို ပေးစမ်း"

မိခင်က အသံမာမာဖြင့် ပြောခြင်းဖြစ်သည်။

စန္ဒီ မပေး၍ မရတော့။

ခြင်ထောင်ပေါ်က စာကိုဖတ်ပြီးသောအခါ ဒေါ်စမ်း၏ မျက်နှာမှာ ဒေါသခက်ထန်လာပြီး စာလေးကို အစိတ်စိတ် အမွှာမွှာ ဆွဲဆုတ်ခြင်းခံလိုက်ရတော့သည်။

စန္ဒီ့အသည်းနှလုံးများ ခြေမွဖျက်ဆီးခြင်း ခံလိုက်ရသလိုပါပဲ။

ဤစာလေးကို စန္ဒီ ဖတ်၍မဝသေးပါ။ တရိုတသေ သိမ်းထားမည်ဟုလည်း စိတ်ကူးထားပြီးသားပါ။

ခုတော့ တစ်စစီ တစ်စစီ ဖြစ်ကုန်လေပြီ။

"စန္ဒီ"

"ရှင်....မေမေ"

"နောက်ထပ် ခိုင်နဲ့ စာပေး စာယူလုပ်တာမျိုး မေမေ ကြားလဲ မကြားချင်ဘူး၊ မြင်လဲမမြင်ချင်ဘူး၊ ကျောင်းဖွင့်လို့ သူပြန်လာရင်လဲ သိပ်မရောပါနဲ့၊ ရိုးရိုးတန်းတန်းခင်တာ



ဘောင်လွန်လှပြီကွယ်၊ ဘယ့်နှယ် နီတွတ်လိုကလေးမျိုးကိုတော့ စိတ်မဝင်စားဘဲ အခြေအမြစ်မရှိတဲ့လူကိုမှ စိတ်ကူးယဉ်ရတယ်လို့၊ စိတ်ကူးယဉ်တဲ့ အဖြစ်ကပဲ ရပ်ပါကွယ်၊ မေမေ မကြိုက်ဘူး"

ဘာဆို ဘာမှ မဖြစ်ရ မချစ်ရသေးခင်မှာပင် စန္ဒီတို့အဖြစ် စန္ဒီတို့အချစ်က အဆင်မပြေတော့ပါ။

တော်ပါသေးသည်။ ကျောင်းဖွင့်တော့မည်ဆိုတော့ စာ အဆက်အသွယ် လုပ်စရာ မလိုတော့။

သို့သော်....

မိခင်က စန္ဒီ့ကို ကျောင်းပြောင်းဖို့ စီစဉ်နေကြောင်း သိရလျှင် စန္ဒီ ဘယ်လိုခံစားရမည်နည်း။

ခိုင်ပြန်ရောက်လာကြောင်း စန္ဒီသိပါသည်။

ခိုင် အိမ်ဘက်သို့ မော့ကြည့်တာလည်း သိပါသည်။

မကြာခဏ လေသာဆောင်ဆီသို့ လှမ်းမျှော်တာလည်း တွေ့ပါသည်။

လက်ဆောင်ပစ္စည်းထုပ်များဆွဲ၍ စန္ဒီတို့ အိမ်အောက်ထပ်ထဲ ဝင်လာတာလည်း မြင်ပါသည်။

စန္ဒီ လိုက်ကာနောက်မှာ ရောက်နေတာကိုတော့ ခိုင် မသိနိုင်၊ မမြင်နိုင်ပါဘူးလေ။

"အန်တီတို့အတွက် ရွာအပြန်လက်ဆောင်ပါ"

"အေး....အေး၊ ဒီတစ်ခါတော့ ယူထားလိုက်မယ်ကွယ်၊ ခင်းလဲ အဝေးကြီးက အလေးခံပြီးသယ်လာခဲ့ရတာမဟုတ်

လား၊ နောက်အခေါက်တွေကျရင်သာ ယူမလာနဲ့ကွယ်၊ ဒါတွေ ဒီမှာဝယ်စားလို့ရတာပဲ"

ထိုစကားများကြောင့် ခိုင့်မျက်နှာလေးငိုင်သွားသလို စန္ဒီ့ရင်ထဲမှာလည်း ခိုင့်ကိုသနားခြင်းကြောင့် ဆို့နင့်နင့်ကြီးခံစားရပါတော့သည်။

"စန္ဒီရောအန်တီ"

"ရှိတယ်၊ မင်းနဲ့ခေါ်လားပြောလား၊ စာပေးစာယူလုပ်လားနဲ့ အန်တီဆူသားလို့ မထွက်ရဲတာဖြစ်မှာပေါ့"

ယခုအခါမှာတော့ ခိုင့်ခေါင်းကလေး ငိုက်ကျသွားပါတော့သည်။

စန္ဒီလည်း မျက်ရည်အဝဲသားနှင့် အပေါ်ထပ်ပြန်တက်ခဲ့မိသည်။

ခိုင်တစ်ယောက် သဘောပေါက်လောက်ပြီ။ စိတ်ဓာတ်ကျလောက်ပြီထင်သည်။

ကျောင်းပြန်တက်မှ ပိုဝေးရ၊ ပိုးဆွေးရတော့သည်။

စန္ဒီ့ကို ကျောင်းပြောင်းပစ်လိုက်ပြီ။

နဂိုက ရိုးရိုးအေးအေးလေးနှင့် စကားနည်းသော ညှိုသည့်ကျောင်းသား ခိုင်၏ မျက်နှာသည် ညှိုး၍သာနေတော့သည်။

အဆင့်အတန်းမတူ၍ ယခုလို မနီးစပ်စေချင်သော စန္ဒီ့မိဘများ၏ ဆန္ဒကိုသိသဖြင့် ခိုင်ဇွတ်မတိုးတော့ပေ။

မိမိတို့နှစ်ဦးသည် ယခုမှပညာသင်နေဆဲ၊ ဘဝအတွက် လူတန်းစေ့နေနိုင်ရန် ကြိုးစားကြတုန်း၊ အထူးသဖြင့် မိမိသည်



တန်ဖိုးမြင့်သော ပစ္စည်းကိုမှ ပိုင်ဆိုင်လိုသူ၊ မက်မောနေသူ၊ ထိုပစ္စည်းကို ရယူပိုင်ဆိုင်နိုင်ဖို့အတွက် အရည်အချင်းပြည့်ဝအောင် အများကြီးကြိုးစားရဦးမည်။

ယခုအတောအတွင်း မတွေ့ရသေးသော်လည်း နောင်တစ်ချိန်တွေ့ရမည်ပေါ့။

စန္ဒီ့အချစ်နှင့်သစ္စာကို မိမိယုံကြည်သည်။

စန္ဒီ့အသိုင်းအဝိုင်းက လက်ခံလာသည်အထိ မိမိမှာကြိုးစားရမည့်တာဝန်ရှိသည်။

လောလောဆယ်တော့ ခပ်ဝေးဝေးကပဲ မျှော်ငေးတမ်းတနေ့သာရှိပါတော့သည်။

* * *

## အခန်း (၄)

သကြံ့ချိန်ကျတော့မည်။

မိုးတစ်ပေါက်နှစ်ပေါက်ကျရုံနှင့် ပိတောက်တို့ကပွင့်လေပြီ။

ပိတောက်နံ့နှာစကို ဝေ့ခနဲရောက်လာသည်နှင့်စန္ဒီအိပ်ရာထက်မှ ငေါက်ခနဲထထိုင်မိသည်။

ရင်မှာလည်း တသိမ့်သိမ့် တလှုပ်လှုပ်ဖြစ်နေသည်။

ပိတောက်နှင့်အတူ ခိုင့်ကို သတိရမိသည်။

နာရီကိုလှမ်းကြည့်တော့ နံနက်(၅)နာရီပင် မထိုးသေး။

အလင်းရောင်ကတော့ ပတ်ဝန်းကျင်ကိုထိန်လင်းနေစေပြီ။



စန္ဒီပြတင်းပေါက်နားပြေး၍ လိုက်ကာကို ဖယ်ကြည့်မိသည်။

"အို...."

စန္ဒီ့ရင်မှာ ကျဉ်ခနဲဖြစ်သွားမိသည်။

တစ်ဘက်ခြံထဲတွင် ခိုင့်ကို ပိတောက်ခက်တွေ တစ်ပွေ့တစ်ပိုက်နှင့် တွေ့လိုက်ရသည်။

ခိုင်က အကောင်းဆုံးအခက်များကိုရွေး၍ လှမ်းပေးမည့်ပုံလုပ်နေသည်။

ကြည်နူးခြင်း၊ စိတ်မကောင်းခြင်းဖြင့် စန္ဒီ့ရင်မှာ တင်းကျပ်၍ နေပြီ။

တစ်နှစ်သာပြည့်ပြီးသွားသည်၊ ခိုင်နှင့်စန္ဒီ တစ်ယောက်နှင့်တစ်ယောက် မမြင်ရ မတွေ့ရ မခေါ်ရ မပြောရတော့ပါ။

ယနေ့မှ လက်ဟန်ခြေဟန်ဖြင့် နှုတ်ဆက်ရခြင်းဖြစ်သည်။

သူပေးသော ပိတောက်များကို စန္ဒီလိုချင်ပါသည်။

ထို့ကြောင့် လေသာဆောင်သို့ ခြေဖွနင်း၍ ထွက်ခဲ့သည်။

ခိုင်ပစ်ပေးသော ပိတောက်များကို ရရှိလိုက်ပါသည်၊

အဆုပ်လိုက် အခိုင်လိုက် ပွင့်လန်းနေသော ပိတောက်ဝါများကို ရှိုက်နမ်းလိုက်မိသည်။

"စန္ဒီ"

"ရှင်"

နောက်ဘက်ဆီမှ မိခင်၏ အသံကြောင့် စန္ဒီကြက်သီးမွေးညင်းပင်ထသွားမိသည်။

ခိုင့်ကိုတစ်ချက်စိုက်ကြည့်ပြီး ပိတောက်ပွင့်များကို မွေ့ပိုက်လျက်ကပင် နွမ်းလျစွာ အိမ်ထဲပြန်ဝင်ခဲ့ရသည်။

အိပ်ရာဘေးရှိ စားပွဲပေါ်တွင် ပိတောက်တွေကို ဖန်ရေချိုင့်ကြီးဖြင့်ထည့်၍ တစ်နေကုန် ငေးငေးဆွေးဆွေးလေးကြည့်နေမိသည်။

သည်တစ်သက် တို့နှစ်ယောက်နီးဖို့ လွယ်ဦးမှာလား ခိုင်ရယ်....

ခိုင်ကမှ စန္ဒီ့ပုံလေးအလွမ်းပြေ ကြည့်နိုင်သေးတယ်။

ဟိုတစ်ခါ ခိုင်ရေးလိုက်တဲ့ စာလေးတွေကို မေမေဆုတ်ဖြဲပစ်လိုက်လို့ တစ်စစီလိုက်ကောက်ပြီး ကော်နဲ့ပြန်ကပ်ထားတာလေးပဲ ရှိပါတယ်ကွယ်။

"ခိုင်"

"ဗျာ....ဒေါ်လေး"

"ကျောင်းပိတ်ပြီပဲ၊ ရွာမပြန်သေးဘူးလား"

ခိုင် ဝမ်းနည်းသွားသည်။

မိမိကို ပြန်စေချင်နေပြီပဲ။

"ကျွန်တော် သင်္ကြန်ပြီးရင် ပြန်မှာပါဒေါ်လေး"

"ရန်ကုန်သင်္ကြန်လဲ မင်း ခဏခဏ ကျဖူးပြီပဲကွယ်၊ စောစောပြန်တော့ မင်းမိဘတွေကို ကူညီနိုင်တာပေါ့၊ ရွာက လူတွေလဲ မင်းကိုလွမ်းလှရောပေါ့"

ခိုင် မျက်ရည်ပင် ဝဲလာသည်။

သင်္ကြန်ကျဖို့ သုံးရက်သာ လိုပါတော့သည်။

ခိုင့်ခံစားမှုကို အဒေါ်ဖြစ်သူသိသည်။



"ခိုင်"

မျက်ရည်ဝဲသော မျက်လုံးအစုံဖြင့် ခိုင် လှမ်းကြည့်သည်။

"မင်း စိတ်ကူးယဉ်နေပြီထင်တယ်၊ စန္ဒီတို့မိဘတွေက မင်းနဲ့သဘောတူပါ့မလား ငါတူရယ်၊ အန်တီရှင်းရှင်းပဲပြောလိုက်မယ်၊ စန္ဒီ့အမေက စန္ဒီ့ကို အတွဘ်နဲ့သဘောတူနေတာ၊ တစ်နေ့ ပေးစားရအောင်လို့ လူကြီးချင်းပြောထားကြပြီးသား"

ခိုင့်မျက်လုံးအိမ်ထဲမှ မျက်ရည်ကြည်များ အပြင်သို့ လျှောခနဲ စီးကျလာတော့သည်။

မိမိက ဘယ်လိုပဲ ကြိုးစားမျှော်လင့်ပေမယ့် စန္ဒီသည် မိမိအတွက် မဟုတ်ပါလား။

မိမိ သူမကို မည်မျှတန်ဖိုးထားကြောင်း စက္ကန့်၊ နာရီနှင့်အမျှ စန္ဒီ့ကိုသတိရနေကြောင်း၊ တမ်းတနေကြောင်း မိမိသာလျှင် အသိဆုံးပါ။

ခုတော့ သည်ပန်းသည် မိမိနှင့်မတန်ပါ။ တော်ရာကိုသာ ပြန်ပါတော့ဟု နေရာမှန်ကို ပြန်ပို့နေပြီ။

"မင်း နောင်နှစ်ခါ တက္ကသိုလ်တက်ဖြစ်ဦးမလား မသိဘူး"

"ဟုတ်ကဲ့၊ ကျွန်တော့်ကျောင်းကိစ္စကိုတော့ ဘယ်သူတားတား၊ ဘယ်သူဖျက်ဖျက် အပျက်မခံနိုင်ပါဘူး ဒေါ်လေး"

"အေးလေ၊ မင်းဘာသာတက်နိုင်ရင် အင်္ဂလန်မှာပဲ တက်တက်၊ ငါတို့ ဘာမှပြောစရာမရှိပါဘူး၊ ဒါပေမယ့် ဒီအိမ်ကနေတော့ လာတက်ခွင့်မပြုနိုင်တော့ဘူး"

ခိုင့်နှုတ်ခမ်းလေး တင်းတင်းစေ့သွားသည်။

ဦးလေးနှင့်ပတ်သက်ပြီးမှ တော်ရသည့် အခေါ်ဖြစ်နေ၍ ယခုလို အပြတ်ရှင်းသည့်နေရာတွင် ဘာကိုမျှ အားနာထောက်ထားနေပုံလည်း မရပါ။

"ဒီမှာမတက်လို့ ဘာမှခက်စရာမရှိပါဘူးကွယ်၊ နယ်ကျောင်းသားဆိုရင် အဆောင်ရှောက်လို့ရတာပဲ၊ ဒေါ်လေးတို့လဲ ကျောင်းစရိတ် တစ်ရာမျိုး နှစ်ရာမျိုး ထောက်မှာပါကွယ်"

"ဟုတ်ကဲ့….ကျေးဇူးတင်ပါတယ်ဒေါ်လေး၊ အဲဒီကိစ္စတွေ နောက်မှပဲ တိုင်ပင်ကြပါတော့၊ ကျွန်တော် ဒီနေ့ပဲ ပြန်ပါတော့မယ်"

ခြံကြီးထဲမှ အပြီးအပိုင်ထွက်ခွာခါနီး မည်မျှပင် စိတ်ကို တင်းထားပါသော်လည်း စန္ဒီရှိရာတိုက်ကြီးဆီသို့ အတော်ကြာကြာ ငေးမျှော်ကြည့်မိပါသေးသည်။

ထာဝရ ခွဲခွာရတော့မည် ဆိုသည့်အသိ။

မြင်လိုလှသော မျက်နှာလှလှကို ဘယ်တော့မှမတွေ့ရတော့ဘူးဆိုသည့်အသိ၊ အချစ်ဦးကို လက်လွတ်ဆုံးရှုံးရတော့မည်ဆိုသည့် အသိသည် ခိုင့်လှုပ်ရှားမှုကို နှေးကွေးစေပါသည်၊ ခန္ဓာကိုယ်ကို ချုံးကျစေပါသည်၊ ခံတွင်းကို ပျက်စေပါသည်၊ အိပ်ရေးကို ပျက်စေပါသည်။

ဘယ်နေရာကိုကြည့်ကြည့် ခြောက်သွေ့၍နေပါသည်။

ပျော်ပွဲရှင်ပွဲတွေတွေ့လည်း ဝင်မပျော်၍မရပါ။

မိမိတစ်ဦးတည်းသာ လွမ်းဆွေး၍ နေချင်တော့သည်။



ထုသုကင်းရှင်းရာတွင် စန္ဒီ့ဓာတ်ပုံလေးထုတ်ငေးရင်း ဆွေးနေရတာကို ကြာတော့ အရသာယင်နေတတ်ပြီ။

ရွှေပဒုံကြာအချပ်ကိုလှ၊ လေအဟုန်လာ၍ခပ်စဉ်က ကညာခေါ်ကယ်တဲ့ ထွက်ခဲ့တယ်။ သနွှေသွားမို့ထင့်။ ရွှေသားကို ငန်းချီမြင်လို့။ သည်ခင်ကို စုတ်တံနှင့် ရေးသော်လဲ့။ ဆေးရနိုင်ဖွယ်။

"အချုပ်တန်းဆရာဖေ"၏ မယ်တွဲသဖြန် ခွန်းထောက်လေးသည် စန္ဒီ့လို မိန်းမလှမျိုးများအတွက် ရေးစပ်ခဲ့ပုံရသည်။

တစ်နေ့တခြား အလှတိုးလာသော စန္ဒီသည် အသားဝင်းစက်ခြင်း၊ ကိုယ်ဟန်သွယ်နွဲ့ခြင်း၊ အရပ်မြင့်မားခြင်း၊ ဆံကေသာ၏ ကောင်းခြင်း၊ မျက်လုံးမျက်ခုံး မျက်တောင်လှပခြင်း၊ နက်မှောင်ခြင်း၊ ကော့ပျံခြင်းဖြင့် ဆေးရေးလို့မမီအောင် လှပနိုင်သူပင်။

သည်လိုမိန်းမလှကို အနီးကပ် ခင်မင်ချစ်ကျွမ်းဝင်ခဲ့ရသူ အမျိုးသားတစ်ယောက်အနေနှင့် မတွေ့ရ၊ မမြင်ရ၊ မကြင်ရသောအခါ ရင်မှာ လွမ်းတသခြင်းများနှင့် တွေ့လို မြင်လို ကြင်လိုစိတ်များ ပြင်းပြနေတော့သည်။

ချစ်ကြင်သူ ရှိလေနိုးနှင့် ရှာဖွေမိခြင်း၊ ကိုယ်ရောင်ထွက်ပြခြင်းနှင့် စန္ဒီတစ်ယောက် သုံးလေးရက် အချိန်ကုန်ခဲ့ပြီးသည့်နောက် ခိုင်ပြန်သွားပြီဆိုတာ နားလည်လိုက်သည်။

"စန္ဒီ"

"ရှင်….ခမနေမ"

"သမီးနဲ့အတွက်ကို စေ့စပ်ပေးချင်တယ်"

"သူနဲ့သမီး ဘယ်လိုမှ သင့်မြတ်ကြမယ် မထင်ပါဘူး မေမေရယ်၊ သူနဲ့သာယူရရင် အနှိပ်စက်တာနဲ့ သေမှာပဲထင်တယ်"

"ငယ်ငယ်တုန်းက စတာ နောက်တာကို ခုထိ သမီးက အမှတ်ကြီးနေတာကိုးကွယ်၊ အတွက်က ဘယ်သူ့ကိုတွေ့တွေ့ စလိုက် နောက်လိုက်ရမှ ပျော်တတ်တာကိုး၊ ကဲ....ခုလို သမီး အပျိုကြီးဖြစ်လာတော့ စသေး နောက်သေးသလား"

"ဒါတော့ သမီးက သူ့ကိုအတွေ့မှ မခံတာကိုး၊ ဘာပဲဖြစ်ဖြစ် ရှေ့လျှောက်သင့်မြတ်အောင် နေရမယ် စန္ဒီ၊ မေမေတို့ ဖေဖေတို့ရဲ့ စီးပွားရေးက ထင်သလောက် အဆင်မပြေဘူး ဆိုတာ သမီးသိချင်မှသိမယ်၊ အရေးရှိရင် ကိုတင့်လွင်နဲ့မရွှေလှတို့ဆီကပဲ ပြေးပြေးဆွဲနေရတာ၊ သူတို့သားနဲ့ သမီးကို သဘောတူတာပဲ မေမေတို့မှာ ဝမ်းသာနေရပြီ၊ အတွက်လို ရုပ်ချော ပြည့်စုံပြီး ပညာတတ် တစ်ယောက်ကို ဘာမှ ငြင်းစရာ မလိုပါဘူးလေ"

စန္ဒီ တံတွေးကိုသာ မျိုချနေမိတော့သည်။

စိတ်ထဲမှာတော့ မွန်းကျပ်နေပါသည်။

"စန္ဒီ"

"ရှင်....မေမေ"

"အန်တီလှတို့အိမ် ဟင်းသွားပို့ပေးစမ်း"

"သိဂီတို့ သန့်ဇင်တို့ကို ခိုင်းပါလား မေမေရယ်"



"ဟဲ့....နင့်ကို တမင်ပို့ခိုင်းတာ၊ ဘာလျှာရှည်နေတာလဲ၊ သွားစမ်း....သွားစမ်း၊ သူတို့က မနက်စောစော စားတတ်ကြတာ"

စန္ဒီ လေးကန်သော ခြေလှမ်းများဖြင့်တစ်ဘက်ခြံသို့ ထွက်လာခဲ့ရသည်။

နီတွတ်က ကားရေဆေးရင်း....

"ဟေ့....ဘာလာလုပ်တာလဲ"

စန္ဒီ မျက်လွှာချရင်း ဆက်လျှောက်သည်။

"ဟေ့ စန္ဒီ၊ ငါမေးနေတာ မကြားဘူးလား"

"ဟင်းလာပို့တာ မတွေ့ဘူးလားလို့"

တုန်ခါနေသောအသံကြောင့် နီတွတ်က ရယ်မောရင်း....

"ဟား....ဟား....ဟား....နင်လေ သိပ်ကြောက်တတ်တယ်၊ ရေလေး ပက်လိုက်ရုံနဲ့၊ အိုးမည်းလေးသုတ်လိုက်ရုံနဲ့ ငါ့ကို လုံးဝအတွေ့မခံတော့ဘူး၊ စကားလဲမပြောတော့ဘူး၊ ငယ်ငယ်ကတည်းက အတူတူလည်ပင်းဖက်ပြီး ကြီးလာကြတဲ့ သူတွေပဲဟာ၊ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ တစ်သက်လုံး မခေါ်ဘဲ မပြောဘဲ နေတော့မှာလား၊ အခု ငါက စခေါ်ပြီနော် ကြေတော့၊ ဟုတ်လား"

စန္ဒီ မဖြေ၊ ဟင်းချိုင့်လေးဆွဲ၍ သွားဖို့ ဟန်ပြင်သည်။

"စန္ဒီ"

လွှတ်နေသော စန္ဒီ့လက်ကလေးကို အဆွဲခံလိုက်ရသည်။

စန္ဒီပြန်ရုန်းသော်လည်း နီတွတ်က မလွှတ်။

"လှတ်ကွာ"

"ငါမေးတာ ဖြေလေ"

"စန္ဒီမကြိုက်တာ မလုပ်နဲ့ပေါ့"

"အဟင်း....ဟင်း....နင်မကြိုက်ဘာလဲ ငါ့ကို ပြောထားဦးမှပေါ့ ဟ၊ ခုနကလဲ ငါတောင်းပန်ပြီးပြီပဲ၊ ကဲနောက်တစ်ခါ သကြန်ကျရင် တိတ်တိတ်ကလေး ရေခိုးမပက်တော့ဘူး၊ အိုးမည်းမသုတ်တော့ဘူး၊ ကဲ....ဟုတ်ပြီလား"

"ဟုတ်ပြီ၊ ဟုတ်ပြီ"

စန္ဒီ ထိုသို့ပြောပြီး ရုတ်တရက် လက်ကို ရုန်းထွက်ကာ နီတွတ် ရှေ့မှ ထွက်ပြေးသွားသည်။

"ဟား....ဟား....ဟား"

နီတွတ်က ပိုက်လုံးမှ ရေဖြင့် မထိတထိ လှမ်းပက်လိုက်သေးသည်။ စန္ဒီကတော့ ငိုတော့မလို မျက်နှာဖြင့်....

"ကြည့်၊ ခုနကပဲ ရေမပက်တော့ဘူးဆိုပြီး"

"သကြန်ကျရင် ပြောတာလေ၊ အဟင်း....ဟင်း"

နီတွတ်၏မျက်နှာသည် ယောကျ်ား ပီပီသသ ပြတ်ပြတ်သားသား ချောမောပါသည်။ သို့သော် ပြောင်ချွတ်ချွတ်နောက်တောက်တောက်နှင့် မထေမဲ့မြင် လုပ်တတ်လွန်းသည်။

"ကဲပါသားရယ်၊ သားက ချစ်လို့စတာ အရေးမကြီးဘူး၊ သားညီမလေးက ရက်ဘတ် မကြောက်တတ်တော့ သားနား မကပ်ရဲတော့ဘူးပေါ့၊ လာ သမီး စန္ဒီ"



ဒေါ်ငွေးလှစကားကြောင့် စန္ဒီ့မျက်နှာလေး ရဲတွတ်သွားသလို နီတွတ်ကလည်း ပြုံးစိစိမျက်နှာဖြင့် စန္ဒီ့နောက်ပိုင်းကို လှမ်းကြည့်နေသည်၊

"သမီး ကျောင်းပြန်ဖွင့်ရင် တက္ကသိုလ်တက်ရတော့မယ်နော်၊ ကျောင်းသွားကျောင်းပြန်အတွက် ကိုထွတ်နဲ့ အတူသွား၊ ကြားလား"

စန္ဒီ ကားလှလှလေးဆီ ငေးကြည့်ရင်း ခေါင်းညိတ်မိသလား၊ ခေါင်းခါမိသလား ဆိုတာ မဝေခွဲတတ်တော့။

အမေလုပ်သူနှင့် ယောက္ခမလောင်း ဒေါ်ငွေးလှ၏ စကားလုံးတိုင်းသည် စန္ဒီ့အတွေးကို တွေဝေငေးမောသွားစေတတ်၏။

"စန္ဒီ ပြန်တော့မယ် အန်တီ"

"အေး....အေး၊ သမီး မေမေကို ပြောလိုက်၊ နေ့ခင်းကျရင် မြို့ထဲသွားဖို့ လာခေါ်မယ်၊ အသင့်ပြင်ထားလို့"

"ဟုတ်ကဲ့"

စန္ဒီ မျက်လွှာလေးချ၍ လျှောက်ခဲ့သည်။

"စန္ဒီ"

စန္ဒီ လှည့်ကြည့်ရပါသည်။

"ငါနဲ့ ကားတစ်ပတ် လိုက်စီးပါလား၊ ငါ ဘယ်လောက်မောင်းတတ်နေပြီဆိုတာ နင် သိစေချင်လို့ပါ"

"မလိုက်တော့ဘူး ကိုစွတ်၊ စန္ဒီ ရေလဲမချိုးရသေးဘူး၊ ထမင်းလဲ မစားရသေးဘူး၊ ကျောင်းဖွင့်ရင် လိုက်စီးရမှာပဲ၊ အဲဒီတော့မှပဲ စီးတော့မယ်နော်"

"ကောင်းပါပြီတဲ့ဗျာ"

သူ့မိထွေကပဲ တစ်နေ့ ပေးစားမည်ဟု ဖွင့်ပြောထား၍ လား မသိ နီတွတ်သည် စန္ဒီ့ကို ကောင်းမွန်စွာ ဆက်ဆံနေသည်။

*　　*　　*

## အခန်း (၅)

တက္ကသိုလ်မြေကို ခြေချမိသည်နှင့် အလုပန်းတစ်ပွင့်ဖြစ်သော စန္ဒီသည် ပန်းတို့ဗေဒာတွင် လှပမွှေးပျံ့၍ နေလေပြီ။

ဖြူဖြူ သွယ်သွယ် ဂုဏ်ခြွေရှင် စန္ဒီ့ကို နာမည်အမျိုးမျိုးပေးကြသည်။

ကျောက်ဆစ်ရုပ်ကလေးလို လှသူ။

တည်ငြိမ်သူ။

ဂုဏ်ခြွေရှင်။

နီတွတ်၏ကားပေါ်မှဆင်းပြီး နီတွတ်၏ကားပေါ် ပြန်ပါသွားတတ်သော စန္ဒီ့ကို နီတွတ်၏ နှမအရင်းပင် မှတ်ထင်ကြသည်။

ကျောင်းချိန်ကာလအတွင်း နီတွတ်ကလည်း ပေါ်မလာတတ်။

တည်ငြိမ်သူ စန္ဒီ၏ မျက်ဝန်းအစုံသည် ကျောင်းဧရိယာအတွင်း ရောက်သည်နှင့် တစ်စုံတစ်ဦးကို ရှာဖွေတတ်ပါသည်။

စန္ဒီ ရှာဖွေခြင်း ခံရသူသည် စန္ဒီနှင့် မနီးမဝေးတွင် ရှိနေပြီး စန္ဒီ လှမ်းကြည့်လိုက်လျှင် လှစ်ခနဲ ပုန်းကွယ်လိုက်ကြောင်း စန္ဒီ သိသည်။

စန္ဒီ့ မျက်ဝန်းလှလှသည် အရောင်မလက်ဘဲ ညှိုးငယ်နေသည်ဟု ခိုင် ထင်သည်။

မိမိကို တွေ့လိုက်စဉ်က သူမ၏ အရည်ကြည်လက်သော မျက်ဝန်းအစုံသည် တဖိတ်ဖိတ် တဖျပ်ဖျပ် တောက်ပသွားပြီး မိမိက ရှောင်ပုန်း ကိုယ်ရောင်ဖျောက်လိုက်သောအခါ သူမ၏ မျက်နှာလေး နီရဲသွားပြီး မျက်လွှာချကာ ငိုတော့မလို ဖြစ်နေကြောင်း တွေ့ရသည်။

ထိုမျက်နှာလှလှကို မြင်လိုက်ရသော ခိုင်တစ်ယောက် မည်မျှ တွေ့ချင်ကြောင်း၊ စကားတွေပြောချင်ကြောင်း၊ ပိုင်ဆိုင်လိုကြောင်း စန္ဒီ သိချင်မှ သိပေမည်။

သို့သော် စန္ဒီ့ကို တွေ့ဖို့ မကြိုးစားပါ။

စန္ဒီသည် ပိုင်ရှင်ရှိပြီးသားဆိုတာ ခိုင် သိသည်။

စန္ဒီနှင့် နီတွတ်ကို မကြာခင် စေ့စပ်မည့်အကြောင်း၊ လက်ထပ်ပေးမည့်အကြောင်း ခိုင် သိပြီးသား ဖြစ်သည်။

ဦးလေး၏ မိန်းမက ရွာကို စာရေး၍ ပေးလေ့ရှိသည်။

ခိုင် သိစေချင်၍ လှမ်းအကြောင်းကြားခြင်း ဖြစ်ကြောင်း သိပါသည်။

ခိုင့် မိဘများမှာလည်း မာနရှိပါသည်။



သူတို့သားနှင့် လာမယှဉ်စေလိုကြောင်း သိသောအခါ ခိုင့်ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တက္ကသိုလ်ပို့နိုင်ရန် စီစဉ်ကြသည်။ ရှာဖွေကြသည်။ စုဆောင်းကြသည်။

ပညာကိုလိုလားသော ခိုင်သည် မိဘများကို ကတိတစ်ခုတော့ ပေးခဲ့ရသည်။

ကျေးဇူးရှိဖူးသူများ ဖြစ်သည့်၊ ထမင်းရှင်များ ဖြစ်သည့် ဦးလေး တင့်လွင်နှင့် ဒေါ်ဌေးလှတို့ မိသားစုကို စိတ်ဆင်းရဲအောင် မလုပ်ဖို့။

စန္ဒီဆိုသည့် မိန်းကလေးသည် ကျေးဇူးရှင်များ၏ ချွေးမလောင်းဖြစ်၍ စိတ်နှင့် မပြစ်မှားဖို့။

ဤနေရာတွင် ခိုင် ကတိမပေးချင်။

စန္ဒီ့ကို မိမိကစ၍ တွေ့ဖို့ မကြိုးစားပါ။

စန္ဒီ့ အချစ်ကို မိမိ မတောင်းဆိုပါ။

သို့သော် စန္ဒီ့ကို စိတ်ထဲမှ တိတ်တခိုး မြတ်နိုးတွယ်တာနေသော မိမိ၏ နှလုံးသားကိုတော့ မချုပ်ချယ်စေချင်ကြပါ၊

စန္ဒီ့ကို မိမိချစ်ပါသည်။

အမြဲချစ်နေမည် ဖြစ်ပါသည်။

ထို့ကြောင့် စန္ဒီမမြင်အောင် မနီးမဝေး တစ်နေရာရာမှ ခိုးလျှိုးကွယ်လျှိုး ကြည့်မိနေခြင်းဖြစ်ပါသည်။

စန္ဒီနှင့်ခိုင်တို့၏ မျက်လုံးချင်း စကားပြောနေသည့်အဖြစ်ကို စန္ဒီနှင့်တွဲနေသော နွယ်နှင့်လဲ့မူတို့က ရိပ်မိနေကြပြီ။ ကုဋေရှင် စန္ဒီ့ရင်တွင်းမှာ အကြောင်းထူးတစ်ခုခုတော့ ရှိနေနိုင်ပြီဆိုတာ သူငယ်ချင်းများ အကဲခတ်မိကြသည်။

"စန္ဒီ"

"ဟင်....လဲ့မူ ဘာလဲဟင်"

တွေးချင်တိုင်းတွေး၊ ငေးချင်တိုင်းငေးနေသဖြင့် ခေါ်သံ ကြားသောအခါ အလန့်တကြားလေး ထူးမိသည်။

"စန္ဒီ့ကိုကြည့်ရတာ ဝတ္ထုတို့၊ ရုပ်ရှင်တို့ထဲက ဇာတ်လိုက် မင်းသမီးလေးလိုပဲ"

"ဩော် ...နေရင်းထိုင်ရင်း ဘယ့်နှယ့် လူကိုမြှောက်နေ ပြန်ပြီတုံး၊ တစ်ခုခုစားချင်ရင်လဲ ပြောင်ပြောပါနော်"

"စားချင်လို့ပြောနေတာ မဟုတ်ပါဘူးကွာ၊ သူများကိုယ် ရေးကိုယ်တာကို ဝင်စပ်စုသလို မဖြစ်စေချင်လို့ ကိုယ်တို့နှစ် ယောက် မမေးဘဲနေခဲ့ကြတာ၊ ခုတော့ မနေနိုင်တော့ဘူး ကွာ"

လဲ့မူ၏အပြောကြောင့် စန္ဒီ ပြုံးပြုံးလေးကြည့်ရင်း....

"ကဲ....ဘာတွေများ မနေနိုင်လောက်အောင် မေးချင်နေ ရတာတဲ့လဲနော်၊ မေးပါရှင်....မေးပါ"

"စန္ဒီ့မှာ ချစ်သူရှိလားဟင်"

ထိုစကားကြောင့် စန္ဒီ့မျက်လုံးလေးများ အရောင်တလက် လက် တောက်ပလာသည်။ သို့သော် မျက်လွှာကိုချပြီး ငြိမ် သက်နေသည်။

"စိတ်ဆိုးသွားလား စန္ဒီ"

"မဆိုးပါဘူး၊ ဆိုးစရာစကားမှမဟုတ်တာဘဲ၊ အဲဒီအကြော ကို ဘယ်လိုပြောရမှာပါလိမ့်လို့ စဉ်းစားနေတာပါ၊ နေပ



ဦး၊ ဒီမေးခွန်းကို ထုတ်ကတည်းက စန္ဒီ့မှာ ချစ်သူရှိနေတယ် လို့ ထင်လို့ မေးတာပေါ့နော်"

"ဒါပေါ့"

"စန္ဒီ့ကို ဘယ်လိုထင်နေကြလဲဟင်"

"ဟော....ဒီကမေးတာကိုတော့ မဖြေဘဲနဲ့ သူက မေးခွန်း ပြန်ထုတ်နေပြန်ပြီ"

"မေးခွန်းထုတ်တာမဟုတ်ပါဘူး၊ စန္ဒီ့ကို အေးလူတွေ ဘယ်လိုမြင်နေသလဲဆိုတာလဲ သိချင်လို့ပါ"

"ကဲ....ဒါဆိုလဲ ပြောပြမယ်၊ ကိုယ်တို့ထင်တာကိုနော်၊ စန္ဒီ့မှာ ချစ်သူရှိတယ်၊ စန္ဒီကလဲချစ်တယ်၊ အဲဒီလူကလဲ ချစ် တယ်၊ တစ်ယောက်ကိုတစ်ယောက် လိုက်ရှာတတ်ကြတယ်၊ မတွေ့ရင် တွေ့အောင် ရှာတတ်ပေမယ့် တွေ့ပြန်တော့လဲ မခေါ်ကြဘူး၊ ပုန်းကွယ်သွားတတ်တယ်"

စန္ဒီက ဝမ်းနည်းသည့်အသံလေးဖြင့်....

"ကိုယ်က တွေ့ချင် စကားပြောချင်ပါတယ်ကွာ၊ သူက ရှောင်သွားတာပါ"

"အဲဒါ စန္ဒီ သဘောမပေါက်လို့ကွ၊ သူ အဲဒီလိုရှောင်တာ ကိုက သူ့မှာ အားနည်းချက်ရှိနေလို့ပဲ၊ အဲဒီလူဟာ မင်းကို ဘော်တော်စွဲလမ်းပုံရတယ်၊ မင်းကိုလိုက်ရှာပြီး တစ်ချိန်လုံး စောင့်ကြည့်နေတာ၊ သူကြည့်တဲ့မျက်လုံးတွေဟာ မင်းကိုဘယ် လောက်စွဲလမ်းမှန်း၊ ဘယ်လောက်မက်မောမှန်း၊ တန်ဖိုးထား မှန်း သိသာလွန်းတယ်၊ ဒါပေမယ့် မင်း သူ့ကိုခေါ်မှာတော့

သူ တော်တော်စိုးရိမ်ပုံရတယ်၊ တစ်ချိန်လုံး ခိုးကြည့်နေတုန်း ကတော့ သူ့မျက်လုံးတွေဟာ အရောင်တလက်လက်နဲ့၊ မင်းကို ကျောခိုင်းပြီးထွက်သွားတဲ့အခါ သူ့မျက်လုံးတွေဟာ ဆွေးရိပ် သမ်းပြီး ကြေကွဲနေသလိုပဲ''

စန္ဒီ့မျက်လုံးထဲတွင် မျက်ရည်ကြည်များ ယှက်သမ်း၍နေ လေပြီ။

နွယ်က လှလွန်းသော စန္ဒီ့မျက်နှာလေးကို စိုက်ကြည့် ရင်း....

''မင်းနဲ့သူ တစ်ချိန်တုန်းက ပတ်သက်ခဲ့ဖူးတယ်မဟုတ် လား စန္ဒီ''

စန္ဒီ ခေါင်းညိတ်သည်။

''အံ့ဩစရာပဲကွာ၊ ဘယ်အရွယ်တုန်းက ဘယ်လိုပတ်သက် ခဲ့တာတုံး သူငယ်ချင်းရယ်၊ သူများတွေက တက္ကသိုလ်ရောက် စတွေ့ပြီး ကျောင်းပြီးမှ ကွဲကြ ဆွေးကြရတာ၊ မင်းဟာက အခုမှ ပထမနှစ် စတက်ရသေးတယ်၊ စဆွေးနေရပြီ၊ ကဲ... လုပ်စမ်းပါ၊ ဘယ်တုန်းက ကြုံခဲ့ဆုံခဲ့ကြတာလဲ''

စန္ဒီက သက်ပြင်းချလျက် ငယ်စဉ်က အလွမ်းပုံပြင်ကို ဆွေး ဆွေးမြည့်မြည့်လေး ပြောပြနေသည်။

''ဟင်....ဒါဆို ကားနဲ့ လာပို့လာကြိုနေတာ မင်းအစ်ကို မဟုတ်ဘူးလား''

''ဟင့်အင်း....မဟုတ်ဘူး၊ လူကြီးတွေ သဘောတူထားတဲ့ သူ''



ထိုစကားကြောင့် နွယ်နှင့်လဲ့မူက တစ်ယောက်မျက်နှာတစ် ယောက် အကြာကြီး ကြည့်နေကြသည်။ တစ်ခုခုပြောချင်နေ ကြသည်းရသည်။

''ဘာပြောချင်ကြလို့လဲ၊ ပြောလေ၊ အားမနာပါနဲ့''

လဲ့မူတို့ မပြောကြ။

''ပြောလေကွာ၊ ကိုတွတ်အကြောင်း ဘာတွေသိထားကြ လို့လဲ၊ ဘာတွေကြားထားလို့လဲ''

''ကိုတွတ်ဆိုတဲ့လူနဲ့ စန္ဒီနဲ့ တစ်ယောက်ကိုတစ်ယောက်ချစ် ကြသလား''

စန္ဒီခေါင်းခါသည်။ ခဏကြာမှ လေးတွဲ့တွဲ့အသံဖြင့်....

''စန္ဒီကတော့ သူ့ကိုမချစ်ဘူး၊သူကတော့စန္ဒီ့ကိုချစ်လား မချစ်လားမသိဘူး''

''ဟင်....မင်းတို့ဟာကလဲ စိတ်ညစ်စရာကောင်းလိုက်တာ ကွာ၊ ဒါနဲ့များယူကြဦးမှာလား''

''မယူချင်ပါဘူးကွာ''

''မယူနဲ့ပေါ့၊ ကိုယ်ချစ်တဲ့လူကို ကိုယ်ယူပေါ့''

''ကိုယ်ချစ်တဲ့လူကလဲ သတ္တိမှမရှိတာ''

''သို့ခများလဲ မင်းမှာ လူကြီးတွေ သဘောတူထားတာ ကြီး အဝေးက ဆွေးနေတာနေမှာပေါ့''

''သူကသိပ်ပိုပါတယ်ကွာ၊ စကားလေးဘာလေး လာ ပြောတော့ ဘာဖြစ်မှာမို့လဲ''

"မင်း သတို့သားမြင်ရင် အထင်လွဲမှာစိုးလို့ နေမှာပေါ့ ပြီးတော့ တွေ့ဖန်မြင်ဖန်များရင် မဖြစ်သင့်တာဖြစ်မှာစိုးလို့ နေမှာပေါ့"

"ဓတာ်ပါပြီကွာ၊ သတ္တိမရှိမှတော့ ဝေးကြရုံပဲရှိတာပဲ"

"သူက သတ္တိရှိတော့ရော၊ မင်းက ဟို...သတို့သားကိုပ ပြီး ယူရဲလို့လား"

ထိုအဖြေကိုတော့ စန္ဒီမပေး။ မှုန်မှုန်လေးငေးနေသည်

"မင်းလဲသတ္တိမရှိပါဘူးကွာ၊ မင်း သူ့ကိုမယူရဲဘူးဆိုတာ သူသိပြီးသားဖြစ်မှာပေါ့"

စန္ဒီ့ မျက်လုံးများ အရောင်ဘဖိတ်ဖိတ် တဖျပ်ဖျပ်လက်လ ပြီး တစ်စုံတစ်ခုကို ပြောချင်သလိုဖြစ်နေသည်။

"ဘာပဲဖြစ်ဖြစ် ယူမှတွေ့ရမှာတဲ့လား၊ မယူဖြစ်လဲခင် တယ်၊ တွေ့ချင်တယ်၊ စကားပြောချင်တယ်၊ ဒီလောက်တော အခွင့်အရေးရှိပါသေးတယ်ကွာ"

စန္ဒီ့ သဘောထားက ရှင်းနေပါသည်။

မယူနိုင်သေးသော်လည်း သံယောဇဉ်မဖြတ်ချင်သေး။

အချစ်သုတေသန လုပ်ချင်သည့် သဲ့မူနှင့်နွယ်နွယ်က နှင့်ခိုင်တို့နှစ်ဦးကို ခွဲမပစ်ချင်၊မြတ်မြတ်နိုးနိုး ဖွဲ့လမ်းနေသ ဦးကို နီးစပ်စေချင်သည်။ခိုင့်သဘောထားကိုလည်းစုံစမ်းကြ ချင်ကြသည်။

ပြီးတော့ နီတွတ်ဆိုသူ၏အကြောင်းကိုလည်း လေ့လာ သည်။

* * *

အခန်း (၆)

ခိုင်အံ့ဩသွားသည်။

သူမတို့နှစ်ယောက် မိမိနောက်ကို တကောက်ကောက် လိုက်နေသည်ဟု ထင်မိသည်။ ထို့ကြောင့် ခပ်သုတ်သုတ် လျှောက်သည်။ သူမတို့နှစ်ယောက် ဆက်မလိုက်နိုင်အောင် မျက်ခြည်ဖြတ်ပစ်သည်၊ ပုန်းနေလိုက်သည်။

"ဒီနားလေးတင် ပျောက်သွားတာနွယ်ရ၊ ကေန္တာ ငါတို့ လိုက်လာမှန်းသိလို့ ပုန်းများနေလားမသိဘူးနော်"

"အေးလေ"

သေချာနေပါပြီ၊ ဘာကိစ္စ မိမိနောက်လိုက်နေကြသနည်း။ သူမတို့နှင့် မိမိဘာမှမပတ်သက်ဖူးခဲ့။ တစ်ခုတော့ရှိသည်။သူမ တို့သည်စန္ဒီနှင့် တွဲလေ့ရှိသူများဖြစ်မှန်းသိသည်၊ စန္ဒီများတစ် ခုခုခိုင်းလေသလား။

ထိုအတွေးနှင့်အတူ ရင်ထဲ တင်းခနဲဖြစ်သွားသည်။

ဆက်ပုန်းနိုင်စွမ်းမရှိတော့။

သစ်ပင်ကြားမှထွက်လာသော ခိုင့်ကို နွယ်တို့နှစ်ယောက်က စပ်ဖြဲဖြဲရယ်ပြနေကြသည်။

"ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ"

"စောင့်နေကြတာလေ"

"ဘယ်သူ့ကိုလဲ"

"အဲ....ယူ့ကို"

"ကျွန်တော့်ကို၊ ဘာကိစ္စရှိလို့လဲ"

"မေးစရာရှိလို့"

"ဘာများလဲ"

"အချိန်ရမလား၊ ဆယ်မိနစ်လောက်ပါ"

"ရပါတယ်"

"လာလေ၊ ဒီမှာထိုင်ပါလား"

အနီးရှိ ကျောက်ကုလားထိုင်တွင် ထိုင်ဖို့ ဖိတ်ခေါ်လိုက်ကြသည်။

ခိုင်သည် သိမ်သိမ်ခမွှ့မွှေ့နှင့် ချောမော သန့်စင်သူပင် စန္ဒီစွဲမည်ဆိုလည်း စွဲလောက်ပေသည်။

ဖြူစင်သောအသားအရေ၊ မြင့်သောအရပ်၊ သွယ်သော ကိုယ်လုံးကိုယ်ထည် ဆံပင်နက်များက ပုံသွင်းထားသလို သပ်ရပ်ရပ်ရှိသည်။မျက်ခုံးထူထူ မျက်တောင်နက်နက်၊ မျက်လုံးအိမ်မှာ နက်မှောင်တောက်ပြောင်နေသည်။ နှာတံပေါ်ပေါ် နှုတ်ခမ်းပါးများက ပြုံးနေသေးသည်။



"သူက နွယ်၊ တို့က လဲ့မူ"

"ဟုတ်ကဲ့၊ ကျွန်တော် ကျော်ထွန်းခိုင်ပါ"

"စန္ဒီခေါ်သလို ခိုင်လို့ပဲ ခေါ်မယ်နော်"

စန္ဒီဆိုသော နာမည်ကြောင့် ခိုင်က စူးစိုက်ခြင်း၊ သိမ်မွေ့ခြင်း၊ ပြုံးခြင်းမျိုး အဓိပ္ပာယ်သက်ရောက်သည့် မျက်လုံးဖြင့် စိုက်ကြည့်လာသည်။ သူ့မျက်နှာမှာ ပြုံးရိပ်သမ်းသွားသည်။

"ကြိုက်သလို ခေါ်နိုင်ပါတယ်"

"ခိုင်နဲ့ စန္ဒီတို့ နှစ်ယောက်ရဲ့အကြောင်းတွေ....အင်းလေ ဖီလင်တွေကို နွယ်တို့နှစ်ယောက် သိပြီးကြပြီ"

ထိုစကားကြောင့် ခိုင်က ပြုံးသည်။ နွယ်တို့နှစ်ယောက်ကို အရည်ကြည်လဲ့သော မျက်ဝန်းနက်ဖြင့် ပြုံး၍ကြည့်ရင်း....

"ခင်ဗျားတို့နှစ်ယောက် စန္ဒီနဲ့ ကျွန်တော့်အကြောင်းတွေ မေးပြီး ဘာလုပ်ကြမှာလဲ၊ စာတန်း ပြုစုမှာလား၊ ဝတ္ထုရေးမှာလား"

"အဟင်း....ဟင်း၊ ဝတ္ထုရေးချင်တာတော့ အမှန်ပဲ၊ ဒါပေမယ့် နွယ်တို့က အလွမ်းဝတ္ထုဆိုရင် ငယ်ငယ်ကတည်းက မဖတ်ဘူး၊ ချစ်သူခြင်း မပေါင်းရတဲ့ ဇာတ်လမ်းမျိုးတော့ မရေးချင်ဘူး"

ခိုင်က ပြုံးသည်။

သည်လို တော်တော်ပြုံးနိုင်သူ။

သူ့ အပြုံးများ၊ သူ့မျက်လုံးများကို သေချာကြည့်လေ အဓိပ္ပာယ်ရှိလေပါပဲ။

"မေးစရာရှိတယ်ဆို"

‘‘စန္ဒီ့ကို တစ်ချိန်လုံး လိုက်ချောင်းပြီး ဘာလို့ မျက်နှာချင်းဆုံဖို့ မကြိုးစားတာလဲဟင်’’

ထိုစကားကြောင့် ခိုင် တွေသွားသည်၊ မျက်နှာမှာ သိသိသာသာ ညှိုးကျသွားသည်။

‘‘မတွေ့သင့်လို့ပါ’’

‘‘ဘာဖြစ်လို့ မတွေ့သင့်တာလဲ’’

‘‘အင်း....’’

သူ သက်ပြင်းချသည်၊

‘‘သူနဲ့ ကျွန်တော် မတွေ့တာ အကောင်းဆုံးပါဗျာ၊ တွေ့ပြီးမှ ခွဲရရင် သေရုံပဲ ရှိတယ်’’

‘‘ဟွန်း....ရှင့်စကားက ယောကျ်ားမဟုတ်သလိုပဲ’’

‘‘ယောကျ်ားလဲ နှလုံးသားနဲ့လူပါဗျာ၊ ခံစားရပါတယ်၊ ဘယ်လိုမှ မနီးစပ်နိုင်ကြမယ့်အတူတူ ဒီလို ပဲ နေ ကြ တာ ပိုကောင်းပါတယ်’’

‘‘နီးစပ်အောင်တော့ မကြိုးစားတော့ဘူးလား’’

‘‘ကျွန်တော်ဟာ သူ့အတွက် အပြင်လူပါ၊ ကျွန်တော့်ကို တွေ့နေရတာကိုက သူ့အတွက် သောကဖြစ်စေတယ်၊ အပူဖြစ်စေတယ်လို့ ကျွန်တော် သဘောပေါက်ထားတယ်’’

‘‘နှယ်တော့ ဒီလိုမထင်ဘူး၊ ခိုင်ဆိုတဲ့ လူတစ်ယောက်ကို မမြင်ရ၊ မတွေ့ရ၊ မခင်ရ၊ မမြင်ရရင်သာ စန္ဒီ့အတွက် သောကဖြစ်စေတာပါ၊ ခိုင်က သူလှမ်းကြည့်တဲ့အချိန်ကျမှ ရှောင်တာတို့ ပုန်းတာတို့ လုပ်လုပ်သွားတော့ သူ ဘယ်လိုခံစားရ



မလဲ၊ ဘယ်လို ကျန်ရစ်ခဲ့မလဲဆိုတာ ကိုယ်ချင်းစာကြည့်ဖို့ ကောင်းတယ်’’

‘‘သူ ကြက်ကြီး လည်လိမ်ထားသလို တံတွေးတမျိုမျိုနှင့် ငြိမ်နေသည်။

‘‘မှန်မှန်ပြောစမ်းပါ၊ ခိုင် သူနဲ့ စကားမပြောချင်ဘူးလား’’

‘‘စကားပြောရုံနဲ့ သူနဲ့ ကျွန်တော်က ပြီးဆုံးသွားကြမယ် ထင်သလား’’

ထိုစကားကြောင့် နှယ်နှင့် လဲ့မူတို့၏ မျက်နှာများ ရဲတွတ်သွားကြသည်။ လျှာရှည်သည့်ကောင်မလေးများ ရှက်သွားကြသည်။

‘‘တစ်ယောက်နဲ့တစ်ယောက် ဒီလောက် ချစ်နေကြရင်လဲ ယူလိုက်ကြပါလားနော်၊ ပြီးတော့လဲ ဖြစ်လာသမျှ ရင်ဆိုင်လိုက်ကြပေါ့’’

‘‘ဒါဆို ခင်ဗျားတို့သူငယ်ချင်းကို သွားပြန်မေးလေ၊ ခိုင်ဆိုတဲ့ ကောင်လေးကို ယူရဲသလားလို့’’

‘‘တကယ်မေးရမှာလား’’

‘‘မေးလေ’’

‘‘ရှင်လိုက်ခဲ့လေ’’

‘‘သူ့ဆီက အဖြေရမှ တွေ့ဖို့ကြိုးစားတာပေါ့’’

‘‘ဟုတ်ပြီ၊ ဒါဆို ဒီကပဲ စောင့်နေလေ၊ အခုသွားမေးပြီး အခုပြန်လာခဲ့မယ်၊ အတန်းမရှိဘူး မဟုတ်လား’’

‘‘ရှိပါတယ်၊ ဒါပေမယ့် စောင့်နေမှာပါ’’

"ဒါဆို သွားမယ်နော်"

"ကောင်းပါပြီ"

နွယ်တို့နှစ်ယောက် ခပ်သွက်သွက် လျှောက်သွားကြသည်ကို ကြည့်ပြီး ကျန်ရစ်ခဲ့သူက ခိုင်။

ခိုင် ရင်ခုန်နှုန်းတွေ မြန်နေသည်။

အနီးရှိ တုတ်ချောင်းလေးတစ်ခုကို ကောက်၍ မြေပြင်တွင် ခြစ်နေမိသည်။

ခဏကြာသောအခါ မြေပြင်ပေါ်တွင် စန္ဒီဆိုသည့် စာလုံးပေါင်းများစွာ ပေါ်လာတော့သည်။

စန္ဒီ့ထံ ဝမ်းသာအားရပြန်လာသော နွယ်တို့နှစ်ယောက် မောသွားသည်။

စာကြည့်တိုက်ရှေ့နားတွင် နီတွတ်၏ကားလေး ရပ်ထားသည်၊ ကားထဲတွင် နီတွတ်ကထိုင်နေသည်။ စန္ဒီက ကားစက်ခေါင်းကိုမှီ၍ ခပ်နွဲ့နွဲ့လေး ရပ်နေသည်။

နွယ်တို့ရောက်လာသည်ကို စန္ဒီမြင်သွားသည်။

"ကိုတွတ်....ခဏနော်၊ သူငယ်ချင်းတွေဘာပြောချင်လဲ မသိဘူး"

"သွားလေ"

စန္ဒီရောက်လာသောအခါ နွယ်က အားရဝမ်းသာဖြင့်....

"ငါတို့ ခိုင်နဲ့တွေ့ခဲ့တယ်၊ စကားတွေ အကြာကြီးပဲပြောခဲ့တယ်"

"ဟင်....ဟုတ်လား"



စန္ဒီ့မျက်လုံးမှာ အရောင်တွေ တဖိတ်ဖိတ်တဖျပ်ဖျပ်တောက်ပလာပြီး အေးစက်တုန်ယင်နေသော လက်နှစ်ဘက်ဖြင့် နွယ်တို့၏လက်များကို ဆုပ်ကိုင်လာပြီး....

"သူ....ဘယ်မှာလဲဟင်"

"ဂျပ်ဆင်ဘက်မှာ စောင့်နေတယ်၊ လိုက်ခဲ့ပါလား"

"ဟုတ်လား....လိုက်ချင်လိုက်တာ၊ ဒီနေ့ကျမှ ကိုတွတ်က ဘာစိတ်ကူးပေါက်ပြီး ရောက်လာတယ် မသိပါဘူး၊ ရှင်ရှင်သွားကြည့်ဖို့ လာခေါ်နေတယ်"

နွယ်ဘို့ မျက်မှောင်လေးကြုတ်သွားသည်။

"လိုက်သွားမလို့လား"

"ဘယ်လိုက်ချင်မှာလဲ"

"ဒါဆိုလဲ မလိုက်ဖူးလို့ ပြောလိုက်လေ"

"ဖြစ်ပါ့မလား၊ စောစောကတောင်မေးနေသေးတယ်၊ ခိုင်နဲ့တွေ့သေးသလားတဲ့၊ ဒီမှာ ခိုင် ကျောင်းလာတက်တာ သူ သိလဲသိတယ်၊ မြင်လဲမြင်တယ်တဲ့၊ ခိုင်နဲ့စကားပြောသေးလားတဲ့"

ထိုစကားကြောင့် လှဲ့မူဒေါ်ကန်သွားသည်။

"မင်းက သူ့ကို ခုကတည်းက ကြောက်နေရပြီလားဟ"

"သူ့ကိုမကြောက်ပါဘူး၊ သူနဲ့မယူရလို့လဲ ဘာမှအရေးကြီးပါဘူး၊ ဒါပေမယ့် ကိုယ့်မေမေရဲ့စကားနဲ့ တောင်းပန်ချက်တွေကို ငဲ့နေရလို့ပါ"

"ဟင်....မင်းအမေက ဘာတွေတောင်းပန်ထားလို့လဲ"

စန္ဒီက သက်ပြင်းချလျက်....

"ခုမှတော့ မထူးပါဘူးကွာ၊ ကိုယ် သူ့ကို မလွှန်ဆန်နိုင်ဘူး၊ ကိုယ်ဘို့အိမ်ကစီးပွားရေး အဆင်မပြေလို့ ကိုတွတ်တို့အိမ်က ငွေတွေယူထားတာ မနည်းတော့ဘူးတဲ့"

"ဟင်း.... မင်းဇာတ်လမ်းက ရုပ်ရှင်ထဲက အတိုင်း ပါလားကွာ၊ နောက်ဆုံးတော့ ချစ်လှပါချည်ရဲ့ဆိုတဲ့ ချစ်သူကိုစွန့်ပြီး မချစ်မနှစ်သက်သူ၊ ငွေရှင် ကြေးရှင်ရဲ့ရင်ခွင်ထဲနိုဝင်ပြီး တသိမ့်သိမ့်ရှိုက်ငိုရမယ့် ဇာတ်လမ်းမျိုးကြီးပဲ၊ ငါတို့ဘယ်လောက်ကူညီကူညီ မင်းသတ္တိမရှိရင် အလကားပဲ"

"တီ....တီ"

နီတွတ်၏ကားဟွန်းသံကြောင့် စကားပြတ်သွားကြသည်။

"စန္ဒီ"

"ဟင်"

"ခိုင် စောင့်နေတယ်၊ မင်းပဲစကားပြောချင်တယ်ဆို၊ ငါတို့စောင့်ခိုင်းထားတယ်၊ လိုက်ခဲ့ပါကွာ"

"နေဦး၊ ငါ ကိုတွတ်ကို သွားပြောလိုက်ဦးမယ်"

စန္ဒီ ကားဆီ ပြန်ပြေးထွက်သွားပြီး....

"ကိုတွတ်....စန္ဒီရုပ်ရှင်မလိုက်တော့ဘူး"

"ဟ....ဘယ်လိုဖြစ်တာလဲ၊ ခုနပဲ လိုက်မယ်ပြောထားပြီး အပြောင်းအလွဲမြန်လှချည်လား၊ ဘာလဲ ဟိုကောင်မလေးတွေဆီက ဘာသတင်းကြားလို့လဲ၊ တစ်ယောက်ယောက်နဲ့ ချိန်းထားလို့လား"

သူ့စကားတွေမှန်နေသဖြင့် စန္ဒီဘာဆက်ပြောရမှန်းပင် မသိတော့။



"မဟုတ်ပါဘူး ကိုတွတ်၊ မနက်ဖြန်ကျရင် သူတို့လဲ ရုပ်ရှင်လိုက်ချင်လို့တဲ့"

"အိုး....ကိုယ်ခေါ်တဲ့အထဲမှာ စန္ဒီ့ အပေါင်းအသင်းတွေပါဘူး၊ မင်းတစ်ယောက်တည်းခေါ်တာ၊ အပေါင်းအသင်းနဲ့သွားချင်ရင် နောက်ရက်ကျမှ သတ်သတ်သွား၊ ကဲ... ကားပေါ်တက်စမ်းပါကွာ၊ အချိန်နီးနေပြီ"

ကားတံခါးဖွင့်ပေးပြီး အတင်းတက်ခိုင်းနေသဖြင့် စန္ဒီ အခက်တွေ့နေသည်။ နွယ်တို့နှစ်ယောက်ကလည်း သူ့ကို ဘုကြည့်ကြည့်နေကြသည်။

"နွယ်ခရ မနက်ဖြန်မှနော်"

သူတို့နားလည်အောင် လှမ်းပြောပြီး ကားလေးခေါ်ဆောင်ရာသို့ စန္ဒီပါသွားသည်။

နွယ်နှင့်လဲ့မူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

သစ်ပင်အောက်တွင်ထိုင်စောင့်နေသော ခိုင့်ကို ဘယ်လိုပြောရပါ့။

"ကျွန်တော်ပြောသားပဲ မဟုတ်လား၊ သူ တကယ်တမ်းကျတော့ သတ္တိမရှိပါဘူးဗျာ၊ ကျွန်တော့်ကို အပျင်းပြေကစားစရာ အရုပ်တစ်ခုလို ကစားနေတာပါ၊ စိတ်ကူးယဉ်နေတာပါ"

ခိုင့်အသံက လှိုင်းထနေသည်။ မျက်လုံးများကလည်း မျက်ရည်ကြည်များ ပြည့်လျှံနေသည်။

''ဘာပဲဖြစ်ဖြစ် မနက်ဖြန်ကျရင်တော့ ဒီကပဲစောင့်နေပါ နော်၊ ခုအချိန်လောက်ပဲပေါ့''

''ခင်ဗျားတို့ စိတ်မကုန်ကြသေးဘူးကိုး၊ ကောင်းပြီလေ၊ ကျွန်တော်စောင့်နေပါ့မယ်''

နှယ်တို့နှစ်ငယောက် စန္ဒီ့ကို မကျေမနပ်ဖြစ်ရနေကြသည်။ စန္ဒီသည် ဓေတ္တာစစ်ထက် ငွေပိုခင်သူ။

သူမ၏အသည်းနှလုံးကို ငွေသေတ္တာထဲတွင် သော့ခတ် သိမ်းချင်သူ။

မနက်ဖြန် တွေ့ကြလို့မှ အဆင်မပြေလျှင် မိမိတို့ နောက် ဆုတ်တော့မည်။

❋ ❋ ❋

အခန်း (၃)

သူတို့နှစ်ဦး၏ အသက်ရှူသံများကဖြင့် ပြင်းထန်လှပါ သည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်သည့် မျက်လုံးများက ဆွဲအားများလွန်း၍ လွှဲမရအောင် ဖြစ်နေပါသည်။

တစ်ယောက်ကိုတစ်ယော.က် ဆုပ်ထားကြသည်မှာ မလွှတ် တမ်း။

နှုတ်ခမ်းဖျားမှ တလှုပ်လှုပ်တရွရွဖြင့် စကားတွေ ပြောချင် နေကြသည်။

စန္ဒီ့ ပါးပေါ်သို့ မျက်ရည်ဥများ လိမ့်ကျလာသည်ကို ခိုင် က ညင်သာစွာ သုတ်ပေးသည်။ ထို့နောက် တစ်ယောက်ကို တစ်ယောက် မလွှတ်တမ်း ပွေ့ဖက်ထားကြသည်မှာ အကြာကြီး။

နွယ်တို့နှစ်ယောက် မထင်မှတ်သောမြင်ကွင်းကြောင့် လန့်ဖျပ်ပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်မိကြသည်။

စန္ဒီက တသိမ့်သိမ့်ရှိုက်သည်။

ခိုင်က သူ့ရင်ခွင်တွင် စန္ဒီ့ကို ယုယစွာ ပွေ့ပိုက်ထားသည်။

ဟုတ်နေပါပြီ။

မနေ့က ခိုင် စကား ပွန်းပြောခဲ့သည်။

''စကားပြောရုံနဲ့ သူနဲ့ကျွန်တော်က ပြီးဆုံးသွားကြမှာတဲ့လား''တဲ့။

ယခု စကားတစ်လုံးမှ မပြောကြရသေးပါ။

သို့သော်.....

ပတ်ဝန်းကျင်ကိုမေ့ပြီး သူတို့နှစ်ဦး ရစ်သိုင်းဖက်တွယ်ထားကြသည်။

နွယ်တို့ အလိုက်သိသိ လှည့်ပြန်လာကြရသည်။

သူတို့နှစ်ဦး ပြန်လည်နီးစပ်ဖို့ ဖန်တီးပေးသည့် နွယ်တို့နှစ်ဦးကိုရော တစ်ကမ္ဘာလုံးကိုပါ သူတို့မေ့နေကြပြီလေ။

* * *

သစ်ရွက်ကို လေတိုးသံ၊

အသက်ပြင်းပြင်းရှူသံနှင့် သက်ပြင်းချသံများသာ ထပ်ခါတလဲလဲ ကြားရပြီးသည့်နောက်ဝယ်....



''စန္ဒီ''

ခိုင်က လှုပ်ရှုန်းတင့်၍ ရှုကြည့်မဝနိုင်သော စန္ဒီ့မျက်နှာလေးကို လက်နှစ်ဘက်ဖြင့်မ,ပြီး မော့စေလျက် ခေါ်ခြင်းဖြစ်သည်၊ မျက်ရည်ကြည်များ ပြည့်လျှမ်းသည့် မျက်ဝန်းအစုံဖြင့် ခပ်ပြုံးပြုံးလေးကြည့်ရင်း စန္ဒီကထူးသည်၊

''ခိုင့်ကို သတိရသလားဟင်''

စန္ဒီ ခေါင်းညိတ်သည်။

''ဘယ်အချိန်တွေ သတိရသလဲဟင်''

''အမြဲလိုလိုပါပဲ ခိုင်ရယ်''

''စန္ဒီ့ထက် ကိုယ်က ပိုချစ်လွန်းရပါတယ် စန္ဒီ၊ တောသားလေး မြို့ကိုစတက်ကတည်းက စန္ဒီဆိုတဲ့ကောင်မလေးကို တွေ့ပြီး ကျန်ဘာတွေ အကုန်မေ့ခဲ့တဲ့ကောင်ပါ၊ စန္ဒီ့ကိုခင်ခဲ့ ချစ်ခဲ့ရတဲ့အချစ်ဟာ သေတဲ့အထိ ဖြစ်မှာပါလေ၊ ဘာကိုမှ မျှော်လင့်ချက်မရှိမှန်းသိပေမယ့် ဆုံဆည်းနိုင်ခွင့်မရှိဘူးဆိုတာသိပေမယ့် ချစ်နေ၊ သတိရနေပါတယ် စန္ဒီ''

စန္ဒီက မျက်လွှာလေးချပြီး ခိုင့်လက်နှစ်ဘက်ကို ညင်သာစွာဆုပ်ကိုင်ရင်း နားထောင်နေသည်။

''စန္ဒီ့ကိုသတိရတိုင်း ရင်ထဲမှာ သိပ်တွေ့ချင်၊ သိပ်လွမ်းသာတိုင်း အလွမ်းသက်သာအောင်ဆိုပြီး စာတွေဖတ်မိတယ်၊ ဘော်ဒိပြန်တော့ လွမ်းရမယ့်စာမျိုးမှ ဖတ်မိတယ် စန္ဒီ''

''ဟင်''

''ဂဏ္ဍပဘာနဲ့ မောင်မောက်လို့ခေါ်တဲ့ ရှင်မဟာရဋ္ဌသာရတို့ရဲ့အကြောင်း ဖတ်ဖူး ကြားဖူးလားဟင်''

"ဟင့်အင်း"

"နားထောင်စေနော်၊ အင်းပဘုရင် ဒုတိယမင်းခေါင်မှာ သမီးတော်သုံးပါးရှိတယ်တဲ့၊ အထွေးဆုံး သမီးတော်လေး မင်းဘုန်းထွန်းဟာ နှာမည်ရင်းရှိပေမယ့် အဆင်းရူပါ လှပ လွန်းတဲ့အတွက် ဝဏ္ဏပဘာလို့ တင်စားခေါ်ဝေါ်ခြင်း ခံခဲ့ရ တယ်" .

"ခိုင်က ချစ်ရသူ စန္ဒီ့မျက်နှာကို စိုက်ကြည့်လျက်....

"သူ့မျက်တောင်ကလေးတွေဟာ စုတ်တံနဲ့ရေးထားသလို ကော့ညွှတ်နေတယ်၊ သူ့သွားလေးတွေက ပုလဲရောင်တောက် နေတယ်၊ လက်သည်းခြေသည်းလေးတွေဟာ ရဲနေတယ်၊ သူ့မျက်နှာလေးဟာ ရယ်တော့မယောင်ယောင် ငိုတော့ မယောင်ယောင်နဲ့ ထာဝစဉ် လန်းဆန်းလှပနေတယ်တဲ့"

သူမ၏မျက်နှာကို စေ့စေ့ကြည့်ရင်း အလှကဗျာရွတ်ခြင်း ခံနေရသဖြင့် စန္ဒီ့မျက်နှာမှာ ရှက်သွေးဖြန်းပြီး ချစ်သူကို မျက်လုံးလေး ငွေ့လျက် စွေလျက်ကြည့်ကာ တစ်ဘက်သို့ ခေါင်းလေး ငုံ့သွားတော့သည်။

"ပရိသတ်ဗိုလ်ပုံအလယ်မှာ အစ်မတော်များနဲ့အတူ တင့် တယ်လှပစွာ ထိုင်နေပေမယ့် ဝဏ္ဏပဘာရဲ့ အလှဟာ ထူးထူး ခြားခြားကြီး ပေါ်လွင်နေတယ်တဲ့၊ အဲဒီနေ့က ဝဏ္ဏပဘာရဲ့ နားသမင်္ဂလာအခမ်းအနား ကျင်းပတဲ့နေ့ပဲ၊ ပုဏ္ဏားဖျူ ပုဏ္ဏားညိုတွေဟာ မင်္ဂလာသြဘာစာများ ဖတ်ကြားနေကြ တယ်၊ ခမည်းတော် မယ်တော်နဲ့တကွ ဆွေတော်မျိုးတော် တွေဟာ ပီတိဖြာတဲ့မျက်နှာတွေနဲ့ ဝိုင်းအုံကြည့်နေကြတယ်၊



အဲဒီအချိန်မှာ ဝဏ္ဏပဘာလေးရဲ့ မျက်နှာတော်လေးဟာ ပြုံးစိစိလေးနဲ့ လွန်စွာ ချစ်ခင်နှစ်လိုဖွယ်ကောင်းနေတယ်တဲ့"

ခိုင်က စန္ဒီ့ကို ကြည့်လျက်....

"ခိုင်ကတော့ ဝဏ္ဏပဘာကို မမြင်ဖူးလို့ သူ့အလှကို ...မဖွဲ့ချင်ဘူး၊ ခိုင်မြင်ဖူးတဲ့ စန္ဒီဆိုတဲ့ ကောင်မလေးတစ် ယောက် လေသာဆောင်မှာ ထွက်ရပ်နေတဲ့ အလှလောက် ...မယ်မထင်ပါဘူးကွာ"

"အဲဒီလောက်ကြီးလဲ မမြှောက်ပါနဲ့နော်၊ တော်ကြာ ...ဝင်မြင့်ပြီး သစ်ပင်မှာ သွားချိတ်နေပါ့မယ်"

"မြှောက်တာမဟုတ်ပါဘူး စန္ဒီ"

"အခု ပြန်တွေ့တော့ရော ဟိုအလျင်ကလောက် လှသေး လို့လား"

"မေးစရာလိုသေးလား စန္ဒီရယ်၊ ကိုယ်တို့ စတွေ့တဲ့အချိန်၊ ...ခဲ့တဲ့ အချိန်တုန်းက စန္ဒီဟာ အလှမစုံသေးတဲ့အချိန်ပါ၊ ...းတော့ မပြင်မဆင်တတ်တဲ့ အချိန်ပါ၊ ခုလို အလှအပတွေ ...သမျှ ပွင့်လန်းပြီး အပြင်အဆင်တွေကလဲ တတ်နေတော့ ...ဘစ်ယောက် ထိုင်သာ ငေးနေချင်တော့တာပဲ"

စန္ဒီက သူမမျက်နှာလေးကို လက်ဖြင့်ဝှက်ကာ အုပ်ထား လိုက်သည်။

"မကြည့်စေ၊ မမြင်စေချင်လို့လား စန္ဒီ"

"အို....မဟုတ်ပါဘူး၊ ရှက်လို့ပါနော်"

"အင်း....တစ်နေ့တခြား စန္ဒီက လှလာလေ၊ ရင်လတွေ ...းလာလေ ကိုယ်တို့ ဝေးရမယ်ဆိုတဲ့အသိက နှိပ်စက်လွန်း

တယ် စန္ဒီရယ်၊ ကိုယ့်အဖြစ်က ဝဏ္ဏပဘာရဲ့ ချစ်သူလိုပါပဲ၊ မြင်သာမြင်ရ မကြင်ရပါဘူး''

''သူတို့အဖြစ်နဲ့ တူလို့လား''

''တူပြီရော စန္ဒီရယ်၊ ဝဏ္ဏပဘာလေးနဲ့ မလှမ်းမကမ်းမှာ ဆယ်ကျော်သက်အရွယ် လုလင်ငယ်တစ်ယောက် ရှိတယ်၊ အဲဒီလုလင်က သူ့ဖခင် ဓမ္မပါလ စာဆိုပညာရှိအမတ်နဲ့အတူ ဒီနားသပွဲကိုပါလာတာလေ၊ အဲဒီလုလင်ဟာ ဝဏ္ဏပဘာလေးရဲ့ အလှကွန်ယက်မှာ မိန်းမော ငေးစိုက်နေရှာတယ်၊ သူ့စိတ်ထဲမှာ ဝဏ္ဏပဘာကို နတ်ပြည်ကကျလာတဲ့ နတ်သမီးလေးနဲ့ တင်စားနေမိတယ်၊ ရွှေစင်ရုပ်လို ထိန်ဝင်းတယ်လို့ ထင်မိသလို ငွေစန္ဒာလမင်းလို ကြည်သင်အေးမြနိုင်လွန်းတယ်လို့ ထင်နေရှာတယ်၊ အဲဒီအချိန်မှာပဲ ဘုရင်မင်းမြတ်က သူ့ဖခင် ဓမ္မပါလစာဆိုအမတ်ကို သုတိမင်္ဂလာ ဩဘာစာဖွဲ့ဆို လျှောက်ကြားစေလို့ မိန့်ဆိုလိုက်တယ်၊ အဲဒီ မိန့်ဆိုသံလဲ ကြားရော ဆယ်ကျော်သက်ရွယ် လုလင်ငယ်ဟာ က...ကယ ထပြီး သူ့ဖခင်ကိုယ်စား စာဆိုခွင့်ပြုပါရန် လျှောက်ထားလိုက်တယ်၊ ပရိသတ်ထဲက အံ့ဩသံတွေ ကြွက်ကြွက်ညံသွားတယ်၊ ဘုရင်ကြီးက လုလင်ငယ်ကို လိုက်လိုက်လှဲကြည်ဖြူစွာပင် ခွင့်ပေးသနားလိုက်တယ်၊ လုလင်စာဆိုငယ်ဟာ ပေနဲ့ကညစ်ကိုကိုင်ပြီး သုတိမင်္ဂလာ အဲချင်းကဗျာကို တစ်မုဟုတ်ချင်း ဖွဲ့ဆိုလိုက်တယ်''

''အိုဘဲ့ဘယ်၊ အိုဘဲ့ သမီးတော် နတ်သော်ပုံမထွင်း၊

အိုဘဲ့ဘယ် အိုဘဲ့ သမီးတော် ရွှေလော်သွန်း ပုံဆင်း၊

အိုဘဲ့ဘယ် အိုဘဲ့ သမီးတော် စန္ဒော်လနွယ်ဝင်း''

''အဲချင်းကဗျာလေးဟာ ပရိသတ်အလယ်မှာ ပီပီပြင်ပြင် ...ွင့်လျက်ရှိတယ်၊ ဝဏ္ဏပဘာကလေးဟာ အဲချင်း ကဗျာ ...ဆိုနေတဲ့ လုလင်ငယ်ဘက်ကို တစ်ချက်မျှ စောင်းငဲ့ကြည့် ...မိတယ်၊ စာဆိုလုလင်ဟာ သူ့ကို စူးစိုက်ကြည့်နေ ...ကြောင်း တွေ့ရတယ်၊ စာဆိုရဲ့ မျက်လုံးအစုံဟာ ရှန်းရှန်း ...ဘား ရှိလှတယ်၊ မေတ္တာရဲ့ ညို့ဓာတ်များနဲ့ ...ပြန် ...နေတယ်''

''ခမည်းတော်၊ မယ်တော်နဲ့ ပရိသတ်တွေဟာ လုငယ်ကို ...ူးမဆုံး ရှိကြတယ်၊ မယ်တော်က လုလင်ကို သားရင်း ...ခင်မင်နှစ်သက်ကြောင်း မိန့်ကြားသလို ခမည်းတော်က ...ည်း ရွှေနန်းတော်အတွင်း ဝင်နိုင် ထွက်နိုင်ခွင့်ကို ပေး ...ားတယ်၊ အဲဒီနောက်ပိုင်း ဝဏ္ဏပဘာနဲ့ လုလင်ငယ်ဟာ ...ခင်သွားတယ်၊ နန်းတော်အတွင်း စားအတူ၊ သွားအတူ၊ ...ားအတူ ရင်းနှီးသွားရာက တစ်ဦးနှင့် တစ်ဦး မေတ္တာ ...ုယ်ကာ သံယောဇဉ် ငြိတွယ်မိကြတော့တယ်၊ စာဆို ...သင်ငယ်ဟာ ဝဏ္ဏပဘာရဲ့ အလှလောင်းရိပ်အောက်မှာ ...တ္တာမွန်ထုပြီး တစ်ဖက်သတ် စွဲငြိပြီး အလှရတုကဗျာများ ...သီလို့မဆုံးနိုင်အောင် ရှိတော့တယ်''

''စာဆိုဟာ ဝဏ္ဏပဘာလေးကို အသည်းနစ်အောင် ချစ်ခဲ့ ...တယ်၊ ''ချစ်စုံမက်၍ သက်ထက်ဆယ်ပြန်၊ ချစ်ခြင်းလွန်'' ... သည်လို့ ဖွင့်ဟဝန်ခံသွားတယ်၊ ဝဏ္ဏပဘာလေးနဲ့ ရှေးဖူး ... ဂေဟာဆက်မိရလေအောင် ကြံဆောင် ကြိုးပမ်းခဲ့သေး

တယ်၊ သို့ပေမယ့် ချစ်သူတို့ရဲ့ သွားရာလမ်းက မဖြောင့်ဖြူ
ပါဘူး၊ ချစ်သူနှစ်ဦးကြားမှာ တံတိုင်းအထပ်ထပ် ကာရံ
နားနေတယ် မင်းသမီးလေးကို ပိုင်ဆိုင်လိုကြောင်း၊ တမ်
မိကြောင်း၊ လွမ်းရပါကြောင်း ရတုကဗျာများက အထပ်
အခါခါ သက်သေခံနေပါတယ်၊ လက်တွေ့ဘဝမှာ
သူ့ဆုတောင်းများ မပြည့်ခဲ့ဘူး၊ ဝဏ္ဏပဘာလေးနဲ့ ဖူး
ဖက်ကြုံ ရေစက်မဆုံနိုင်ခဲ့ရရှာဘူး''

''ဟင်....ဘာဖြစ်လို့လဲ၊ တစ်ယောက်နဲ့တစ်ယောက်
နေကြတာပဲ၊ လူကြီးတွေသဘောမတူလို့လား''

စန္ဒီ စကားကြောင့် ခိုင်က နာကြည်းစွာ ပြုံးရင်း....

''ခိုင်နဲ့ စန္ဒီတို့လိုပါပဲလေ၊ သိပ်တော့ မထူးလှပါ
ဝဏ္ဏပဘာလေးဟာ ဘုရင့်သမီးတော်လေးဖြစ်သလို စာ
ဆိုရင် မျိုးနွယ်ဇာတိခြင်း မိုးနဲ့မြေလို ကွာခြားနေတယ်၊
ဆို လုလင်အနေနဲ့ကလဲ သူ့ဘဝမှာ သာသနာရေးနဲ့ အ
ရေး လွန်ဆွဲနေရတယ်၊ အကယ်၍ ဘုရင့်သမီးနဲ့ လက်ဆက်
ရပြန်ရင်လဲ ထီးရေး နန်းရာ အရေးတို့နဲ့ ရှုပ်ထွေးရဦးမ
ဝဏ္ဏပဘာရဲ့ ခမည်းတော်ကြီးက စာဆိုလုလင်မောင်မော
ကို စာပေထူးချွန်သူ ဖြစ်သည်နှင့်အညီ ရှင်မဟာ သီလဝံ
ရှင်ဥတ္တမကျော်တို့လို သာသနာ့ဝန်ကို ထမ်းပြီး စာပေက
ဂန်များကို ရေးသား ပြုစုစေချင်တဲ့ လက္ခဏာရှိတ
ဒါကြောင့် လုလင်ဟာ အချစ်ရေးထက် သာသနာရေးကို
စားပေးခဲ့ရတယ်၊ ဒီလိုနဲ့ လုလင်စာဆိုမောင်မောက်
အင်းဝခေတ် စာဆိုအကျော်အမော် ရှင်မဟာရဋ္ဌသာရ



ဘ် ဖြစ်လာခဲ့တယ်၊ ဝဏ္ဏပဘာလေးကိုလဲ သည်ဘဝတွင်
ကျက်လျော့နေလေတော့ကဗျာ ဖွဲ့ဆိုနှုတ်ဆက်ပြီး တစ်သက်
ဘဝမှာ ခွဲခွာခဲ့ရရှာလေတော့တယ်''

''ဟင်....သနားပါတယ်နော်''

''ဘယ်သူ့ကိုလဲ''

''ကဗျာစာဆိုကိုလေ''

''ခိုင့်ကိုရော မသနားဘူးလား''

စန္ဒီက ခိုင့်ရင်ခွင်တွင်း မှီခိုဝင်ရင်းက တိုးညင်းသော အသံ
းဖြင့်....

''စန္ဒီလဲ ဝဏ္ဏပဘာလိုပဲ ဆွေးမြည့် လွမ်းဆွတ်နေရမယ့်
ါနော်၊ ခိုင်က မောင်မောက်ထက် အများကြီး အခွင့်
ရေးရှိသေးတာပဲ၊ သာသနာ့ဘောင် ဝင်မှာမှ မဟုတ်ဘဲ၊
ချစ်တဲ့သူကို ရအောင် ကြိုးစားပေါ့''

''ကြိုးစားဖို့ ခွန်အားတွေအပြည့်ပါစန္ဒီ၊ ဒါပေမယ့် ဂုဏ်
တိုင်းတွေက မြင့်လွန်းပါတယ်၊ စန္ဒီတို့ အသိုင်းအဝိုင်းက
ားတဲ့ ဂုဏ်မျိုးကို လေး ငါး ဆယ်နှစ်အတွင်းမှာ ရိုးရိုး
းသားနည်းနဲ့ ရှာဖွေ ရယူနိုင်ဖို့ဆိုတာ မလွယ်ပါဘူးလေ''

''အင်း စန္ဒီလဲ အဲဒီ ငွေတံတိုင်း ဂုဏ်တံတိုင်းတွေကို
ျော်ပြီး ခိုင့်ရင်ခွင် ခိုဝင်ချင်ပါတယ်လေ၊ ဒါပေမယ့် စန္ဒီ့
ကတိတွေအထပ်ထပ် ပေးထားခဲ့ရတယ်လေ''

စန္ဒီ့ အသံက တိုးဝင်ပျောက်ကွယ်နေသည်။

''စန္ဒီ့ဘက်က အခက်အခဲတွေရှိသလို ခိုင့်ဘက်ကလဲ ဝန်
က်တွေနဲ့ပါ စန္ဒီ၊ ဒီစည်းမျဉ်းတွေအားလုံးကို ခိုင်တို့ ချိုး

ဖောက်ပြီး နှစ်ယောက်တစ်ဘဝ တည်ထောင်လို့ မဖြစ်
လား''

ခိုင့်စကားကြောင့်စန္ဒီ့မျက်လုံးလေးများ အရောင်တော
ပလာသည်။

''ဆောရီး စန္ဒီ၊ ဆောရီး၊ခိုင် ဆန္ဒစောသွားတယ်၊အ
တွေ့အများကြီး ရှိပါသေးတယ်၊ ကျောင်းတက်နှစ် ကုန်
ခါနီးကျရင် သတ္တိရှိဖို့ စန္ဒီကြိုးစားထားနော်''

စန္ဒီ ခေါင်းညိတ်မိသည်၊

''စန္ဒီ''

''ခိုင်''

''ခိုင့်ကို ချစ်လား''

''အင်း''

''တစ်သက်လုံး ခွဲနိုင်လား''

''ဟင့်အင်း''

''အတူရောနေချင်လား''

''အင်း''

''နေဖို့ရော ကြိုးစားမှာလား''

''အင်း''

''ကိုတွတ်ကိုရော ချစ်လား''

''ဟင့်အင်း''

''ဒါဆို ဘာလို့ လက်ထပ်ဖို့ စဉ်းစားလဲ''

စန္ဒီ ငိုပြီး



''မငိုပါနဲ့ စန္ဒီရယ်၊ ခိုင့်မေးခွန်းကို ခိုင်ရုပ်သိမ်းပါတယ်၊
ကဲ....ပြန်ကြရအောင်နော်''

စန္ဒီ က မဖြေ၊ ခိုင့်ရင်ခွင်တွင် မျက်နှာဝှက်ရင်း ငြိမ်သက်
နေသည်။

''စန္ဒီ''

စန္ဒီ မထူး။

''မပြန်ချင်သေးဘူးလား''

စန္ဒီ မဖြေ။

ခိုင်က စန္ဒီ့ကိုယ်လေးကို ယုသစွာ ပွေ့ဖက်ပြီး ပါးခြင်း
ကပ်ကာငြိမ်သက်နေကြသည်၊

* * *

## အခန်း (၈)

"ဟဲ့ ...နွယ်...ဟိုမှာ ကိုနီတွတ်လာနေပြီ၊ မြန်မြန်လာ၊ ပြန်လာ"

သူငယ်ချင်းနှစ်ယောက် တစ်ယောက်လက် တစ်ယောက်ဆွဲရင်း ပုန်းနေကြသည်။ တစ်ယောက်ရင်ခုန်သံ တစ်ယောက်ကြားနေရသည်။ မျက်လုံးအပြူးသားနှင့် ပြန်သွားပြီလားဟု ထချောင်းမိကြသည်။

"အမယ်လေး"

နှစ်ယောက်သား ခေါင်းကလေးများ ပြိုင်တူပုသွားကြသည်။

နီတွတ်က ကားခေါင်းတွင်မှီရပ်ရင်း ဟိုကြည့်သည်ကြည့် ကြည့်နေသည်။

ကိုယ့်အတတ်ကိုယ် စူးနေကြခြင်း ဖြစ်သည်။



စန္ဒီနှင့် ခိုင်တို့နှစ်ဦးကို နီးစပ်စေချင်သဖြင့် မိမိတို့နှစ်ဦး ခံတီးပေးခဲ့ကြသည်။ သံလိုက်ခေတ်ရှိသူနှစ်ဦးကို မျက်နှာချင်း ဆိုင်ပေးမိသဖြင့် ယနေ့ခွာမရတော့။

ယနေ့သည် သူတို့နှစ်ဦး ပြန်လည်တွေ့ဆုံခြင်း၏ ငါးရက်မြောက်နေ့ ဖြစ်သည်။

စတွေ့သည့်နေ့က ကျောင်းဆင်းခါနီးအထိ ပြန်မလာ၍ နွယ်တို့ အူယားဖားယား သွားခေါ်ရသည်။

ဒုတိယနေ့လည်း တစ်ခေါက်ပျောက်သည်။ ကျောင်းဆင်း ခါနီးတော့မှ ရောက်လာသည်။

တတိယနေ့လည်း စာသင်ခန်းတွင်မရှိ။

ဘတိယနေ့—ကသည် နီတွတ်ရောက်လာခြင်း ဖြစ်သည်။

နွယ်တို့ကိုမြင်လျှင် စန္ဒီ့အကြောင်းမေးမှာစိုး၍ နွယ်တို့ နှစ်ယောက် ပုန်းနေခဲ့ကြခြင်း ဖြစ်သည်။ နွယ်တို့နှစ်ယောက် ပျောက်နေလျှင် နွယ်၊ လဲ့မူနှင့် စန္ဒီတို့သုံးယောက် အတူတူ ရှင်သွားခြင်း၊ အလည်အပတ်သွားခြင်းမျိုး သဘောသက် ရောက်အောင် လုပ်ပေးထားကြခြင်း ဖြစ်သည်။

စတုတ္ထမြောက်နေ့က စာသင်ချိန်တွင် ကိုတွတ်ရောက်လာ ပြီး စာသင်ခန်းထဲကို မျက်လုံးကြီးဝဲပြီး လိုက်ရှာနေသဖြင့် နွယ်နှင့်လဲ့မူ ခုန်အောက်ထဲ ခွေခနဲ ဝင်ထိုင်နေလိုက်ကြရသည်။

လဲ့မူတို့အနီးတစ်ဝိုက်ရှိ ကျောင်းသူကျောင်းသားများက လဲ့မူဘို့နှစ်ယောက်ကို တအံ့တသြကြည့်နေကြသည်။ ကိုတွတ်

ဏ် ကားစက်နှိုးသံကြားမှ နွယ်တို့ခုန်အောက်မှ တိုးထွက်လာ ကြသည်။

ယခုနေလည်း ပုန်းရပြန်ပြီ။

ဟိုနှစ်ယောက်ကိုတော့ သတိပေးဦးမှပါ။

တော်ကြာ တွေ့သွားမြင်သွား သိသွားလျှင် ပြဿနာတေ ဓာက်ကုန်လိမ့်မည်။

စာသင်ချိန် မရှိသည့်အချိန်တွင် နွယ်တို့နှစ်ယော က် သူတို ကိုလိုက်ရှာကြသည်။

ခါတိုင်းတွေ့နေကျနေရာများတွင်လည်း မတွေ့။

အင်းလျားထဲတွင်လည်း မတွေ့။

"ဟယ်....ဟိုမှာကြည့်စမ်း၊ ကိုဘွတ်ရဲ့ကားမဟုတ်လား

"ဟုတ်တယ်၊ ကားထဲမှာ ကိုတွတ်နဲ့ ကောင်မလေး တ ယောက်ပါလား၊ စန္ဒီလဲမဟုတ်ဘူးနော်၊ ဆံပင်တိုတိုလေးနဲ့

"ဟုတ်တယ်တော့၊ ဟော ကောင်မလေးကိုဖက်ထားပါ လား"

"အေးတော့"

နှစ်ယောက်သား သစ်ပင်ကွယ်မှ ချောင်းကြည့်နေတ အတော်ကြာသည်။

"ကိုတွတ်က စန္ဒီအပြင် တခြားချစ်သူလဲ ရှိနေတာပဲ"

"အေးနော်၊ ဘယ်လိုတွေလဲမသိဘူး၊ သစ္စာမရှိကြဘူး

"ကောင်းတယ်၊ ဒါမှ စန္ဒီတို့နှစ်ယောက်လဲ ပေါင်းရမှာ



နှစ်ယောက်သား စာသင်ခန်းဆီ ပြန်ရောက်လာချိန်ထိ စန္ဒီ ပြန်မရောက်သေး။ ကျောင်းဆင်းဖို့ အချိန်ကလည်း ကပ်နေ ပြီ။

"ဒီမှာ"

"အမယ်လေး"

အနားမှကပ်ပြီး ခေါ်သံကြောင့် နွယ်တို့လန့်သွားသည်။ ကိုတွတ်က မျက်နှာထားတင်းတင်းဖြင့်....

"ဒီမှာ မင်းတို့ ဘယ်လျှောက်လျှောက်သွားနေကြတာလဲ"

ထိုစကားကြောင့် လဲ့မှုက ဒေါကန်ပြီး....

"အမယ် ကိုယ့်ဘာကိုယ်ဘယ်သွားသွားပေါ့၊ ခင်ဗျားကို လျှောက်လျှာတင်နေရဦးမှာလား"

"ဪ....ဆောရီး....ဆောရီး၊ ကိုယ် နည်းနည်း စကား ပြောလာသွားတယ်၊ မင်းတို့နဲ့အတူ စန္ဒီပါ ပါသလား"

"ဘာပါတာလဲ"

"ဒီလိုလေ၊ ကိုယ်လာတိုင်း စန္ဒီ့ကိုမတွေ့ဘူး၊ မင်းတို့လဲ ပျောက်ပျောက်နေတော့ စန္ဒီနဲ့မင်းတို့နဲ့အတူ လျှောက်လည် နေကြသလားလို့"

"ဪ ဒါလား၊ ဟုတ်တယ်လေ၊ သူ အခုလေးပဲ သူငယ် ချင်းတစ်ယောက်နဲ့ ဟိုဘက်ထွက်သွားတယ်"

နီတွတ်က မျက်မှောင်ကြုတ်လျက်....

"ယောကျ်ားလေး သူငယ်ချင်းလား၊ မိန်းကလေးသူငယ် ချင်းလာ"

နွယ်က အမြင်ကပ်သဖြင့်....

"ယောကျ်ားလေး"

"စန္ဒီ အလျင်က ဒီလိုလျှောက်လျှောက်မသွားတတ်ပါဘူး"

"အစတုန်းကတော့ အစကိုး"

"ဘာစပြောတယ်"

"ဩြော်....ခုတော့လဲ သွားတတ်လာတတ်ပြီလို့၊ ကျောင်းတက်ရက်ကြာလေလေ၊ ကျောင်းတက်နှစ်ကြာလေလေ အားလုံးတတ်လာကြတာပဲ"

"ဘာတတ်လာတာလဲ"

"ပညာလေ၊ ပညာတွေပေါ့၊ ပညာ သင် နေ ကြ တာ ပဲ မဟုတ်လား"

နွယ့်စကားကြောင့် လဲ့မူကရယ်ချင်နေသော်လည်း နီတွတ်က စိတ်တိုခနေသည်။

"ခင်ဗျားက စန္ဒီလျှောက်လည်တော့သာ မကြိုက်တာ၊ ခင်ဗျားကို ကောင်မလေးတစ်ယောက်နဲ့ အင်းလျားချောင်မှာ တွေ့ခဲ့ကြတာကျတော့ရော"

ထိုစကားကြောင့် နီတွတ် သိသိသာသာ အမူအရာပျက်သွားသည်။

"အဲဒါ ငါ့မိတ်ဆွေပါ"

"မိတ်ဆွေထက်တော့ ပိုမှာပါနော်၊ နွယ်တို့ အဲဒီနားက သစ်ပင်အောက်မှာ အကြာကြီးရပ်ကြည့်နေကြတာ"

နီတွတ်မျက်နှာကြီး ရဲတွတ်သွားပြီး....

"မင်းတို့ ဘာသဘောနဲ့ ငါ့ကို လိုက်ချောင်းနေတာလဲ"



"မချောင်းပါဘူး၊ အမှတ်တမဲ့ တိုးတာပါနော်၊ ခင်ဗျားနဲ့တွေ့တုန်း နည်းနည်းလောက်စပ်စုချင်တယ်"

"ရှုပ်ရှုပ်ရှက်ရှက်ကွာ"

"ကိုယ့်သူငယ်ချင်းအရင်းနဲ့ ပတ်သက်လို့ စပ်စုမှာပါ၊ ခင်ဗျားနဲ့စန္ဒီနဲ့ ဘာတော်လဲ"

"ဘာမှမတော်ဘူး၊ လူကြီးတွေ သဘောတူထားတာ၊ ကျောင်းပြီးရင် လက်ထပ်ကြမယ်၊ ကဲ....မင်းတို့သိချင်တာ ဒါပဲလား"

"ခင်ဗျားက စန္ဒီ့ကို လက်ထပ်မှာလား"

"လက်ထပ်မှာပေါ့"

"တကယ်ရောချစ်လို့လား"

နီတွတ်က ဘောင်းဘီအိတ်ထဲလက်နှိုက်ရင်း စိတ်မရှည်သလိုဖြင့်....

"ဘာလဲ၊ စန္ဒီက မေးခိုင်းတာလား"

"ဟုတ်ပါဘူး၊ နွယ်တို့သိချင်လို့ မေးကြည့်တာပါ၊ အင်းလျားချောင်နားမှာ တခြားကောင်မလေးတစ်ယောက်နဲ့ ချစ်သူလိုတွဲနေတာတွေ့ခဲ့လို့ စန္ဒီကို တကယ်မှချစ်ရဲ့လားလို့ မေးကြည့်မိတာပါ"

"ယောကျ်ားလေးပဲ ဒီလောက်တော့တွဲမှာပေါ့"

"ဒီလိုလုပ်တာ ဘယ်ကောင်းမလဲ၊ သစ္စာရှိမှပေါ့"

ထိုစဉ် စန္ဒီကို ခပ်လှမ်းလှမ်းမှ လျှောက်လာနေကြောင်း တွေ့လိုက်ရသည်။ နီတွတ်က မကျေနပ်သလို စောင့်ကြည့်နေသည်။ စန္ဒီ အမူအရာပျက်နေသည်။

"ဘယ်ကပြန်လာလဲ စန္ဒီ"

"လှည်းတန်းဘက်က"

"ဘာသွားလုပ်တာလဲ"

"ဟိုဟာလေး ဒီဟာလေး ဝယ်ရအောင်ပေါ့"

"ဘယ်သူနဲ့ သွားတာလဲ"

"သူငယ်ချင်းတွေနဲ့ပေါ့"

"ဘယ်သူငယ်ချင်းတွေနဲ့လဲ"

"တခြားသူငယ်ချင်းတွေနဲ့"

"ယောကျ်ားလေးလား မိန်းမလေးလား"

"ယောကျ်ားလေးရော မိန်းမလေးရောပဲ"

အလိုက်သင့်ဖြေနေသော စန္ဒီကို နီတွတ်က အကဲခတ်သလို မျက်လုံးမှေးနှင့် အကြာကြီးစိုက်ကြည့်နေသည်။

စန္ဒီ့ပုံစံမှာ လှပပါသော်လည်း ညှိုးနွမ်း၍နေပါသည်။

ဘာမပြောညာမပြောနှင့် နီတွတ်က စန္ဒီ့ပခုံးလွယ် သားရေအိတ်ကို ဆွဲယူပြီး အဖုံးကိုဖွင့်သည်။

စန္ဒီက အတင်းပြန်လုသည်။

နီတွတ်ကလည်း လွှတ်မပေး။

ကားခေါင်းပေါ်တွင် အိတ်ကိုသွန်ချသည်။

စာအုပ်များ၊ ပိုက်ဆံများ၊ မိတ်ကပ်ဘူး၊ နှုတ်ခမ်းနီဘူး၊ ဘီး၊ မှန်၊ ပိုက်ဆံအိတ်သေးသေးလေးတစ်ခု ထွက်လာသည်။

ထိုပိုက်ဆံအိတ်ကို ဖွင့်ပြန်သည်။



စန္ဒီက မျက်လွှာချပြီး မထေမဲ့မြင်ပုံစံဖြင့် ကြည့်နေသည်။

ပိုက်ဆံအိတ်လေးထဲမှ ဓာတ်ပုံသုံးပုံထွက်လာသည်။

ခိုင့်ပုံများ။

"ညို့ယူဖမ်းစားနိုင်သူ၊ စန္ဒီအလှကွန်ယက်မှ ရုန်းမထွက်နိုင်တဲ့ ခိုင်တဲ့၊ ဟား....ဟား....ဟား"

နီတွတ်ကရယ်မောရင်း ဓာတ်ပုံကို ဆွဲဆုတ်ပစ်သည်။

စန္ဒီလိုက်လုသော်လည်း မရတော့၊ အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့် ဖိကိုက်ထားရင်း စန္ဒီ မီးဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် ကြည့်နေသည်။

"လွမ်းရင်ကြည့်ဖို့တဲ့၊ ကဲကွာ၊ ဒါကတော့ ချစ်ရလွမ်းရတမ်းတရမယ့် ခိုင်တဲ့၊ ကဲကွာ....လွမ်းကြ၊ ချစ်ကြ"

ဓာတ်ပုံလေးများ အစိတ်အမွှာမွှာဖြစ်ကုန်ပြီ။

"နင် ပျောက်နေတာ ဒီကောင့်ဆီရောက်နေတယ်ပေါ့ ဟုတ်လား"

စန္ဒီမဖြေ။ နှုတ်ခမ်းလေးတင်းတင်းစေ့၍ မလှုပ်မယှက်ရပ်နေသည်။

"တက်....ကားပေါ်"

စန္ဒီမတက်။

"လာခဲ့"

နီတွတ်က စန္ဒီ့လက်ကို ခပ်ကြမ်းကြမ်းဆွဲ၍ ကားထဲတွင် ညှင်ခိုင်းသည်။ ထို့နောက် ကားကိုခပ်ကြမ်းကြမ်းမောင်း၍

ထွက်သွားသည်။ စန္ဒီက အသက်မရှိသော အရုပ်တစ်ရုပ်လို
ပါသွားသည်။

ခပ်ဝေးဝေး ကံ့ကော်ပင်အောက်မှ ခိုင်တစ်ယော
အခြေအနေကို သဘောပေါက်မိမည်ထင်သည်။

နောက်ရက်များတွင် စန္ဒီကျောင်းကို ရောက်မလာတော့
တစ်ပတ်ခန့်အထိ ကျောင်းပျက်လာသောအခါ နှယ်
စန္ဒီ့အိမ်လိုက်ဖို့ပြင်ကြသည်။

"ဩ်....ခိုင်"

ခိုင်က အသက်မပါစွာပြုံးရင်း....

"စန္ဒီကို ကျောင်းထုတ်လိုက်ကြပြီထင်တယ်၊ ကျွန်တေ
ကြောင့် သူ့ပညာရေး ထိခိုက်ရပြီထင်တယ်၊ ကျွန်တော် စိ
မကောင်းဘူးဗျာ"

ခိုင့်ပုံစံမှာ သိသိသာသာ ပိန်ချုံးသွားသည်။

အချစ်စိတ်သည် ခံစားရသူနှစ်ဦးအတွက် ပျော်ရွှင်စရာ
လျှင် ဖုံးဖိ၍မရသလို ဝမ်းနည်းစရာရှိလျှင်လည်း ဖုံးဖိ၍မရ
ကြပါ။

စန္ဒီတစ်ယောက်လည်း မည်သို့ရှိမည်မသိ။

သူတို့နှစ်ဦး ယခုလိုဖြစ်ရခြင်းသည်မိမိတို့နှစ်ဦး၏ ပယော
လည်းမကင်းပါ။ သူတို့ဘာဘာ အေးအေးဆေးဆေးနေ
သည်ကို မိမိတို့ မြှောက်ပေးသဖြင့် အခု ပြဿနာတက်ကြ

"သိပ်လဲ စိတ်ညစ်မနေပါနဲ့လေ၊ ဒီနေ့ပဲ စန္ဒီ့အိမ် လို
သွားကြမလို့၊ ဘာမှာဦးမလဲ"



ခိုင်က မေးကြောများထလာသည်အထိ စဉ်းစားပြီးမှ....

"မှာတော့ပါဘူးဗျာ၊နဂိုတည်းကလွမ်းနေရတဲ့ကောင်ပဲ၊
အဘစ်ခါလွမ်းတာကအော့ ဟိုတစ်ခါထက် ပိုဆိုးတာပဲရှိမှာ
သူ....ကျန်းကျန်းမာမာ ချမ်းချမ်းသာသာရှိရင် တော်ပါ
"

"ရှုး"

နှယ်နှင့်လှဲမှုသက်ပြင်း မြိုင်တူချမိကြသည်။

* * *

## အခန်း (၉

နွယ်နှင့်လှဲ့မူ သက်ပြင်းပြိုင်တူချမိကြသည်။

စန္ဒီက မျက်ရည်ဝဲသောမျက်ဝန်းအစုံဖြင့် အဝေးသို့

နေသည်။ ခဏကြာမှ တိုးတိုးကလေး ပြောသည်က....

"ဟိုတစ်ခါ ကွဲကြတုန်းက သန့်စင်တဲ့အချစ်၊ ဖြူစင်

မေတ္တာနဲ့ချစ်ခဲ့ကြတုန်းအရွယ်ဆိုတော့၊ အခုတစ်ခါလော

ခံစားမှုမပြင်းထန်ဘူးလေ၊ဒီတစ်ခါတော့ချစ်သူစစ်စစ်ကြီး

ဖြစ်ခဲ့ကြတော့ သူ့ရဲ့ယုယမှုတွေ၊သူ့ရဲ့မြတ်နိုးမှုတွေကိုတမ်း

ပြီး ပိုလွမ်းရတယ်လေ"

"မင်းအတွက် ကိုနီတွတ်က အယုအယအကြင်နာ

ပေးနေတာပဲမဟုတ်လား"

"ကိုယ့်ချစ်သူမှ မဟုတ်တာ၊ ဘယ်ပျော်ပါ့မလဲ"

"ငါမသိလို့ မေးပါရစေ၊ မေးရမှာတော့ အရှက်သ

နင့်ကို ကိုတွတ်က ဖက်သလား နမ်းသလား"



မေးပြီးမှ လှဲ့မူနေရထိုင်ရခက်နေသည်။

စန္ဒီက ညှိုးငယ်သောမျက်နှာ တိုးညင်းသောအသံဖြင့်....

"ကိုတွတ်ဆိုတဲ့လူက လက်ရဲဇက်ရဲ လက်မြန်ဇက်မြန်ထဲက

လေ၊ ငါကလဲ သူ့ယုယမှုကိုမလိုချင်တဲ့လူဆိုတော့၊ တော်တော်

ကို ပြဿနာဖြစ်တာပေါ့ဟာ၊ ရှင်းရှင်းပြောရရင် မပျော်ဘူး

ပေါ့ဟာ"

နွယ်က ကိုတွတ်၏ မြှာမွေ့မှုကို ဖွင့်ပြောပြချင်နေသည်။

လှဲ့မူက ဟန့်တားနေသဖြင့် မပြောဖြစ်။

"နှင်....ဘယ်နေ့ကျောင်းပြန်တက်မှာလဲ"

"မတက်ရတော့ဘူးထင်တယ်"

"ဟင်....တကယ်လား"

"တကယ်၊ ငါတို့ကို လက်ထပ်ပေးမယ်လို့ ပြောနေတာပဲ"

"ဟင်"

စိတ်မကောင်းဖြစ်ကြရပြီ။

"နင့်ပညာရေး ထိခိုက်ပြီပေါ့နော်"

"အင်းလေ၊ ငါက ကတိပျက်ခဲ့တာကိုး"

"ကိုဘွတ်ကရော"

"သူကတော့ လက်ထပ်ပြီး ကျောင်းဆက်တက်မှာပေါ့"

"လူပျိုမှတ်ပြီး တခြားကောင်မလေးတွေက ကြိုက်ရင်

ရော"

"အေးတာပဲ၊ ယူသွားရင် ပိုတောင်ကောင်းသေး"

"မဟုတ်သေးပါဘူးကွာ....မင်းတို့ဟာတွေက"

စန္ဒီက ပခုံးတွန့်သွားသည်။

"လောကမှာ ကိုယ်ဖြစ်ချင်တာ မဖြစ်မှတော့ ဖြစ်ချင်ရာ ဖြစ်ပဲ"

"ဒီလိုလုပ်ပါလား၊ နင် ခိုင့်နောက်ကို လိုက်ပြေးပါလား"

"မလွယ်ပါဘူး နွယ်ရာ၊ ငါ ခဏခဏ စဉ်းစားပြီးပါပြီ၊ မဖြစ်ပါဘူး"

"ဒါဆို ငါတို့ ခိုင့်ကို ဘာပြောလိုက်ရမလဲ"

စန္ဒီ အကြာကြီး စဉ်းစားနေပြီးမှ ငိုသံလေးဖြင့်....

"ငါ့ကို ခွင့်လွှတ်ပါလို့ပဲ ပြောလိုက်ပါတော့ဟာ၊ ကိုယ် ဘဝတက်လမ်း ကိုယ်ရှာပါ၊ အတူမနေကြရသည့်တိုင် ... ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိနေတာကို ငါမြင်ချ... တယ်လို့"

"အေးပါဟာ၊ ပြောလိုက်ပါ့မယ်၊ ငါတို့ ပြန်တော့မယ်"

"နောက်လဲ လာလည်ကြဦးနော်၊ ငါတော့ ရှေ့လျှော... ဘယ်လို စခန်းသွားရမယ် မသိတော့ပါဘူးဟာ၊ ငိုချင်တာ... သိတယ်"

နွယ်တို့ လေးကန်သော ခြေလှမ်းများဖြင့် ထွက်ခဲ့ကြသည်... ခြံဝတွင် ကိုတွတ်၏ကားဖြင့် သွားတိုးသည်။

ကိုတွတ်က မျက်နှာထားတင်းတင်းဖြင့်....

"ဘာလာလုပ်ကြတာလဲ"

"ကိုယ့်သူငယ်ချင်းအိမ် ကိုယ်လာတာ၊ ဘာမှ မာ... ကျောရေ မေးစရာ မလိုပါဘူးနော်"

"နောက်ဆို ငါ့မိန်းမဖြစ်တော့မှာ၊ ငါမကျေနပ်ရ... လာလို့ရမယ် ထင်သလား"



"ဖြစ်ပဲ ဖြစ်စမ်းပါဦး၊ ခင်ဗျားလို လူပွေလူရှုပ်ကြီးနဲ့ စန္ဒီနဲ့ တန်ပါဘူးနော်"

ထိုစကားကြောင့် ကိုတွတ်က စားတော့ဝါးတော့မလို ... တစ်ချက် လှမ်းကြည့်ပြီး....

"မင်းတို့စန္ဒီကရော ရှင်းရှင်းလင်းလင်းရှိလို့လား"

"ဒါကတော့ ကိုယ့်ဟာကိုယ် မေးကြည့်ပေတော့"

နွယ်တို့ ဂျစ်ကန်ကန်လုပ်ပြီး ပြန်ခဲ့ကြသည်။

...နောက်တစ်နေ့ ကျောင်းရောက်တော့ ခိုင့်ကို အကြောင်းစုံ ... ပြောပြသည်။

စန္ဒီ လက်ထပ်ရတော့မည် ဆိုသည့် စကားကို ကြားလိုက်ရသော ခိုင်တစ်ယောက် မဖုံးနိုင် မဖိနိုင်အောင်ကို ဖြစ်သွားတော့သည်။ ငိုင်ကျသွားပြီး ညှိုးမည်းနေသော မျက်နှာကို လက်နှစ်ဘက်ဖြင့် အုပ်ထားသည်။

သူ ငိုနေပြီထင်သည်။

နွယ်တို့နှစ်ယောက်လည်း မဆုံးဆည်းနိုင်သော ချစ်သူနှင့်ဦးအဖြစ်ကို မြင်တွေ့ရပြီး မနေပျော်ရှင်နိုင်တော့ပါ။

သည်နောက်ပိုင်း ပို၍ ထူးဆန်းသည်က....

အိမ်ထောင်ပြုတော့မည်ဆိုသည့် ကိုတွတ်နှင့် စန္ဒီတို့ ကျောင်းကို ပြန်ရောက်လာပြီး ခိုင်တစ်ယောက် ပျောက်ခြင်း ... ပျောက်သွားတော့သည်။

စန္ဒီ ကျောင်းပြန်တက်လာသဖြင့် နွယ်တို့ ဝမ်းသာကြရသည်။

စန္ဒီ့ပုံစံက ကျောင်းတက်ခါစတုန်းကထက် ပို၍ အရုပ်နှင့် တူလာသည်။ ငေးငိုင်တွေဝေခြင်း များလာသည်။

ခိုင်နှင့် တူသူများကို တွေ့လျှင် အရောင်ရွှန်းလက်သော မျက်ဝန်းအစုံဖြင့် ကျခြွေပျက်လောက်အောင် လှမ်းကြည့်တတ် ပြီးမှ ငိုင်နေတတ်သည်။

"စန္ဒီ"

"ဟင်"

"နင်တို့ ဘာလို့ မယူဖြစ်ကြတာလဲ"

"ငါမှ မယူချင်သေးတာ၊ တကယ်တမ်းကျတော့ သူတို့ သားကို ခုလောက် ငယ်ငယ်ရွယ်ရွယ်နဲ့၊ ပညာမစုံသေးတဲ့ ဘယ် အိမ်ထောင်ချပေးချင်ပါ့မလဲ၊ ငါ့တို့အမေက ဇွတ်ကြီး သဘောတူနေတာ၊ ခုတော့ သိသွားပြီလေ၊ ငါ....ငါသိပါ တယ်၊ နောက်ဆုံး ခိုင့်ပဲ ဓားစာခံဖြစ်သွားတာ၊ သူ့ကို ကျောင်းထုတ်လိုက်ပြီထင်တယ်"

"ဘယ်သူက ထုတ်တာလဲ"

"ဘယ်သူက ထုတ်ရမှာလဲ၊ ကိုတွတ်တို့အိမ်က ခိုင့်မိဘ တွေဆီ လှမ်းတိုင်လို့ ခိုင့်ကို ကျောင်းထုတ်လိုက်ကြတာနေမှာ ပေါ့"

ခိုင့်ကိစ္စနှင့်ပတ်သက်လာလျှင် နှယ်နှင့် လဲ့မူသည် အဓိက တရားခံများ ဖြစ်၍ ပို၍ စိတ်မကောင်းဖြစ်ကြရသည်။

"မယူဖြစ်တာပဲ ကောင်းတယ်၊ ကိုတွတ်ဆိုတဲ့လူက ခပ်ပေါ့ ပေါ့ပါကွာ"



"အင်း....ငါ့ကုသိုလ်ပဲလေ၊ ဘုရားမှာတစ်ခုပဲ ဆုတောင်းမိ တယ်၊ ချစ်သူနဲ့ဝေးပြီးမှ မချစ်သူနဲ့ ပေါင်းရမယ့်အတူတူ ချင်တဲ့လူနဲ့ပါ ဝေးရပါစေလို့လေ"

"အင်း....လောလောဆယ်တော့ မင်း ဆုတောင်းပြည့်နေ တာပဲလေ"

နှယ်တို့သုံးယောက် နှစ်စပိုင်းတွင် ကျောင်းစာတွေလစ် ဟင်းခဲ့သဖြင့် နောက်ပိုင်း ဖိ၍ကြိုးစားရတော့သည်။

ခိုင်ရှိစဉ်က စန္ဒီ့ကို မယုံသင်္ကာရှိခဲ့သော ကိုတွတ်သည် ယနေ့ ခိုင်မရှိလေသောအခါ စိတ်ချသွား၍လားမသိ၊ မနက် ဆက် ကျောင်းပို့ပြီးလျှင် ပေါ်မလာတော့။ တစ်ခါတလေ ညနေကျောင်းဆင်းလျှင်ပင် မှန်မှန်ပြန်မကြိုတော့။

"နင့်လူကြီးက တကယ်တမ်းကျတော့ မကြင်နာပါဘူး ကွာ၊ အစတုန်းကတော့ ဟုတ်တော့မလိုလိုနဲ့"

"သူ မကြင်နာပါစေနဲ့လို့ပဲ ဆုတောင်းနေရတာပါနော်"

"ဘာလဲ....ခိုင့်ကို မျှော်လင့်နေတုန်းပဲလား"

"ဒါတော့ ကိုယ်ချင်းစာကြည့်ပေါ့ကွာ"

"ဟေ့....ဟေ့....ဟိုမှာကြည့်စမ်း၊ ကိုတွတ်နဲ့ ကောင်မ လေးတစ်ယောက်"

"ဟုတ်တယ်နော်၊ ဟိုတစ်ခါ အင်းလျားစောင်းမှာတွေ့ တဲ့ ကောင်မလေးတစ်ယောက်မဟုတ်ဘူးနော်"

ဟုတ်ပါသည်။ ကိုတွတ်က ကောင်မလေး၏ကားပေါ်မှာ၊ ကောင်မလေးက ကိုယ်တိုင်မောင်းနေပြီး ကိုတွတ်က ဘေးမှ

ကောင်မလေး၏မျက်နှာကို မြတ်မြတ်နိုးနိုးကြည့်ရင်း ရယ်ရယ်မောမော စကားပြောသွားသည်။

ထိုအမျိုးသမီးနှင့် ထိုကားလေး ယခုနောက်ပိုင်း ကိုတွင်တို့အိမ်ကို အဝင်အထွက်များနေတာ စန္ဒီသိပါသည်၊ မြင်ပါသည်။

"စန္ဒီ"

"ရှင်....မေမေ"

"မန္တလေးက ခင်မာတို့အိမ်မှာ မေမေ့ကို ငွေနည်းနည်းလောက် သွားဆွဲမေးစမ်းပါ"

"ဘာလုပ်ဖို့လဲ မေမေ"

"ဟိုဘက်တိုက်က ယူထားတဲ့ငွေတွေ ပြန်ပေးချင်လို့"

မေမေ့မျက်နှာသည် တင်းမာ၍နေပါသည်။

"ခင်မာ့ကိုပြောလိုက်၊ မေမေတို့တိုက် တစ်ခြမ်းငှားပြီးရင် ပြန်ဆပ်မယ်လို့"

"ဟင်....တိုက်တစ်ခြမ်းငှားမယ် ဟုတ်လားမေမေ"

"ဟုတ်တယ် စန္ဒီ၊ မငှားလို့ မဖြစ်တော့ဘူး၊ စီးပွားရေးမကောင်းတာ၊ ဒီတော့ တိုက်ကို တစ်ခြမ်းကန့်မယ်၊ ဘယ်ဘက်အခြမ်းကို မေမေတို့ယူမယ်၊ ညာဘက်တစ်ခြမ်းကို အပေါ်ထပ်သတ်သတ်၊ အောက်ထပ်သတ်သတ် ငှားစားမယ်၊ ဒီတော့ လှေကားပြင်ရမယ်၊ မီးဖိုရေချိုးခန်း၊ အိမ်သာပြင်ဖို့ ငွေလိုတယ်၊ ဟိုဘက်တိုက်ကအကြွေးတွေ ပြန်ဆပ်ဖို့လိုတယ်၊ ဒါကြောင့် ခင်မာ့ဆီက ငွေသုံးသောင်းခွဲလောက် သွားချေးခိုင်းတာ"



"ဟင်....သုံးသောင်းခွဲတောင်လား၊ များ လှ ချည် လား မေမေရယ်၊ ဘယ်လိုပြန်ဆပ်မှာလဲ"

"ပြန်ဆပ်နိုင်ပါတယ်ကွယ်၊ ဟိုဘက်ခန်းတွေငှားရင် တစ်ခန်းကို စပေါ်ငါးသောင်း၊ အိမ်လခ နှစ်ရာငါးဆယ်စီနဲ့ ငှားမှာ၊ လေးငါးရာရမယ်၊ ဒါနဲ့ စားကြသောက်ကြတာပေါ့"

"စပေါ်ဆိုတော့ ကိုယ်အပိုင်မှမဟုတ်တာ၊ ပြန်ပေးရမှာပဲ၊ အဲဒီငွေတွေ ကိုယ်ကသုံးထားတော့ သူတို့လိုချင်ရင် ဘာနဲ့ သွားပေးမလဲ"

"ပူစရာမရှိ ကြံဖန်ပူနေပြန်ပြီကွယ်၊ ဒီခေတ်မှာ အိမ်တွေက တန်ဖိုးသိပ်ရှိတာ၊ မနေချင်လို့ ပြောင်းချင်ရင် နောက်တစ်ယောက် တင်ရုံပေါ့၊ မေမေတို့လို အိမ်ကြီးအိမ်ကောင်းတွေဆိုရင် တစ် သိန်း လောက် ထိ စပေါ်တောင်းလို့ ရတယ်၊ အခုပျာက်ရောင်းရင် နှစ်သိန်းခွဲလောက် ရတယ်၊ မေမေ များများမတောင်းချင်လို့"

စန္ဒီ စိတ်မောသွားသည်၊

မိမိတို့မိသားစု၏ ရှေ့ရေး၊ စားဝတ်နေရေးသည် ဘာမှအာမခံချက်မရှိပါလား။

ဖခင်ကလည်း နောက်လေးငါးနှစ်ဆိုလျှင် ပင်စင်ယူရတော့မည်။

ငယ်ငယ်လေးတည်းက နေခဲ့သော ဤတိုက်ကြီးကို တစ်ခြမ်းဖဲ့ ငှားရတော့မည်ဆိုတော့ စန္ဒီ အသည်းတစ်ခြမ်းပဲ့သွားသလို ခံစားရပါသည်။

စန္ဒီ သိပါသည်။

နီတွတ်တို့အမေ ဒေါ်ငွေးလှသည် အလွန်ဂုဏ်ပကာသနမက်မောသူ။

စန္ဒီတို့မိသားစု၏ စီးပွားရေးအခြေအနေ တစ်နေ့တခြား ဆုတ်ယုတ်လာသဖြင့် အထင်သေးလာပုံရသည်။

သူ့သားနှင့် ပေးစားချင်ပုံမပေါ်တော့။

မဘာမတစ်ခါတုန်းက ငယ်သေးသည်ဆိုကာ ကျောင်းပြန် ဆက်တက်ခိုင်းခဲ့သည်။

ယခုနောက်ပိုင်း စန္ဒီတို့အိမ်ဘက် အသွားအလာကျဲသွားပြီး ကိုတွတ်ကိုလည်း သိပ်မလွှတ်တော့။ ကားအင်ဂျင်ချထားသည်ဆိုပြီး ကျောင်းအသွားအပြန်မကြိုတော့။ နောက်ပိုင်း ကားပြန်ကောင်းသွားတော့လည်း လာမကြိုလာမပို့တော့။

သည်တော့မှ မေမေသဘောပေါက်သွားသည်။

သူ့သားနှင့်စန္ဒီ့ကို မပေးစားချင်တော့ဘူးဆိုတာကို။

သူ့သားကိုယ်တိုင်ကပဲ စန္ဒီကို မတွဲချင်တော့၍လား။

ဒါဆိုလည်း ခိုင်နှင့်ဘာသွယ် အတင်းခွဲကြသနည်း။

"မေမေစိတ်မကောင်းဘူးကွယ်၊ မမငွေးတို့ကိုအစကယုံကြည်လေးစားခဲ့မိတယ်၊ ခုတော့ မေမေတို့မှာ ပိုက်ဆံမရှိတာနဲ့၊ ဆင်းရဲသွားတာနဲ့ သူ့သားနဲ့မပေးစားချင်တော့ဘူး ထင်တယ်"

"ဒီလိုလဲဟုတ်မယ်မထင်ပါဘူးမေမေရယ်၊သူ့သား ကိုယ်တိုင်က စန္ဒီ့ကို စိတ်မဝင်စားတော့လို့ဖြစ်မှာပါ၊ ကျောင်းမှာ ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် ထည်လဲတွဲနေတာ သမီးသိသားပဲ"



"ဒါနဲ့များ သမီးကဘာလို့ နီတွတ်နဲ့ပေးစားတာကို ငြင်းတာလဲ"

"ဟင်....မေမေပဲ နီတွတ်ကိုယူရမယ်ပြောပြီး၊ နီတွတ်နဲ့ယူမှ အိမ်ကစီးပွားရေးပြေလည်မယ်ဆို"

"မခန့်ပါနဲ့သမီးရယ်၊ နီတွတ်နဲ့မနီးစပ်လို့ ဝမ်းနည်းမိပေမယ့် ခိုင့်လို တောကလူဆင်းရဲလေးနဲ့ မနီးစပ်တာကိုတော့ မေမေဝမ်းသာမိတယ်"

ထိုစကားကြောင့် စန္ဒီ့မျက်နှာလေး သိသိသာသာ တင်းမာသွားသည်။

အရာရာကို ငွေနှင့်ဖြတ်သွင်းသောမိခင်သည် ယခုချိန်ထိ လူတစ်ယောက်၏ နှလုံးသားကို ငွေနှင့်တန်ဖိုးဖြတ်တုန်း ရှိနေသေးပါလား။

"အန်တီမှာဆီ ဘယ်တော့သွားပေးရမှာလဲ"

"မြန်မြန်သွားလေကောင်းလေပေါ့သမီးရယ်၊ ငွေရမှ ဟိုဘက်ကအကြွေးလဲဆပ်နိုင်မယ်၊ အိမ်လဲပြင်ရမှာ၊ အိမ်ပြင်ပြီး အငှားတင်ပြီးမှ ငွေပိုလေးဘာလေး ထွက်ပေါ်လာမှာမဟုတ်လား၊ သမီးသွားရင် ညီမလေးခေါ်ချင်ခေါ်သွားလေ"

"နေပါစေအမေရယ်၊ သူတို့တွေလဲ စာမေးပွဲနီးနေပြီ၊ ကျူရှင်တွေပျက်နေပါမယ်၊ သုံးလေးရက်နေရင် သမီးစာမေးပွဲပြီးပြီ၊ အဲဒီတော့ သွားပေးမယ်နော်၊ မန္တလေးလောက်ကတော့ တစ်ယောက်တည်းသွားလဲဖြစ်ပါတယ်"

"တစ်ယောက်တည်းတော့ မသွားပါနဲ့ကွယ်၊ မေမေစိတ်မချဘူး၊ သူငယ်ချင်းတွေဘာတွေ ခေါ်ချင်ခေါ်သွား၊ စာမေးပွဲပြီးရင် သမီးအရန်သင့်သွားနိုင်အောင် မေမေပြင်ဆင်ပေးထားမယ်"

"ဟုတ်ကဲ့....မေမေ"

ဘာပဲဖြစ်ဖြစ် မချစ်မနှစ်သက်သူနှင့် အတူမနေရသဖြင့် စန္ဒီစိတ်ချမ်းသာပါသည်။

* * *

## အခန်း (၁၀)

မန္တလေးသို့ နွယ်နှင့်လဲ့မူပါ ပါလာကြသဖြင့် စန္ဒီပို၍ပျော်နေသည်။

တစ်လမ်းလုံး အမေထည့်ပေးလိုက်သော လက်ဖက်သုပ်လေး စားရင်း ချိုချဉ်လေးငုံရင်း ရယ်စရာမောစရာလေးပြောရင်းနှင့်ခရီးထွက်ရသဖြင့် ပင်ပန်းရမှန်းမသိ။

"စန္ဒီရေ၊ နင် ခိုင့်ကိုသတိမရဘူးလား"

"ရတာပေါ့"

"ဘယ်အချိန်တွေသတိရလဲ"

"ပန်းပွင့်လှလှလေးတွေ မြင်ရင်ရယ်၊ လေပြည်နုနုလေးတိုက်တဲ့အချိန်ရယ်၊ သူနဲ့တူတဲ့လူတွေ တွေ့ရင်ရယ်၊ ခပ်ချောချောကောင်လေးတွေမြင်ရင်ရယ်၊ ချစ်သူစုံတွဲတွေကိုတွေ့ရင်ရယ်၊ မိုးဖွဲလေးတွေကျနေတဲ့အချိန်ရယ်၊ လေကြီးမိုးကြီးကျတဲ့အချိန်ရယ်၊ နှင်းပွင့်လေးတွေ ကြွေတဲ့အချိန်ရယ်၊ မနက်

စောစောရယ်၊ ညနေခင်းရယ်၊ လသာတဲ့ နေ့တွေရယ်၊အိပ်မ
ထဲမှာရယ်''

''ဟင်....နင့်ဟာက လွန်လွန်းလာပြီ၊ အိအိးပါတဲ့အချိ
ရောသံတိမရဘူးလား''

''အဟက်....ဟက်၊ ကောင်မစုတ်၊ နင်သိပ်ယုတ်ပတ်တယ်''

စန္ဒီက နွယ့်ပေါင်ကို ဆွဲလိမ်ပစ်ရင်း မျက်နှာနီနီဖြင့်ရ
သည်။

''ဟုတ်တယ်....ကဲကိုကဲဘယ်''

''နင်တို့ ကိုယ်ချင်းဘယ်စာတတ်ဦးမလဲ၊ နင်တို့မှရည်းစာ
မရှိသေးတာ၊ နင်တို့ရည်းစားနဲ့ သာကွဲကြည့်ပါလား၊ခွဲကြ
ပါလား၊ တစ်ခါတည်းလိုက်ပြေးမယ့်ဟာတွေ''

''အဟုတ်ပဲ၊ နင့်လိုကြက်ကြီးလည်လိမ်ထားသလို၊ အသ
မရှိတဲ့အရုပ်လို ငေါင်းငေါင်းစင်းစင်းကြီးတော့ လုပ်မနေဘူ
သူကလဲ ကြိုက်ဆိုရင် တစ်ခါတည်း လိုက်သွားပစ်မယ်''

''ဟုတ်မှာပါ၊ နင့်ရုပ်ကိုကြည့်ရတာ အဲဒီရုပ်မျိုးဆိုတာ
ပေါက်ကရတွေပြောရင်း၊ စားရင်း၊ ငိုက်ရင်း၊ အိပ်ရင်းဖြ
မန္တလေးဘူတာသို့ မနက်အစောကြီး ရောက်လာကြသည်

''ဟော....အန်တီမာ လာကြိုတယ်တော့''

စန္ဒီကခုန်စွခုန်စွလေး ဖြစ်သွားလောက်အောင် ဝမ်းသာ
နေသည်။

''ဟယ်....နင့်အန်တီကလဲ ငယ်ငယ်လေး ရှိသေးတယ်
လှလိုက်တာလဲအရမ်းပဲ''

''ငါတို့အမျိုးက ချောကိုချောတယ်''



''အမယ်လေးနော်၊ ချောပါတယ်ဆိုမှ ဆပ်ပြာမတိုက်ရ
သေးဘူးလုပ်နေပြန်ပါပြီ၊ နင်တို့နဲ့ဘယ်လိုတော်တာလဲ''

''အမျိုးက စပ်ရင်တော့ တော်တယ်၊ ငါတို့အမေရဲ့
အဒေါ်ရဲ့ လင်ပါသမီးလေ၊ အမျိုးမတော်ချင်ရင်လဲ ရတယ်
ပေါ့ဟာ''

''အရမ်းချောတာပဲနော်၊ အိမ်ထောင်ရှိလား''

''အိမ်ထောင်ပြုတော့မှာ၊ သူ့အဆက်ကလဲ ချမ်းသာ
တာပဲ''

အန်တီမာက အရပ်မြင့်မြင့် ကိုယ်လုံးလှလှနှင့် ခုံမြင့်ဖိနပ်စီး
ပြီး လမ်းလျှောက်လာ၍လားမသိ မြင့်မြင့်မားမား နွဲ့နွဲ့နှောင်း
နှောင်း ရှိလှသည်။ အမောက်ကို မသိမသာ ဖောင်းထားပြီး
ဆံထုံးပျောက် ထုံးထားသည်။ သဇင်ပန်းတစ်ခက်ကိုလည်း
ခပ်ကိုင်းကိုင်းလေး ပန်ထားသည်။ပန်းနုရောင်ပိုးသားဝတ်စုံကို
အသက်အောက် ဆင်တူဝတ်ထားသော အန်တီမာ၏ ကိုယ်
လုံးမှာ ရှိုက်ကြီးဖိုင်ယ် အသွယ်သွယ်နှင့် ကြည့်၍ကောင်းလှ
သည်။

အန်တီမာ၏ သက်ဖြောင် နက်မှောင်နေသော မျက်ဝန်း
အစုံမှာ သူမပန်ထားသော စိန်နားကပ်ကြီးနှင့် ပို၍ တောက်ပ
နေသည်။

''ကြည့်စမ်းပါဦး စန္ဒီရယ်၊ ထွားလာလိုက်တာ၊ လှလာ
လိုက်တာ၊ မတွေ့ရတဲ့ တစ်နှစ်အတောအတွင်း အရပ်လဲမြင့်၊
ကိုယ်လုံးလဲ ဖွံ့လာလိုက်တာ၊ ကိုဇင်ရေ၊ ဒါ မာပြောပြော
နေတဲ့ ရန်ကုန်က သိပ်လှတဲ့ တူမလေး စန္ဒီ ဆိုတာပဲလေ''

အသက်သုံးဆယ်ခန့် ယောင်ခေါင်မောင်းမောင်း ခန့်ခန့်ချောချော လူကြီးက ပြုံး၍ ခေါင်းညိတ်ပြသည်။

"လာ...စန္ဒီရေ သူငယ်ချင်းတွေရော သွားကြစို့၊ အလျှင်ဆုံး နန်းကြီးသုပ်ကောင်းကောင်းနဲ့ လက်ဖက်ရည်တိုက်ကြရအောင်နော် ကိုဇင်"

"မာသတောလေ"

မှန်ကားဖြူဖြူလေး၏ ရှေ့ခန်းတွင် အန်တီမာနှင့် သူ့အဆက်က ထိုင်ပြီး စန္ဒီတို့သုံးယောက်က နောက်ခန်းတွင် ထိုင်ကြသည်။

အန်တီမာ့ထံမှလား ဦးကိုဇင်ထံမှလားတော့ မသိ၊သင်းပျံ့သော ရေမွှေးနံ့ကို ရှူရှိုက်နေရသည်။

"စန္ဒီတို့ ဘယ်နှစ်ရက်လောက် ကြာမလဲ၊ အေးအေးဆေးဆေး မဟုတ်လား"

"သိပ်အကြာကြီးတော့ မဟုတ်ဘူး အန်တီမာ၊ သုံးရက်လောက်ပါပဲ၊ မဟာမြတ်မုနိဘုရားကြီးရယ်၊ မန္တလေးတောင်ရယ်၊ စစ်ကိုင်းရယ်၊ မေမြို့ရယ် လျှောက်လည်ပြီးရင် ပြန်မှာပါ"

"အေး....အေး၊ မန္တလေးရောက်ရင် ဒါတွေမရောက်လို့ ဘယ်ဖြစ်မလဲ၊ အန်တီမာ လိုက်ပို့ပေးမယ်"

အန်တီမာတို့တိုက်သည် နောက်ဆုံးပေါ် ခေတ်မီတိုက်။ အသုံးအဆောင်ပစ္စည်းများက အသစ်အဆန်းတွေ။



အိမ်ကိုပြန်ရောက်သောအခါ အန်တီမာက ဆံထုံးနှင့်ဘ...ဘော့၊ ဆံပင်ကို ဖားလျားချပြီး ဘီးကုပ်ဖြင့် နောက်ကို...ကုန် လှန်တင်ထားသည်။

အင်္ကျီရင်စေ့ ခပ်ကျယ်ကျယ် မဟုတ်တော့ဘဲ ဘလောက်စ်...နှင့် ဖြစ်သွားသည်။

"ဝါးသောက်ပြီးရင် အနားယူကြ၊ အိပ်ကြနော်၊ ညနေ...ောင်းရင်ဘုရားကြီးပို့ပေးမယ်၊မနက်ဖြန်စောစော စစ်ကိုင်း...က်ပို့မယ်၊ သန်ဘက်ခါ မနက်စောစော မေမြို့တက်မှာ၊...တ်ခွန်မှာ ဆော့ကြ၊ ဓာတ်ပုံရိုက်ကြ၊ နောက်တစ်နေ့ကျရင်...ပို့ စီစဉ်ပေးမယ်"

ထိုသုံးရက်အတွင်း စန္ဒီတို့ သုံးဖို့ မုန့်ဖိုးတစ်ရာစီလည်းပေး...ားသည်။ ဓာတ်ပုံတွေလည်း ကြိုက်သလောက် ရိုက်ပေး...ည်၊ ရောက်သည့်နေရာ ရောက်သည့်ဒေသမှ လက်ဆောင်...ည်းများလည်း အမှတ်တရ ဝယ်ပေးသေးသည်။ အပြန်...တွင် ထိုးမုန့်၊လမုန့်များလည်း လက်ဆောင်ဝယ်ပေးသည်။ ...ကို့ အိမ်အတွက်လည်း လက်ဆောင်တွေ မနည်းပါ။

"စန္ဒီလေး၊ ဒီထဲမှာ ပိုက်ဆံတွေပါတယ်နော်၊ လမ်းမှာ...ထားယူသွားဦး၊ မေမေ့ကိုပြောလိုက်၊ ဖြည်းဖြည်းမှ...လို့၊ အန်တီမာ့ လက်ထပ်ပွဲကျရင်လဲ လာဖြစ်အောင်...စားဦးလို့ ပြောလိုက် ကြားလား"

"ဟုတ်ကဲ့ အန်တီမာ"

"ပြန်လိုက်ပါဦးမယ် အန်ကယ်ဦးကိုဇင်"

တိုသို့ နှုတ်ဆက်သည်ကို အန်တီမာကရော ဦးကိုဇင်
သဘောကျသလို ရယ်နေကြသည်။

''နင်တို့အန်တီမာက ရုပ်လှသလောက် သဘော
စပါယ် ရယ် ကောင်း တာပဲ ဟယ်၊ သူ တို့ များ ကျ တော
ကံကောင်းလိုက်တာ၊ ရုပ်လှ၊ ပညာတတ်၊ ပစ္စည်းဥစ္စာပြ
ချစ်နှစ်သက်သူနဲ့လဲကြုံ''

''အမယ်ခလေး...နွယ်ရယ်၊ ဘာလဲ အားကျနေပြီလ

''အဲဒီလိုမျိုးဆိုရင်တော့ အားကျတာပေါ့၊ စန္ဒီ့ လို
အားမကျပါဘူးကွာ၊ ခံနိုင်ရည်မရှိရင် ကိစ္စတုံးသွားနိုင်တ

စန္ဒီက မချိုပြုံးလေး ပြုံးနေသည်။

အိမ်ပြန်ရောက်တော့ အန်တီမာ သဘော ကော
ကံကောင်းပုံတွေ ကို ဝမ်းသာအားရ ပြောပြမိသည်။

''သူ့ အဆက်ကလဲ ချောချောခန့်ခန့်ကြီး၊ သူ့ ကိုလဲ
လိုက်တာ မေမေရယ်၊ သူတို့နှစ်ယောက်ကိုကြည့်ရတာ ရ
ထဲက မင်းသမီးနဲ့ မင်းသားလိုပဲ၊ သိပ်ကြည့်လို့ကောင်းတ

ဒေါ်စမ်းနုက သမီး၏မျက်နှာကို အကြာကြီး ငေး
ပြီး....

''ငါ့သမီးက မာ့ထက်တောင် လှသေးတာပဲ၊ မ
တစ်နေ့ လှပခြင်း ပြည့်စုံခြင်းတွေ ဖြစ်လာမှာပေါ့ကွယ်''

စန္ဒီ စိတ်ကူးယဉ်သွားသည်။

စိတ်ကူးထဲတွင်....

စန္ဒီက ဇာအင်္ကျီခရမ်းရောင်၊ ကိမိုနိုလုံချည် ခရမ်း
နှင့် သစ်ခွပန်းခရမ်းရောင် တစ်ပွင့်ကို ခပ်ဖွဖွလေးထုံ



သော ဆံထုံးအောက်တွင် ကပ်ပန်ထားသည်။ စိန်နားကပ်၊ စိန်
လက်စွပ်၊ စိန်လက်ကောက်၊ စိန်ကြိုးနှင့်....

စန္ဒီ ပေါင်ပေါ်မှာ အနက်ရောင် မိကျောင်းသားရေလက်
ဆွဲအိတ်ကို တင်ထားသည်။

စန္ဒီ ဘေးမှာ ခိုင်က တိုက်ပုံအဖြူ တစ်ထောင်တန် ပိုး
ပုဆိုးနှင့် ကားစတီယာရင်ပေါ် တင်ထားသည့် ခိုင့်လက်
သူကြွယ်မှာ စိန်လက်စွပ်နဲ့။

ခိုင်က ကားစက်နှိုးရင်း စန္ဒီကိုပြုံးပြသည်။

စန္ဒီက နှစ်သက်ကြည်နူးစွာ အလှဆုံး ပြန်ပြုံးပြလိုက်
သည်။

''ဟဲ့ သမီး....ဘာဖြစ်နေတာလဲ၊ မျက်နှာကလဲ ပြုံးစိစိနဲ့''

''ဟင်....ဘာလဲ မေမေ''

စန္ဒီ စိတ်ကူးယဉ်လွန်းသွားခြင်း ဖြစ်သည်။

စိတ်ကူးယဉ်သည့်အတိုင်း ဖြစ်လာရင် သိပ်ကောင်းမှာပဲ
ဟု စဉ်းစားမိသည်။

တကယ်တမ်း အပြင်လောကတွင်တော့ စိတ်ကူးမယဉ်အား
ပါ။

ကျောင်းပိတ်ရက်များအတွင်း လုံးခြင်းနှစ်ထပ်တိုက်ကြီးကို
အိမ်ငှားတင်ဖို့ ရှင်းလင်းရသည်။ လက်သမားများ၊ ပန်းရံ
သမားများကို အမေနှင့်အတူ ချက်ပြုတ်ကျွေးမွေးရသည်။

အသုပ်ရှုပ်နေသဖြင့် တစ်လဆိုသည့်အချိန်သည် ဘယ်လို
ကုန်သွားမှန်းမသိ။

အိမ်ငှားနှစ်ဦးအတွက် ညာဘက်အချမ်းတွင် ဧည့်ခန်း ထမင်းစားခန်း၊ အိပ်ခန်းနှစ်ခု၊ မီးဖို၊ ရေချိုးခန်း၊ အိမ်သ အပြည့်အစုံလုပ်ပေးပြီး တစ်အိမ်လုံး ဆေးသုတ်ပြီးပြီ။

ညာဘက်အပေါ်ထပ်တွင် ဦးမြင့်ဆွေနှင့် ဒေါ်ကြည်ကြ တို့ ဇနီးမောင်နှံ နေသည်။ ဇော်ဝင်းဆိုသည့် အသက် (၁ နှစ် အရွယ်သားလေးတစ်ယောက် ပါလာသည်။ လင်မယ နှစ်ယောက်လုံး စီးပွားရေးသမားများ ဖြစ်သည်။

အောက်ထပ်မှ ဦးအောင်ကျော်နှင့် ဒေါ်ခင်အေးရီတို့ သားတစ်ယောက် သမီးတစ်ယောက်ရှိသည်။ မျိုးလွင်နှင့်သ တို့ဖြစ်သည်။ သက်တူတွေဖြစ်၍ အိမ်က သိဂီတို့မောင်နှမ လည်း ဝမ်းသာနေကြသည်။

အားလုံးထဲတွင် အိမ်က မောင်အငယ်ဆုံး သန့်ဇင် အငယ်ဆုံး။ ယခုမှ (၁၂)သာ ရှိသေးသည်။

* * *

ပိဘောက်ခက်တွေကို တစ်ပွေ့ကြီးပိုက်ပြီး အတွေးလ နေသော စန္ဒီတစ်ယောက် ကားဟွန်းသံနှင့်အတူ ရေပက ထွက်ရာမှ ပြန်လာကြသော အပျိုလူပျိုများ၏ ကြွက်ကြွက် နေသောအသံကိုပါ ကြားလိုက်ရသည်။



"ဟေး.... မခစံအိမ်အောက်ဆင်းတုန်း ရေပက်ရအောင် တာ၊ ပက်ကြဟ... ပက်ဟ"

ဇော်ဝင်းက အော်လဲအော် ပက်လည်းပက်သည်။

မျိုးလွင်က ရေမွှေးပုလင်းထဲမှ ရေမွှေးကိုခါချရင်း....

"အပျိုကြီးမမကို ရေပက်ချင်လို့ချောင်းနေတာ (၂) နှစ် ပြီ၊ ကဲ....ဒီတစ်ခါတော့မိပြီ၊ မေတ္တာရေစင် သွန်းဖြန်းလိုက် ပြာ"

မျိုးလွင်က တစ်သမ်းလုံး ရေပက်ခံလာရသဖြင့် အချမ်း ခွန်နေသည့် အသံကြီးဖြင့် မေးခိုက်ခိုက်တုန်ရင်း ပြောနေခြင်း ဖြစ်သည်။

သို့သော် သူပြောသည့်စကားကြီးက အနှောင့်အသွား လွှတ်ဟု စန္ဒီ ထင်သည်။ ရှင်းလည်းရှင်းသွားမိသည်။

ယခုနောက်ပိုင်းနှစ်များတွင် မျိုးလွင်၏ ပြောပုံဆိုပုံသည် န္ဒီ အပေါ်တွင် အကဲစမ်းသလို ဖြစ်နေသည်။ မိမိကတော့ ယ်ဆက် သုံးနှစ်လည်းငယ်သူ ကိုယ့်ညီမနှင့် ရွယ်တူလည်း င်နေ၍ မောင်လေးလိုပင် ဆက်ဆံပါသည်။

"ရေပက်တာများ မမစံမျက်နှာကလဲ ပုပ်သိုးနေတာပဲ၊ ဲသလိုဆူပုပ်လို့ မမစံကို ကြိုက်မယ့်သူမရှိတာ"

စန္ဒီ ဘာမှပြောမနေတော့။ ခပ်မြှုံးမြှုံးမျက်နှာနှင့်ပင် အိမ် ဝင်ခဲ့တော့သည်။

* * *

အခန်း (၁၁

"ဟယ်…အန်တီမာတို့ လာလည်တယ်တော့၊ မေမေ
အန်တီမာတို့လာတယ်"

စန္ဒီ အသံကျယ်ကျယ်ဟစ်အော်ရင်း အိမ်ရှေ့သံတံခါး
ဖွင့်ပြီး ပြေးကြိုမိသည်၊ ပစ္စည်းများလည်း ကူသယ်ပေးမိသည်

"အို….ကလေးလေးက ချစ်စရာလေး၊ ဒါ အန်တီမာ့သ
လေးလား၊ ဘိုမလေးကျနေတာပဲတော့"

ပါးဖောင်းဖောင်း ဆံပင်ခွေခွေလေးနှင့် သုံးနှစ်အရွ
ခန့်ရှိ ချာတိတ်မလေးကို စန္ဒီက ပွေ့ချီပြီး ပါးကို တရှုပ်ရှု
နမ်းပစ်လိုက်သည်၊

"ဟုတ်တယ် စန္ဒီ၊ အန်တီမာတို့ သမီး"

"နာမည် ဘယ်လိုခေါ်လဲဟင်"

"ကျောင်းနာမည်က ဥမ္မာ၊ အိမ်နာမည်က ဒန္တီ"

"ဟယ်…ကြဲကြဲဖန်ဖန်၊ အန်တီမာကတော့ ပေးလဲပေ
တတ်တယ်"



"ဟုတ်တယ်လေ၊ စန္ဒီ့လိုပဲ ချောချောလေးဖို့ အိမ်မှာ
လို့ ခေါ်တာ၊ ဒန္တီက ကြီးလာရင် သိဝိမင်းကို ရှုံးအောင်
အောင် လုပ်နိုင်တဲ့ ဥမ္မာဒန္တီထက်တောင် အန်တီမာ့သမီး
က ပိုလှဦးမှာ"

"ဟုတ်တယ်၊ တအားကြီးချောတာပဲနော်၊ အင်း….အင်း"
စန္ဒီက ကလေးကို တအားကြီး ဖြစ်ညှစ်ပြီး တရှုပ်ရှုပ်နမ်း
ကလေးက ငိုပါတော့သည်၊

"ဘယ်လိုလဲ မမစံ၊ ချစ်သူမရှိတိုင်း သူများကလေးကို ဖက်
နမ်းနေတာပဲလား"

ထိုအသံက တစ်ဘက်ခန်း အောက်ထပ် ဝရန်တာမှ ထွက်
ခြင်း ဖြစ်သည်
ရိုးသွင်က ပြုံးဖြီးဖြီးနှင့် လှမ်းမေးခြင်း ဖြစ်သည်။
စန္ဒီ ခပ်ဘည်ဘည်မျက်နှာနှင့် မျက်စောင်းထိုးရင်း ကျော
လိုက်သည်။
သည်ကောင်လေးကို မခေါ်မပြောဘဲနေတာ သကြန်ပြီး
ည်းက ဖြစ်သည်။ အိမ်ဘက်ကို လာလျှင်လည်း အတွေ့
သည်ကောင့်မျက်လုံးက မရိုးသား၊ စန္ဒီ့ကို စိတ်ဝင်စား
သို့လို၊
အို…ရှုပ်ပါတယ်၊
စန္ဒီ ပစ္စည်းတွေ သယ်သည်။
"စန္ဒီ အလုပ်ရပြီလား"
"မရသေးပါဘူး အန်တီမာရယ်"
စန္ဒီက ညည်းညူသလိုလေး ပြောခြင်းဖြစ်သည်၊

"မန္တလေးမှာ လုပ်မလား"

"မန္တလေးမှာတော့ လုပ်လို့ဖြစ်မှာမဟုတ်ဘူး အန်တီ
အိမ်မှာက စန္ဒီမရှိရင် မဖြစ်ဘူး၊ အဖေကလဲ အသက်ကြီ
အမေကလဲ သိပ်လည်လည်ဝယ်ဝယ် မဟုတ်ဘူး၊ အ
နှစ်ကောင်ကလဲ ပညာရေးကို ဦးစားပေးနေရတဲ့အချိန်
"အင်း....အန်တီမာတို့ဆီ လိုတဲ့အကူအညီရှိရင် တော
နော်၊ စီးပွားရေးလုပ်ဖို့ ငွေလိုရင်လဲ ပြော"

"ဒီအတိုင်း အတိုးမယူတဲ့ ချေးနိုင်သလို၊ ငွေအရင်း
လုပ်ဖို့ များများ လိုရင်လဲ အတိုးနဲ့ချေးမယ်၊ ကိုယ့်သွေး
တွေပဲ၊ ပစ္စည်းတွေဘာတွေ ပေးစရာမလိုပါဘူး"

"ကျေးဇူးတင်ပါတယ် အန်တီမာ၊ အန်တီမာ
လောက်ကြည့်တယ်ဆိုဘာ စန္ဒီတို့ တစ်အိမ်လုံး သိပါ
လောလောဆယ်တော့ စီးပွားရေးကြီးတစ်ခု တူထော
လောက်အောင် ဘယ်သူမှ ဦးမဆောင်နိုင်သေးပါဘူး

ရန်ကုန်ကို ဘာကိစ္စကြောင့်လာလာ အန်တီမာတို့
မယားက အိမ်မှာပင်တည်းသည်။

တခြား ပိုက်ဆံချမ်းသာသော ဆွေမျိုးသားချင်း
မိတ်ဆွေများထံတွင် လည်းကောင်း၊ ဟိုတယ်တွင် လ
ကောင်း တည်းနိုင်သော်လည်း တမင် စန္ဒီတို့ အိမ်တွင် တ
ခြင်း ဖြစ်သည်။

အန်တီမာတို့ လာတည်းသဖြင့် စန္ဒီတို့ ဘာမျှ မထိခို
မကုန်ကျသည့်အပြင် မပြန်မချင်း သူတို့ကသာ စားစရိတ်
သည်။ သူ့အိမ်ဖော်နှင့် သူလာသည်။ စန္ဒီတို့အိမ်အတွ



လက်ဆောင်ပစ္စည်းများ ဝယ်လာပေးသည့်အပြင် အပြန်ကျ
လျှင်လည်း မုန့်ဖိုးတွေ ပေးသွားတတ်သေးသည်။ တစ်နှစ်
တစ်ခါ၊ (၂) နှစ်တစ်ခါ လာတတ်ပြီး လာလျှင် တစ်လ
လောက်ကြာတတ်သည်။

ရန်ကုန်မှတစ်ဆင့် ဘုရားဖူးတွေထွက်သည်။ အပျော်ခရီး
ထွက်သည်။အန်တီမာပို့ပေးသဖြင့် စန္ဒီတို့ ငယ်ငယ်ကတည်းက
မောင်းမကန်၊ စက်စဲ၊ မော်တင်စွန်း အားလုံးရောက်ပြီးပြီ။

"ဒီတစ်ခေါက် ပေလီ သွားမယ်၊ ငါ့တူတွေ တူမတွေ
ပြင်ထား ဆင်ထားကြ"

သန့်ဇင်တို့ သိဂီတို့ ခုန်ပေါက်နေကြသည်။

သွားမည့်နေ့တွင် လူဦးရေ ပိုတိုးသွားသည်။

စန္ဒီတို့ အိမ်ငှားများကလည်း သူတို့သားသမီးများကို
ထည့်ချင်ကြောင်း ပြောသည်။

နဂိုကတည်းက သဘောကောင်းပြီးသား ဖြစ်သည့်
အန်တီမာတို့ လင်မယားက ဝမ်းသာအားရ ခေါ်ကြသည်။

"လူများတော့ ပိုပျော်ဖို့ကောင်းတာပေါ့၊ စန္ဒီက မလိုက်
ဘူးလုပ်နေတယ်လေ"

ထိုစကားကြောင့် မျိုးလွင်က....

"မမစံ ဘာလို့ မလိုက်တာလဲဗျ၊ ဘာလဲ ကျွန်တော်ပါလို့
လား၊ ကျွန်တော်ပါလို့ မလိုက်တာဆိုရင်တော့ ကျွန်တော်
နေရစ်ခဲ့မယ်"

"အို....ဘာဆိုင်လဲမျိုးရယ်၊ အိမ်မှာ လူကြီးတွေချည့်ပဲ
ကျန်ရစ်ခဲ့လို့ပါ"

မျိုးလွင်က လူပုံအလယ်တွင် ပြောချင်တာတွေ ထပြောတာက အရေးမကြီး၊ သူများတွေ တစ်မျိုးတစ်မည် ထင်ကုန်လျှင် မကောင်း။

"လိုက်သွားပါ သမီးရယ်၊ အမေနဲ့အဖေနှစ်ယောက်တည်း ကျန်ခဲ့တာမှမဟုတ်ဘဲ၊ အိမ်နားမှာအဖော်တွေပြည့်လို့၊ ဆွေမျိုးသားချင်းလို နေနေကြတာ၊ ကလေးတွေချည်းပဲ ထည့်လို့ဘယ်ဖြစ်မလဲ၊ သမီးပါမှ သူတို့တွေ ငြိမ်ကြမှာပေါ့"

"ကဲပါကွယ်...လိုက်ခဲ့ပါ၊ စန္ဒီလိုက်တော့ အန်တီမာလဲ ပိုပျော်တာပေါ့"

သည်လိုနှင့် စန္ဒီ ပေလီခရီးသို့ လိုက်ခဲ့ရတော့သည်။

အန်တီမာတို့လင်မယားက ရှေ့ခန်းတွင်ထိုင်ပြီး စန္ဒီတို့လူငယ်တစ်သိုက်နှင့် ဒန္တီ၊ ပြီးတော့ အိမ်ဖော်မလေး။ အားလုံး ဆယ်ယောက်။

စားစရာသောက်စရာ ခြင်းတောင်းရော၊ ဖျာစောင်ပုလင်းရော မုန့်ပဲသွားရေစာတောင်းရော စန္ဒီ့ဆီမှာအပ်ထားသည်။

ပြည်မြို့တွင် ညအိပ်ကြသည်။

ရွှေဆံတော်စေတီတော်မြတ်ကို ဖူးမြော်ကြသည်။

နောက်တစ်နေ့မနက် ခပ်စောစော မြစ်တစ်ဘက်ကမ်းကူးပြီးနောက် ပေလီသို့ ခရီးဆက်ကြသည်။

ဤခရီးလမ်းသည် မတ်စောက်၍ လူနေကျဲသောတောင်များကို ဖြတ်သန်းခဲ့ရပြီးနောက် တောင်ကုတ်ကို ရောက်ခဲ့သည်။ တောင်ကုတ်မှ နောက် သံတွဲမြို့သို့ မိုင်(၃၀) ခန့် မြေ



ပြန့်ခရီးဆက်ပြန်သော် လှိုင်းလုံးဖြူကြီးများ တစ်လိမ့်ပြီးတစ်လိမ့် တက်နေသော ပေလီသို့ ရောက်ခဲ့လေပြီ။

ကားလမ်းခရီးဖြစ်၍ တင်ပါးများ ကျိန်းရှိန်နေသည်။

ဤခရီးကိုလာလေမှ မျိုးလွင်၏ အတွင်းစိတ်သည် ဘွင်းဘွင်းကြီး ပေါ်လာသည်။

မျိုးလွင်တစ်ယောက်တည်း စိတ်မနှောင့်ယှက်တင် မဟုတ်၊ မမျှော်လင့်ဘဲ မိမိ၏ညီမငယ် သီဂီ၏ သဘောထားကိုပါ သိခွင့်ရတော့သည်။

မျိုးလွင်က တစ်လမ်းလုံး စန္ဒီ့ကိုသာ ကြည့်နေတတ်သည်။ ဘယ်လောက်အထိကြည့်သနည်းဆိုသော် စန္ဒီအိပ်ငိုက်ရာမှ လန့်နိုးလာပြီး မလုံမလဲဖြင့် ဘေးဘီကို လှမ်းကြည့်မိလျှင်သည်း မျိုးလွင်က ပြုံးစိစိဖြင့် လှမ်းကြည့်နေတတ်သည်။

ဒန္တီကို ချီသွားသည့်အခါမျိုးတွင်လည်း...

"မမစံရေ၊ ဒန္တီကြီးလာရင် မစံလိုပဲ ချောမှာပဲဗျ၊ သိလား"

ထိုစကားကြောင့် သီဂီက စန္ဒီ့ကိုကြည့်လိုက် မျိုးလွင်ကို ကြည့်လိုက်နှင့် မျက်နှာပျက်နေသည်၊

စကားကြောရှည်မှာစိုး၍ မျိုးပြောသ မှ စန္ဒီ ပြုံးသလိုလို၊ တည်သလိုလို မျက်နှာဖြင့်သာ နားထောင်ပြီး ဘာမှပြန်မပြောတတ်။

ဇော်ဝင်း၊ သန့်ဇင်နှင့် ယင်းမာတို့ သုံးယောက်ကတော့ ကားနောက်ဖြီးပိုင်းနားတွင်ထိုင်ရင်း ရယ်လိုက်၊ မောလိုက်၊ ထုလိုက်၊ ရိုက်လိုက်၊ ငိုလိုက်ဖြင့် တစ်လမ်းလုံးအငြိမ်မနေကြ။

သူတို့က လူသာမငြိမ်ခြင်း ဖြစ်၏။ စိတ်ကတော့ ငြိမ်ပုံ ၏။

မလှုပ်မယှက်ထိုင်ပြီး စိတ်မငြိမ်သူများကတော့ စန္ဒီရယ် သီဂီရယ်၊ မျိုးရယ်ပါပဲ။

ပေလီရောက်သည်နှင့် ဘန်ဂလို တစ်လုံးငှားပြီး လွယ် လွယ်စွာ အနားယူကြသည်။ ပင်လယ်လှိုင်းစီးကြသည်။ သောင်ပြင်ပေါ်တွင် ဘောလုံးပုတ်ကစားကြသည်။

စန္ဒီကတော့ အကြီးဆုံးကလည်းဖြစ်ပြန်၊ အန်တီမာ၏ ကျေးဇူးကိုသိသဖြင့် ပျော်ဖို့ပါးဖို့ထက် ကူညီဖို့ အလိုက်သိ ကို ပိုဦးစားပေးသည်။

ဘန်ဂလိုငှားပြီး စားရေးသောက်ရေးကို ကိုယ့်အိုးခွက် ဖြင့် ဘန်ဂလိုမှာပင် ချက်စားကြသည်။

ထို့ကြောင့် မနက်စောစော လက်ဖက်ရည် ကော်ဖီဖျော် ပေးရသော အိမ်ဖော်ဒေါ်မြိုင်ကို အကူအညီပေးသည်။

လူတစ်အုပ်လုံးကို ဒေါ်မြိုင်တစ်ယောက်တည်း ချက် ပြုတ်ရလျှင် အလွန်ပင်ပန်းချေမည်၊ ပြီးတော့ ဒေါ်မြိုင်လည်း ပုထုဇဉ်လူသား။ ပေလီရောက်လျှင် သူလည်း လှိုင်းစီးချင် မည်၊ ပျော်ချင်မည်။

စန္ဒီ့ရင်ထဲမှာ ကြင်နာတတ်သည့်စိတ်၊ ကူညီတတ်သည့် စိတ်က မွေးကတည်းက ပါလာသူ။

ယခု ပေလီ လာသူများတွင် စန္ဒီတို့အုပ်စုကပိုများသည်။ သည်တော့ စန္ဒီ့မှာ ပိုရှုတာဝန်ရှိသည်။



အန်တီမာ ဘယ်လောက်သဘောကောင်းကောင်း ဦးကို ခင်ကအန်တီမာနှင့်ပတ်သက်ပြီးမှ တော်ရသည့်ဦးလေး၊ ဦးကို ခင် မပြုံးပြင်စေချင်။

"မမစံ"

"ဟင်....ပြော်....မျိုး၊ ဘာလိုချင်လို့လဲ"

ညနေစာအတွက် ကူညီချက်ပြုတ်ပေးနေသော စန္ဒီ့ အနား တွင် လာထိုင်ရင်း ခေါ်ခြင်းဖြစ်သည်။

"မမစံကလဲ၊ လူကိုတွေ့လိုက်ရင် မျက်ခုံးတွန့်ပြီး အနား လာတာမကြိုက်သလိုလို မျက်နှာနဲ့။ ဘာကိစ္စရှိလို့တုံး၊ ဘာလို ချင်လို့တုံးပဲ မေးနေတာပဲ၊ ကဲ....ဘာကိစ္စလဲ ပြောရမလား၊ ဘာလိုချင်လို့လဲဆိုတာ ဖြေရမလား"

မျိုးလွင်က ထိုစကားကို ခပ်တိုးတိုးပြောသည်။

သူ့မျက်နှာက မရိုးမသားဖြစ်နေသည်။

သူ့မျက်လုံးတွေက အရောင်တဖိတ်ဖိတ်လက်နေသည်။

နှုတ်ခမ်းများက ပြုံးနေသည်။

"ပြောလေ မမစံ၊ ကျွန်တော်လိုချင်တာကို ပြောရမလား၊ ကျွန်တော်လိုချင်တာကိုပြောရင် မမစံက ပေးမှာလား"

အနှောင့်အသွားမလွတ်သော သူ့စကားတွေကြောင့် စန္ဒီ စိတ်တိုသွားသည်။

"မျိုး၊ မင်း စကားကောင်းကောင်းမပြောရင် မမစံဆီ မလာနဲ့"

"ဟင်....မျိုး စကားကောင်းကောင်းပြောနေတာပါဗျာ၊ မမစံက မျိုးရဲ့စကားကို အကောင်းမထင်ပေမယ့် မျိုးကတော့

မမစံနဲ့ စကားပြောတဲ့အချိန်လောက် ဘယ်သူ့ကိုမှ တန်
ထားပြီး မပြောဖူးခဲ့ဘူး၊ မမစံကသာ မျိုးကိုမြင်ရင် စကာ
မပြောချင်သလိုလုပ်နေတာပါနော်''

''ဟုတ်တယ်လေ၊ မင်းက ရိုးရိုးသားသားမှ မကြည့်တာ
မပြောတာ၊ မင်းကြည့်ပုံပြောပုံတွေက ဘေးလူတွေ အထင်
ချင်စရာပဲ''

''ဘယ်သူတွေလွဲလွဲပါ၊ မျိုး ဂရုမစိုက်ပါဘူး''

''ငါကတော့ ဂရုစိုက်ရမှာပဲ၊ ကဲ...သွားပါ၊ ဒီမှာ ချ
မြှုတ်ရဦးမယ်''

''မသွားပါဘူး၊ ဝိုင်းကူလုပ်ပေးမလို့လာတာ''

''မလိုပါဘူးကွာ၊ သွားစမ်းပါ၊ ငါတို့ဘာသာငါတို့ချ
ပါ့မယ်၊ စားခါနီးမှ လက်ဆေးပြီး လာစားပါ''

မျိုးက မသွားဘဲ ပေကပ်ထိုင်နေဆဲဖြစ်သည်။

စားပွဲပေါ်ရှိ ဖန်သလွန်သီး အတောင့်များကိုဆွဲ၍ ခ
ဖြင့် အကြောအမျှင်များကို သပ်ပေးနေသည်။

''မျိုး၊ သွားလို့ပြောနေတယ်မဟုတ်လား''

''ဘာလို့သွားရမှာလဲဗျာ၊ မမစံကလဲ အလကားနေရ
လူကို မောင်းထုတ်နေတာပဲ''

''ကဲ...မင်းမသွားရင် ငါသွားမယ်၊ လုပ်....အဲဒီမှာ ရေ
မြှုပ်နဲ့ ပြီးတဲ့အထိဝိုင်းကူလုပ်''

စန္ဒီ တကယ်ထွက်သွားသည်။ အိပ်ခန်းထဲဝင်၍ ထဘီအ
နှင့် မျက်နှာသုတ်ပဝါယူ၍ လှိုင်းစီးရန်ထွက်ခဲ့သည်။



သဲသောင်ပြင်ပေါ်တွင် ယင်းမာနှင့် သီဂီတို့အပြင် တခြား
အပျိုလေးများက ရေကူးဝတ်စုံ အရောင်စုံဝတ်၍ ဓာတ်ပုံ
အရိုက်ခံနေကြသည်။

ရေကူးဝတ်စုံပေါ်တွင် လှပသော မျက်နှာသုတ်ပဝါများ
ကို ခြုံ၍လည်းကောင်း၊ သဲသောင်ပြင်ပေါ်တွင် လှဲ၍လည်း
ကောင်း....

အုန်းရေသောက်ရင်းလည်းကောင်း ပုံစံ မျိုးစုံထုတ်၍
ဓာတ်ပုံရိုက်နေကြသည်။

အနဲ့တီမာနှင့် ဦးကိုဇင်တို့က လှိုင်းစီးနေကြသည်။

''စန္ဒီရေ...ရေကူးဝတ်စုံဝတ်လေကွယ်၊ ဘယ့်နှယ့် အဝတ်
အစားတွေနဲ့ ဆင်းလာတာလဲ''

''မဝတ်တော့ပါဘူး အန်တီမာရယ်''

အစကတော့ဝတ်ဖို့ပါပဲ။ သို့သော် မျိုးလွင်က တစ်ချိန်လုံး
မျက်တောင်မခတ် စိုက်ကြည့်တတ်လွန်းသဖြင့် စန္ဒီ မဝတ်ခြင်း
ဖြစ်သည်။

''မမစံ ဓာတ်ပုံမရိုက်ဘူးလား''

သီဂီက လှမ်းခေါ်သည်။

''မရိုက်တော့ဘူး သီဂီ''

သီဂီ့ကိုလှမ်းအော်ရင်း သောင်စပ်ကို ဘောင်းဘီတိုဖြင့်
ဆင်းလာသောမျိုးလွင်ကို မြင်လိုက်ရသဖြင့် စန္ဒီ ရေထဲဆင်း
လိုက်သည်။

ကြောက်ဘတ်သဖြင့် ခါးလယ်လောက်အထိသာ ဆင်းပြီး
ရပ်နေလိုက်သည်။

"အိုး...."

ကြီးမားသောလှိုင်းလုံး၏ရိုက်ပုတ်မှုကြောင့် စန္ဒီ့ တစ်ကိုယ်လုံး မြောက်ခနဲအပေါ်တက်သွားပြီး သောင်စပ်တွင် ခွေလျက်တင်နေသည်။ စောစောကဝတ်ထားသောထဘီမှာ ပေါင်လယ်ခန့်အထိ လန်ကက်နေပြီး အင်္ကျီ ကြယ် သီး များ လည်း အကုန်ပြုတ်ထွက်ကုန်သည်။

ထို့ကြောင့် ဖြူဖွေးဝင်းစက်နေသော စန္ဒီ့ရင်ညွန့်နှင့် ဗိုက်သားဝင်းဝင်းများကိုလည်းကောင်း၊ အနာရွတ်မရှိဘဲ ဖြူစင်ဖြောင့်စင်းသော ပေါင်တံများကိုလည်းကောင်း မြင်တွေ့နေရသည်။

စန္ဒီ ပျာပျာသလဲ ဆွဲဖိ၊ ဆွဲဖုံးနေသော်လည်း ခရနှင့်ကပ်ပြီး ရုတ်တရက် ဖိ၍ဖုံး၍မရ။

ကိုယ့်ဒုက္ခနှင့်ကိုယ် ဖြစ်နေရသည့်အထဲ၊ ရှက်နေရသည့်အထဲ မျိုးလွင်က အနားပြေးလာပြီး ဆွဲထူတော့မလို၊ ဆွဲမတော့မလို လုပ်နေရင်းက ပြူးပြူးမြဲမြဲကြီးကြည့်နေသဖြင့် စန္ဒီ စိတ်တိုလာပြီး....

"မင်းကြောင့်ဖြစ်တာ၊ သိပ်ပြောရခေါင်းမာတာပဲ၊ ကဲ"

လှိုင်းလုံးဖြင့်အတူ တက်လာသောရေများကို လက်နှစ်ဘက်ဖြင့်ခပ်ပြီး မျိုးလွင်၏မျက်နှာကို ပက်ထည့်လိုက်သည်။

"အား"

မျိုးလွင်က မျက်စိကိုလက်ဖြင့်အုပ်ရင်း အော်လိုက်ခြင်းဖြစ်သည်။ မျက်လုံးကိုပြန်ဖွင့်လို့မရဘဲ စုံမှိတ်ထားသဖြင့် စန္ဒီ စိုးရိမ်သွားသည်။



"မျိုးမျက်လုံး ဘာဖြစ်လဲ"

"ဘာဖြစ်လဲမသိဘူး၊ တအားစပ်တယ်၊ သဲတွေ ဝင်သွားတယ်နဲ့တူတယ်"

"ဟုတ်လား၊ ဆောရီးကွာ၊မမ အဲဒီလိုဖြစ်မယ်မထင်လို့ လုပ်မိတာပါ၊ စိတ်မဆိုးနဲ့နော်"

"စန္ဒီ့ အသံက သိသိသာသာကိုတုန်နေပါသည်။

"လာ....လာ၊ ဘန်ဂလိုက ရေသန့်နဲ့ပြန်ပြီး မျက်နှာသစ်ကြည့်ရအောင်နော်"

"ဟုတ်ကဲ့"

စန္ဒီက မျိုးလွင်ကိုလက်တွဲပြီး သောင်စပ်မှဖြတ်ပြီး ခေါ်ခဲ့သည်။

ဓာတ်ပုံလျှောက်ရိုက်နေကြသဖြင့် တစ်ခြားလူများ မရိပ်မိ။

"တအားစပ်နေလားမျိုး၊ မျက်စိများ တစ်ခုခုဖြစ်သွားရင်တော့ မမတော့ ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်မှာပဲ"

"ဟာဗျာ၊ ဒါလောက်နဲ့ ဘာမှမဖြစ်နိုင်ပါဘူးမမရာ၊ ဘေးလူတွေမေးရင်လဲ မျိုးဘာသာ လှိုင်းစီးရင်းဖြစ်တယ်လို့ ပြောလိုက်ပေါ့၊ မမကြောင့်လို့မပြောနဲ့"

စန္ဒီ့ ရင်မှာဆို့သွားသည်။

စိတ်ထဲက ကျိတ်၍ ဆုတောင်းမိသည်။

မျိုး မျက်လုံးဘာမှမဖြစ်ပါစေနှင့်ဟု။

ဘန်ဂလို ရောက်သောအခါ ရေ သန့်သန့်တစ်ခွက် ပြေးခပ်ပြီး မျက်နှာကို ရေထဲနှစ်ပြီး မျက်လုံးကို ဖွင့်ချည်ပိတ်ချည် လုပ်ခိုင်းသည်။

"ကျွတ်....ကျွတ်"

"တအားနာနေသလား မောင်လေးရယ်၊ မမတော့ ဆေ ချင်တာပါပဲ၊ ရေနဲ့ဆေးလိုက်တော့ သိသိသာသာ မသက်သ သွားဘူးလားဟင်"

"နည်းနည်းတော့ လျော့သွားပါတယ်"

"မှန်း....ရေဇလုံထဲမှာကြည့်ရအောင်၊ ဟုတ်တယ်တော ရေထဲမှာ သဲမှုန်လေးတွေ တွေ့တယ်၊ ရေမိုးချိုးပြီးရင် ဆေ ခန်းသွားလိုက်ရအောင်လား"

"ဒီမှာ မျက်စေ့ကုတဲ့ဆရာက ရှိဦးမှကိုး"

"အထွေထွေကုလောက်တော့ရှိမှာပါကွာ"

"မမသွားစေချင်ရင်လဲ သွားမယ်လေ"

"ဖွင့်ကြည့်ပါဦး ကောင်လေးရယ်"

မျိုးလွင်က ဖွင့်ကြည့်ပြီး မျက်နှာကို ရှုံ့တွ၍ ပြန်ပိတ် သည်။

"စပ်တယ်မမစံ"

"ဟုတ်လား၊ လာ....ဒါဆို မမ ရေလိုက်ချိုးပေးမယ်

"တာနေပါစေ၊ ကျွန်တော့်ဘာသာချိုးပါ့မယ်"

"အို....လိမ့်ပြုကျနေပါ့မယ်၊တစ်နာကနှစ်နာဖြစ်ပါ့မယ်

စန္ဒီက ရေချိုးခန်းထဲဆွဲခေါ်ပြီး ဆပ်ပြာခွက်ယူပေးသ လုံချည်ယူပေးသည်၊ မျက်နှာသုတ်ပဝါယူပေးသည်။ အ အစားလဲပေးသည်။

ထို့နောက် ဦးကိုဇင်ကို အကူအညီတောင်း၍ သံတွဲ တွင်းရှိ ဆေးခန်းသို့ ခေါ်လာခဲ့သည်။



ဆရာဝန်က သေချာစစ်ဆေးပြီး မျက်စဉ်းဆေးခတ်ပေး သည်။

အမှန်အတိုင်း ဝန်ခံရလျှင် မျိုးလွင် မျက်လုံးတွေ ကျိန်းစပ် နေသော်လည်း မြင်တာတော့ မြင်ရပါပြီ။ မျက်လုံးနှင့်ဘက် သုံး နီရဲတွတ်နေဆဲဖြစ်သည်။

သိဂီ မျက်နှာမကြည်လင်။

မျက်ခုံးလေးတွန့်၍ အစ်မဖြစ်သူကို အကဲခတ်နေသည်။

မမ ဘာဖြစ်နေသနည်း။

အလျှင်နေ့တွေတုန်းကတော့ မျိုးကိုမခေါ်ချင်သလိုမပြော ချင်သလို မျက်နှာထားတင်းထားတတ်သည်။

ယခုတော့ တစ်ချိန်လုံး မျိုးမျက်နှာကို လှမ်းလှမ်းကြည့် နေတတ်သည်၊ လူကွယ်သည်နှင့် မျိုးမျက်နှာကိုကြည့်ပြီးစကား တွတ်ထိုးတော့သည်။ အပြောင်းအလဲမြန်လှချည်လား။

မိမိကိုကျတော့ မျိုးနှင့် ရင်းရင်းနှီးနှီးမနေဖို့ အမြဲသတို ပေးသည်။

ယခုသူကျတော့ မျိုးကို ကြိုက်သည်။

တော်တော်ကောင်းသည့်အစ်မ။

သိဂီက မျိုးကိုရော အစ်မဖြစ်သူကို သိပ်စကားမပြောချင် သဖြင့် ရှောင်နေသည်။

* * *

## အခန်း (၁

ပေလီ၏·နံ့နက်ခင်းသည် ရင်ကိုကြည်နူး အေးမြသာယ
စေတာအမှန်။

မိုးပြာပြာ၊ ရေပြာပြာတို့သည် ဟိုး မျက်စိတစ်ဆုံး
ပေါင်းဆုံပြီး စန္ဒီတို့ထိုင်နေသည့် သဲသောင်ပြင်ဆီသို့ အ
ရောင် လှိုင်းလုံးဖြူဖြူလေးများသည် အသံပေး၍ အ
အယက် ပြေးလာနေကြသည်၊

"မျိုး"

"ဗျာ"

"ဒီနေ့မနက်တော့ နည်းနည်းအောင့်တာကလွဲရင် ဘာ
မဖြစ်တော့ပါဘူး"

"ဒါပေမယ့် နည်းနည်းတော့ နီသေးတယ်နော်၊ မျက်စဉ်
တော့ မှန်မှန်ခတ်ပေးဦး၊ ရန်ကုန်ကျရင် မျက်စိအထူးကု
ထပ်ပြရဦးမယ်နော်"



စန္ဒီက ကိုယ်ကလေးကိုကိုင်း၍ မျိုး၏မျက်နှာကို လက်ဖြင့်
ညှဲလှည့်ကာ မျက်လုံးကို တယုတယကြည့်၍မေးသည်။

မျိုးက အနီးကပ်ဆုံးတွင် ရောက်နေသော စန္ဒီ့မျက်နှာလှ
လှကို ငေးငေးလေးကြည့်ရင်း....

"မခစံရယ်၊ မမစံရဲ့ ကြင်နာတဲ့အသံရယ်၊ ယုယတဲ့ပြုစုမှု
ရယ်၊ လှပတဲ့မျက်နှာရယ်ကို ခုလို မမျှော်လင့်ဘဲ ရရှိတာဟာ
ဒီမျက်လုံးဒဏ်ရာကြောင့် မဟုတ်လား၊ ဒီမျက်လုံး လုံးဝ
ကောင်းသွားတာနဲ့ မျိုးကို အဖက်လုပ်တော့မှာ မဟုတ်ဘူး
ထင်တယ်၊ မမစံရဲ့ကြင်နာမှုကိုရလို့ ဒီမျက်လုံးတွေ ပြန်
ကောင်းလာပါစေနဲ့လို့ ဆုတောင်းရမလို ဖြစ်နေပြီ"

"အို....ဘာတွေလျှောက်ပြောနေတာလဲ ....မျိုးရယ်၊ လူ
တစ်ယောက်မှာ မျက်လုံးမကောင်းရင် ဘာမှ အဓိပ္ပာယ်မရှိ
တော့ဘူးဆိုတာ လူတိုင်းသိတယ်၊ မင်းမျက်လုံးများ တစ်သက်
လုံးမမြင်ရရင် မမစံတော့ ကိုယ့်ကိုယ်ကို သတ်သေပစ်မလား
မသိဘူး"

"မလုပ်ပါနဲ့ဗျာ၊ မျက်လုံးမမြင်တဲ့ အသက်ရှင်လှုပ်ရှား
နေတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်၊ အမေရိကန်က ဟယ်လင်ကဲလား
ဆိုတဲ့အမျိုးသမီးဆိုရင် မျက်စိလဲမမြင်ဘူး၊ နားလဲမကြားဘူး၊
စကားလဲ မပြောတတ်ဘူး၊ ဒါတောင် ဘွဲ့ရအောင် ယူနိုင်ခဲ့
သေးတယ်၊ စာအုပ်တွေဘာတွေ ရေးနိုင်သေးတယ်၊ လူ့
အသက်တစ်ချောင်းဖြစ်လာဖို့ဟာ အဖြစ်နိုင်ခဲဆုံး အရာမို့
ကျွန်တော်မျက်လုံးစုံလုံးကန်းသွားရင်တောင် မမစံ ဘာမှ
စိတ်မကောင်းစရာ မလိုဘူး၊ ကျွန်တော့်ကို လှည်းပေါ်တင်၊

ပြီးတော့ မမကတွန်း၊ မျက်မမြင် ဒုက္ခိတလေးမို့ သနား
ပါဗျာလို့အော်ပြီး တောင်းစားမယ်လေ”

“အို...တော်စမ်းမျိုး၊ ပေါက်ကရတွေ လျှောက်မပြော
မင်း တကယ်လို့ မျက်လုံးကန်းသွားရင် မမတစ်သက်လုံးတ
ဝန်ထူတယ်”

“ဒါ့ကြောင့်ပြောတာပေါ့၊ မမနဲ့ နီးနီးနားနား နေရ
မမရဲ့အကြင်နာကို ရရှိဖို့ ကျွန်တော့်....”

“တော်တော့ မျိုး....တော်တော့၊ ကျက်သရေမရှိ
စကား မပြောနဲ့တော့၊ မင်းကို မမစံ ကောင်းကောင်းမွန်မွ
ဆက်ဆံမယ်၊ မင်းကလဲ ကိုယ့်အစ်မလို လေးလေးစားစ
နေမလား”

ထိုစကားမဖြေဘဲ မျိုးက သဲသောင်ပြင်တွင် လက်ညှိုးဖြ
လျှောက်ခြစ်နေသည်။

“မမစံကို ချစ်တယ်”

ထိုစာတန်းလေး သဲပြင်ပေါ်ပေါ်လာချိန်တွင် စန္ဒီက ဟို
အဝေးကို ငေးနေလိုက်သည်။

မျိုးက စန္ဒီမကြည့်မချင်း ထိုစာတန်းကို သဲပြင်တစ်လျှောက်
ဆက်တိုက်ရေးသည်။

စန္ဒီကလည်း အရှဲတိုက်ပြီးတော့ မကြည့်။

“မမစံ”

“အင်း....ပြော”

“ကျွန်တော်က မမစံကို အမြဲတမ်းရိုသေလေးစားနေတဲ့
ကောင်ပါနော်”



“ဒါဆိုလဲ ပြီးတာပဲ၊ ကဲ...ပြန်ကြစို့”

“ဟာ....နေပါဦးမမရာ၊ ဒီနားမှာထိုင်ရဖို့ကို ဟိုးအဝေး
ကြီးက လာခဲ့ရတာပါ၊ နက်ဖြန်ဆို ပြန်ကြရတော့မယ်၊ ဒီ
သောက်သာယာတဲ့ ရှုခင်းမျိုးကို အကြာကြီးကြည့်ရလေ ဖို
ကောင်းလေဗျာ”

“ကဲ....ဒါဆိုလဲ မင်းကြိုက်သလောက်ထိုင်၊ မမစံတော့
ပြန်တော့မယ်”

“ခဏလေးပါ မမစံ၊ ငါးမိနစ်ပါ၊ ပြောစရာရှိလို့ပါ”

“ပြောစရာရှိရင်ပြော၊ ဒါပေမဲ့ အနှောင့်အသွား
မလွတ်တဲ့စကားမျိုးတို့ ဘာတို့တော့ မပြောရဘူး”

“မမစံ”

“ဘာလဲကွယ်၊ အလကားနေရင်း ခေါ်နေတော့တာပဲ”

“မမစံ အိမ်ထောင်မပြုတော့ဘူးလားဟင်”

စန္ဒီက သဲပြင်ပေါ် အသာထိုင်ချရင်း....

“ပြုမှာ....ပြုမှာ”

“ဘယ်သူနဲ့လဲ”

“ငါ့ရည်းစားနဲ့ပေါ့”

“ရည်းစားဖြင့် မရှိဘဲနဲ့”

“ဟဲ့....မရှိဘဲနေမလား၊ ဒီအသက်အရွယ်ရောက်နေပြီ
ပညာလဲစုံနေပြီ”

“ဟား....ဟား... ဟား၊ သိပ်ရယ်ရတယ်ဗျို့၊ မမစံ
အကြောင်း ဒီကောင် ကကြီးက အ အထိ သိတယ်နော်”

“ဘယ်သူတွေ ဘယ်လောက်သိသိ ကိုယ့်အကြောင်း ကိုယ်အသိဆုံး”

“ကဲ....ဒါဖြင့် ဘယ်တော့ ယောကျ်ားယူမှာလဲ၊ ကြယ်တစ်လုံးဆိုတဲ့ သီချင်းလိုပေါ့၊ အပျိုကြီး ယောကျ်ား ဘယ်တော့ယူမှာလဲ”

“သန့်ဇင် ကျောင်းပြီးရင်”

“ကိုသန့် ကျောင်းပြီးမှဆိုတော့ အများကြီး လိုသေးတယ်၊ ကိုသန့်က ခုမှ ကိုးတန်းရှိသေးတာ၊ ကျောင်းပြီးဖို့ နောက်ထပ် ခြောက်နှစ်၊ ခုနစ်နှစ် လိုသေးတာပဲ၊ မမစံက အခု (၂၂) နှစ်ထဲမှာ”

“အလိုတော်၊ သူများအသက်ကို သူက တွက်ချက်နေလိုက်တာ၊ စပ်စပ်စုစု ရှုပ်ရှုပ်ယှက်ယှက်”

“ဒါတော့ မမရာ ကိုယ်က ချစ်တာကိုး”

“စန္ဒီက မျက်စောင်းထိုးသည်၊

“နောက် (၇) နှစ်ဆို မမစံ အပျိုဟိုင်းကြီး ဖြစ်သွားပြီ၊ ဘယ်သူမှ ယူမယ့်လူရှိမှာ မဟုတ်တော့ဘူး၊ အဲ....ဒါပဲ ကောင်းတယ်၊ ဘယ်သူမှ ယူမယ့်လူ မရှိလေ ကောင်းလေပဲ၊ အဲဒီအချိန်ဆို ဒီကောင်လဲ မိန်းမတစ်ယောက်ကို ကောင်းကောင်းရှာကျွေးနိုင်တဲ့အချိန် ဖြစ်နေပြီ”

“ရှာကျွေးနိုင်ရင် တစ်ယောက်မဟုတ်ဘူး၊ ဘယ်လောက်ယူယူ ရတယ်”

“တစ်ယောက်ပဲ၊ တစ်ယောက်ပဲ၊ အဲဒီတစ်ယောက်ကလွဲရင် ဖွဲနဲ့ ဆန်ကွဲပဲ”



“အေး၊ ပြော....ပြော၊ အဝပြော၊ ဒီကပြန်တာနဲ့ ပါးစပ်ပိတ်”

“မပိတ်ဖါဘူးနော်၊ ဒီကပြန်ရင် ပိုပြောမှာ၊ ဒီကောင့်ရင်ထဲ ဘာဖြစ်နေလဲဆိုတာ မမစံ မသိပါဘူးဗျာ၊ နဂိုကတည်းက တိတ်တိတ်လေး ကျိတ်ပိုးပြီး တစ်ယောက်တည်း ဆွေးနေရတာ၊ အခု မမစံက အိမ်ထောင်ပြုတော့မယ်ဆိုတော့ ပိုဆွေးသွားပြီဗျို့၊ ဆွေးသွားပြီ”

“ဆွေး....ဆွေး”

“နေပါဦး၊ မသွားပါနဲ့ဦး၊ ထိုင်ပါဦး မမရယ်”

မျိုးလွင်က စန္ဒီ့လက်ကို လှမ်းဆွဲပြီး ပြန်ထိုင်ခိုင်းခြင်း ဖြစ်သည်။ စန္ဒီက လက်ကို စောင့်ဆွဲယူရင်း....

“အဲဒီလို မလုပ်နဲ့၊ မကြိုက်ဘူး”

“မမစံ”

“ဘာတုံး”

“မမစံရဲ့ ရည်းစားက တောကဆို”

စန္ဒီ ထိုစကားကြောင့် မျက်ခုံးလေးရှုံ့၍ မျိုးလွင်ကိုကြည့်သည်။

“ဟုတ်လား မမ”

“ဟုတ်တယ်၊ တောကဆိုပေမယ့် ချောမှချော၊ သန့်မှသန့်”

“ဟား....ဟား....ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပါပြီဗျာ”

မျိုးလွင်က သဲပြင်ပေါ် ပက်လက်လှန်အိပ်ချရင်း မျက်လုံးကလဲ ပြူးသေး”

"အဲ့ဒါမျိုးမှ စွဲတာဗျ"

"ဘယ်သူက ပြောလဲ"

"ကောင်မလေးတွေကပေါ့၊ မျိုးလွင် မျက်လုံးတစ်ချက် စိုက်ကြည့်လိုက်ရင် ဘစ်ခါတည်း စွဲသွားကြတာပဲ"

"အေး....အဲဒီကောင်မလေးတွေပဲ သွားကြိုက်"

"ကိုယ့်ကို ကြိုက်တဲ့လူကို ကိုယ်က ပြန်ကြိုက်နေတာ မလေးနက်ဘူး၊ ကိုယ့်ကို မကြိုက်တဲ့လူကို ပြန်ကြိုက်ရတာ ပိုပီပြင်တာ"

"မင်း အရူးပဲ"

"ဟုတ်တယ်လေ၊ အရူး၊ အချစ်ရူး၊ မမစံကို ချစ်လို့ရူး နေတာ၊ မမစံဆိုတဲ့ မိန်းမက သိပ်အသည်းမာတော့ ဟိုဘက် တိုက်ကြီးမှာ နေသွားတဲ့ ကိုနီတွတ် ဆိုတဲ့လူကို မချစ်ဘဲနဲ့ မ ယူမလို့ဆို"

စန္ဒီ မျက်နှာလေး သိသိသာသာ ပြောင်းလွဲသွားသည်။

"မမ သိပ်ရက်စက်တယ်၊ ကိုနီတွတ်ကို မကြိုက်ဘဲ ယူမယ် လို့ ဆုံးဖြတ်ရက်သလို မမ အသက်မကချစ်ပါတယ်ဆိုတဲ့ ခိုင် ဆိုတဲ့ လူကိုကျတော့ ယူမယ်လို့ မဆုံးဖြတ်ခဲ့ဘူးနော်၊ မေ အချစ်က တစ်မျိုးကြီးပဲ"

စန္ဒီက နှုတ်ခမ်းကို တင်းတင်းလေးစေ့ရင်း ပင်လယ် ပြင်ကို ငေးနေသည်မှာ အကြာကြီး၊ ကျောက်ဆစ်ရုပ်လေး တစ်ရုပ်လို ငြိမ်သက်စွာထိုင်နေသော စန္ဒီ့ကို မျိုးလွင်က မျက်တောင်မခတ်ဘဲ ပြန်၍ ငေးကြည့်နေသည်။

"မမ"



"မမစံ"

"မမစန္ဒီ"

အကြာကြီး ခေါ်လေမှ မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း ကြည့်လာသည်။

"မမ အတိတ်ကို ပြန်သတိရနေပြီထင်တယ်၊ တကယ်ကျ တော့ မမသတ္တိမရှိတာ၊ ဂုဏ်မက်တာ"

"တော်စမ်းမျိုး၊ မင်းငါ့ကို မစော်ကားနဲ့၊ ငါဟာသစ္စာ မရှိတဲ့ မိန်းမဆိုရင် ကိုတွတ်ကို အချိန်မရွေးယူလို့ရတယ်၊ နား လည်လား"

"ဘာလို့ မယူလဲ"

"မချစ်လို့ မယူတာပေါ့ဟဲ့"

"ဒါဆို ဘာလို့ ခိုင်ဆိုတဲ့လူကိုမယူလဲ"

"ငါ့မိဘကိုချစ်လို့၊ မိဘစကားကို နားထောင်လို့မယူ တာ၊ ငါ့မိဘမကြိုက်လို့ သဘောမတူလို့ ငါချစ်သူကို စွန့် လွှတ်ခဲ့တာ၊ အေး....ငါ့စေတနာစစ်မှန်လို့ ငါမချစ်တဲ့လူကို မယူဘဲနေခဲ့တာပေါ့"

"ကိုတွတ်က လူပွေကြီးဆို"

"ပွေပွေ မပွေပွေပါ၊ငါ့အမေ သဘောတူလို့ ငါစဉ်းစား တာ"

"အင်း....မမက မိဘစကားကိုတော်တော်နားထောင်တာ ပဲ၊မိဘကို တော်တော်ချစ်တာပဲ၊ ဟုတ်ပြီ၊ ရန်ကုန်ရောက်တာနဲ့ အန်ကယ်နဲ့အန်တီကို အပိုင်ကပ်ပေါင်းရမယ်၊ သူတို့သဘော ကျအောင် နေပြရမယ်၊ ဒါမှ သူ့သမီးနဲ့အတင်းသဘောတူပြီး

ပေးစားမှာ၊ အဲဒီအခါကျရင် မိဘစကား နားထောင်တဲ့ မမစံ တစ်ယောက် မျိုးလွင်ဆိုတဲ့ ကောင်ကို ယူရမှာ''

''သိပ် အကြံထုတ်မနေနဲ့ကိုယ်တော်၊ မင်းသူတို့ကို အပိုင် ကပ်ပေါင်းလို့ သိပ်သဘောကျပြီး ပေးစားရင် သမီးအငယ်နဲ့ ပေးစားမှာပေါ့ဟဲ့၊ ငါက နင့်ထက်အသက်ကြီးတယ်''

''အံမယ်လေးဗျာ၊ သုံးနှစ်လေးကြီးတာနဲ့များ ဘာဖြစ်လဲ၊ နတ်သျှင်နောင်နဲ့ ဓာတုကလျာဆို ၁၉ နှစ်တောင်ကွာတယ်''

''အံမယ် ကိုယ်တော်ကသိလှချည်လား''

''သိဆို ကိုယ့်ထက်အသက်ကြီးတဲ့လူကိုကြိုက်တော့၊ ဖတ် တဲ့ရတု၊ ကဗျာတို့၊ ဝတ္ထုတို့၊ ကာတွန်းတို့ဆိုရင် ဇာတ်လိုက် မင်းသမီးက ကြီးတဲ့ဇာတ်မျိုးမှ ရွေးဖတ်တာ၊ အဲဒီဇာတ်မျိုးမှ ဖတ်လို့ကောင်းတာ၊ မင်းသမီးက အသက်ပိုကြီးပေမယ့် တအားချော၊ တအားလှ၊ တအားချမ်းသာ၊ ပြီးတော့ သိပ် သဘောထားပြည့်ဝပြီး အလိုသိပ်လိုက်တာ၊ ဇာတ်လိုက် မင်း သားငယ်ငယ်က သူ့မမကို တစ်ချက်ညုလိုက်ရင် မမက အရည်ပျော်သွားရောတဲ့''

''ငါကတော့ အရည်မပျော်ဘူး၊ ဟောသလိုပဲ ဆော်တတ် တယ်၊ ကဲ...ကဲ''

''အားလားလား၊ တကယ်လုပ်တယ်နော်၊ မမက သိပ် ရက်စက်တယ်ဗျာ''

မျိုးလွင်က သူ့ခေါင်းကို ရှုံ့ရှုံ့မဲ့မဲ့လေး ပွတ်ရင်းပြော သည်။

''မမ''



''ဘာလဲ...ဘာလဲ၊ ပြီးမပြီးနိုင်ဘူး၊ စကားကိုများတယ်၊ သောကြာသားလဲမဟုတ်ဘဲနဲ့ စကားကိုများတယ်''

''များဆို ကြာသပတေးနေ့မှာ မွေးတဲ့သောကြာသား လေ''

''များ...များ၊ အဲဒီမှာ တစ်ယောက်တည်းများနေ၊ သွား မယ်၊တင်းသွားဝိုင်းချက်ပေးရဦးမယ်''

''အင်း...မျိုးလွင်အဖြစ်က အပြောင်းအလဲ တကယ်မြန် တယ်နော်၊ မနေ့တစ်နေ့တုန်းကတော့ မမဆိုတဲ့ မိန်းမလှလေး ဟာ ဒီကောင့်ကို ကြင်နာလိုက်တာ၊ ယုယလိုက်တာ၊ အသံချို ချိုလေးနဲ့ မောင်လေးရယ်၊ မောင်လေးရယ်နဲ့၊ ဒီနေ့တော့ အပြတ်ဟောက်နေလိုက်တာ၊ မမဘယ်လောက်ငေါက်ငေါက်၊ အော်...အော် မျိုးလွင်ကတော့ ချစ်နေမှာပဲ၊ တစ်နေ့ မမကို ရအောင်ကျိုးစားမှာပဲ''

စန္ဒီ သက်ပြင်းချရပြီ။

''ကဲ...မမစံသွားမယ်မောင်လေးရယ်၊ ပြောစကားနား ထောင်နော်၊ သူများတွေ အထင်လွဲအောင် မျက်စိနောက် အောင် မနေနဲ့ပေါ့၊ လူတစ်ယောက်ကိုလူတစ်ယောက်က ချစ် တာမဆန်းပါဘူး၊ ဘယ်သူမှ မချစ်နဲ့လို့ ပြောလို့မရပါဘူး၊ မမစံဆိုရင် ခိုင့်ကို ဟိုးအလျင်ကလဲချစ်တယ်၊ ခုလဲချစ်တယ်''

''ဟိုး...ဟိုး၊အဲဒါတွေကျွန်တော် မကြားချင်ဘူး၊ သူများ ကိုချစ်တဲ့အကြောင်းတွေမပြောစမ်းပါနဲ့၊ ကျွန်တော့်ကို ချစ် တယ် ဆိုတဲ့စကားမျိုးပဲ ပြောစမ်းပါ''

''အေး...မင်းနဲ့ယူဖြစ်တဲ့နေ့ကျရင် ပြောမယ်''

''ဘာပြောတယ် မမစံ၊ ကျွန်တော်နဲ့ယူဖြစ်တဲ့နေ့ ဟုတ်လား''

''ဟုတ်တယ်လေ''

''အဲဒီစကားကို မြဲမြဲမှတ်ထားနော်''

စန္ဒီ ပြုံးရင်း ခေါင်းညိတ်သည်။

ထို့နောက် ဘန်ဂလို ရှိရာသို့ ခပ်သွက်သွက်လေးလျှောက်ခဲ့သည်။

သဲသောင်ပြင်တွင်လျှောက်နေသော စန္ဒီ၏ နွဲ့နှောင်းသော ကိုယ်လုံးလေးကို မျိုးလွင်က မှုန်မှုန်လေး ငေးရင်း ကျန်ရစ်ခဲ့သည်။

* * *

အခန်း (၁၃)

ကောင်းကင်ပြင်တွင် ကြယ်ပွင့်များက စာဖိတ်ဖိတ်တဖျပ်ဖျပ်တောက်ပနေကြသည်။

ကတ္တီပါအပြာရင့်ပေါ်တွင် စိန်ပွင့်များဖြန့်ကြဲထားသည့်နှယ်ပင်။

ထိုအပြာရင့်ရောင် စိန်ဇာပဝါကြားမှ မင်းသမီးလေးတစ်ပါး ခြေလှမ်းလေး မကြွတကြွဖြင့် လှမ်းကြွနေသူကား ရာဇတာရာတုကလျာပင် ဖြစ်တော့သည်။

ထိုရာဇတာရာတုကလျာကို မျက်တောင်မခတ် ငေးနေသော မျိုးလွင်၏မျက်လုံးထဲတွင် တာရာတုကလျာ၏ ရွှေမျက်နှာတော်သည် မမစန္ဒီ၏မျက်နှာနှင့် တူလာသည်။

မျိုးလွင်ကိုယ်တိုင်သည်လည်း စပို့ရှပ်နှင့်ဘောင်းဘီရှည်မှ အရောင်ပြောင်လက်တောက်ပသော မင်းဝတ်မင်းသား နန်းတွင်းသားလို ဖြစ်သွားခဲ့သည်။

ထိုနေ့သည်ကား....

ဟံသာဝတီ ကေရာဇ်ဘုရင်၏ နှစ်သစ်ကန်တော့ခံ မင်္ဂလာ အခမ်းအနားပွဲ ကျင်းပမည့် နေ့ပေတည်း။

ဟံသာဝတီ နေပြည်တော်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် စည်ကားလျက်ရှိသည်။

ဘယ်နေရာကြည့်ကြည့် သစ်လွင်သော၊ လှပသော ဝတ်စားပြင်ဆင်မှုများဖြင့် တက်ကြွပျော်ရွှင်နေကြသည်။

နယ်စုံလူစုံ ဗိုလ်ပုံပရိသတ်အစုံ တက်ရောက်ကြမည်ဖြစ်သည်။

မှန်ပါသည်။

ဟံသာဝတီကေရာဇ်ဘုရင်အား လက်အောက်ခံဘုရင်ငယ်များ၊ နယ်စားပယ်စားများ၊ စော်ဘွားစော်ခံများ စသည်တို့က လက်ဆောင်ပဏ္ဏာတော်များစွာဖြင့် ဖူးမြော်ကန်တော့ကြရမည်ဖြစ်သည်။ သစ္စာခံကြရမည်။

တောင်ငူဘုရင်နှင့် သားတော် နတ်သျှင်နောင်တို့သည်လည်း ထိုအခမ်းအနားသို့ ပါဝင်တက်ရောက်ကြရမည်ဖြစ်သည်။

ထို့ကြောင့်လည်း နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာတို့ တွေ့ဆုံဖို့ အကြောင်းဖန်ခဲ့ခြင်းပင်ဖြစ်သည်။

ရာဇဓာတုကလျာသည် ဟံသာဝတီကေရာဇ်ဘုရင်၊ ဘုရင့်နောင် ကျော်ထင်နော်ရထာ၏ သမီးတော်ကြီးဖြစ်သည်။

ရာဇဒေဝီမိဖုရားကြီးမှ ဖွားမြင်ခဲ့သူ။

ငယ်စဉ်ကပင် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံခဲ့သူ။



နေပြည်တော်တွင် ဓာတ်တော်ပွဲသဘင် ဆင်ယင်ကျင်းပစဉ် ဖွားမြင်တော်မူခဲ့သဖြင့် ရာဇဓာတုကလျာဟု ဘွဲ့မည် ပေးတော်မူခဲ့ကြသည်။

ဓာတုကလျာအား ဟံသာဝတီခေတ်၏ အချောဆုံး၊ အလှဆုံး ကြယ်တစ်ပွင့်ဟု ဂုဏ်ထူးဝိသေသပြုရမည် ဖြစ်သည်။

သူ၏အလှအပ အချောအယဉ်ကြောင့် ထိုခေတ် နန်းသောင်းနန်းလျာ မင်းညီမင်းသားများ ရတက်မီးပွေခဲ့ကြရသည်။

ဓာတုကလျာအတွက် စစ်မက်အရေးအသွေးလည်း ဖက်ပြိုင်ခဲ့ကြရသည်။

ထိုမင်းညီမင်းသားများအကြားတွင် ဓာတုကလျာကို အစွဲကြီးစွဲ အသဲကြီးသဲခဲ့သူမှာ နတ်သျှင်နောင်ပင် ဖြစ်ခဲ့သည်။ ဓာတုကလျာအား ပိုင်ဆိုင်ရရှိရေးအတွက် နှစ်ကာလ ကြာညောင်းစွာပင် ဇွဲကြီးကြီးဖြင့် ကြိုးပမ်းခဲ့ရရှာလေသည်။

ဓာတုကလျာ၏ အချောအလှသတင်းကို ကြားကတည်းက မောင်မောင်နတ်သျှင်နောင် တွေ့ဖူးမြင်ဖူးချင်နေခဲ့သည်။

ယခုတော့ ဟံသာဝတီကေရာဇ်၏ နှစ်သစ်ကန်တော့ခံ မင်္ဂလာအခမ်းအနားတွင် ဆုံတွေ့ရလေပြီ။

ဓာတုကလျာကို မြင်တွေ့ရလေသောအခါ မောင်မောင်တစ်ယောက် ပါးစပ်အဟောင်းသား မျက်တောင်မခတ်တမ်း အငေးကြီး ငေးနေရလေပြီ။

“ဗြော်....နတ်ပြည်ခြောက်ထပ်က မိုးကျ ကျလာသည့် နတ်သူဇာများလား မမရယ်”

သည်လောက်လှနိုင်သူမျိုးကို ယခုလို တွေ့ရမြင်ရမည်ဟု မမျှော်လင့်ခဲ့၊ သည်လောကတွင် ယခုလို လှပသူမျိုး ရှိလိမ့်မည်ဟုလည်း မထင်ခဲ့။

အံ့သြရပြီရော မမရယ်။

ငေးမောရပြီရော မမရယ်။

အံ့သြငေးမောခြင်းကနေ စွဲလမ်းတမ်းတရပြီပေါ့ မမရယ်။

မောင်မောင်က တန်းတန်းစွဲ ချစ်ခင်စွဲလမ်းနေပြီဆိုတော့ မမရော၊ မမအသိုင်းအဝိုင်းကရော၊ ပတ်ဝန်းကျင်ကပါ အံ့သြကုန်ကြတာပေါ့နော်။

ဘာကြောင့်လဲဆိုတော့ မမနဲ့မောင်မောင်တို့က အသက်ချင်း တစ်ဝက်လောက် ကွာခြားကြတာကိုး။

မောင်မောင်က အသက်(၂၀)။

မမက (၃၉)။

မမက အသက်တစ်ဝက်သာကွာတာ၊ အရွယ်တော်တင်လွန်းလှပါတယ်၊ အလှပန်းတွေ ရွှန်းပျိုနုစိုနေတာပါ။

မမရဲ့ အလှအပက ဘယ်လောက်အထိ စွဲဆောင်နိုင်သလဲဆိုရင် မောင်မောင်တော့ ရတုတွေ၊ ကဗျာတွေတစ်ခုပြီးတစ်ခု ဖွဲ့ဆိုနေမိပါပြီဗျာ။

ဟုတ်ပါသည်။

နတ်သျှင်နောင်သည် မာတုကလျာအတွက် ဘုရားတိုင်၊ မိုးတော၊ မိုးတိုင်၊ မယ်ဘွဲ့မောင်ဘွဲ့၊ ရတု၊ ကဗျာများ ဖွဲ့ဆိုနိုင်ခဲ့သည်။



ရတုကဗျာများကို ဖွဲ့ဆိုရာတွင် နှလုံးသားခံစားချက်ဖြင့် ဖွဲ့ဆိုခဲ့သူဖြစ်သည်။ ချစ်မေတ္တာအတွက် ကလောင်လက်နက် …ကိုင်ခဲ့ဟန်တူပေသည်။ ထို့ကြောင့် သူ့ရတုကဗျာများမှာ ပြောင်မြောက်လှပါသည်။ စကားအသုံးအနှုန်းကြွယ်၍ ယဉ် …ကျေးလှပနေသည်၊ ထို့ကြောင့်လည်း စာပေပညာရှင်များက နတ်သျှင်နောင်အား ရတုတံခွန်စိုက်စာဆိုဟူ၍ ဂုဏ်ပြုမြှောက် …စားခဲ့ခြင်းဖြစ်မည်။

… တကယ်တော့ ရာဇဓာတုကလျာကို လွယ်လွယ်နှင့်ရခဲ့သည် …ဟုတ်၊ ၁၀နှစ်၁၀ မိုး ကြိုးပမ်းယူခဲ့ရခြင်းဖြစ်သည်။

သို့သော် ချစ်သူနှစ်ဦးကြည်နူး ပျော်ရွှင်မှုသည်(၇)လမျှ …သာ ကြာရှည်ပြီး ရာဇဓာတုကလျာသည် လောကကြီးကို …သာ၊ ချစ်သူမောင်မောင်ကိုပါ အပြီးအပိုင်စွန့်ခွာသွားလေ …တော့သည်။

“နှစ်ပြိုင်ဘက်ရှာ ဝတီ သာကာ၊ စံရာစံထား၊ ရွေးခဲ့ခြား …ည်၊ သိကြားသမျှ၊ ပြိုင်လျှာသလည်း၊ သော်တာရောင်တွင်၊ …သ်နှယ်ထင်ဟု၊ သခင်ကကို၊ မျှားမိန့်ဆိုလိမ့်”

နတ်သျှင်နောင်၏ ‘ရှစ်ဆိုင်ရွက်ကြာ’
ဘုရားတိုင် ရတုမှ

“ဝုန်း”

“အံမယ်လေးဗျာ”

“ဟား....ဟား....ဟား”

“ခစ်....ခစ်....ခစ်”

မျိုးလွင်ရင်ထဲတွင် အေးခနဲ၊ သိမ့်ခနဲဖြစ်သွားပြီး အော
သို့ ဝုန်းခနဲကျသွားခြင်းဖြစ်သည်။

အိပ်မက်ထဲမှတော့ မမကလျာနှင့် သေကွဲကွဲရသဖြင့် ၏
ဝဋ်ာအပြင်ဘက် လွင့်ထွက်သွားခြင်းဖြစ်သည်။

ငလာလောဆယ် ဘဝမှာတော့ ကားစီးလာရင်းငိုက်မ
ရာမှ ကားအကွေ့တွင် အရှိန်ဖြင့် ပြုတ်ကျခြင်းဖြစ်သည်။

အားလုံးက ဝိုင်းဟားကြသည်။

သုံးနှစ်သမီး ဒန္တီလေးကလည်း မမစံပေါင်ပေါ်မှ
ရင်း လက်ခုပ်လက်ဝါးတီးရင်း ရယ်နေခြင်းဖြစ်သည်။

မမစံကလည်း ပြုံး၍ကြည့်နေသည်။

ကားဝမ်းထဲမှာ လက်ထောက်ရင်း မျိုးလွင်က အားလုံ
မျက်လုံးနီနီကြီးဖြင့် ကြည့်ရာမှ ကုန်းထလိုက်ပြီး....

''ဘာရယ်တာလဲ၊ အားလုံးရယ်တာ အရေးမကြီး
ညည်းလေးက ဘာကိစ္စရယ်တာလဲ၊ ကဲ....ရယ်ဦး၊ ရယ်ဦး

ပြောပြောဆိုဆို မျိုးလွင်က ဒန္တီ၏ပါးဖောင်းဖောင်းကို
ကြမ်းကြမ်းလေး မွှေ့နမ်းနေသဖြင့်ကလေးက စိတ်ဆိုးပြီး ငို
လေပြီ။

''ဟဲ့....ဘာလို့ ဒီလောက်ကြမ်းကြမ်းတမ်းတမ်း လုပ်
လဲ၊ ကဲ....ကဲ ဟုတ်တယ်၊ စိတ်တိုလာပြီ''

စန္ဒီလည်း စိတ်တိုပြီး မျိုးလွင်၏ခေါင်းကို လှမ်းခေါ
ထည့်ပစ်လိုက်သည်။

သူနာ မနာတော့မသိ၊စန္ဒီ့ လက်ခေါက်တွေတော့ နာသွာ
သည်။အားလုံးက ဝိုင်းရယ်ကြသဖြင့်....



မျိုးလွင်က မှုန်တေတေ မော့ကြည့်ရင်း....

''မမစံကလဲ ကလေးကိုနမ်းတာပဲ၊ အူပုပ်နေလိုက်တာ၊
ကိုနမ်းတာကျနေတာပဲ''

ဆိုစကားကြောင့် အားလုံးဝိုင်းရယ်ကြပြန်သည်။

မရယ်သူဆို၍ စန္ဒီနှင့် သိင်္ဂီသာရှိသည်။

စန္ဒီ စူပုပ်ပုပ်မျက်နှာဖြင့် မျက်နှာလွှဲ၍ ထိုင်နေလိုက်သည်။
မျိုးလွင်ကို မျက်လုံးခြင်းမဆုံအောင် နေလိုက်သည်။

အပြန်ခရီးတွင်ညအိပ်နားခြင်းမရှိ၍အားလုံးပင်ပန်းနေပြီ။
နောက်နေ့တစ်နေ့လုံး အနားယူ၍ မဆုံကြ။

အားလုံးလည်း မည်းကြုတ်နေကြသည်။

''အဓမ္မသမီးကြီးက ငပလီမှာ ရည်းစားရခဲ့တာသိလား''

''မီးဖိုထဲဝင်တော့မည့် စန္ဒီ့ခြေလှမ်းများ ရပ်တန့်သွား
သည်၊ သိင်္ဂီက ထမင်းစားပွဲဝိုင်းတွင် ကြက်သွန် ကူခွာပေးရင်း
ပြောနေခြင်းဖြစ်သည်။

''ဘယ်သူနဲ့လဲ''

''မျိုးလွင်နဲ့ပေါ့''

''ဩော်....ဒါလား၊ ဒီကောင်လေး မစံကို စိတ်ဝင်စားနေ
တာ မေ့မေ့မသိသားပဲ၊ သမီးကြီးက မျိုးလွင်ကို တကယ့်မောင်
ရင်းလေးလို ချစ်တာပါ''

သိင်္ဂီက စိတ်တိုသလိုပုံစံဖြင့်....

''ဘယ်ကလာ မောင်လေးလို ချစ်ရမှာလဲ၊ ပေလီမှာ သူ
တို့နှစ်ယောက် အကြည်စိုက်နေတာ မျက်စိတောင် ရှက်ဖို့
ကောင်းသေးတယ်''

ဒေါ်စမ်းနုက သက်ပြင်းချလျက်....

''သူတို့ကြိုက်နေကြလဲ အမေကတော့ ဘာမှမပြော
တော့ပါဘူး၊ ပထမရည်းစားတုန်းကလဲ ဇွတ်ခွဲခဲ့တယ်၊ အ
တစ်ခါလဲ ခွဲမယ်ဆိုရင် မေခမ ဘယ်တရားပါမလဲ၊ သူ့ခ
ခိုင်နဲ့တုန်းကလဲ အခတော်ခံစားခဲ့ရတာ၊ မေမေထင်ထားတ
က ခိုင်ဆိုတဲ့ကောင်ကလွဲရင် တခြား ဘယ်သူ့ကိုမှ ယူ
မယ်မထင်ဘူး၊ ခုတော့ မျိုးလွင်နဲ့နီးစပ်ပြီး သံယောဇဉ်တွ
တယ်ဆင်ပါရဲ့''

သိင်္ဂီက မျက်ခုံးလေးတွန့်လျက်....

''မျိုးလွင်ထက်စာရင် ကိုခိုင်ကမှ သက်တူရွယ်တူ
မယ်၊ ပြီးတော့ ခုလောက်ဆို မိန်းမတစ်ယောက်ကို ရှာ
ကျွေးနိုင်တဲ့ အရည်အချင်းပါဦးမယ်''

''မျိုးလဲ ဘွဲ့ရမယ့်လူငယ်ပဲကွယ်၊ အသက်ချင်းကွာလဲ
နှစ်လောက်ပဲ၊ အလုပ်အကိုင်ရတော့ ယူချင်ယူပါစေ''

''ဟွန့်....ပြောတော့ဖြင့် သူ့လောက် မိဘကိုချစ်တ
မောင်နှမကို ချစ်တာမရှိဘူး၊ အခမ ဘာသိလဲ၊ သူ့ကိုယ်
သိပ်နာမည်ကောင်းယူတာ၊ သူ့သူငယ်ချင်းတွေက ဘာပြော
တယ်မှတ်သလဲ၊ စန္ဒီက သူ့အမေကို ချစ်လွန်းလို့ သူ့ရည်
စားကိုမယူဘဲ နေတာတဲ့၊ သိပ်လိမ္မာတဲ့ သမီးတဲ့''

''သူတို့ပြောတာလဲ ဟုတ်သားပဲလေ''

သိင်္ဂီ ထိုအပြောကို လုံးဝမကျေနပ်။

တစ်ခုတော့ အံ့သြမိသည်။



သိင်္ဂီသည် သူ့မမစံကို အလွန်ချစ်၊ အလွန်ရိုသေသူ။ ယခု
ဘာဖြစ်နေသနည်း။ အစ်မဖြစ်သူ၏ မကောင်းကြောင်းကိုသာ
ပြောနေသည်။

ကေန္တီ မျိုးလွင်ကိုများ သိင်္ဂီ စိတ်ဝင်စားနေရော့သလား။

အင်း....ဒါလည်းဖြစ်နိုင်သည်။

အလျင်က တပူးပူးတတွဲတွဲ လုပ်နေခဲ့ကြသူတွေ မဟုတ်
လား။ သိင်္ဂီ့ကို ကြိုက်ဖို့များသည်မဟုတ်လား။

မျိုးလွင် ပြီးခဲ့သည့်နှစ်ကစပြီး စန္ဒီ့ကိုသာ တငေးငေး
တမောမောလုပ်လာတာကို ဘေးလူတွေ အကုန်ရိပ်မိသည်။

စန္ဒီ အိပ်ခန်းဘက်ဆီ ပြန်ထွက်ခဲ့သည်။

သိင်္ဂီ ဘစ်ယောက်တော့ မိမိကို အထင်လွဲနေပြီ။

တကယ်ဆိုလျှင် မိမိရင်ထဲမှ ဆန္ဒနှင့်စေတနာကို သူမ မသိ
၍ ယခုလိုပြောနေခြင်းသာ ဖြစ်သည်။

မိမိ၏ဘဝသည် မိသားစုအတွက်ပါ။

မိခင်ဖြစ်သူ စိတ်ချမ်းသာရန်အတွက် အချစ်ဦးကို စွန့်လွှတ်
ခဲ့ရပြီးပါပြီ။ လွယ်လွယ်လေး စွန့်လွှတ်ခဲ့ခြင်းမဟုတ်ပါ၊ နှစ်
ပေါင်းများစွာ ဆွေးမြည့်လွမ်းဆွတ်ခဲ့ရပါသည်။

ယခုလည်း ညီမငယ်စိတ်ချမ်းသာစေဖို့ မျိုးလွင်ကို စိမ်း
ကားရပါဦးမည်၊

* * *

## အခန်း (၁၄)

ချက်ပြုတ်လျှော်ဖွပ်ပြီး ရေမိုးချိုးကာ လဲ့မူတို့အိမ်သွားဖို့ ထွက်ခဲ့သည်။

ဆိတ်ငြိမ်ရပ်ကွက်ဆီမှ လမ်းထိပ်ရောက်အောင် အတော် လျှောက်နေပါသေးသည်။

တက္ကသိုလ်ကျောင်းမှ ဘွဲ့ရသူဖြစ်၍လည်းကောင်း၊ လူ ချောမွေ့သူဖြစ်၍လည်းကောင်း၊ ရှိတာလေးနှင့် လှပအောင် ဝတ်စားပြင်ဆင်တတ်၍လည်းကောင်း စန္ဒီသည် ကြော့ကြော့ မော့မော့လေးနှင့် လှလှပပလေး ရှိနေပါသည်။

အပြာရင့်ရောင် လည်ဟိုက်လက်ပြတ်ကြောင့် စန္ဒီ့အသား မှာ ပို၍ ဝင်းစက်နေသည်။

အနက်ဖြောင်ပေါ်တွင် အပြာလုံးလေးများပါသော ပိုး ပျော့ထဘီကို ခပ်တိုတို ဝတ်ပြီး မထူမပါး ကွင်းစွပ်ကတ္တီပါ ခုံမြင့်ဖိနပ်ကြောင့် စန္ဒီ့ခြေအစုံမှာ ပို၍ ဖြူဖွေးနေသည်။



သားရေပိုက်ဆံအိတ် အနီရဲရဲလေးကို လက်တစ်ဘက်နှင့် ဆွဲပြီး ခေါက်ထီးပန်းနုရောင်လေးကို ဆောင်း၍လျှောက်လာ သော စန္ဒီသည် မြင်သူခင်းလောက်ပါပေသည်။

"ဟိုး....ဟိုး"

ကားတစ်စီး အနီးမှဖြတ်သွားပြီး ရပ်ဒိုင်းသည့်အသံ၊ နောက်မှ ပြေးလိုက်လာသည့်အသံတို့ကို ကြားနေရသည်။

"မမစံ ဘယ်သွားမလို့လဲ"

အသံကြားမှ မျိုးလွင်မှန်းသိတော့သည်။

"အလုပ်ကိစ္စလေ"

"မမစံ အလုပ်ရှာနေတာ ကြာပြီနော်"

"အင်း"

"ဘာအလုပ်တွေလုပ်ဖို့ ရည်ရွယ်ထားလဲဟင်....မမစံ"

"အလုပ်မရွေးအားပါဘူး၊ ဘယ်မှာရရ၊ ကိုယ့်သိက္ခာ မကျတဲ့အလုပ်ဆို လုပ်မှာပဲ၊ ကိုယ့်အိမ်စီးပွားရေးက ဘာမှရှိ တာမဟုတ်ဘူး"

"မမစံတို့က အမြင့်ကိုပဲမော့ကြည့်တာကိုး။ ကိုယ့်ထက် ဆင်းရဲတဲ့လူတွေကိုမှ ပြန်မကြည့်ဘဲ၊ မမစံတို့က မြေပိုင်တိုက် ပိုင်နဲ့၊ အိမ်ရောခြံရောဆို သိန်းပေါင်းများစွာတန်ပါသေး တယ်၊ ကျွန်တော်တို့ဆိုရင် မြေပိုင်လဲမရှိဘူး၊ အိမ်ဆိုလဲ လခ နဲ့ပေးငှားနေရတာ၊ လစဉ်အိမ်လခပေးနိုင်ဖို့ ကြိုးစားနေရ တာ"

"ဒါတော့လဲ သိတတ်သားပဲ၊ ကိုယ့်မိဘက ကိုယ့်ကို ကျောင်းစရိတ်၊ စားစရိတ်၊ အဝတ်စရိတ်၊ နေစရိတ်တွေ

ကာမိအောင် ခါးချည့်မတတ် ကြိုးစားခဲ့ရတာနော်၊ ကိုယ့် မိဘကိုသနားရင် ချစ်ရင် ကိုယ့်ဘက်ကလဲ ပြန်ပြီးတာဝန် ကျေဖို့ စဉ်းစားဦး၊ ဘွဲ့လေးရဘာနဲ့ မိန်းမယူဖို့ မစဉ်းစားနဲ့"

မျိုးလွင်က ပြုံးလျက်....

"စိတ်ချပါ မမစံ၊ ကျွန်တော် နောက်(၇) နှစ်အတော အတွင်း မိန်းမမယူသေးပါဘူး"

စန္ဒီ မသိချင်ယောင် ဆောင်နေလိုက်သည်။

သူ့စကားကို သိပါသည်။

စန္ဒီ အိမ်ထောင်ပြုလျှင် အငယ်ကောင် သန့်ဇင်ကျောင်းပြီး မှ ပြုပါမည်ဟု သူ့ကို ပြောထားဖူးသည် မဟုတ်လား။

"ကဲ....ကျောင်းကပြန်လာတာမဟုတ်လား၊ သွားတော့ သွားတော့"

"မမစံနဲ့ လိုက်ခဲ့မလို့"

"အို....လိုက်စရာမလိုပါဘူး၊ ငါက သူငယ်ချင်းတွေအိမ် နေတစ်ဆင့် တစ်နေကုန် အလုပ်ကိစ္စနဲ့ပတ်သက်ပြီးသွားရမှာ"

"ရပါတယ်လေ၊ ဒီနေ့ ကျွန်တော်အားပါတယ်"

"မရဘူး....ပြန်ဆိုပြန်နော်"

မျိုးလွင် မျက်နှာလေး ငယ်နေရှာသည်။

ချစ်သောမမနောက်ကို လိုက်ချင်ပါသော်လည်း မမ မခေါ်။ မျက်ရည်ဝဲဝဲ ရယ်ကျဲကျဲလေးဖြင့် ရှက်နေသော မျိုး လွင်မျက်နှာကို မြင်ရတော့ စန္ဒီ့ရင်မှာ တစ်မျိုးကြီးခံစားလိုက် ရသည်။



ရပ်လာသမျှကားများသည် ကျပ်သိပ်၍နေသဖြင့် စန္ဒီ မဘက်ဖြစ်သေး။

မျိုးလွင်က မလှမ်းမကမ်းတွင် စာအုပ်ကို လက်နှစ်ဘက် ဖြင့်ပိုက်၍ မျက်နှာငယ်ငယ်ဖြင့် ရပ်ကြည့်နေဆဲ ဖြစ်သည်။

စန္ဒီ တိတ်ဘခိုး သက်ပြင်းချမိသည်။

သည်ကောင်လေးတော့ ဒုက္ခပါပဲ။

"မျိုး....ခဏလာဦး"

ချိုသာသောအသံဖြင့် လှမ်းခေါ်မိသည်။

မျိုးလွင်မျက်နှာမှာ သိသိသာသာ ပြောင်းလဲသွားပြီး ဝမ်း သာအားရ ပြေးလာသည်။

"မျိုးက ခုမှ ကျောင်းကပြန်လာတာ မဟုတ်လား၊ မနက် အစောကြီးကတည်းက ထွက်သွားတဲ့မျိုးကို ပြန်ချိန်တန်လို့ ပြန်မလာရင် မျိုးမေမေက မျှော်နေမှာပေါ့၊ စိတ်ပူနေမှာ ပေါ့၊ ထမင်းလဲ စားရသေးတာမဟုတ်ဘူး၊ မျိုး ကျောင်း ပိတ်တဲ့နေ့ကျရင် မမအပြင်ထွက်တဲ့ နေ့နဲ့ကြုံရင် ခေါ်မယ်၊ ကြားလား"

"မမက ကျွန်တော်ကျောင်းပိတ်တဲ့နေ့ကျရင် အပြင်ထွက် ဦးမှကိုး"

"အပြင်မထွက်လဲ အိမ်မှာရှိဘာပဲ"

"အိမ်မှာရှိတော့ရော တွေ့ရလို့လား၊ တမင်ပုန်းနေပြီး တော့၊ မျက်နှာကလဲ ပုပ်သိုးထားတာရော၊ ရပါတယ်ဗျာ၊ မမက မချစ်လို့ မတွေ့ရမမြင်ရ စကားမပြောရတာကို ဘယ် လိုမှ မခံစားရပေမယ့် ချစ်ရတဲ့သူကျတော့ တမင်စကား

မပြောချင်လို့ ရှောင်ပုန်းနေမှန်းသိတာကိုတောင် ရင်မှာ ဝေဒနာခံစားရင်းနဲ့ တွေ့ရနိုးနိုး မြင်ရနိုးနိုး မျှော်ကိုးနေမြဲပါနော်''

စန္ဒီက အရည်ရွှန်းလဲ့သော မျက်လုံးအစုံဖြင့်....

''ကဲ...ဒါဆိုအခုလိုက်ခဲ့၊ ကျောင်းအားတဲ့ရက်ကျရင် တွေ့ခွင့်မပေးတော့ဘူး''

''ရတယ်၊ နောင်ခါလာ နောင်ခါစေ့းပဲ''

မျိုးလွင် ချက်ချင်းမြူးကြွသွားသည်။

''မမစံ ဒီမှာ မစီးနဲ့၊ လမ်းစုံမှာ သွားစီးမလား၊ ကားစုံတော့ နေရာကောင်းကောင်းလဲ ရတာပေါ့နော်''

''သွားလေ''

စန္ဒီက ကိုယ့်လမ်းကိုယ်လျှောက်သော်လည်း မျိုးလွင်တစ်ယောက်ကတော့ သူချစ်သော မြတ်နိုးသော မမစံနှင့်အတူ တွဲသွားရသဖြင့် ဝမ်းသာကြည်နူးပြီး ဣန္ဒြေမရ ဖြစ်နေသည်။ ခုန်လိုက်၊ ပြေးလိုက် စန္ဒီ့မျက်နှာကို လှမ်းငေးလိုက်နှင့် ဖြစ်နေသည်။

''တဲ့...တဲ့''

စန္ဒီ့မျက်နှာကို လှည့်လှည့်ကြည့်ရလွန်းသဖြင့် ခလုတ်တိုက်သည့် အကြိမ်ပေါင်းကလည်း မနည်းတော့။

''ကောင်းကောင်းလျှောက်လေ မျိုးရယ်''

''ကောင်းကောင်းတော့ လျှောက်တာပါပဲ၊ ဒါပေမယ့် မျက်လုံးက ဘေးကို ရောက်ရောက်နေလို့လေ၊ တဲ...တဲ''



ခလုတ်တိုက်ပြီး ဖရိုဖရဲဖြစ်သွားသော မျိုးလွင်ကို စန္ဒီက လက်မောင်းလေး လှမ်းဆွဲ၍ ထိမ်းပေးသည့်အချိန် မျိုးလွင်က ချစ်သောမမကို မြတ်နိုးစွာ မော့ကြည့်ရင်း ရယ်နေသည့် အချိန်....

ထိုအချိန်တွင်မှ လိုင်းကားရှေ့ခန်းမှာ ထိုင်စီးလာသော သိင်္ဂီတစ်ယောက် မြင်သွားပါလေတော့သည်။

သိင်္ဂီ့ရင်မှာ မီးတောင်ပေါက်သလို ဖြစ်နေသည်။

ငယ်ငယ်က မိမိကို အရေးတယူရှိခဲ့သော မျိုးလွင်သည် ယခုနောက်ပိုင်း အဖက်မလုပ်၊ မျက်နှာချင်းဆုံ၍ ခေါ်လျှင် ပြောလျှင်လည်း ပေါ့ပေါ့တန်တန်။

အိမ်မှာနေလျှင်လည်း ခြံထဲဆင်းပြီး မမစံ၏ အရိပ်အယောင်ကိုသာ ရှာဖွေနေတတ်သည်။

သိင်္ဂီ့နှလုံးသားမှာ ဘာတွေဖြစ်နေသည်ကို သူ မသိရော့သလား။

သိင်္ဂီ ထင်ခဲ့ဘယ်လေ။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူဟာ သိင်္ဂီ့ချစ်သူ ဖြစ်လာလိမ့်မည်ဟု။

ခပ်ငယ်ငယ်တုန်းက တွေ့ကာစတုန်းက သူ သိင်္ဂီ့ကိုသာ ခေါ်ခဲ့ ပြောခဲ့သည်။ မမစံကို အရေးပင် မလုပ်ခဲ့။

လွန်ခဲ့သည့် (၂) ခန့်က စ၍ သူ ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။

ယခုတော့ သေချာပါပြီ။

မမစံက အိမ်မှာကြည့်တော့ ဣန္ဒြေကြီးနှင့်။ မျိုးလွင်ကိုလဲ မကြိုက်သလိုလို မဆက်ဆံချင်သလိုလိုနှင့် ဟန်လုပ်နေသည်။

အဟင်း....ဟင်း၊ မမစံက ကုတ်ကမြင်း လုပ်နေတာကိုး။

''တက်....တက်၊ မမစံ အလျှင်တက်''

လိုင်းကားက လူတွေ ပြည့်ကျပ်နေသည်။

စန္ဒီ့အတွက် တစ်နေရာစာပင် မနည်း ဝင်ထိုင်ရသည်။ မျိုးလွင်က နောက်ဘက်မှ ခိုတွယ်၍ လိုက်လာသည်။

''မျိုး၊ ကောင်းကောင်း လိုက်ခဲ့နော်''

စန္ဒီက အတွင်းဘက်မှ လှမ်းပြောခြင်း ဖြစ်သည်။

''ဟုတ်ကဲ့ မမစံ''

''နေရာရော ရှိရဲ့လား''

''ရတယ် မမစံ''

''မင်းစာအုပ်တွေ ပေးထား၊ မမ ကိုင်ထားမယ်''

''ရော့....ရော့''

မျိုးလွင်က အတွင်းဘက်သို့ လက်ဆင့်ကမ်း၍ ပေးသည်။ ကားအတွင်းရှိ ခရီးသည်များက ငေးယူရအောင် ချောမောလှပသော စန္ဒီနှင့် မျိုးဆိုသည့် ကောင်လေးတို့နှစ်ယောက် ပြောဆိုဆက်ဆံပုံကို အကဲခတ်နေကြသည်။

စန္ဒီဆိုသည့်မမသည် နည်းနည်း သည်းသည်ဟု ထင်ကြ၏။ သူ့ကောင်ကလေးကို အစိုးရိမ်လွန်နေသည်။

မိုးဖွားလေးများ ကျလာသောအခါ သူ့မောင်ကလေး မိုးစိုမည်စိုး၍ နောက်ဘက်ဆီသို့ ကုန်း၍ကုန်း၍ ကြည့်နေတတ်သည်။



နောက်ဘက်ဆီမှ မောင်မောင်လူချောကလည်း ကားထဲ ငုံ့နေသည့် မမကို ပျောက်သွားမှာ စိုး၍လားမသိ တစ်ချိန် ဦး လှမ်းလှမ်းကြည့်နေတတ်သည်။

မိုးက တဖွဲဖွဲမှနေ၍ ခပ်သဲသဲလေး ရွာလေပြီ။

ကားဂိတ်တစ်ခုတွင် စန္ဒီ့ဘေးမှ လူတစ်ယောက် ဆင်း သွားသေသောအခါ အခြားလူတစ်ယောက်က ဝင်ထိုင်ဖို့ ပြင် လာသည်။

''ဒီနေရာမှာ ကျွန်မမောင်လေး ဝင်ထိုင်မှာရှင့်''

ထိုသို့ပြောရင်း....

''မျိုးရေ၊ လာ....လာ၊ ဒီမှာဝင်ထိုင်၊ ခရီးက အဝေးကြီး သွားရဦးမှာ''

''လာပြီ၊ လာပြီ''

အသဲကို ရောက်ဖို့ အတော်ကြိုးစားဝင်ခဲ့ရသည်။

စန္ဒီ့ဘေးရှိ ခပ်သေးသေးနေရာတွင် ဝင်ထိုင်ဖို့ မနည်း ကြိုးစားရသည်။

''မမ ထိုင်ရကျပ်နေမယ်ထင်တယ်''

မျိုးက အားနာသလိုပြောသည်။

''ရပါတယ်၊ အားလုံးဒီလိုပဲသွားလာနေကြရတာပဲ''

နေရာချောင်စေရန် စန္ဒီက ရှေ့ဘက်ကို တိုးထိုင်သဖြင့် ငြို့ကိုယ်လုံးလေး မျိုး၏ရင်ခွင်ကျယ်ထဲသို့ တကိုယ်လုံးရောက် နေသည်။ စန္ဒီ့ကိုယ်မှ သနပ်ခါးနံ့ သင်းသင်းနှင့် ဆံပင်မှမွှေး ပျံ့သော ယနံ့က မျိုးလွင်နှာဝတွင် ဝေ့လည်နေသည်။

ယခုတော့လည်း မမသည် မိမိအပေါ်တွင် ကြင်နာရှာ
သည်။

ကားပေါ်မှ ဆင်းလာသောအခါ....

"ကြည့်စမ်း၊ မင်းကိုယ်ပေါ်မှာ ရေတွေ တော်တော်စို
တာပဲ။ ခေါင်းမှာလဲ ရွှဲလို့၊ တော်ကြာ ဖျားနေဦးမယ်"

"ရပါတယ်မမရဲ့၊ ခါတိုင်းလဲ ဒီလောက်တော့ စိုနေ
ပါ"

ကားဂိတ်မှ လဲ့မူတို့အိမ်ရောက်ရန်အတော်လျှောက်ရသေ
သည်။ မိုးက ရွာနေဆဲဖြစ်၍ စန္ဒီတို့နှစ်ယောက် ထီးတ
ချောင်းကို နှစ်ယောက်အတူ ဆောင်းခဲ့ကြရသည်။

နှစ်ယောက်လုံး မြင့်မြင့်ထွားထွားဖြစ်သလို၊ တစ်ယော
က ဖြူဝင်းနေသော အသားနှင့် ခြေဆုံးခေါင်းဆုံးလှသူ။

တစ်ယောက်ကလည်း ယောကျ်ားပီပီသသ မျက်
ကောင်း၊ မျက်လုံးကောင်းနှင့် ညိုချော ချောသည်၊ မော
ချော။

မျိုးလွင်က ထီးကိုကိုင်ထားပြီး စန္ဒီက မျိုးလွင်၏ လ
မောင်းကို တရင်းတနှီးဆွဲကိုင်၍ ပူးပူးခွေခွေလေး လျှေ
လာသည်ကို ကြည့်ပြီး လမ်းသွားလမ်းလာများက တီးတိုးတိ
တိုး ပြောသွားကြသလို၊ လမ်းထဲရှိ အိမ်များ၏ ဝရန်တာမျာ
မှလည်း မသိမသာထွက်ကြည့်နေကြသည်။

"နှစ်ယောက်လုံး ချောလိုက်ကြတာနော်၊ သိပ်လိုက်တာ
ပဲနော်"



"ကောင်လေးက သူ့အဆက်ကိုပဲ တစ်ချိန်လုံး ကြည့်နေ
တော့တာပဲ"

"ဟဲ့ ... ညားကာစဖြစ်မှာပေါ့၊ ဒါကြောင့် အဖြစ်သဲ
နေတာဖြစ်မယ်"

"ခုမှ စကြိုက်တာလဲ ဖြစ်မယ်ထင်တယ်"

"အဲမျိုးသမီးက တအားချောတယ်နော်၊ ရုပ်ရော၊ ကိုယ်
လုံးရော၊ ဝတ်စားပြင်ဆင်မှုရော ဘာမှ ပြောစရာမရှိဘူး"

"ကောင်လေးကလဲ မျက်ခုံးထူထူ၊ မျက်တောင်ထူထူ
လေးနဲ့ ချစ်စရာလေး၊ ကောင်လေးရုပ်ကြည့်ရတာ သိပ်ချစ်
တတ်မယ့်ပုံပဲနော်"

ထိုစကားတွေကို ထပ်ဆင့်ကြားလာရသော စန္ဒီတို့နှစ်
ယောက်၏ရင်မှာ သာယာသလိုလို၊ ကျေနပ်သလိုလို၊ကြည်နူး
သလိုလိုဖြစ်နေကြတာအမှန်။

မျိုးလွင်လို တစ်ဘက်သတ်ချစ်နေသူ မပြောနှင့် ထိန်းထိန်း
သိမ်းသိမ်းနေတတ်သော ဣန္ဒြေရှင် မမစန္ဒီပင်လျှင် တိမ်းညွတ်
ချင်လာသည်။

မျိုးလွင် တယုတယ မိုးပေးသောထီးအောက် ခိုဝင်ရာမှ
မျိုးလွင်၏ ရင်ခွင်ထဲသို့ ဝင်လုနေပြီ။

တစ်လမ်းလုံးရှုပ်ထွက်တွေ စင်လာသဖြင့် အိမ်ရှေ့ အုတ်လှေ
ကားထစ်အောက်ရှိ ရေကန်လေးတွေ ခြေဆေးကြသည်။မျိုးလွင်
က ထီးကိုတစ်ဘက်က ကိုင်ထားပေးသလို ရေခွက်ဖြင့် ရေ
လောင်းပေးနေသည်။

"ရတယ်၊ မမအိမ်ပေါ်တက်နှင့်ပါ"

စန္ဒီက မျိုးလွင်၏စာအုပ်များနှင့် သူမ၏လက်ကိုင်အိတ် ပွေ့ရင်း အိမ်ပေါ်တက်ခဲ့သည်။ မျိုးလွင်က ခြေထောက် စင်ကြယ်အောင် ဆေးရင်း ကျန်ရစ်ခဲ့သည်။

လဲ့မူက မလာစဖူး တွဲလာသော စန္ဒီကို မျက်ခုံးရောမျက် ရော ပင့်ရင်း ဘယ်လိုလဲဟု အသံတိတ်မေးလိုက်သည်။

စန္ဒီက ယဲ့ယဲ့လေးပြုံးနေသဖြင့်....

"ဘာလဲ၊ မောင်မောင်ချော့လို့ပျော့သွားပြီလား၊ အရ ပျော်သွားပြီလား၊ ခိုင်လှပါချည်ဆိုတဲ့ အသည်းတွေ ကြွေသွ ပြီလား"

"ထင်ချင်တာထင်ကွာ၊ ကိုယ်တော့ ဘာမှမပြောချင်တေ ဘူး"

"တိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပေါ့ဟုတ်လား"

"ထင်ချင်တာထင်လို့ဆိုနေ"

မျိုးလွင် အပေါ်တက်လာပြီဖြစ်သည်။

"လာ....လာမျိုး၊ မိုးတွေရွာလာကြတာပဲ၊ အဝတ်အစ တွေ လဲတိုက်ကြပါလား"

"နေပါစေတော့ကွာ၊ ခဏနေပြန်တော့မှာ"

"ဟာ....ဒီလိုလုပ်လို့ မရဘူးလေ၊အဝေးကြီးက လာ တာ၊ချက်ချင်းဘယ်ပြန်လို့ဖြစ်ပါ့မလဲ၊ ဘာလဲ မောင်လေး ပ လာလို့ ကြာကြာမနေဘဲ တခြား လျှောက်လည်ချင်ရင်တော့ မတားဘူးနော်"

"လုပ်ပြီကွာ၊ မင်းကတော့ မဟုတ်တာ"



"မဟုတ်ရင် အေးအေးဆေးဆေး ခါတိုင်းလိုပဲပြန်၊ မိန္ဒယ် ထဲ သွားခေါ်ခိုင်းလိုက်ဦးမယ်၊ ကဲပါ....အဝတ်အစားတွေ ားလိုက်ကြဦး၊ တော်ကြာ ဖျားနာနေဦးမယ်၊ မျိုး ာ်လဲ ပုဆိုးနဲ့စပို့ရှပ်တစ်ထည် ထုတ်ပေးမယ်၊ ပြီးရင် ပူပူလေးတစ်ခွက်စီလောက် သောက်ထားလိုက်ကြ၊ နွေး းအောင်ပေါ့"

ယ်ပါရောက်လာပြီး သူတို့သုံးယောက်တခွီးခွီးတခစ်ခစ် နေကြသည်၊ မျိုးလွင်ထံသို့ လက်ဖက်သုပ် ရောက်လာ ည်၊ ခေါက်ဆွဲကြော် ရောက်လာသည်။ နောက်တစ်ကြိမ် းရောက်လာသည်။ ကာတွန်းတွေ အထပ်လိုက် ဖတ်ခိုင်း းသည်။

မိုးရွာသဖြင့် အလုပ်ကိစ္စမထွက်ဖြစ်ကြတော့ဘဲ မျိုးလွင် ာသဖြင့် မျိုးလွင်နှင့် စန္ဒီကို စနေ၊ နောက်နေကြသည်။ ညနေ (၅) နာရီခန့်ကျမှ အိမ်ပြန်ဖြစ်သည်။ ကားဂိတ်ကို လဲ့မူနှင့် နွယ်က လိုက်ပို့ပေးသည်၊ ကားထွက်ခါနီး နွယ်က....

"ဟေ့ကောင်....အိမ်ရောက်အောင်ပြန်နော်၊ မျိုးက ခိုင့် ာဘူး၊မင်းအိမ်မရောက်ရင် ငါတို့အမူပတ်နေဦးမယ်" စန္ဒီက မျက်စောင်းထိုးသည်။

လဲ့မူတို့ လက်ပြ၍ ကျန်ရစ်ခဲ့ကြသည်၊

"မမသူငယ်ချင်းတွေက တစ်ကယ် အစ အနောက် သန် ာယ်နော်၊ မမတော့ မဟုတ်ဘဲအပြောခံနေရတော့ စိတ် နေမှာယ်ထင်တယ်"

"မျိုးလွင်က ခပ်တိုးတိုးပြောသည်။

"တစ်နေ့ အဖြေပေါ်လာမှာပဲလေ"

"သူတို့ထင်သလိုဖြစ်လာရင် သိပ်ကောင်းမှာပဲဗျာ"

စန္ဒီက မသိချင်ဟန် ဆောင်နေသည်။

တစ်လမ်းလုံး စကားမပြောဖြစ်ကြ။ ကားပေါ်ကဆင်

"မမ"

"ဟင်"

"အိမ်နားရောက်တာနဲ့ ပုံစံ ပြောင်းသွားပြီလာ အဖက်တောင် မလုပ်တော့ဘူး"

စန္ဒီ သက်ပြင်းချသည်။

"မမ လို"

"ဘာလဲဟာ"

"ဟော...တွေ့လား၊ အသံက မာလိုက်တာဗျာ၊ တစ်မျိုး ညနေတစ်မျိုး မလုပ်ပါနဲ့ဗျာ၊ အပြောင်းအလ ပါနဲ့"

"မျိုးကလဲကွယ်၊ ခါတိုင်းလဲ ဒီလိုပါပဲ၊ အလ ရှင်း ဘာလို့ဂျီကြနေတာလဲ"

"ဒီနေ့ကို တစ်သက်မမေ့ဘူးဗျာ"

"ဒိုင်ယာရီထဲမှာ မင်နီနဲ့ ရေးထားလိုက်လေ၊ အမှ လေးတစ်ခုအဖြစ်၊ မှတ်တိုင်လေးတစ်ခုအဖြစ်"

မျိုးလွင်က မရှင်သောမျက်နှာဖြင့်...

"အေးပါဗျာ၊ ပြောပါ၊ အဲဒီလိုပြောကတည်းက



ဘယ်လောက်တန်ဖိုးမထားမှန်း၊ ရင်ထဲကမပါမှန်း သိပါ ယ်လေ"

"ပြော...ပြော၊ ပြောချင်တာပြော၊ သိချင်တာသိ"

လမ်းထဲသို့ ချိုးကွေ့ခဲ့ကြပြီ။

"မမ"

"အင်း...ပြော"

"ခုနေမိုးရွာရင် စောစောကလို ထီး အတူဆောင်းသွား လားဟင်"

"ထီးအတူဆောင်းတာများ အဆန်းလုပ်လို့တာ"

"အိမ်အထိလေ"

"အေးပေါ့၊ မိုးမစိုစေချင်လို့ဟာ၊ အိမ်အထိမဆောင်း တော့ ဘာထူးဦးမှာလဲ"

"အိမ်ကလူတွေ တစ်မျိုးထင်မှာ မကြောက်ဘူးလား"

"ထင်ချင်သလို ထင်ပစေကွာ"

"အထင်ခံနိုင်တယ်ပေါ့လေ"

"တစ်နေ့ အဖြေမှန်ပေါ်လာတော့လဲ သိကြမပေါ့"

မျိုးလွင် တစ်ခုတော့ ကျေနပ်သည်။ မမစံသည် အလှင်က ို မောက်မောက်မာမာ ရိုင်းရိုင်းစိုင်းစိုင်းကြီး မဆက်ဆံ တော့။

အထိုက်အလျောက် ဆက်ဆံနေသည်။နှစ်သိမ့်သည့်သဘော ျိုး ဆက်ဆံခြင်းများလား။

ဘာပဲဖြစ်ဖြစ် အလျင်ကထက်စာလျှင် အများကြီး မိမိ အပေါ် အလိုလိုက်လာသည်။

ခြံဝသို့ ရောက်ခဲ့ပြီ၊

"မမ"

"ပြော"

"နောက်ထပ် ဘယ်တော့ တွေ့ရဦးမလဲ"

"ဩော်....တစ်ခြံဘည်းနေနေတာပဲကွာ၊ မတွေ့ဘဲ မ
မလား"

"မဟုတ်ဘူးလေ၊ ခုလို အတူလျှောက်လည်ဖို့ပြောတ

"ကြုံတဲ့တစ်ခနေ့ပေါ့"

"ကျွန်တော်ကတော့ လမ်းထိပ်က ထိုင်စောင့်နေမှာ"

"စန္ဒီဆိုတဲ့မိန်းမက တခြားမိန်းမနဲ့ မတူဘူးနော်၊
ကောင်းရှိရင် သူများထက် ပိုရှိသလို၊ စိတ်တိုလာရင်လဲ
များထက်ဆိုးတယ်"

"ကြောက်ပါတယ်ဗျာ၊ မမဆီက အချစ်နဲ့မေတ္တာ
လိုချင်တာပါ၊ အမုန်းနဲ့ ဥပေက္ခာကို လိုချင်တဲ့ကောင်မ
ပါဘူး၊ မမ မကြိုက်တာ ဘာမှမလုပ်ပါဘူး"

အိမ်ရှေ့ရောက်လာကြပြီ။

"ကဲ....သွားမယ်"

"မမ"

စန္ဒီ မထူးတော့။

"အိပ်မက်ထဲမှာ ထပ်တွေ့မယ်နော်"

စန္ဒီ စိတ်ထဲမှ ကျိတ်ပြုံးမိသည်၊



အိမ်ထဲဝင်လာပြီး ပိုက်ဆံအိတ်ကိုဖွင့်လိုက်မှ မျက်လုံးပြူး
သွားသည်။

သားရေအိတ်ပြားပြားထဲတွင် မျိုးလွင်၏ ဓလာစာအုပ်
လေးအုပ်က ခပ်တည်တည်ရှိနေသည်၊

နောက်မှ ပြန်ပေးတော့မည်ဟုတွေးပြီး အိမ်ထဲဝင်ခဲ့သည်။

* * *

## အခန်း (၁၅

အဝတ်အစားလဲပြီး မီးဖိုချောင်ဘက် ထွက်ခဲ့သည်။ ... ဝင်လာသည်ကိုမြင်သောအခါ သိင်္ဂီက လုပ်လက်စအလုပ်... ထား၍ အိမ်ရှေ့ထွက်သွားသည်။

စန္ဒီကို လုံးဝမကြည့်၊ မျက်နှာက ထန်နေသည်။

စန္ဒီ ထောင်းခနဲ ဒေါသထွက်သွားသည်။

"ကိုသန့်ရေ....မေမေရော"

"မေမေ ခေါင်းကိုက်လို့ အိပ်နေတယ် မမစံ"

"ဟုတ်လား"

စန္ဒီ စိုးရိမ်တကြီးလေး မိဘများအိပ်ခန်းဆီသို့ ထွက်... သည်။

ဖခင်ဖြစ်သူက အပ်ချုပ်စက်အဟောင်းကို ပြင်နေသည်... မိခင်က အိပ်ရာထဲတွင် ခွေခွေလေးအိပ်နေသည်။

စန္ဒီဝင်လာသည်ကိုမြင်သောအခါ မျက်လုံးဖွင့်ကြည့်သည်... ယဲ့ယဲ့လေးပြုံးပြပြီး ပြန်မှိန်းနေသည်။



"မေမေ၊ ခေါင်းသိပ်ကိုက်နေလားဟင်"

မိခင်က ပြန်မဖြေ။

"စန္ဒီ နှိပ်ပေးမယ်လေ၊ ဆေးရော သောက်ပြီးပြီလား"

ခေါင်းညိတ်သည်။

မိခင်၏ဆံပင်ကိုဖြေသည်။ ပရုတ်ဆီပုလင်းယူကာ လက်ချောင်းလေးများတွင် တို့ပြီး ဇက်ကြောဆွဲပေးသည်၊ နဖူးနှင့်မျက်ရိုးများကို နှိပ်ပေးသည်။ ဆံပင်ကြားသို့ လက်ထိုး၍ဦးရေကိုနှိပ်ပေးသည်။

"သမီး အလုပ်ကိစ္စ အဆင်ပြေလား"

ဖခင်ကြီးက မျက်မှန်ပေါ်မှ မျက်လုံးကိုကျော်ကြည့်ရင်းမေးခြင်းဖြစ်သည်။

စန္ဒီ ရင်ထဲတွင် ဆို့နင့်သွားသည်။

အဖေသည် အသက်ကြီးမှ အိမ်ထောင်ပြုသဖြင့် ယခုခြောက်ဆယ်ကျော်စပြုပြီ။

ဆံပင်တွေ ဖွေးနေပြီ။

ခပ်ဝဝဖြစ်၍ ချစ်စရာကောင်းလှသည်။ စကား အလွန်နည်းပြီး ဇနီးသားသမီးများကို စိတ်ဆင်းရဲမှု ဘယ်တော့မျှမပေး။ ကြိုက်သလိုထား၊ ကြိုက်သလိုနေခွင့်ပြုထားခဲ့သူ။

လက်သုံးကြီးသောမေမေ၊ သဘောကောင်းသော မေမေသည် ဖေဖေ့လခကိုရော၊ မိဘအမွေထားခဲ့သော အတွင်းပစ္စည်းကိုရော ခြိုးခြံစွာမသုံးစွဲခဲ့သဖြင့် အသက်ကြီးသောအခါ ငွေရေးကြေးရေး အခက်တွေ့ရတော့သည်။

အဖေသည် သမီးအကြီးဖြစ်သော စန္ဒီ ကို အလွန်အားကို၏။ စန္ဒီ ကိုကြည့်သော ဖေဖေ့ မျက်လုံးသည် အမြဲပြုံးနေသည်။

ယခုတော့ စန္ဒီ ရင်မှာ ဆို့နင့်ရသည်။

မိမိကို အားကိုးသော မိဘများကို မိမိ ဂရုမစိုက်၊ မောင်လေး ညီမလေးကို ဂရုမစိုက်၊ စိတ်အလိုကိုလိုက်ပြီး အချိန်ဖြုန်းနေခဲ့သည်။

"အဆင်ပြေပါတယ် ဖေဖေ၊ နက်ဖြန်ချိန်းထားတယ်"

"အပြင်အလုပ်လား၊ ရုံးအလုပ်လား"

"အပြင်ပါပဲ ဖေဖေ"

စန္ဒီ ညာမိပြီ။

ဖေဖေတို့ စိတ်ချမ်းသာစေချင်သည်။

ဒေါ်စမ်းနုကတော့ သိင်္ဂီ ပြောပြသဖြင့် စန္ဒီနှင့် မျိုးလွင် ချိန်းတွေ့သည်ကို သိပြီးပြီ။

စန္ဒီ ညာနေသည်ကိုလည်း သိသည်။

မိမိ အားကိုးသော သမီးကြီးသည် ယခင်ကလို မိမိ စကားကို နားထောင်တော့မည် မဟုတ်။

ယခင်က ချုပ်ချယ်ခဲ့၍ ယခု တမင် အရွဲ့တိုက်နေသလား မသိ။

သမီးကြီးလည်း အရွယ်ရောက်ပြီးဘွဲ့ရပြီးဖြစ်၍ အိမ်ထောင်ရေးကို စဉ်းစားမည်ဆိုလည်း စဉ်းစားမည်ပေါ့။

သည်တစ်ခါ မိမိ မဘားလိုတော့။

သူမ စိတ်ချမ်းသာသလို ဖြစ်စေချင်သည်။



သို့သော် မိမိတို့ အားကိုးသည့်အတိုင်း ဖြစ်မလာသဖြင့် စိတ်တော့ ဆင်းရဲသွားတာ အမှန်။

သမီးငယ် သိင်္ဂီကလည်း တစ်ချိန်လုံး အစ်မဖြစ်သူကို မကျေမနပ် ဖြစ်နေသည်။

တစ်ချိန်လုံး အစ်မဖြစ်သူ မကောင်းကြောင်းကိုသာ လာပြောနေသည်။

မျိုးလွင်နှင့် တွဲနေကြောင်း လာပြောနေသည်။

မျိုးလွင်နှင့် သဘောမတူဟုလည်း ပြောသည်။

အင်း....မျိုးလွင်ကို သိင်္ဂီ နှစ်သက်နေသဖြင့် အစ်မဖြစ်သူနှင့် သဘောမတူကြောင်းလည်း ဒေါ်စမ်းနု သိသည်။

သိပေမယ့် ဘာတတ်နိုင်မည်နည်း။

မျိုးလွင် ကိုယ်တိုင်ကလည်း စန္ဒီ ကိုသာ စိတ်ဝင်စားခြင်း ဖြစ်သည်။

သမီးများ၏ အချစ်ရေးသည်လည်း မိမိအတွက် စိတ်အနှောင့်အယှက် ဖြစ်စေခဲ့သည်။

ယခု သမီးကြီးက ညာဘတ်နေပြီ။

ရှေ့ရေးကို စဉ်းစားပြီး ရင်လေးပါသေးသည်။

သမီးကြီးလည်း အလုပ်မရသေး၊ မျိုး လွင် က လည်း ကျောင်းမပြီးသေး၊ အိမ်၏ စီးပွားရေးကလည်း ငွေတစ်ထောင်နှင့် မလောက်။

ထို့ကြောင့် အိမ်ငှားများထံမှ ငွေလိုတိုင်း တောင်းရင်း တောင်းရင်း အကြွေး နှစ်သောင်းလောက် တက်နေပြန်ပြီ။

အိမ်လခနှင့် ပြန်နှိမ်လိုက်သဖြင့် သူတို့ထံမှ အိမ်လခ တစ်နှစ်စာလောက် ကြိုတောင်းထားသလို ဖြစ်နေပြီ။

စန္ဒီ စိတ်ကို တင်းလိုက်သည်။

အားလုံး စိတ်ချမ်းသာစေချင်တာ စန္ဒီ့ စေတနာ။

"မမေ နေကောင်းအောင် နေနော်၊ ကျန်တာ ဘာမှ စိတ်မညစ်နဲ့၊ စန္ဒီ ကြိုးစားပါ့မယ်"

ပြောသာ ပြောရသည် စန္ဒီ ဘာက စလုပ်ရမည် မသိ။

"မေကြီး"

"ဝေး"

"မေကြီးကလဲ အလကား ခါးညောင်းအောင် စက်ဖြင် နေရသေးတယ်၊ သက်သက်သာသာ နေစမ်းပါ"

စန္ဒီက ကွမ်းစားနေသော ဖခင်ကို သနားသလိုကြည့်ရင်း ပြောခြင်း ဖြစ်သည်။

"အလုပ်မရှိတော့ ပျင်းတယ်လေ သမီးရယ်၊ ဘုရားစာအုပ် တရားစာအုပ်တွေကြီးဖတ်ရလွန်းတော့လဲ စိတ်ပြောင်းအောင် ပေါ့"

စန္ဒီ အတွေးတွေ လွင့်သွားပြန်သည်။

အဖေတို့ အမေတို့ကို ဘုရားဖူးတွေ ပို့ချင်လိုက်တာ။ အညောင်းအညာလည်းပြေ၊ လေညင်းလည်းခံ၊ လေကောင်း လေသန့်လည်း ရအောင် ပင်လယ်ကမ်းနားများသို့ ပို့ပေးချင် ပါသည်။

"အဖေ ထမင်းစားပြီးပြီလား"



"ပြီးပြီ၊ ညည်းအမေကိုသာ ဘာစားမလဲ၊ ဘာသောက် မလဲ မေး၊ အဖေကတော့ ညဘက် ကော်ဖီပူပူတစ်ခွက် သောက်ရရင် တော်ပြီ"

"အမေ ဘာစားမလဲ"

"တော်ပါပြီကွယ်"

စန္ဒီ မီးဖိုထဲ ရောက်လာသည်။

ပုံထားသော အိုးခွက်များကို ဆေးကြောသည်။

ဓာတ်ဘူးထဲတွင် ရေနွေးဖြည့်သည်။

ကြောင်အိမ်ထဲ ဖွင့်ကြည့်သည်။

ဆီကုန်နေပြီပဲ၊ ဟော...သကြားလည်း နည်းနည်းပဲရှိ သည်။ ကော်ဖီမှုန့်လည်း မရှိ။

နေ့စဉ် ဒါတွေ အမေဝယ်ဖြည့်နေကြ။ အခု ဒါတွေ ဖြည့် မထားပုံထောက်တော့ အမေ့မှာ ပိုက်ဆံမရှိတော့ဘူး ထင် သည်။

အိပ်ခန်းထဲ ပြန်ဝင်လာပြီး ဗီရိုထဲရော သေတ္တာထဲပါ လှန်လှောရှာမိသည်။ စုထားသော ပိုက်ဆံတစ်ရာကျော်ထွက် လာသည်။

လမ်းထိပ်မှာ ကုန်စုံဆိုင်သွားဖို့ အဝတ်အစားပြန်လဲစဉ် ခုတင်ဘေးရှိ စားပွဲပေါ်မှာ စာအုပ်လေးများကို မြင်လိုက် သဖြင့် ရင်မှာ တသိမ့်သိမ့် ဖြစ်သွားသည်။

စာအုပ်ကလေးများကို ယူပြီးကြည့်မိသည်။

မျိုးလွင်အကြောင်း စဉ်းစားမိတော့ ရင်မှာ ကြည်နူး

သလိုလို ဖြစ်မိပြီး မိသားစုအကြောင်း စဉ်းစားတော့ မျိုးလွင်သည် လွင့်ပျောက်သွားသည်။

"ဟင်"

အမှတ်တမဲ့ ဟိုလှန်သည်လှန်လုပ်ရင်း နောက်ဘက်စာရွက်များတွင် ရေးထားသော စာကြောင်းလေးများကြောင့် စန္ဒီ မျက်လုံးပြူးသွားသည်။

"ဓာတုကလျာကိုချစ်တဲ့ နတ်သျှင်နောင်"

"မမစံကိုချစ်တဲ့ ဒီကကောင်"

သွေးခုန်နှုန်းတွေ မြန်နေသည့်ကြားမှပင် ထိုစာရွက်ကလေးကို ဖြုတ်ယူထားလိုက်ပြီး ခြင်ထောင်ပေါ် ပစ်တင်ထားလိုက်မိသည်။

ခြင်ထောင်ပေါ်ပစ်တင်ပြီးမှ စိတ်ထဲမှာ အတိတ်ကို ပြန်သတိရမိသည်။

တစ်ခါတုန်းကလည်း မိမိကို ချစ်မြတ်နိုးသူတစ်ယောက်၏ ချစ်သဝဏ်လွှာကို ယခုလိုပင် ခြင်ထောင်ပေါ်ပစ်တင်ပြီးနောက် မိခင်ဖြစ်သူလက်ထဲအပ်လိုက်ရပြီး ဆွဲဆုတ်ခြင်းခံလိုက်ရသည်။

စန္ဒီ စာအုပ်ကလေးများကိုကိုင်ရင်း အောက်ထပ်ဆင်းခဲ့သည်။

မျိုးလွင်က ပျာပျာသလဲ တံခါးဖွင့်ပေးသည်။

"မဝင်တော့ဘူး၊ ရော့....မင်းစာအုပ်တွေပါလာလို့"

မျိုးလွင်က စန္ဒီ့မျက်နှာကိုသာ တစ်ချိန်လုံးကြည့်နေသည်။

"ဝင်ဦးလေ မမစံ၊ အထဲမှာ သိင်္ဂီလဲရှိတယ်"



"အပြန်ကျမှဝင်မယ်၊ ဈေးဝယ်စရာရှိလို့"

မျိုးလွင်၏မမမေ ဒေါ်ခင်အေးရီကလည်း....

"စန္ဒီရေ....အပြန်ဝင်ခဲ့ဦးနော်၊ ပြောစရာရှိလို့"

"ဟုတ်ကဲ့....အန်တီ"

စန္ဒီ စိုးရိမ်သွားသည်။ ခေါင်းထဲဟွင် ဝေသွားသည်။

မျိုးလွင်နှင့် မိမိအကြောင်းကို သိသွား၍ ကျေနပ်ပြီး ဘင်းပေးစားတော့မလို့လား။

ဒါမှမဟုတ် မကျေနပ်၍ တားမြစ်မလို့လား။

စန္ဒီ့လို အသက်ကြီးသူနှင့် ပေးစားမည့်အစား သိင်္ဂီလို ငယ်ရွယ်သူနှင့် ပေးစားချင်လေသလား။

"အိုး"

နောက်ဘက်မှ တစ်စုံတစ်ဦးက လက်ကိုလှမ်းဆွဲထားလိုက်ခြင်း ဖြစ်သည်။

"ဟင်....မျိုး....လွှတ်စမ်း၊ အဲဒီလိုကဲတာ မကြိုက်ဘူး"

မျက်နှာထန်ထန်၊ ဒေါသသံဖြင့် ငေါက်လိုက်သဖြင့် မျိုးလွင် မျက်နှာပျက်သွားသည်။

"ဘာလိုက်လုပ်တာလဲ"

"မမနဲ့စကားပြောချင်လို့ပေါ့"

"မျက်နှာသာပေး ရွှေရေးပန်းကန်တက်လုပ်တာလား"

မျိုး ပြုံးနေသည်။

"ဒီမှာ မျိုး"

"ဟင်"

"မနောက်ကို ငါ့ဘယ်သွားသွား မလိုက်နဲ့၊ သေရေး
ရေးကလွဲရင် ငါ့ကို အကြောင်းမရှိ အကြောင်းရှာပြီး စက
ယိုက်မပြောနဲ့....ဒါပဲ"

စန္ဒီ ထိုအသံ.ကို ခပ်စူးစူး ခပ်ကျယ်ကျယ်လေးပြော၍
လှမ်းကျဲများဖြင့် ထွက်သွားသည်။

မျိုးလွင် မျက်ရည်အဝဲသားဖြင့် ကျန်ရစ်ခဲ့သည်။

နှလုံးသားများကို တစ်စုံတစ်ဦးက ဆုပ်ခြေထားသ
ခံစားနေရသည်။ အသက်ရှူလည်း မြန်နေသည်။ မျိုးလ
လာမှာကို စိုးရိမ်သလို၊ လိုက်မလာမှန်းသိရပြန်တော့
မကောင်းဖြစ်ရသည်၊ စိတ်ဆင်းရဲရသည်။

ကာဖီမှုန့်တစ်ပုလင်း၊ သကြား၊ နို့ဆီတို့ကို ဝယ်ပြီး
လာချိန်တွင် စန္ဒီ ပိုငိုချင်သွားသည်။

မျိုးလွင်က ကားလမ်းဘေးတွင် ခဲလုံးလေးများကို
ရင်း မျှော်လင့်ခြင်း၊ နားမလည်ခြင်းများဖြင့် ဝမ်းနည်း
ကြည့်နေသည်။

"မမ"

စန္ဒီ မထူးတော့။

"မမ ကျွန်တော့်စာအုပ်ထဲက စာရွက်တစ်ရွက် ဆွဲ
ထားတယ်မဟုတ်လား"

"ပြန်လိုချင်လို့လား"

"မယူပါဘူးဗျာ၊ ခင်ဗျားလက်နုနုက ကျွန်တော့်အသ
နှလုံးကို ထပ်ခြေမွပစ်ဦးမယ်ဆိုတာ သိပါတယ်"

သူ့အသံက ငိုသံ။



အို....စန္ဒီငိုနေတာကိုတော့ သူမသိပါဘူး။

မြေပြင်ပေါ်ကို မိုးပွင့်လေးတွေကြွေတာကို လူတွေမြင်နိုင်
ယ် စန္ဒီ့အသည်းလေးတွေ ကြွေနေတာကိုတော့ ဘယ်သူ
ဘယ်သူမှ မသိနိုင်ပါဘူးလေ။

* * *

## အခန်း (၁

စန္ဒီပြန်လာသောအခါ သိင်္ဂီမရှိတော့။

''လာပါဦး ချေးမရယ်၊ ချေးမကို စကားပြောချင်နေ
ကြာလှပြီ၊ တကတဲ့....မာနကြီးပြီး အောက်ထပ်ကို ဆင်းတော
မလာဘူး''

ဟော....ချေးမတဲ့။

မျိုး ပြောထားပြီနဲ့တူတယ်။

အန်တီ မျက်နှာ၊ အန်တီ အခေါ်အဝေါ်တွေကို ကြ
ခြင်းအားဖြင့် သူ့သားနှင့် မိမိကို သဘောတူကြောင်းဖေ
နေပြီပဲ။

''ထိုင်ဦး၊ လက်ဖက်သုပ်လေး စားဦး''

စန္ဒီ ယဉ်ကျေးမှုအရ မစားချင်ဘဲ နှစ်ဇွန်း၊သုံးဇွန်း စ
လိုက်သည်။



''သမီးစံနဲ့ သားကြီးနဲ့ မ
ဆို''

''ဘယ်သူပြောလဲ အန်တီ''

''ပြောတဲ့လူတွေအများကြီး၊ သိင်္ဂီရော၊ ယင်းမာရော၊
ဘော်ဝင်းရော အားလုံးမြင်ခဲ့ကြတာ''

''အားလုံးမြင်ကြတယ် ဟုတ်လား''

''ဟုတ်တယ်၊ နှစ်ယောက်သား ရယ်လို့မောလို့တဲ့၊ သူတို့
ကိုခဘာင် မမြင်ကြဘူးတဲ့''

စန္ဒီ မရယ်မပြုံးလေးလုပ်နေချိန်တွင် မျိုးလွင်က ဇိမ်ထဲသို့
ပြုံးပြုံးလေး ဝင်လာပြီး ဧည့်ခန်းတွင်ထိုင်နေသည်။

''ဟဲ့....ဒီမှာ မမစံရောက်နေတယ်လေ၊ လာလေ''

မျိုးမလာ။

''ဘာဖြစ်နေဟာတုံး၊ စောစောကတော့ ထိပေါက်သလို
ယ်လို့မောလို့''

စန္ဒီ စကားစဖြတ်ဖို့ ကြိုးစားရပြီ။

''အန်တီ၊စန္ဒီ ကိုပြောစရာရှိတယ်ဆို၊ဘာဇများလဲမသိဘူး''

''ဩော်....တခြားမဟုတ်ပါဘူး၊ သမီးမေမေက ဟိုတစ်နေ့
က အိမ်ကိစ္စပြောထားလို့လေ''

''အိမ်ကိစ္စဟုတ်လား''

''ဟုတ်တယ်၊ အပေါ်ထပ်ရော၊ အောက်ထပ်ရောအတွက်
အိမ်လခ တစ်နှစ်စာစီ ကြိုယူထားပြီးတာတောင် ငွေ အသုံးလို
နေသေးတယ်တဲ့၊ အန်တီတို့ကိုရော၊ အပေါ် ထပ် ကို ရော
ဘော်ကနေ အခပျာက်အနေနဲ့ ရောင်းချင်တယ်တဲ့''

စန္ဒီ ခေါင်းတွေမူးလာသည်။

မိမိတို့ကိုလည်း ဤအကြောင်းတွေ မပြောပြပါလား။

စဘော်အဖြစ်ကနေ အပျောက်ဘဝရောက်လျှင် မိမိတို့အိမ်
ကြီးကို သူများပိုင်သွားပြီပေါ့။

စာရင်းရှုပ်ကုန်လိမ့်မည်။

စဘော်တွေကိုပင် ပြန်မအမ်းနိုင်လျှင်၊ အပျောက်ဘ
ရောက်လျှင် ဘယ်လိုမျှ ပြန်သိမ်းနိုင်ဖို့မလွယ်။

အပျောက်သဘောဆိုလျှင် အိမ်တစ်ခြမ်းပိုင်တာက အမေ
မကြီး၊ မြေကြီးကိစ္စတွင် ပြဿနာရှုပ်မည်။

"စန္ဒီ ဘာတွေစဉ်းစားနေတာလဲ"

"ဩော်...ဟိုလေ မေမေက အပျောက် ဘယ်လောက်
မှာတဲ့လဲဟင်"

"အပေါ်ထပ်ကို နှစ်သိန်းတဲ့၊ အောက်ထပ်ကို သုံးသိန်း
တဲ့"

သည်လောက်များသော ငွေများကို အန်တီခင်အေးရိပ်
ပေးနိုင်ကြပါ့မလား။

အင်း....သေချာ စဉ်းစားကြည့်တော့လည်း ဤငွေသည်
မများ။ ဤတိုက်ကြီးရော မြေကြီးကိုပါ အပြီးအပိုင်ရောင်းမည်
ဆိုလျှင် သိန်းနှစ်ဆယ်ကျော်ရမည်။

ထိုအတွေးကြောင့် စန္ဒီ နှမြောသွားသည်။

"အန်တီတို့က မေမေတောင်းသလောက် ပေးကြမှာ
လား"



"ပေးရမှာပေါ့ကွယ်၊ ကိုယ်က ဒီနေရာမှာ နေရတာကို နှစ်ခြိုက်နေပြီပဲ၊ အဆင်လဲပြေတာပဲ၊ ဆွေမျိုးတွေလိုလဲ ဖြစ်နေပြီပဲ၊ ပြီးတော့ သားကြီးက သိတဲ့အတိုင်း သမီးစုံကို ဒီလောက် စွဲလမ်းနေတာ၊ ဒီနေရာက ဘယ်ပြောင်းချင်လိမ့်မလဲ၊ အန်တီ တစ်ခုစဉ်းစားထားတယ်၊ ဒီအခန်းကို အပျောက်နဲ့ ဝယ်ပြီးရင်လဲ တစ်နေ့ သားနဲ့စန္ဒီ လက်ထပ်ပြီးရင် လက်ဖွဲ့ပေးသွားမှာပါ"

ထိုစကားက စန္ဒီ့ကို ဝမ်းမသာစေပါ။

တစ်ခုတော့ တွေးမိသည်။

အန်တီခင်ထားရီတို့ ငွေ ဘယ်လောက် ချမ်းသာနေ၍ သုံးလေးသိန်းကို ပက်ခနဲ ပေးနိုင်လောက်အောင် ရှိနေပြီလား၊ သူတို့မှာ ကားလည်းရှိသည်။လက်ဝတ်လက်စားလည်း ရှိသည်။

"စန္ဒီနဲ့ မျိုးကိစ္စက ထင်သလောက်ကြီးလဲ မဟုတ်ကြသေးပါဘူး အန်တီရယ်၊ ဒီတစ်ခေါက် ခရီးကြုံလို့ တွဲသွားကြတာကို မြင်ပြီး အထင်ကြီးနေကြတာပါ၊ စန္ဒီတို့ ရိုးရိုးသားသားပါ၊ မျိုးကို မောင်လေးအရင်းလိုပဲ ချစ်ပါတယ်"

ထိုစကားကြောင့် ဒေါ်ခင်ထားရီမျက်နှာမှာ သိသိသာသာ ပျက်သွားသည်။

ဧည့်ခန်းထဲမှ သားဖြစ်သူကိုလည်း သနားသလို လှမ်းကြည့်မိသည်။

မိမိဘက်မှ သားဖြစ်သူနှင့် သဘောတူပါသည်။ ကျေနပ်ပါသည်ဟု ဖွင့်ပြောနေပါလျက် သူမက ငြင်းဆိုရက်သည်။

ဘာဆိုဘာမှ ဆက်မပြောချင်တော့။

"စန္ဒီ သိပါတယ်၊ အန်တီ စိတ်ဆိုးနေပြီ မဟုတ်လာ
မျိုးဟာ စန္ဒီထက် အသက်ငယ်ပါတယ်"

"ဒါများကွယ်၊ ကဲ....သမီး ဦးလေးကျော်က အန်
ထက် (၅) နှစ် ငယ်တာရော၊ အန်တီ့ကို ချစ်လိုက်တာ
မပြောနဲ့တော့၊ သမီးတို့လဲမြင်သားပဲ"

ခက်ပါပြီနော်။

"သိဂီနဲ့ သဘောမတူဘူးလားဟင် အန်တီ"

စန္ဒီ အရဲစွန့်၍ မေးမိသည်၊ ညီမငယ် စိတ်ချမ်းသာစေ
ပါသည်။

ထိုစကားကြောင့် သားအမိနှစ်ယောက်လုံးက စန္ဒီ
အင်အားပြင်းသော မျက်လုံးကြီးများဖြင့် အံ့ဩသလို လ
ကြည့်နေကြသည်။

"သိဂီနဲ့ မျိုးနဲ့ဆိုရင် ပိုမကောင်းဘူးလားဟင် အန်တီ"

"အန်တီတော့ မပြောတတ်တော့ပါဘူးကွယ်၊ မျိုးကြိ
ရင် အန်တီက သဘောတူရမှာပါပဲ"

မျိုး ခြေသံပြင်းပြင်းဖြင့် ရှေ့မှဖြတ်ကာ ထပ်ခိုးဆီသို့ 
တက်သွားသည်။

"ကဲ....မောင်တော်ကတော့ မြင်တဲ့အတိုင်းပဲ မစ
အချစ်ဆိုတာကလဲ လုပ်ယူလို့ရတာမှ မဟုတ်ဘဲလေ၊ အန်
တော့ နားမလည်တော့ဘူး၊ သားက အရမ်းပျော်နေတ
သူ့မမနဲ့ စေ့စပ်ပေးထားတောင် ပြောနေတာ၊ တာ
သမီးရဲ့မေမေက သဘောမတူလို့လား"



"အို....မဟုတ်ပါဘူး အန်တီ၊ ဒီကိစ္စတွေကို မေမေ
သိတောင် မသိသေးပါဘူး၊ စန္ဒီကိုယ်တိုင်က အိမ်ထောင်
ရေးကို စိတ်မဝင်စားတာပါ၊ စန္ဒီ့ခေါင်းထဲမှာ စီးပွားရေး၊
ားဝတ်နေရေးပဲ လောလောဆယ် စဉ်းစားစရာ ဖြစ်နေပါ
တယ်"

"ဒါတော့ မှန်တာပေါ့ကွယ်၊ သမီးက အကြီးဆုံး သား
သမီးမဟုတ်လား၊ သားကလဲ အခုယူဖို့ ပူဆာတာ မဟုတ်ဘူး
သေ၊ ကျောင်းလဲ မပြီးသေးဘူး မဟုတ်လား၊ စေ့စပ်ပေး
ါလို့ပဲ ပူဆာတာပါ"

စန္ဒီ သက်ပြင်းချလျက်....

"မျိုးကို စန္ဒီ လက်ထပ်ဖို့အထိ ဘယ်တုန်းကမှ စိတ်မကူးခဲ့
သေးပါဘူး အန်တီ"

ဒေါ်ခင်အေးရီ၏ မျက်လုံးများ အရောင်တလက်လက်ဖြစ်
လာပြီး မျက်နှာမှာ သိသိသာသာ မာကျောလာသည်။

"ဒါဆို ငါ့သားလေးကို တမင် နှိပ်စက်တာနဲ့ တူမနေဘူး
လားအေ၊ စန္ဒီက ရုပ်ကလေးလှသလောက် တယ်အသည်းမာ
တာကိုး"

စန္ဒီ ဘာပြန်ပြောနိုင်မည်နည်း။

"စန္ဒီ ပြန်တော့မယ် အန်တီ"

"ကောင်းပါပြီကွယ်၊ ကောင်းပါပြီ၊ ညည်းမောင်လေး
တော့ ညည်းကြောင့် ဝေဒနာရပြီပေါ့အေ"

စန္ဒီ လေးလန် ထိုင်းမှိုင်းစွာ အိမ်ပေါ် တက်လာခဲ့သည်။
သိဂီက လုံးဝ စကားမပြောဘဲ ရှောင်နေတတ်သည်။

"အမေ"

"ဘာလဲကွယ်"

ဒေါ်ခင်အေးရီက စိတ်တိုသလို ထူးသည်။

သားတော်မောင်က ညနေစောင်းကတည်းက အိပ်ခန်း ဝင်သွားသည်မှာ ယခု မိုးချုပ်သည်အထိ ဆင်းမလာသေ ထမင်းလည်း မစားသေး။

သားအတွက် ဒေါ်ခင်အေးရီပါ ဝေဒနာခံစားနေရခြ ဖြစ်သည်၊ ထို့ကြောင့် စိတ်လည်းတိုနေသည်။

"ဘာလဲလို့ မေးနေတာရော"

"မစံအကြောင်း ပြောမလို့"

"တော်....တော်၊ သူ့အကြောင်းဆိုရင် ပြောမနေ တော့"

"မေမေမကလဲနော်၊ တစ်ချိန်လုံး မမစံကို ချစ်ခဲ့ပြီ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ မုန်းသွားလိုက်တာ"

"ကိုယ့်သားဆက်တော့ ပိုမချစ်နိုင်ဘူး၊ငါ့သားလိုလူချေ လူလူ လူလီမှာကို မကြိုက်ရအောင် သင်းက ဘယ်လိုဟ မျိုးကို ယူမှာလဲ၊ဟွန်း—မပြောလိုက်ချင်ဘူး၊ လင်စုံရွေး လ ရွေးနဲ့ရဆိုတာ သင်းလိုဟာမျိုးပေါ့"

"မေမေ မမစံကိုနားမလည်လို့ အဲ့ဒီလို ပြောနေတာပ နော်၊ တကယ်တော့ မမစံဟာ သူချစ်တဲ့သူကို ပြန်ချစ်နိုင်ခွ မရှိတဲ့ မိန်းမတစ်ယောက်ပါ၊ မမစံအကြောင်းကိုရော သိ အကြောင်းကိုရော ယင်းမာသိပါတယ်၊ မမစံက အိမ်မွေ တယ်၊ သနားတတ်တယ်၊ သူ့မိသားစုကိုသိပ်ချစ်တယ်၊ပထ



ရည်းစားတုန်းကလဲ သူ့အမေသဘောမတူလို့ သူ သိပ်ချစ် လျက်သားနဲ့ စွန့်လွှတ်ခဲ့တာ၊ အခုတစ်ခါလဲ ကိုမျိုးကိုချစ်ရဲ့ သားနဲ့ သူ့ညီမအတွက် ခေါင်းခါလိုက်တယ်ဆိုတာ သမီး သိသားပဲ"

ယင်းမာ၏စကားကို မိခင်က မျက်ခုံးတွန့်၍ နားထောင် နေသလို အခေပါ်ထပ်မှ မျိုးလွင်ကလည်း နားစွင့်နေသည်။

"သိဂီက ကိုမျိုးကိုကြိုက်နေတာ မေမေရဲ့၊ ကိုမျိုးက သူ့ ကိုပြန်မကြိုက်ဘဲ မမစံကို သိသိသာသာကြီးကြိုက်ရော မမစံ ကို သူက ရန်လုပ်ရော၊ မပြောနိုင် မခေါ်နိုင်နဲ့ ဖြစ်နေတာကြာ ပြီ၊ မေမေပဲစဉ်းစားကြည့်၊ သူ့ညီမ မြတ်နိုးနေတဲ့လူကို သူချစ် ရဲပါ့မလား၊ ယူရဲပါ့မလား"

"အင်း"

ဒေါ်ခင်အေးရီရော၊ မျိုးလွင်ရော မတိုင်ပင်ဘဲ ဖြိုင်တူ သက်ပြင်း ချမိကြသည်။

သူတို့သားအမိ၏ အမုန်းတရားသည် စန္ဒီ့ထံမှ သိဂီ့ထံသို့ မြားဦး လှည့်သွားလေပြီ။

* * *

## အခန်း (၁၇

"ငါတော့ အလုပ်တစ်ခုခု အမြန်လုပ်မှဖြစ်တော့မယ်၊ရှ
ရှင်းပြောမယ်ကွာ၊ တစ်နေ့နှစ်ဆယ်အစိတ်ရရင် ပန်းက
ဆေးရဆေးရ ဘာပဲလုပ်ရလုပ်ရ"

"နင်ကလဲဟာ ဘာလို့ ဒီလောက်လောနေရတာလဲ၊တစ
လောက်တောင် မစောင့်နိုင်တော့ဘူးလား"

"တစ်လမပြောနဲ့ တစ်ရက်တောင်မစောင့်နိုင်တော့ဘူ
ငါ့အဖေကို ဒီနေ့အလုပ်စဝင်မယ်လို့ ညာခဲ့ပြီးပြီ၊ နင်တို့ င
အလုပ်တစ်ခုခု အမြန်ရှာပေး"

"ငါ့ဦးလေး ရုံးမှာပြောထားပြီးသားမို့ပါဟယ်"

"အေး....အဲဒါကိုနောက်တော့လုပ်မယ်၊ အခုလောလော
ဆယ် ထိုင်စောင့် မနေချင်တော့ဘူး"

နွယ်က ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း....



"အင်း....ငါတို့အိမ်ကလဲ စားဝတ်နေရေးအရမ်းကို ကျပ်
တည်းနေတာ၊ အိမ်လခ မပေးနိုင်လို့ အိမ်ရှင်ကမောင်းထုတ်
နေပြီ၊ ငါတော့ စွန့်စားမှ ဖြစ်တော့မယ်၊ စန္ဒီအဖော်လိုက်မယ်
ဆိုရင်တော့ ငါတို့အသိတစ်ယောက်ဖွင့်ထားတဲ့ စားသောက်
ဆိုင်မှာ စားပွဲထိုးသွားလုပ်ချင်တယ်"

"အံမယ်လေးဟယ်၊ နင်တို့နှစ်ယောက်တော့ ဘဝတုံး
တော့မှာပါပဲ၊ ဘုရား... ဘုရား"

လဲ့မှာ ရင်ဘတ်ကို လက်ဖြင့် တဖြန်းဖြန်းရိုက်ရင်းထအော်
ခြင်းဖြစ်သည်။

စန္ဒီလည်း မျက်လုံးအပြူးသား ရင်အခုန်သား ဖြစ်နေ
သည်။

"မိန္ဒယ် နင်ဘာသိလဲ၊ ဟိုလူကလက်လှမ်းဆွဲ ဒီလူက တင်
လှမ်းပုတ်နဲ့ နာမည်ပျက်ချင်လို့ လားဟဲ"

"အို....ကိုယ်ပါမှဖြစ်တာပါ၊ ငါတို့အသိဆိုင်က ရှုပ်ရှုပ်
ယှက်ယှက်တွေကို လက်မခံဘူး၊ တစ်နေ့အစိတ်ရမှာ၊ မနက်
စာလဲကျွေးတယ်"

အင်း....တစ်နေ့ကို အစိတ်ဆိုတော့ မဆိုးပါ။

ကိုယ်ကောင်းလျှင် ခေါင်းမရှော့ဘူးဆိုသည့် စကားလည်း
ရှိသားပဲ။

နွယ်နှင့်စန္ဒီ အရဲစွန့်ရန် ဆုံးဖြတ်လိုက်ကြသည်။

ချက်ချင်းပင် စားသောက်ဆိုင်ဖွင့်ထားရာ လူချမ်းသာများ
နေသည့်ရပ်ကွက်ဆီသို့ ထွက်လာခဲ့ကြသည်။

ခြံအကျယ်ကြီးထဲ ကားတွေရပ်ထားသည်၊ မြက်ခင်းစိမ်း ပေါ်တွင် နိုင်ငံခြားဖြစ် စားပွဲခုံများ၊ ကုလားထိုင်များ ချထား သည်။

သစ်ခွရုံများ၊ သဇင်များကြားတွင်လည်း စားပွဲခင်းလှ လေးများခင်း၍ထားရှိသည်။

စားသောက်ဆိုင်တစ်ခုလုံးကို မှန်ချပ်များဖြင့် အသုံး ထားပြီး လိုက်ကာရောင်စုံများ တပ်ဆင်ထားသည်။

ကျယ်ဝန်းသောအခန်းကြီးထဲတွင် ဆိုဖာများကို ဆယ်ဝိုင် တစ်လုံး၊ ဆယ်လုံးတစ်ဝိုင်း ဝိုင်းထားသည်မှာ လေးဝိုင်း သည်။ ထိုဆိုဖာဆယ်လုံးတွင် မီးဆိုင်းတစ်ခု ထွန်းထားသည်

တစ်ခန်းလုံးကို ပန်းရောင်နုနုလေး သုတ်ထားသည်။

အခန်းထောင့်များတွင် လိုက်ကာများဖြင့် ကာထားသော စားပွဲများလည်း ရှိသည်၊

နိုင်ငံခြားသား ဧည့်သည်များရော တိုင်းရင်းသားလူမျိုး များကိုပါ အေးအေးလူလူ စကားပြောရင်း စားသောက်နေ ကြောင်း တွေ့ရသည်၊

စန္ဒီတို့ ကော်ခဇာခင်းထားသော လှေကားပေါ်မှအပေါ် ထပ်သို့ တက်ခဲ့ကြသည်။ အပေါ်ထပ်တွင်လည်း အောက်ထပ် ပုံစံအတိုင်း ဖွဲ့စည်းထားသည်။

''ဟော....မိန္ဒယ်၊ နင်လဲ ပျောက်နေတာ ကြာပါပကော''

စားပွဲထိုး အမျိုးသမီးတစ်ဦးက လှမ်းခေါ်နှုတ်ဆက်ခြင်း ဖြစ်သည်။



ထိုအမျိုးသမီးမှာ ဟိုတယ်မှပေးသော ဝတ်စုံကို ဝတ်ထား သည်။ ခပ်ချောချော ခပ်ဖြောင့်ဖြောင့် ခပ်တောင့်တောင့်ပင် ဖြစ်သည်။

''ဟုတ်ထယ်....မမစိုး၊ အခု အလုပ်ကိစ္စအတွက်လာတာ၊ လူလိုသေးလား''

''ရပါတယ်၊ အလုပ်ရှင်ကို ပြောပေးမှာပေါ့''

ကတ္တီပါလိုက်ကာများ ကာရံထားသော မှန်ခန်းထဲသို့ ရောက်ခဲ့ကြသည်၊

အလုပ်ရှင်မှာ အသက် (၄၀) ခန့် ဖြူဖြူချောချော မြင့် မြင့်၊ စီးကရက်ခဲရင်း စန္ဒီတို့ကိုလှမ်းကြည့်နေသည်မှာ ကုလား ကားထဲကမင်းသားလိုလို ဘာလိုလို။

''ဆရာ၊ ဒါ စိုးရဲ့ညီမ နွယ်ပါ။ သူက နွယ့်သူငယ်ချင်း နှီတဲ့''

''ဟုတ်ပြီ၊ ကိုယ် ဘာကူညီရမလဲစိုး''

သူ့ပုံစံက အူယားစရာ၊ ပါးစပ်ဖျားတွင် တေ့စပ်ကလေး ခဲထားသော စီးကရက်ကလေး တလှုပ်လှုပ်ဖြင့် မျက်လုံးလေး စင်းကာကြည့်ရင်း ပြောခြင်းဖြစ်သည်၊ အသံက တစ်လုံးချင်း လေးတွဲ့တွဲ့ ပြောသည်။

''အလုပ်ကိစ္စအတွက် လာတာပါဆရာ''

''ဟုတ်ပြီလေ၊ စိုးရဲ့ မိတ်ဆွေတွေဆိုတော့ ကူညီရမှာ ပေါ့၊ အပြင်လား အတွင်းလား စိုး''

''အပြင်ပဲ တော်ပါပြီ ဆရာ''

ဘာတွေများပါလိမ့်။ ရင်တွေ အရမ်းခုန်နေပါသည်။

"လုပ်ခကို ပေါင်းယူမလား၊ တစ်နေ့တစ်ကြိမ် ရှင်
မလား"

"တစ်နေ့တစ်ခါပဲ ယူကြမှာပါ ဆရာ"

"ဘယ်နေ့စဆင်းမလဲ"

"ဒီနေ့တော့ နည်းနည်းတောင် နောက်ကျနေပြီ"

"ရပါတယ်၊ ဒီနေ့ပဲ ဝင်ချင်ဝင်ပါ၊ လုပ်အားခ မလျော့
ပါဘူး"

"ဟုတ်ကဲ့....ဆရာ၊ ကျေးဇူးတင်ပါတယ်"

"ဒီနေ့တော့ ရှိစေတော့၊ နောက်နေ့ကျရင် သင့်တော်
မယ့် ယူနီဖောင်းတစ်စုံလောက် စီစဉ်ပေးလိုက်ဦးနော်"

"ဟုတ်ကဲ့ဆရာ"

စန္ဒီတို့ မစိုးနှင့် တိုက်ကြီး၏နောက်ဘက်ဆီသို့ လျှောက်
ကြသည်။

အခန်းပေါင်းများစွာကို ကျော်ဖြတ်ခဲ့ပြီးမှ မီးဖိုချောင်ထဲ
ရောက်သည်။ သန့်ရှင်းလှပသပ်ရပ်သော မီးဖိုဆောင်ပင်ဖြစ်
သည်။

အလုပ်သမားများက ခုတ်ထစ် ကြော်လှော်နေကြသည်၊
စကားပြောနေကြသည်။

"အတွင်းလား အပြင်လားဆိုတာက ဘာကိုပြောတာလဲ
ဟင်"

စိုးကရယ်လျက်....

"အင်း....အတွင်းနဲ့အပြင်က တန်ဖိုးချင်း အများကြီးကွာ
တယ်နော်၊ အပြင်ဆိုတာက ဆိုဖာဝိုင်းတွေကိုပြောတာ၊ အဲဒီ
မှာလုပ်ရင် တစ်နေ့အစိတ်ပဲ၊ အတွင်းဆိုတာက လိုက်ကာ
ကာထားတဲ့အခန်းတွေရယ်၊ အကာအရံလုပ်တဲ့ အခန်းတွေ
ရယ်ကို ပြောတာ၊ လုပ်အားခက ငါးဆယ်တစ်ရာ၊ ဧည့်သည်
တွေပေးတဲ့ ဘောက်ဆူးက ကံကောင်းရင် ကံကောင်း
သလောက် ရတယ်၊ တစ်ခါတလေဆို ဧည့်သည်တွေနောက်
ကောက်ကောက်ပါပြီး ကောင်းစားသွားတဲ့ လူတွေလဲ ရှိသေး
တယ်"

ထိုစကားကြောင့် စန္ဒီတို့ မျက်လုံးပြူးသွားသည်။

ဖြစ်ပါ့မလားဆိုသည့် မျက်လုံးများဖြင့် တစ်ယောက်ကို
တစ်ယောက် ကြည့်မိကြသည်။

"အပြင်မှာပဲလုပ်မှာပါ မမစိုး"

"ရတယ်လေ"

ထိုစဉ် အလုပ်ယူနီဖောင်းဝတ်ထားသော အမျိုးသမီးတစ်
ယောက် လင်ဗန်းလေးကိုင်၍ မီးဖိုချောင်ဘက် ဝင်လာသည်။
ထို့နောက် ဗီရိုအစ်ခုကို သော့ဖွင့်ကာ အတွင်းမှ ပိုက်ဆံအိတ်
ကိုထုတ်ပြီး မိတ်ကပ်လူးသည်။ နှုတ်ခမ်းနီထပ်ဆိုးသည်။ ရေ
မွှေးဆွတ်သည်။ ထို့နောက် အငွေ့တထောင်းထောင်းထွက်
နေသော စားသောက်စရာပန်းကန်များကို လင်ဗန်းဖြင့်သယ်
ကာ ပြန်ထွက်သွားသည်။

ကြော်လှော်ခုတ်ထစ်သူနှင့် အလုပ်ကြမ်းလုပ်ရသူများမှာ
ယောကျ်ားများသာဖြစ်သည်။

အစားအသောက်ပန်းကန်လေး သွားပို့ရုံ ပြန်သယ်ရုံတင်
အဒိတ်ရသည်ဆိုတော့ မဆိုးပါ။

“ကဲ…ဒါဆို နှယ်တို့ အလုပ်စဝင်ကြည့်ကြလေ”

“ဟုတ်ကဲ့”

“နံပါတ်(၃)အတွက် အသားကင်နဲ့ဘီယာ ပို့လို့ရပြီ”

“ကဲ….စန္ဒီယူသွားလိုက်၊ မခစိုး နောက်ကလိုက်ခဲ့မယ်၊ ခပ်ပြုံးပြုံးမျက်နှာလေးနဲ့ စားပွဲပေါ်တင်ရမယ်နော်၊ မျက်နှာကို အတတ်နိုင်ဆုံး အလှဆုံးပြုံးထား၊ သူတို့ဘာပြောပြော စိတ်မဆိုးရဘူးနော်၊ ပန်းကန်တို့၊ ဖန်ခွက်တို့၊ ပုလင်းတို့ကိုင်ရင်လဲ မကွဲမရှအောင်၊ ဖရိုဖရဲမဖြစ်အောင် ဂရုစိုက်ရမယ်နော်”

“ဟုတ်ကဲ့”

စန္ဒီ တစ်ကိုယ်လုံး နတ်ကျသလို တုန်နေသည်။

ထို့ကြောင့် စတီးလင်ဗန်းထဲမှ ပန်းကန်များ တုန်ခါနေသည်။

စန္ဒီဖြတ်လာသည့်လမ်းဘေးရှိ အခန်းတစ်ခန်းထဲမှ မိန်းမရယ်သံဘစ်ခုကို ကြားလိုက်ရသည်၊

ရယ်ပုံရယ်နည်းကြီးက တစ်မျိုးကြီးပါပဲ။

ရုပ်ရှင်ထဲက မိန်းမပျက်တွေရယ်ပုံမျိုးကြီး။

ဧည့်ခန်းထဲရောက်လေ စန္ဒီ ပို၍ ကူကြွေပျက်လေ ဖြစ်နေသည်၊

“စန္ဒီ့ကို လှလို့ အားလုံးကကြည့်နေကြပြီ၊ ပြုံးထားနော်၊ မကြောင်နဲ့၊ မကြောက်နဲ့၊ ကြောက်ရင် သူတို့က ပိုစ,ကြ၊ နောက်ကြ၊ ဟားကြလိမ့်မယ်၊ ခပ်မှန်မှန်ခပ်ရဲရဲဆိုရင် သူတို့သဘောပေါက်တယ်”



စန္ဒီ မျက်နှာကို ပြုံးထားမိသလား၊ ဘာလုပ်ထားမိသလဲ သိ၊ သိတာကတော့ ပါးတွေရော၊ လက်တွေရော၊ ဒူးနှစ်ဘက် … တစ်ကိုယ်လုံးမှာရှိတဲ့ အသားစိုင်တွေပါ တဆတ်ဆတ် …ုန်နေတယ်ဆိုတာပါပဲ။

“မင်းသိပ်ချောတယ်ကွာ၊ မင်းထမီးပဲလုပ်လိုက်ပါတော့”

လူတွေ ဝိုင်းထိုင်နေမှန်းသိပါသည်၊ သို့သော် မျက်လုံးတွေ ဝေဝါးပြီး ဘာမျှ ပီပီပြင်ပြင်မမြင်ရ။

“ကြည့်တာနဲ့ အပျိုမှန်းသိတယ်၊ ဒါမျိုးသာရရင် ကိုယ်တို့ … တစ်သက်လုံး စွဲစွဲမြဲမြဲပေါင်းမှာ၊ တိုက်ရော၊ ကားရော၊ …ငွေရော ဘာမှ လိုလေသေးမရှိစေရဘူး”

မိမိကို ပြောခြင်းလား။

ဤဆိုဖာဝိုင်းတွင် မိန်းမဆို၍ မိမိသာရှိသည်။

ဗိုက်ထဲမှာတော့ တော်တော်လေး အခံရခက်နေသည်။

“ညီမလေးနာမည် ဘယ်လိုခေါ်လဲဟင်”

စန္ဒီ မဖြေ။

“ဘယ်မှာနေလဲ ညီမလေး”

စန္ဒီ လင်ဗန်းလေးကိုင်ပြီး ခပ်ထန်ထန် မျက်နှာလေးဖြင့် …ည့်ထွက်လိုက်သည်၊

“ဟင်….”

စန္ဒီ့ခေါင်း ပုတ်လောက်ကြီးသွားသည်၊

ဘာကိုမျှလည်းမစဉ်းစားနိုင်တော့။ လက်ထဲတွင်ကိုင်ထား …သော စတီးလင်ဗန်းဖြင့် ဗိဗိခါးကျဉ်ကျဉ်ကို တွယ်ဖက်လာ …သော ခပ်ဖြူဖြူလက်ကို ခုတ်ချလိုက်သည်။

“အောင်မယ်လေးဗျ”

အော်သံက ကျယ်လောင်လှသည်။

အားလုံး မျက်းလုံးပြူးကြီးများဖြင့် လှမ်းကြည့်ကြသ

“မင်း ဘာလုပ်တာလဲ၊ တယ်လူဝါးဝပါလား”

ဆိုဖာတွင်ထိုင်နေသောလူသုံးလေးယောက်က ထိုသို့

ပြောရင်း ဒေါ်ကြီးမောကြီးဖြင့် စန္ဒီ့လက်ကို ဟိုတစ်

သည်တစ်ဘက်ဆွဲတော့သည်။

“လွှတ်....လွှတ်”

“မင်း ဒီအလုပ်ကိုလုပ်ကတည်းက အစခံရမယ်၊ အတို

မယ်ဆိုတာ နားမလည်ဘူးလား၊ ခြသေ့ မင်းဥပုသ်စောင့်

မင်းကြားဖူးသလား”

ထိုသို့ပြောရင်း စန္ဒီ့အင်္ကျီကို ဆောင့်ဆွဲခြင်း ခံလို

သည်။

“အား”

စန္ဒီ မျက်နှာကို လက်ဝါးဖြင့်အုပ်၍ သံကုန်ခြစ်အော်

ချိန်တွင် အလုပ်ရှင်ရော၊စိုးရောရောက်လာကြပြီး နံပါတ်

ဝိုင်းတွင် ထိုင်နေကြသော စားသောက်နေသူများကို တော

ပန်ပြီး စန္ဒီ့ကို နောက်ဖေးဆီသို့ ခေါ်ခဲ့ကြသည်။

“လွှတ်....လွှတ်၊ ရှင်တို့ဘာလုပ်တာလဲ၊ လွှတ်”

နွယ့်အသံပါလား။

လိုက်ကာများ ကာရံထားသော အခန်းဆီမှ ထွက်

ခြင်းဖြစ်သည်။

စန္ဒီ ထိုနေရာဆီ ပြေးဝင်သွားသည်။



“အို....”

စန္ဒီ့ မျက်လုံးများ မီးဝင်းဝင်းတောက်သွားသည်။

နွယ့်အင်္ကျီများ ပွင့်ထွက်နေသည်။ တစ်ကိုယ်လုံးလည်း လူတစ်ဦး၏ ရင်ခွင်တွင်းဝယ် နောက်ဘက်မှ သိုင်းဖက်ခြင်း ခံထားရသည်။

မြင်၍မကောင်း၊ ရှုစရာကောင်းလှသည်။

နွယ် ရုန်းကန်နေသည်ကို လွှတ်မပေးသည့်အပြင် ဖျစ်ညှစ်ထားပြီး နမ်းရှုပ်ခြင်းကို ခံနေရသည်။

“ကဲဟယ်”

စန္ဒီ ဘာကိုမျှ မစဉ်းစားနိုင်။ စားပွဲပေါ်ရှိ ပုလင်းကို ဆွဲယူပြီး ထိုလူ့ကို ရိုက်ချလိုက်သည်။

“ဟေ့....မင်း ဘာလုပ်တာလဲ”

ဒုတိယအကြိမ်မြောက် စန္ဒီ ဆွဲလားရမ်းလား အလုပ်ခံရပြန်သည်။ သည်တစ်ခါတော့ နွယ်က စန္ဒီ့ကို ဝိုင်းကူသည်။

“ဟေ့....စိုး၊ မင်းဟာမတွေက ဘယ်လိုလဲကွ၊ ငါ့ဆိုင်ကို နာမည်ဖျက်တာလား၊ အရှက်ခွဲတာလား၊ နှောင့်ယှက်တာလား”

ဆိုင်ရှင်၏အသံက ကျားဟိန်းသံလိုပါပဲ။ သူ့ရုပ်ကလည်း စောစောကလို ပြုံးမနေတော့၊ မချောမွေ့တော့၊ စားတော့ဝါးတော့မည့် ပုံစံမျိုးကြီး။

မစိုးလည်း ခြေကားယား လက်ကားယားနှင့် မျက်စိမျက်နှာပျက် ဖြစ်နေသည်။

စန္ဒီနှင့် နွယ်ကို အလုပ်သမားများက မီးဖိုထဲသို့ ဆွဲခေါ်
လာကြသည်။ ဆိုင်ရှင်က ခါးထောက်လျက်....

''မင်းတို့ တော်တော်ရိုင်းတဲ့ မိန်းမတွေပဲ''

''အို....ဘယ်သူရိုင်းတာလဲ၊ ကိုယ့်ကို ဆွဲလားရမ်းလာ
လုပ်တာတို ငြိမ်ခံနေရမှာလား''

''နည်းနည်းပါးပါး ပြောတာဆိုတာ ထိတာတို့တ
တာများ ပဲ ပါတာမှတ်လို့၊ နင်တို့ကို တစ်နေ့ အစိတ်ပေးထာ
တာ အလကားနေရင်း ပေးမလား၊ နင်တို့ သည်းခံနိုင်ရ
ဒီလူတွေက မုန့်ဖိုးတွေဘာတွေ ထပ်ပေးတတ်တယ်၊နားလည်
ပေါ့''

''အို....နားမလည်ဘူး၊ နားမသည်ဘူး။ ကျွန်မတို့ မိန်း
ကောင်းတွေ၊ ပိုက်ဆံလေး အစိတ်ရဖို့အတွက်တော့ ဘ
အပျက်မခံနိုင်ဘူး၊ နာမည်အပျက် မခံနိုင်ဘူး''

''ဒါဆိုလဲ ပြန်ပေတော့ အမိတို့''

နွယ်တို့ ပြန်ဖို့ ပြင်ကြသည်။ ဖရိုဖရဲဖြစ်နေသည်များကို
ပြန်ပြင်ကြသည်။

''ဆောရီးပဲ မမစိုးရာ၊ နွယ်တို့ ပြန်မယ်''

''နွယ်တော့ အံ့ဩတယ်၊ ဒီလို လက်ကမြင်းတဲ့ လူတွေ
ကြားထဲမှာ မမစိုးမို့ အလုပ်လုပ်ရဲတာယ်''

နွယ်က ပခုံးကို အချက်ပေါင်းများစွာ တွန့်ရင်း မျက်နှာကို
ရှုံ့မဲ့ရင်း ပြောသည်။

မမစိုးက မချိုပြုံးလေး ပြုံးနေသည်။

နွယ်နှင့် စန္ဒီ ရင်ကော့၍ ပြန်ထွက်လာကြသည်။



''ထမင်းတစ်လုပ်စားရဖို့အရေး စန္ဒီတို့ ဒါမျိုးအလုပ်
မလုပ်သေး။

''မင်းတို့ကို အလုပ်ရှင်က ခေါ်နေတယ်''

''ဘာကိစ္စတုံး''

''ပုလင်းနှစ်လုံးနဲ့ ပန်းကန်တစ်ချပ် ကွဲသွားတဲ့အတွက်
ငါးဆယ် လျော်ရမယ်တဲ့''

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တစ်ယောက်
အစိတ်စီ ထုတ်ပေးလိုက်ကြသည်။ အလုပ်ရှင်ဆီလည်း မသွား
တော့။

ခြံကြီးအတွင်းမှ အပြင်သို့ ရောက်သောအခါ အသက်ကို
ဝအောင် ရှူပစ်လိုက်ကြသည်။

တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး အားရ
ပါးရ ရယ်ပစ်လိုက်ကြသည်။

မိမိတို့နှစ်ဦးသည် ကျားခံတွင်းဝမှ လွတ်လာသော သမင်မ
နှစ်ကောင် မဟုတ်ပါလား။

ပိုက်ဆံ မရခဲ့သည့်အပြင် အိတ်ကပ်ထဲမှ တစ်ယောက်
အစိတ်ဆီ ထွက်ခဲ့သော သူငယ်ချင်းနှစ်ယောက်ကို ကြည့်ပြီး
သွဲ့မူက ခေါင်းတညိတ်ညိတ်ဖြင့်....

''ဒါကြောင့် ငါမပြောလား၊ နင်တို့ ဒုက္ခတွေ့မယ်လို့၊
တော်ပါသေးတယ်၊ တစ်နေ့တည်းနဲ့ လန့်ပြီး ပြန်လာကြလို့၊
အားနာပါးနာနဲ့များ ဆက်လုပ်နေရင် နင်တို့ ရေစုန်မျောမှာ
သေချာတယ်၊ နင်နဲ့ မစိုးက အမျိုးမကောင်းလို့ ငါ မပြောတာ၊
အခုတော့ နင်လဲ ရိုပ်မိသလောက် ရိပ်မိမှာပဲ၊မမစိုးသတင်းက

အရမ်းကို ဆိုးနေပြီဟ၊ သူ့အဆက်ကလဲ သူ့ကို မယူတော့
ဘူးတဲ့"

"ဘာဖြစ်လို့လဲ"

"နင်တို့ပဲ စဉ်းစားကြည့်ပါလား၊ နင်တို့တောင် နာရီဖို့
လေးအတွင်း ဘဝပျက်မတတ် ဖြစ်လာကြသေးရင် မမစို
နှစ်သက်ရှင့်နေတဲ့သူအဖို့တော့ သွားပြီပေါ့၊ အလုပ်ရှင်နဲ့
ဘာ့လိုလို၊ စားသောက်ဆိုင်ကိုလာတဲ့ ပိုက်ဆံရှိတဲ့လူတွေနဲ့
ဘာလိုလို သတင်းထွက်နေတာပဲ"

"တော်ပါတော့ဟာ၊ ရင်တုန်လွန်းလို့ မကြားပါရစေ
တော့"

စန္ဒီ ငိုင်တွေတွေလုပ်နေရာမှ သက်ပြင်းချသည်။

"စန္ဒီရယ် နင်တို့အိမ်ကတိုက်ကြီး၊ ပြီးတော့ တိုက်ငှ
ထားတဲ့ စပေါ်ငွေတွေ တစ်လတစ်လ ရတဲ့အိမ်လခတွေ
ဇိမ်နဲ့ထိုင်စားရုံပါဟာ"

စန္ဒီ ဘာမျှ မပြောချင်တော့ပေ။

နွယ်က သတင်းစာကို ဖတ်နေရာမှ—

"ဟယ်...ဒီမှာ ကြော်ငြာတစ်ခုပါတယ်ဆရော၊ လက်နှိ
စက် ကောင်းစွာရိုက်တတ်သူတစ်ဦး အလိုရှိသည်တဲ့၊ အ
(—)ကို ရုံးချိန်အတွင်း၊ စုံစမ်းနိုင်သည်တဲ့၊ ဒီနေ့မှ ကြော်ငြ
တာဆိုတော့ရသိုရငြား သွားကြည့်ရအောင်လား"

စန္ဒီလည်း စိတ်ဝင်စားသည်။ ထို့ကြောင့် သုံးယော
သား အုယားဖားယား မြို့ထဲဘက်ထွက်ခဲ့ကြသည်။

ကုရုံသော မြို့လယ်ခေါင်တွင်ဖြစ်သည်။



ရုံးသူရုံးသားတွေဖြင့် ရှုပ်ယှက်ခတ်နေသည်။ စီးပွားရေး
သမားများဖြစ်သည်။ ကုန်သည်ပွဲစားများ၊ ကျောင်းသူ
ကျောင်းသားများ၊ ဆရာဝန်ဆရာမများဖြင့် စည်ကားသည့်
နေရာ။

စန္ဒီတို့သုံးယောက် ဇီးကွက်မျက်လုံးဖြင့် ကြော်ငြာထဲက
လိပ်စာအတိုင်းရှာကြသည်။

"လိပ်စာအတိုင်းဆိုရင် ဒါပဲဟ"

အိမ်အမှတ်(—)၏ ရှေ့တွင် နာရီပြင်ဆိုင်၊ နာရီအရောင်း
ဆိုင် နှစ်ဆိုင်၊ စာရေးကိရိယာဆိုင် သေးသေးလေးတစ်ဆိုင်၊
ဗွမ်းယာဆိုင်တစ်ဆိုင်၊ ထိုဆိုင်များနှင့်အတူ စားပွဲခုံပေါ်
တွင် လက်နှိပ်စက်(၂)လုံးကိုတင်ထားသည်။ အသက်(၃၀)
ခန့်ရှိ ခပ်ဝဝ လူတစ်ယောက်က မျက်လုံးအပြူးသားဖြင့်
လက်နှိပ်စက်တစ်လုံးကို တဖြောင်းဖြောင်းရိုက်နေသည်။

နွယ်တို့ သုံးယောက် စဉ်းစား၍မရ။ လိပ်စာထဲမှ အိမ်
နံပါတ်မှာတူနေသော်လည်း ရုံးသဘောမျိုးမဟုတ်။

"ငါမေးကြည့်လိုက်ဦးမယ်"

လဲ့မူက လက်နှိပ်စက်ရိုက်နေသူထံသွား၍...

"ဒီမှာရှင့်၊ မနက်ကသတင်းစာထဲမှာ ကြော်ငြာတာ...."

"ဪ....ဟုတ်ပါတယ် ခင်ဗျ၊ ကျွန်တော် ကိုယ်တိုင်
ကြော်ငြာထည့်တာပါ၊ ညီမက အလုပ်လျှောက်ချင်လို့လား"

"ဘယ်မှာ လုပ်ရမှာလဲ"

"ဒီမှာပဲလေ၊ ကျွန်တော် တစ်ယောက်တည်းမနိုင်လို့
အဖော်ခေါ်ရတာပါ"

ထိုစကားကြောင့် စန္ဒီနှင့်နွယ်က ရင်ဘတ်ကို ဖိကြသ
လဲ့မူက ဘယ်လိုလဲဆိုသည့်ပုံစံဖြင့် လှမ်းကြည့်သည်။ နွယ်
မျက်နှာကို ရှုံ့တွ၍ လက်ကိုခါပြသည်။ စန္ဒီကတော့ ငိုချင်သ
လို လုပ်နေသည်။

"ခုနက စာရင်း လာပေးသွားတာတွေတော့ ရှိပြီ
ယောကျ်ားလေးတွေလေ၊ ဒီနေရာမှာ ခပ်ချောချောခပ်
ဆော်ဆိုတော့ ပိုးရင်းငမ်းရင်း လက်နှိပ်စက်လာရိုက်ကြ
လူပိုများမှာပဲ၊ လခငါးဆယ် ပိုပေးမယ်ဗျာ၊ ငါးရာရမ
လခ ငါးရာပေးမယ်"

"ဩော်....ဟုတ်ကဲ့၊ အိမ်နဲ့ ပြန်တိုင်ပင်လိုက်ဦးမယ်နေ
"ရတယ်လေ၊ လုပ်မယ်ဆိုရင် နက်ဖြန်ညနေ ငါးန
နောက်ဆုံးထားပြီး အကြောင်းပြန်စေချင်တယ်ညီမ၊ လုပ်
ဆိုရင် တခြားလူကို ခန့်ရအောင်လေ"

"ဟုတ်ကဲ့....ဟုတ်ကဲ့"

လဲ့မူ စပ်ဖြဲဖြဲမျက်နှာဖြင့် ရောက်လာသည်။

ခပ်ဝေးဝေး ရောက်သောအခါမှ....

"အပြီး....မုန်းချက်နဲ့ နှမ်းထွက်မကိုက်ပါလားနော်၊ လ
နှိပ်စက်စာရေးမ လုပ်ရမယ်ဆိုလို့ ရှုံးခန်းနဲ့လား အောက်
တယ်၊ သူများအိမ်ရှေ့မှာ စားပွဲခုံလေးနဲ့ ထွက်ပြီး ရိုက်ရ
တဲ့၊ အမယ်လေးနော် ရယ်ချင်လိုက်တာ၊ ဟိုလူကကြည့် ဒီလူ
ကြည့်နဲ့၊ ဟား....ဟား....ဟား၊ မျက်နှာတယ်ပြောင်မယ့်အလ
ပါလားဟင်"

မျက်နှာကိုလက်နှစ်ဘက်ဖြင့်အုပ်၍ ရုက်နေသော လဲ့မူ



စန္ဒီက ခေါ်လိုက်သည်။

"လဲ့မူ နင် မလုပ်ဘူးလား"

"ဟင့်အင်း၊ လမ်းသွားလမ်းလာရော ကားပေါ်ကရော
အကာအကွယ်မရှိဘဲ မြင်နေရတာကြီးဟယ်"

"ဒါဆို ငါလုပ်မယ်"

"ဟင်...."

စန္ဒီကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေကြသည်။
ပါးစပ်ဟောင်းလောင်းဖြင့် ဝိုင်းကြည့်နေကြသည်။

"တော်စမ်းပါဟာ၊ နင့်လို ချမ်းသာတဲ့ လူမပြောနဲ့ ငါတို့
လိုဟာတွေတောင်မလုပ်ဘူး"

စန္ဒီ တံတွေးကိုမျိုချရင်း....

"ငါနောက်နေတာမဟုတ်ဘူး၊ တကယ်လုပ်မှာ"

မျက်လုံးထဲတွင် အိပ်ရာထဲမှအမေကိုလည်းကောင်း၊ ဆံပင်
ဖြူဖြူ မျက်မှန်ထူထူနှင့် ချစ်စရာကောင်းလှသော ဖခင်ကို
လည်းကောင်း မြင်နေသည်။

'အလုပ်ကိစ္စ အဆင်ပြေခဲ့လား သမီးကြီး' ဆိုသည့် ဖခင်
ကြီး၏ အားကိုးသည့်မျက်လုံးကို စန္ဒီ့မျက်လုံးထဲက မထွက်။
ထို့ကြောင့်လည်း စန္ဒီ သတ္တိတွေရှိနေသည်၊ ရှက်စိတ်တွေ
ပျောက်နေသည်။

"ငါ စာရင်း သွားပေးလိုက်မယ်"

စန္ဒီ ချက်ချင်း လှည့်ထွက်သွားသည်။

နွယ်နှင့် လဲ့မူ ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့ကြသည်။

* * *

## အခန်း (၁၈

အလုပ်နှင့်လူ ဖြစ်သွားပြီမို့ စန္ဒီ အချိန်ပို မရှိတော့၊ မနေ
ဈေးသွား၊ ချက်ပြုတ်၊ ရေမိုးချိုးပြီး ထမင်းဘူးလေးကိုင်က
အလုပ်ရှိရာ ပြေးရသည်။

ညနေ အိမ်ရောက်သည်နှင့် ရှင်းလင်းဆေးကြောပြီး မိ
နှစ်ပါးကို စကားပြောသည်။

"အလုပ်လုပ်ရတာ အဆင်ပြေလား သမီး"

"ပြေပါတယ် ဖေဖေ"

"အထက်အရာရှိကရော အောက် လက် ငယ် သား
အပေါ် နားလည်မှု ရှိရဲ့လား"

"ရှိပါတယ် ဖေဖေ"

ထိုစကားကို ပြောရင်း စန္ဒီ့မျက်နှာလေး ငယ်သွားသည်



မိမိ၏ အလုပ်ရှင်မှာ တကယ်ကို နားလည်မှု မရှိသူပါ။ သူသည်လည်း ပညာတတ် ဘွဲ့ရတစ်ဦးဖြစ်ပြီး မိဘို ဖအိုနှင့် ညီအစ်ကိုမောင်နှမများကို ရှာဖွေ ကျွေးမွေးနေရသူဟု သိရသည်။

ပြီးတော့ လူပျိုကြီး။

စန္ဒီက မျက်နှာလေး စူပုပ်ပုပ် လုပ်ထားသဖြင့် သူ့ အနေအသိုင် ဆင်ခြင်သော်လည်း လက်နှိပ်စက် လာရိုက်သည့် ကောင်လေးများ အငမ်းတုလျှင် သူ ပြုံးစုချင်သည်။ တချို့ကျတော့လည်း စန္ဒီ့ကို ရုံသွင်းပြထားသလို မနီးမဝေးမှ ခပ်တင်းတင်း ထိုင်ကြည့်နေတတ်ကြသည်။ ငေးနေကြသည်။

လှပသော မိန်းမပျိုလေးတစ်ဦး ယခုလို အကာအရံမရှိသော လူစည်ကားသော ဟင်းလင်းပြင်ဝယ် အလုပ်လာလုပ်နေသည်ကို အံ့ဩနေကြပုံ ရသည်၊

စန္ဒီ့မှာ ခံယူချက်ရှိသည်။

လုံခြုံသောနေရာတွင် လူဦးရေအနည်းငယ်၏ မျက်စိသရမ်း လက်သရမ်းခြင်း ခံရတာထက်စာလျှင် ဤနေရာသည် ပို၍ သိက္ခာရှိမည်ဟု ထင်သည်။

စန္ဒီ လုပ်သက် လဝက်ရလာတော့ အခုရုံထူလာပြီ။

"စန္ဒီရေ ဒီတနင်္ဂနွေနေ့ကျရင် အိမ်မှာ ဆွမ်းကျွေးရှိတယ်၊ လာခဲ့ပါလား"

"အားရင် လာခဲ့မယ် အစ်ကိုကြီး"

"လာဖြစ်အောင် လာခဲ့ရမယ်နော်"

"ဟုတ်ကဲ့ပါ"

ကိုယ့်အလုပ်ရှင်ဖြစ်၍ စန္ဒီ သွားဖို့ စိတ်ကူးပါသည်။

ယို့သော် တစ်ယောက်တည်းမဟုတ်။ နွယ်နှင့် လဲ့မူတို့
ခေါ်သွားမည်။

ရုံးပိတ်ရက် အပြင်ထွက်ဖို့ ပြင်နေသော စန္ဒီကို အခဖေ
အမေရော သိင်္ဂီရော အားလုံး ကြည့်နေကြသည်။

သိင်္ဂီ့ကိုတော့ ဘာမျှ မပြောလိုတော့....

သူမ ချစ်မြတ်နိုးသူကို မိမိ မယူလျှင် ကျေနပ်ပြီ ထင်သ

"သမီး ဘယ်ကိုတုံး"

"အထက်အရာရှိအိမ်မှာ အလှူရှိတယ်လေ"

"တစ်ယောက်တည်း သွားမှာလား၊ သိင်္ဂီ့ကို ခေါ်
ခေါ်သွားလေ"

"ရတယ်အမေ၊ လဲ့မူတို့ လာကြလိမ့်မယ်"

"ဩော်....ဟုတ်လား၊ ဒါဆိုလဲ ကောင်းသားပဲ"

သိင်္ဂီ အောင့်သက်သက် ဖြစ်သွားသည်။

"မစံက မိမိကို စကားမပြော အဖက်မလုပ် တာသိ
သာလုပ်နေတာ ကြာပြီ။

အခင်းလေ မိမိက သူ့ကို စပြီး ရန်လုပ်ခဲ့မိတာကိုး၊ မျိုးလွ
နှင့် ပတ်သက်ပြီး အစ်မဖြစ်သူကို မခေါ် မပြောနိုင်လော
အောင် ဖြစ်ခဲ့သည်ကိုး။

မစံသည် ယခုနောက်ပိုင်း မျိုးလွင်ကို လုံးဝ စကားမပြေ
တော့။ မျိုးလွင်လည်း မမစံကို စွဲသမ်းသည့်စိတ်ဖြင့် ယ
နောက်ပိုင်း အပြင်ထွက်တာ သိပ်မတွေ့ရ။ မိမိကိုလည်
စကားမပြောတော့။



ယခုတော့ မိမိမှာ အစ်မဖြစ်သူ၏ လစ်လျူရှုမှုကိုလည်း
ခံရသလို မျိုးလွင်တို့ တစ်မိသားစုလုံး၏ စိမ်းကားသော
အကြည့်ကိုပါ ခံနေရသည်။

ချစ်သူ၏ အချစ်ကို မရရှိသည့်အပြင် အထင်သေးသည့်
မျက်လုံးဖြင့် အကြည့်ခံနေရပြီကော။

သည်ပွဲတွင် မမစံက မင်းသမီးဖြစ်သွားသည်။ သဘော
ထားကြီးကြောင်း၊ အနစ်နာ ခံကြောင်း တွေ ဖြင့် နာမည်
ကောင်းတွေ ရနေသည်။

မိမိမှာတော့....

သိင်္ဂီ တသိမ့်သိမ့်ရှိုက်ငိုမိသည်။

လဲ့မူနှင့် နွယ် ရောက်လာပြီးနောက် စန္ဒီတို့ အပြင်ထွက်ခဲ့
ကြသည်။

အိမ်ထဲ အဝင်အထွက်လုပ်တိုင်း စန္ဒီ့ရင်ထဲမှာ တင်းခနဲ
ချဉ်းခနဲဖြစ်ရတာ အမှန်ပါ။ မိမိကို မြတ်မြတ်နိုးနိုး ချစ်ရှာ
သော မျိုးကို မိမိ မုန်းစရာအကြောင်းမရှိပါ။

"ဟေ့ကောင်၊ မင်းနဲ့မျိုး ကိစ္စက ဘယ်လိုလဲ"

"ငယ်တဲ့လူကို မယူချင်ပါဘူးဟာ"

"တကယ်ပြတ်နိုင်လို့လား"

"မပြတ်နိုင်ရအောင် ကြိုက်မှမကြိုက်ကြသေးတာ"

"မင်းကမကြိုက်ပေမယ့် ဟိုကောင်က ကြိုက်နေတာပဲ၊
အခု လုံးဝ မခေါ်မပြောကြဘူးလား"

"ဟင့်အင်း....သူ့အဘွားကြီးက ငါ့ကို သူ့သားနဲ့သဘော
တူတဲ့အကြောင်း၊ ပေးစားမယ့်အကြောင်း ခေါ်ပြောသေး

တယ်၊ ငါခြင်းလိုက်လို့ အတော်လေးစိတ်ခုသွားပုံရတယ်"

"အေးဟယ်....နင်က သိပ်စိမ်းကားလွန်းတယ်"

"နင့်တို့မသိတာတွေ အများကြီးပါဟာ"

အလုပ်ရှင် ကိုဝင်းမောင်အိမ်သို့ ရောက်လာကြသည်။

အိမ်ကလေးက သပ်သပ်ရပ်ရပ်၊ ခြံကျယ်ထဲတွင် ပျဉ်ထော

အိမ်ကလေးနှင့် ဖြစ်သည်။ ခြံထဲတွင် သစ်ပင်ပန်းပင်တွေ

လင်လင် စိုက်ပျိုးထားသည်။

ဧည့်ခန်းကလည်း သစ်လွင်လှပနေသည်။

စန္ဒီတို့သုံးယောက်ကို အားလုံး ဝိုင်းကြည့်နေကြသ

ကိုဝင်းမောင်က ဝမ်းသာအားရ ပြေးကြိုသည်။ ကို

မောင်သည် အရပ်အမြင့်မြင့်နှင့် အနည်းငယ် ဝသည်။

လိုက်လျှင် ပါးစုံကြီးများ မောင်းတက်လာပြီး သာဂေ

နှင့် တူသွားတတ်သည်။ သဘောကောင်းသူဖြစ်၍ အစဉ်

ရယ်မောပြုံးရွှင်နေတတ်သည်။

"လာ....လာ စန္ဒီတို့"

မိခင်နှင့် သူ့ မိသားစုကိုခေါ်လာပြီး အားလုံးနှင့်မိတ်

ပေးသည်။ ကိုဝင်းမောင်၏မိခင်ရော နှမလေးနှစ်ယောက်

ပါ ရွှေဆွဲကြိုးကိုယ်စီ၊ လက်ကောက်ကိုယ်စီနှင့်....

စန္ဒီ ရယ်သည်းရယ်ချင်သည်၊ ရှက်လည်းရှက်သည်။

မိမိတို့မိသားစုမှာ တိုက်နှင့်ခြံနှင့် နေရရုံနှင့် ဘဝင်မြင့်

ကြသည်။ အတွင်းပစ္စည်း ဘာမျှမရှိ။

မျိုးလွင်တို့သည် မိမိတို့အိမ်တွင် လာငှားနေကြသူများ

သော်လည်း မိမိတို့ထက် ပြည့်စုံသည်။



ကိုဝင်းမောင်တို့မိသားစုသည်လည်း မိမိတို့ထက် ချောင်လည်သည်။ တီဗွီနှင့်ဘာနှင့်—

ကိုဝင်းမောင်၏ မိသားစုကရော ရောက်ရှိနေသော ဧည့်သည်များကရော စန္ဒီ့ကိုကြည့်ကာ တီးတိုးတီးတိုးပြောနေကြသည်ဟု ထင်သည်။

"မမစန္ဒီ၊ နောက်ကိုလဲ အိမ်ကိုလာလည်ပါနော်"

"လာမှာပေါ့ ညီမရယ်"

"ကိုကိုကြီးကတော့ တစ်နေ့တစ်နေ့ မမစန္ဒီအကြောင်းပဲ အိမ်ပြန်လာတိုင်း ပြောပြောပြနေလို့ ညီမတို့ တွေ့ချင်နေတာကြာလှပြီ"

စန္ဒီ ပြုံး၍သာနေလိုက်ရသည်။

"ကိုကိုကြီးက သိပ်တော်တာ၊ သိပ်လဲရိုးတာ၊ အလုပ်လဲ အရမ်းကြိုးစားတာပဲ သိလား"

"ဟုတ်လား၊ ဒီလိုအစ်ကိုမျိုး ရထားတော့ ညီမတို့ ကံကောင်းတာပေါ့ကွယ်"

"မမစန္ဒီမှာ ရည်းစားတွေဘာတွေ မရှိဘူးလားဟင်"

"လောလောဆယ်တော့ မရှိဘူးကွယ့်"

"အလျှင်တုန်းကတော့ ရှိတယ်ပေါ့... ဟုတ်လားဟင်"

"အင်းပေါ့"

ကောင်မလေး စိုးရိမ်သွားပုံရသည်။

"အင်းပေါ့လေ၊ မမက ဒီလောက်လှနေမှတော့ ဆိုင်မှာထိုင်နေရင်လဲ မမကို လာကြည့်နေတဲ့လူတွေ တစ်ပုံကြီးပဲဆို"

စန္ဒီ ပြုံးနေလိုက်သည်။

"အားလုံးပဲ စန္ဒီတို့ ပြန်လိုက်ပါဦးမယ်"

အားလုံးကိုနှုတ်ဆက်သည်။ အားလုံးက စန္ဒီ့ကို ကြည့်နေကြသည်။

ကိုဝင်းမောင်က လမ်းထိပ်အထိ လိုက်ပို့ပေးသည်။ တစ်လမ်းလုံးကလည်း စန္ဒီ့ကို ထွက်ကြည့်နေကြသည်။

"မိစံ"

"ဟင်"

"မဟုတ်မှလွဲရော ဒီဆုမ်းကျွေးပွဲဟာ နင့်ကိုခေါ်ပြခုင်လို့လုပ်တဲ့ပွဲပဲဖြစ်မယ်၊ ကြည့်တဲ့မျက်လုံးတွေက တစ်မျိုးပဲ"

"ဟုတ်တယ်မိစံ၊ နင့်ကို ကိုဝင်းမောင် ကြိုက်နေပြီထင်တယ်၊ ဆွေပြမျိုးပြခေါ်လုပ်သလိုပဲ"

စန္ဒီ သက်ပြင်းချသည်။

"ငါလဲ သိပါတယ်ဟာ"

"ဟား....ဟား၊ နင်လား ဒီပုံစံမျိုးကို ပြန်ကြိုက်မှာ၊ ဒီလူနာချင်ပြီထင်တယ်"

"ပြန်မကြိုက်နိုင်ပေမယ့် ငါ့ရန်သူမှမဟုတ်တာ၊ ငါ့အလုပ်ရှင် ငါ့ကျေးဇူးရှင်ပဲ၊ ငါလေးစားရိုသေနေပါတယ်"

"တကယ်လို့ သူ ချစ်စကားပြောလာရင်ကော"

"ရှိပြီးသားမို့ ခွင့်လွှတ်ပါလို့ ပြောရတော့မှာပဲ"

လေးဘီးတစ်စီး ငှားပြီးပြန်ခဲ့ကြသည်။

စန္ဒီ့ရင်ထဲတွင် ကျင်ခနဲဖြစ်သွားသည်။

မိမိတို့ကားဘေးမှ ဖြတ်ကျော်တက်သွားသော ကားရှေ့ခန်းတွင် ထိုင်သွားသော လူသည် ခိုင်နှင့်တူလှသည်။



ထိုကားမှာ နောက်ဆုံးပေါ်တံခါးလေးပေါက်ကား ဖြစ်ပြီး သစ်လွင်တောက်ပနေသည်။

"ဘာကြည့်တာလဲဟ"

လည်ပင်းလေးရှည်၍ မျက်လုံးအပြူးသားဖြင့် ရှေ့မှကားကို လှမ်းမျှော်ကြည့်နေသော စန္ဒီကို လဲ့မူက မေးခြင်းဖြစ်သည်။

"ခိုင်နဲ့တူလို့"

"ဟား....ဟား၊ နင့်ခိုင်လား ဒီကားမျိုးပေါ်ဖါမှာ၊ ခုချိန်ငါ့ လှည်းမောင်းနေလား၊ ထွန်တုံးစီးနေလားမသိဘူး"

စန္ဒီက ကိုယ်တိုင်မြင်လိုက်ရတဲ့သူပါ။

ကိုယ့်ချစ်သူ၊ ကိုယ်မြတ်နိုးသူ၊ ကိုယ်စွဲလမ်းသူကို ဖျတ်ခနဲ မြင်မြင် မှတ်မိပါသည်။

ခိုင်က ယခင်ကထက် ပိုချောလာသည်။

လူကြီးလူကောင်းရုပ် ပေါက်လာသည်။

အဝတ်အစားကလည်း သားနားသည်။

ထိုအချိန်မှစ၍ စန္ဒီတစ်ယောက်ဝေဒနာထပ်တိုးပြန်တော့သည်။

လေသာဆောင်ထွက်၍ စိမ်းစိုနေသော ပိတောက်ပင်များကို ငေးတတ်သလို လူသစ်များ ရောက်ရှိနေသော ကိုတွတ်...ဘက်သို့လည်း လှည့်ကြည့်ကာ ရင်နာသော အတိတ်က...ကြီးစိုးလာတော့သည်။

"ဟင်"

လသာသည့်ညဖြစ်၍ စန္ဒီ လေသာဆောင်တွင် ည(...)
နာရီခန့်တည်းက ထွက်ထိုင်နေသည်မှာ ယခုဆိုလျှင်(၁၀)(...)
ထိုးပြီ။

ထိုအချိန်ကျမှ အောက်ဘက်ခြံထဲမှ လှုပ်ရှားမှုတစ်(...)
မြင်တွေ့လိုက်ရသည်။

မျိုးလွင်က သူတို့ဘက်ခြံထဲမှ ခုံတန်းရှည်ပေါ်တွင်ထိုင်(...)
မိမိကိုကြည့်နေပါကလား။

စန္ဒီ သက်ပြင်းချပြီး အိမ်ထဲပြန်ဝင်ခဲ့သည်။

ရင်ထဲတွင် တင်းခနဲဖြစ်သွားသည်။ နာကျင်သော ခံ(...)
တစ်ခုတော့ ဖြစ်သွားခဲ့သည်။

မျိုးတစ်ယောက် မျက်ရည်ဝဲနေမည်လား၊ မိမိကို မုန်း(...)
မည်လား၊ တွေ့ချင် နေသေးသလားဆိုသည့် အတွေး(...)
ကြောင့်ပင်ဖြစ်သည်။

* * *

အခန်း (၁၉)

လက်နှိပ်စက် ရိုက်နေသော စန္ဒီ၏ လက်လှလှလေးများ
(...)သိသာသာ တုန်နေမည်ထင်သည်။

လုံးဝ မမျှော်လင့်သေးသော စကားကို ကြားလိုက်ရသော
ကြောင့်ဖြစ်သည်။

"စန္ဒီ့ကို ကိုယ့်မိသားစု တစ်ခုလုံးကရော တစ်ဆွေလုံးတစ်
(...)မျိုးလုံး၊ တစ်ရပ်လုံးက ချောလွန်းလို့တဲ့ မျက်လုံးထဲကမထွက်
(...)ဘူးတဲ့၊ ကိုယ့်ကို စန္ဒီနဲ့ သဘောတူနေကြတယ်"

စန္ဒီ မရယ်မပြုံးလေး လုပ်နေသည်။

"စန္ဒီ ဘယ်လိုစိတ်ကူးလဲဟင်"

"ဘာကိုလဲ ကိုဝင်းမောင်"

"ကျွန်တော့်ကို လက်ထပ်ဖို့လေ"

"စန္ဒီ အိမ်ထောင်ရေးကို စိတ်မဝင်စားဘူး ကိုဝင်း
(...)မောင်"

"တကယ်လို့ စဉ်းစားခဲ့ရင် ကိုယ့်ကို မမေ့ပါနဲ့ စန္ဒီ"

"ဟုတ်ကဲ့"

စန္ဒီ အလုပ်လုပ်ရတာ မပျော်တော့။ ကိုယ့်ကိုလက်ထ တောင်းထားသူကို ကိုယ်က ပြန်မချစ်နိုင် မယူနိုင်ဘ အတူ ဖူးပူးကပ်ကပ်ထိုင်ပြီး အလုပ်လုပ်နေရတာကို စိတ်မ သလို ဖြစ်နေသည်။ နေရာကျပ်ကျပ်တွင် လက်နှိပ်စက်တ ရရှိ စားပွဲခုံနှစ်လုံးကိုချပြီး ဘေးချင်းကပ်၍ ထိုင်နေရသ ယခုနောက်ပိုင်း ကိုဝင်းမောင်က သိသိသာသာ ပြော လာသည်။ အလုပ်ရှင်နှင့်အလုပ်သမားလို မဆက်ဆံ ဘဲ ချစ်သူသမီးရည်းစားလို ညားကာစလင်မယားလို ဖ မ်းလာသဖြင့် စန္ဒီ စိတ်ညစ်ရပြီ။

မနက်ဆိုလျှင် စန္ဒီဆင်းမည့်ကားဂိတ်တွင် လာကြိုနေ သည်။ စန္ဒီက ကျေးဇူးရှင် အလုပ်ရှင်အနေဖြင့် ရိုရိုသေ ပြုံးပြုံးရွှင်ရွှင် ဆက်ဆံပါသည်။ သူပြောသမျှ ခေါင်းတ ညိတ်နှင့် နားထောင်ပါသည်။

စန္ဒီပန်ဖို့ ပန်းလှလှလေးများဝယ်၍ ပေးတတ်သည်။ စရာ သောက်စရာများဝယ်လာပြီး ကျွေးတတ်သည်။ ည အလုပ်သိမ်းလျှင်လည်း အိမ်ဘက်ကိုစီးသည့် ကားဖြစ်၍ စီးပြီး လမ်းထိပ်အထိလိုက်ပို့ပေးပြီးမှ ပြန်သွားတတ်သ

စန္ဒီ အတင်းငြင်းနေ တားနေသည့်ကြားက ဇွတ်လုပ် သဖြင့် မျက်နှာမှာ ပြုံးနေသော်လည်း ရင်ထဲမှာ ဒေါပွ စိတ်ဘိုခြင်းတွေ ဖြစ်နေမိသည်။



"စိတ်ကုန်တယ်ကွာ၊ ငါ ကိုဝင်းမောင်ဆီမှာ အလုပ် လုပ်ချင်တော့ဘူး"

"ဘာလဲ....နင့်ကို ရည်းစားစကားပြောပြီလား"

"လက်ထပ်ခွင့်တောင်းတယ်၊ ပြီးတော့ တစ်ချိန်လုံး သူ ရည်းစားအတိုင်း တယုတယလုပ်နေတော့ ငါဝိုချင်တယ်"

"နည်းနည်းဝတာကလွဲရင် မဆိုးပါဘူးဟာ၊ ရိုးသား တယ်၊ ကြိုးစားတယ်"

"နင်ယူမလား"

"ငါ့ကိုကြိုက်တာမှ မဟုတ်တဲ့"

"နင့်ကိုကြိုက်တာဆိုရင်ရော နင်ယူမလား၊ ငါ့အဝမှာ ယူစရာ ဒီလောက်တောင် ရှားနေပြီလား"

ပြောရင်း စန္ဒီက ငိုသည်။

လှဲမူသည်း စန္ဒီ့ကို ငုတ်တုတ်ထိုင်ကြည့်မိတော့သည်။

"တခြား အလုပ်တစ်ခုရှာမယ်"

"အေး....နောက်အလုပ်ရှင်က ခုလို မထိရက်မတို့ရက်မျိုး တွေ့ဦးမှကိုး၊ ကိုယ့်ကို မြတ်မြတ်နိုးနိုး လေးလေးစားစား ရှိ ဦးမှကိုး"

လှဲမူပြောတာ ဟုတ်နေသဖြင့် စန္ဒီ ခွေခွေလေး အိပ်နေမိ သည်။

"နှယ်တို့အိမ်သွားရအောင်"

"ဒီကောင်မရှိဘူး၊ ညီသည်တွေရောက်နေလို့ ဘုရား လိုက်ပို့တယ်"

"ဘယ်ကညီသည်လဲ"

"မုံရွာဘက်ကပဲ၊ ငါထင်တာတော့ သူ့အိမ်က လင်
စားတော့မယ် ထင်တယ်"

"သူနဲ့ယူရမယ့်လူရော ပါလား"

"ပါတယ်"

"နွယ်ကကော ကြိုက်လား"

"သိပ်တော့ ကြိုက်ပုံမပေါ်ဘူး၊ ဒါပေမယ့် ရည်းစ
မရှိ၊ အလုပ်လဲမရှိတော့ ဘာမှငြင်းစရာလဲ မရှိဘူးလေ
တော့ ကြိုက်ကြိုက်မကြိုက်ကြိုက် ယူရုံပေါ့"

"ဟင်"

စန္ဒီ ငိုချင်ပြန်သည်။

အခင်ဆုံး သူငယ်ချင်းတစ်ယောက် လင်ရတော့မည်
တော့ အားငယ်ဝမ်းနည်းသွားသည်။

"ငါတို့လဲ ဘုရားသွားရအောင်"

"ဘာလုပ်ဖို့လဲ"

"စိတ်ပြေလက်ပျောက်ပေါ့ဟာ၊ ပြီးတော့ နွယ်နဲ့တွေ့
တွေ့ပြားပေါ့"

"ခုမှ စတွေ့ရတဲ့ဟာကွာ၊ လွှတ်လွှတ်လပ်လပ် သွား
ပါစေ"

"ဟာ...မရဘူး၊ သွားမယ်ဆို သွားမှာပဲ"

"ကဲ....သွား....သွား၊ နင်တစ်ယောက်တော့ ခက်တ
ဇွတ်တရွတ်ပဲ"

အပြင်ထွက်လာရသဖြင့် စိတ်ကြည်လာသည်။ ကန်တေ
ကြီး ကရဝိက်လည်း ရောက်သည်။



"လဲ့မူ"

"အင်း....ပြော"

"နင်ကော လင် ဘယ်တော့ယူမှာလဲ"

"ငါ့အိမ်က ရှာဖွေမပေးတော့ ငါလဲ အိမ်ထောင်ကျဖို့
မမြင်ပါဘူး"

"အပျိုကြီးလုပ်ဟာနော်၊နင်နဲ့ငါ အဖော်ရှိတာပဲ"

"တော်ပါ၊ နင်လား အပျိုကြီးဖြစ်မှာ၊ ဒီလောက်ကြိုက်
မယ့်သူ လာနေတာ"

"ဘာဆိုင်လဲ၊ ငါ့စိတ်ကြိုက်မဟုတ်ရင် ဘယ်တော့မှ
မယူဘူး"

ရွှေတိဂုံဘုရားတွင် နွယ့်ကို လှည့်ပတ်ရှာကြသည်။

"ဟင်...."

"အေးတော့"

စန္ဒီ အလန့်တကြားလေး ဖြစ်သွားသည်ကို လဲ့မူကလည်း
ထောက်ခံသည်။

ဟုတ်ပါသည်၊ ရှာသူတစ်ယောက်၊ တွေ့သူတစ်ယောက်။

လုံးဝမမျှော်လင့်ထားသော ခိုင်နှင့် ပက်ပင်းတိုးနေကြ
သည်။

ခိုင်လည်း ပထမတော့ အံ့အားသင့်နေသည်။ နောက်မှ
ဝမ်းသာအားရဖြင့်....

"ဟာ....စန္ဒီနဲ့ လဲ့မူပါလား၊ ခုထိ အတွဲမပျက်ကြသေး
ဘူးနော်"

ခိုင့်အသံတွေ တုန်နေသည်။

စန္ဒီ မျက်ရည်ပြည့်သော မျက်လုံးအစုံဖြင့် ခိုင့်ကို စိုက်ကြ နေသည်။

"ခိုင် ဘာလာလုပ်တာလဲ"

"ဘုရားပေါ်မှာ တွေ့မှတော့ကွာ ဘာလာလုပ်လဲ [illegible] စရာလိုသေးလဲ လဲ့မူ၊ ဒါနဲ့ နွယ်တစ်ယောက်ရော မပါ [illegible] လား"

"နွယ်က သူ့အဆက်နဲ့ လျှောက်လည်တယ်"

"ဪ....ဟော်....ဟော်၊ ဒါဆို လဲ့မူနဲ့ စန္ဒီက အဆက်နဲ့ လျှောက်မလည်ကြဘူးလား"

ခိုင့်စကားကို လဲ့မူက လှောင်သည်။

"ဟား....ဟား....သိပ်ရယ်စရာ ကောင်းတယ်နော်၊ [illegible] တစ်ယောက် အဆက်ရှိသလား၊ အိမ်ထောင်ကျသွားပြီလ လို့ မေးချင်တာ မဟုတ်လား၊ ပြောင်မေးပါနော်"

လဲ့မူစကားကြောင့် စန္ဒီ ညှိုးငယ်သောမျက်နှာလေးဖြ မျက်လွှာချသည်။

ခိုင့်ကို စိတ်ခုသလိုခံစားရသည်။

သူ တကယ် စန္ဒီ ကိုချစ်သည်၊ စိတ်ဝင်စားသည်ဆိုလျှင် [illegible] နှင့် ကိုတွတ် မယူဖြစ်ဘူးဆိုတာကိုသိလျှင် စန္ဒီနှင့် ဆက်သွ သင့်သည် မဟုတ်လား။

ခုတော့ နေနိုင်လိုက်တာ။

အင်းလေ....သူ ဆက်သွယ်လာတော့ရော မိမိက ယူမှာ လား၊ မေမေက လက်ခံမှာတဲ့လား။

"စန္ဒီ"



"ဟင်"

စန္ဒီ မည်မျှ အတွေးလွန်သွားသည်မသိ။ သူတို့ ဘာတွေ ပြောနေကြသည်ကို မသိလိုက်။

"ကြုံတုန်း တစ်ခုခုသွားစားရအောင်"

"မစားတော့ပါဘူး ခိုင်ရယ်"

"ဒါဆိုလဲ အေးအေးဆေးဆေးစကားပြောခွင့်တော့ ရပါတယ်နော်"

"မခနဲ့ပါနဲ့ ခိုင်ရယ်"

လဲ့မူပါသဖြင့် သူတို့ အနေရခက်နေပုံရသည်။

"စန္ဒီ အလုပ်လုပ်နေတယ်"

"ဟုတ်လား၊ ဘယ်မှာလဲ"

စန္ဒီ အလုပ်အကိုင်ကိုပြောပြသောအခါ ခိုင် အံ့ဩသွားသည်။

"ဒါဆို နက်ဖြန် ခိုင်လာခဲ့မယ်"

"လာခဲ့လေ"

စန္ဒီ ပုံစံက မြူးကြွလာသည်။မျက်လုံးလေးများကအရောင်လက်နေသည်။ ပျော်နေသည်။

အလွန်ချစ်ခဲ့သော ချစ်သူများသည် မည်သည့်အကြောင်းနှင့်ပဲကွဲကွဲ၊ ဝေးဝေး၊ အမှတ်မထင် ပြန်ဆုံလိုက်ရုံနှင့် ချက်ချင်းပြန်၍နီးစပ်သွားတတ်ကြောင်း လဲ့မူ ကြားဖူးပါသည်။

ယခုလည်း သူတို့ချင်း မျက်လုံးချင်း စကားတွေ အများကြီးပြောပြီးကြပြီ၊ ချိန်းဆိုပြီးကြပြီ။

“စန္ဒီတို့မြန်ရင် ခိုင် လိုက်ပို့ပေးမယ်၊ ခိုင့်မှာ အသိတစ် ယောက်ကားပါတယ်”

ထိုကားကိုမြင်ရသောအခါ စန္ဒီပြောတာ မှန်နေသည် ဟုတစ်ခါ ကိုဝင်းမောင်တို့အလှူကအပြန်တွင် ထိုကားနှင့် ခို ကို စန္ဒီတွေ့လိုက်ရသည်မှာ မှန်နေသည်။

ဒရိုင်ဘာလည်း ပါသည်။

နွယ်တို့အိမ်တွင် ချပေးသည်။

ထို့နောက် စန္ဒီတို့လမ်းထိပ်တွင် စန္ဒီ့ကို ချပေးသည်။

“နက်ဖြန် ဒီနေရာကပဲ လာစောင့်နေမယ် စန္ဒီ”

“ကောင်းပြီ ခိုင်၊ စန္ဒီ ရှစ်နာရီခွဲလောက် လာစောင့်မ မယ်”

“အိုကေ”

ကားပေါ်မှ ခိုင်က လက်ပြနှုတ်ဆက်၍ မဆုံးသလို စန္ဒီက လည်း ကားကလေးပျောက်ကွယ်သွားသည်အထိ လက်ပြကျ ရစ်ခဲ့သည်။

“ဟင်....”

ကြည်နူးစွာလှည့်ပြန်လာသော စန္ဒီတစ်ယောက် လမ်းထိ အုတ်ခုံပေါ်တွင် ထိုင်နေသော မျိုးလွင်ကို မြင်ရသဖြင့် လ သွားသည်။

မျိုးလွင်က မျှော်လင့်စောင့်စားသော မျက်လုံးများဖြ စန္ဒီ့ကို ကြည့်သည်။ စန္ဒီ့ရင်မှာ တင်းတင်းကျပ်ကျပ်ကြ ခံစားရပါသည်။



“မမစံ”

မျိုးလွင်အသံက တိုးသည်။ ခေါ်သာခေါ်ရသည့် ကြောက်နေပုံရသည်။

အနောက်မှ လိုက်လာသော ခြေသံကိုလည်း ကြားရသည်။

“မမ....”

စန္ဒီ ခပ်မှန်မှန်ပင် လျှောက်သည်။

“ခုန ကားနဲ့လာပို့တဲ့သူဟာ ခိုင်ဆိုတဲ့လူလားဟင်”

“ဟုတ်တယ် မျိုး”

“မမနဲ့သူ ပြန်ဖြစ်နေကြပြီပေါ့ ဟုတ်လား”

“ဟုတ်တယ် မျိုး”

“ဒါဆို မျိုးအတွက် လုံးဝ မျှော်လင့်ချက်မရှိတော့ဘူး ပေါ့ ဟုတ်လား”

“အင်း”

စန္ဒီ သက်ပြင်းရှည်ကြီးနှင့်အတူ အင်းလိုက်ခြင်း ဖြစ်သည်။

“တကယ်တော့ မမဟာ ခိုင်ဆိုတဲ့ လူကလွဲရင် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူးဆိုတာ ရှင်းနေတာပဲဗျာ၊ သက်သက်မယ့် သီဂီ့ကို လွှဲချနေတာပါ၊ သီဂီ ခမျာ အလကားသက်သက် အမုန်းခံနေရတယ်၊ မေမေတို့ ယင်းမာတို့ကဆိုရင် သီဂီ့ကို စကားတောင် မပြောကြဘူး၊ ရပါတယ်ဗျာ၊ အချစ်ဆိုတာ ယူလို့ရတာမှ မဟုတ်ဘဲ၊ မမ ကျွန်တော့်ကို မချစ်သလို မယူနိုင်သလို မမကိုမှ ချစ်မိတဲ့ ကျွန်တော်ဟာလဲ မမကလွဲရင် ဘယ်မိန်းမမှ မချစ်နိုင် မယူနိုင်ဘူးဆိုတာ မမ မြဲမြဲ မှတ်ထားပါ”

မျိုးလွင်၏ ကြိမ်းဝါးမှုကိုခံယူပြီးနောက် စန္ဒီ ခြံထဲသို့ ဝင်
သည်။

အချစ်ဦးနှင့် ပြန်တွေ့ရသဖြင့် ပျော်မြူးရမည့်အစား ဝ
ဇဝေဇဝါဖြင့် ငေးမောနေရပြီ။

* * *

အခန်း (၂၀)

ကိုဝင်းမောင်

စန္ဒီ အလုပ်နောက်ကျမယ်နော်

ထမင်းစားချိန်မှရောက်မလာရင်တော့ ခွင့်

တစ်ရက်ယူတယ်လို့ပဲ သဘောထားပါနော်။

လေးစားလျက်

စန္ဒီ

ဝင်းမောင်ကို နာရီဆိုင်မှ စာလှမ်းပေးခြင်း ဖြစ်သည်။

စာဖတ်ပြီး....

"သူကိုယ်တိုင် လာပေးတာလား"

"ဟုတ်တယ်"

"တစ်ယောက်တည်းလား"

"မဟုတ်ဘူး၊ နှစ်ယောက်"

"ဟိုကောင်မလေးတွေလား"

''မဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်နဲ့ လာတာ''

''ဘယ်အရွယ်လဲ''

''အစိတ်လောက်ပဲ ရှိမယ်၊ ဘော်တော်ချောတယ်၊ ရုပ်ရှင်မင်းသားလိုပဲ၊ ဝတ်ထားတာလဲ သန့်ပြန့်နေတာပဲ၊ ကားကိုကိုယ်တိုင်မောင်းလာတာ၊ စန္ဒီကလဲ ခါတိုင်းထက်ကို အလှပြင်ထားတယ်''

''ဟုတ်လား''

ဝင်းမောင် မျက်လုံးများ ရီဝေလာသည်။ ချွေးတွေလည်းပြန်လာသည်။ စိတ်ထဲမှာ စိုးရိမ်စိတ်တွေ ဖြစ်နေသည်။

သူ့ရည်းစားများလား။ ဘယ်ကို သွားကြမှာလဲ။

ဝင်းမောင် ရင်ထဲတွင် မေးခွန်းများ၊ စိုးရိမ်မှုများနှင့် အချိန်တွေ ကုန်လွန်စေနေသည်။

''ဘာလို့ ဒီအလုပ်ကို လုပ်တာလဲ စန္ဒီရယ်''

ခိုင်က စန္ဒီ့လက်ကို တယုတယ ဆုပ်ကိုင်၍ မေးသည်။

စန္ဒီက အင်းလျားရေပြင်ကို ငေးရင်း ပြုံးသည်။

''ဖြေလေ စန္ဒီ''

''စားဝတ်နေရေးအတွက်ပေါ့ ခိုင်ရယ်''

''လုပ်စရာရှားလွန်းလို့ကွာ၊ လူမြင်ကွင်းမှာ ဟိုကကြည့်၊ ဒီကကြည့်နဲ့''

''လူကွယ်ရာမှာ ဖြစ်ချင်တိုင်းဖြစ်နေတာထက်စာရင် လူမြင်ကွင်းမှာ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေတာက ပိုဂုဏ်ရှိပါတယ်ခိုင်''



''ခိုင်တော့အရမ်းအံ့ဩတယ်ကွာ၊ စန္ဒီ ဒီအလုပ်ကို လုပ်ရအောင် စန္ဒီတို့အိမ်က စီးပွားရေးကျဆင်းနေပြီလား''

စန္ဒီ ခေါင်းညိတ်သည်။

''စန္ဒီ့ အိမ်ကသိလား''

ခေါင်းခါသည်။

စန္ဒီ့ကိုကြည့်ရသည်မှာ ကုန်တိုက်မှာ ပြထားသော ဘိုမအရုပ်လို မှန်ဗီရိုထဲမှ အရုပ်လို အလွန် လှပပါသော်လည်း အသက်မဝင်ပါ။

''စန္ဒီ''

''ဟင်''

စန္ဒီက မျက်လုံးလေးဝင့်၊ မျက်ခုံးလေးပင့်၍ ကြည့်သည်။

''ကိုယ့်ကိုသတိရလား''

စန္ဒီ သည်တော့မှ ပြုံးသည်။ ပြီးတော့—

''ဘယ်လိုထင်လဲ''

''အမြဲမဟုတ်တောင် ပိတောက်ပွင့်လေးတွေ မြင်ရင် သင်္ကြန်ချိန်ကျရင်တော့ သတိရလိမ့်မယ်ထင်တယ်''

''အဟင်း....ဟင်း၊ အဲဒီအချိန်ကျရင် စန္ဒီဖြင့် ရှုံးနေရင်ကောင်းမယ်ထင်တာ၊ တစ်နှစ်ပြီးတစ်နှစ်သာပြောင်းလာတာ၊ အရှုံးကထာချင်တုန်း''

''ဒီလိုမပြောပါနဲ့စန္ဒီရယ်၊ ဒီလိုဝေဒနာမျိုးကို လူတိုင်းမခံစားရပါဘူးလေ''

''အို....အရေမရ အဖတ်မရ၊ အလွမ်းဒဏ်မျိုး မခံစားရလေ ကောင်းလေပေါ့ခိုင်ရာ''

"ကိုယ်ကတော့ လွမ်းရတာကို အပြစ်လို့ မမြင်တော့ဘူး ချစ်တတ်လို့ လွမ်းတတ်တာပဲကွာ"

"အဟင်း....ဟင်း"

စန္ဒီ၏ လှပသောမျက်နှာနှင့် ရယ်သံသည် ခိုင့်အတွက် အဟောင်းတွေအသစ်ဖြစ်လာစေပုံရသည်။

"စန္ဒီ"

"ဟင်...."

စန္ဒီထူးရင်းက မျိုးလွင်ကို သတိရမိသည်။ မျိုးသည်လည် အနားတွင်ကပ်ပြီး တစ်ချိန်လုံး နာမည်ကိုသာခေါ်ပြီးရင် ခေါ်နေတတ်သည်မဟုတ်လား။

"ကိုယ်နဲ့ပြန်တွေ့ရတာ ဝမ်းသာလားဟင်"

"သူရော"

"မေးလိုက်တိုင်း ဘာလို့ မေးခွန်းပြန်ထုတ်နေရတာ စန္ဒီ"

"စန္ဒီလဲသိချင်တာပေါ့"

"ဝမ်းသာလား မသာလားမသိဘူး၊ ကိုယ့်ရင်ဘတ်ကို စမ်းကြည့်စမ်း"

စန္ဒီ့လက်ကို လှမ်းဆွဲယူပြီး ခိုင်က သူ့ရင်ဘတ်ကို ဖိခိုင် ထားသည်။ စန္ဒီကရှက်ပြုံးလေးဖြင့် လက်ကိုရုန်းသည်။

"ခိုင်"

"ဘာလဲစန္ဒီ"

"ချစ်တယ် လွမ်းတယ်သာပြောနေတာ၊ ကွဲသွားပြီးတဲ့ နောက်ပိုင်းဖြင့် ဘာအဆက်အသွယ်မှလဲမလုပ်ဘူး၊ အရိပ်



အရောင်တောင် မမြင်ရဘူး၊ နေနိုင်လိုက်တာ"

စန္ဒီ့အသံက တိမ်ဝင်နေသည်။ ဝမ်းနည်းသံ၊ ညုသံ။

ခိုင်က သူမကိုရင်ခွင်အတွင်း ဆွဲပွေ့ရင်း....

"ကိုယ်လာတော့ စန္ဒီကထွက်ပြေးခဲ့ရဲ့သလား၊ ကိုယ့်ကို ယူရဲ့သလား၊ ကိုယ်ဘယ်လိုခံစားရခံစားရ မေမေသဘောမတူ ဘူးဆိုပြီး ငြင်းမှာပဲမဟုတ်လား၊ ဒါနဲ့ ကိုတွတ်နဲ့ဘာလို့ မယူ မြစ်တာလဲ"

"သူ....တကယ်မသိတာလား"

"တကယ်မသိတာ၊ သူတို့နဲ့ မပတ်သက်တာကြာပြီပဲ"

"အင်း....ကုသိုလ်ကံမတာပဲ ဖြစ်မှာပဲ၊ စန္ဒီမချစ်တာကိုလဲ သိရော ကိုတွတ်အမေက သဘော မတူချင်တော့ဘူးလေ၊ ဒီတော့မှ မေမေလဲ လက်မြှောက်သွားတာ"

"ကိုတွတ်နဲ့ပြတ်သွားပြီးနောက်ပိုင်းရော တာဇာဝင်လမ်း တွေ ဆက်ရှိသေးလဲ"

စန္ဒီက ချစ်စဖွယ် မျက်စောင်းလေးထိုးလျက်....

"ဘယ်လိုထင်လို့လဲ"

"ရှိဦးမယ်ထင်တယ်၊ စန္ဒီက ဒီလောက်လှတာပဲကွာ"

စန္ဒီငြိမ်သွားသည်။ မျိုးကိုသတိရသဖြင့် ရင်ထဲတွင်တစ်မျိုး ကြီးဖြစ်သွားသည်။ ဆွေးသွားသည်။

"ဟော....ဟော၊ အဲဒါကဘယ်လိုဖြစ်သွားတာလဲ၊ ကြည့် စမ်း၊ ဆွေးသွားလိုက်ဘာ၊ဘယ်သူနဲ့ တွေ့သေးလို့လဲစန္ဒီရယ်"

ခိုင်က စန္ဒီ့မျက်နှာကို ဆွဲလှည့်ရင်း စိတ်ပူသလို စိတ်ဝင် စားသလိုမေးသည်။

စန္ဒီ့ မျက်လုံးထဲမှာ မျက်ရည်တွေနဲ့ပါလား။

မျိုး၏အကြောင်းရော ကိုဝင်းမောင် အကြောင်းကို ပြောပြလိုက်သည်။

''အောင်မယ်လေးဗျာ၊ ကိုယ့်ရန်သူတော်တွေက စ အနီးဆုံးမှာချည်းပဲ ရှိနေပါလား၊ စိတ်မချပါဘူးကွာ''

စန္ဒီ ပြုံးနေသည်။

''စန္ဒီ''

''ဟင်....လို့''

''ကိုယ့်ကိုချစ်လို့ သူတို့တွေကို ပြန်မချစ်တာ၊ လက်မထ တာ မဟုတ်လား''

''ဘယ်လိုထင်လဲ''

''ကိုယ့်ကိုချစ်လို့ ထင်တာပဲ''

''ပြီးတာပဲပေါ့''

''ကိုယ့်အကြောင်းတွေရော မမေးတော့ဘူးလား''

''မမေးတော့ပါဘူး၊ ခိုင့်ကို ယုံပြီးသားပဲ''

ခိုင်က စန္ဒီ့ကို တင်းကျပ်စွာ ပွေ့ဖက်ရင်း ငြိမ်နေသည်

''တကယ်လို့ ခိုင်က နောက်ထပ်ချစ်သူတွေ ထပ်ရှိခဲ့တ ဆိုရင်ကော''

စန္ဒီ ဆတ်ခနဲ ကိုယ်ကလေးကို ရုန်းထွက်လိုက်သည်၊ ထ နောက် ခိုင့်မျက်နှာကိုအရောင်တဖိတ်ဖိတ်လက်နေသော မျ လုံးလေးများဖြင့် စူးစမ်းသလိုကြည့်ရင်း....

''စန္ဒီ့ကို အချမ်းကြီး ချစ်ခဲ့ပြီးမှများ ခိုင်က တခြားတ ယောက်ကို ထပ်ချစ်နိုင်သေးသတဲ့လား ဟင်၊ အဲသလိုမျိုး



ရင်ခတော့ စန္ဒီစောင့်ခဲ့တဲ့ အချိန်တွေ၊ သစ္စာတွေဟာ အလကား ဖြစ်ကုန်ပြီပေါ့၊ စန္ဒီကတော့ စန္ဒီ့ကို ချစ်တဲ့အချစ်မျိုးနဲ့ တခြား သူတွေကို ခိုင် ချစ်နိုင်တော့မယ် မထင်ဘူး၊ တော်ပြီကွာ၊ စန္ဒီပြန်တော့မယ်''

စန္ဒီ အတင်းကုန်းထသည်၊

''စန္ဒီကလဲကွာ၊ အလကားနေရင်း စိတ်တိုနေပြန်ပါပြီ၊ လာစမ်းပါ၊ ထိုင်စမ်းပါ''

အတင်းဆွဲဖက်ထားသဖြင့် စန္ဒီ မရုန်းသာ။

''ငိုနေပြီလား စန္ဒီ၊ ကိုယ်စတာပါကွာ၊ စန္ဒီ့နေရာမှာ ကိုယ် အစားမထိုးနိုင်လွန်းလို့ ခက်နေတာပေါ့၊ မယုံဘူး လားဟင်''

စန္ဒီက မယုံသလို စူးစိုက်ကြည့်ပြီး....

''ဒါဆို လက်ထပ်ယူမလား''

''ဟင်''

လုံးဝမမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် ခိုင် အံ့အားသင့်သွားသည်။

''ပြောလေ၊ လက်ထပ်မလား ခိုင်''

''သိပ်ထပ်တာပေါ့''

''ကောင်းပြီ၊ အဲဒီစကားအတိုင်း တည်ပစေနော်၊ အိမ်မှာ လူကြီးတွေကို ဖွင့်ပြောလိုက်မယ်''

''သဘောမတူရင်ကော''

''ဟိုဘစ်ခါ မေမေ့သဘောအတိုင်း နားထောင်ခဲ့ပြီးပြီ၊ မေမေကိုယ်တိုင်ကလဲ စန္ဒီ့ကို သနားနေတာ၊ ဒါနဲ့ ခိုင်က

ခြောက်နှစ်အတောအတွင်း ပြောင်းလဲလှချည်လား၊ က[illegible] တွေဘာတွေ ကိုယ်ဘိုင်မောင်းလို့၊ သူဌေးကြီးဖြစ်လို့၊ ဘာ[illegible] ကျောက်စိမ်းအောင်တာလား၊ သိန်းထီတွေ အခေါက်တို[illegible] ပေါက်နေတာလား”

ခိုင်တာ မချိုပြုံးလေးပြုံးပြီး....

“ပြောတဲ့အတိုင်း ဖြစ်ပါစေဗျာ”

“ကဲပါ၊ ဘာကြောင့်လဲဆိုတာ ပြောစမ်းပါ”

“ခိုင့်မိဘတွေ အမွေရတယ်၊ လယ်တွေ၊ ယာတွေ [illegible]တွေ၊ ငွေတွေပေါ့၊ ခိုင်လဲ ကျောင်းကထွက်ပြီး မိဘတွေ[illegible] အတူ ဦးစီးပြီး လုပ်ကိုင်လို့ ခုလိုဖြစ်လာတာပေါ့ စန္ဒီရယ်”

“ခိုင်ရယ်၊ စန္ဒီ့ကြောင့် ခိုင့်ပညာတစ်ပိုင်းတစ်စဖြစ်ရတ[illegible] အရမ်းစိတ်မကောင်း ဖြစ်တာပဲကွာ”

“အဆိုးထဲက အကောင်းကို တွေးပေါ့ စန္ဒီရာနော်၊ ကဲ[illegible] ခိုင့်ကို ဘယ်နေ့လက်ထပ်မှာလဲ”

“ဟင်....ဘာလုပ်မလို့လဲ”

“ဟော....မျက်လုံးပြူး မျက်ဆန်ပြူး မေးနေပါလာ[illegible] ဘာလဲ၊ တကယ်တမ်းလက်ထပ်တော့မယ်ဆိုတော့ စန္ဒီ လ[illegible] မခံချင်တော့ဘူးလား၊ တောသားမို့ မယူချင်တော့ဘူ[illegible] လား”

“အိုး....မဟုတ်တာတွေလျှောက်မပြောပါနဲ့ခိုင်ရာ၊ သူ[illegible] ချစ်ရ၊ သစ္စာရှိရလွန်းလို့ စန္ဒီ့မှာဖြင့် စိတ်မောလူမော ဖြ[illegible] လှပါပြီ”

“ခိုင်သိပါတယ်အချစ်ရယ်၊ အချစ်လို မိန်းမလှမျိုးကို [illegible]



[illegible]ာမ်းမိတဲ့ သူတိုင်းဟာ ခိုင့်လိုပဲ လွမ်းဆွတ်ရမယ်၊ တမ်းတရ[illegible]ယ်ဆိုတာ....”

“စန္ဒီ ယုံကြည်ဘားတယ် ခိုင်ရဲ့၊ တကယ်ချစ်တဲ့သူ အချင်း[illegible]ချင်း တစ်ယောက်အပေါ်တစ်ယောက် သစ္စာလဲ ရှိမယ်၊ [illegible]တကယ်လဲ ချစ်နေဦးမယ်ဆိုရင် တစ်နေ့ ပြန်ကို ဆုံစည်းရမယ်[illegible]ဆို့လေ၊ ဒီရည်ရွယ်ချက်နဲ့ ခိုင့်ကိုစောင့်နေခဲ့တာ”

ခိုင်က စန္ဒီ့ကိုဆွဲပွေ့ပြီး ပါးခြင်းကပ်ရင်း ခပ်တိုးတိုး ပြောသည်၊

“အချစ်တို့အိမ်ကို ပြောလိုက်နော်၊ ခိုင်နဲ့လက်ထပ်မယ် [illegible]ဆို့၊ ခိုင်က ကိုယ်ပိုင်ကားတစ်စီး ဝယ်ပေးမယ်လို့”

“အို....စန္ဒီ ဒါတွေမမက်ပါဘူး၊ စန္ဒီချစ်တဲ့သူနဲ့ အတူတူနေ[illegible]ရမယ်၊ စန္ဒီ့ဘေးမှာ အားကိုးရမယ့်ချစ်သူ ရှိနေမယ်ဆိုရင် ကျေနပ်ပြီ”

“အချစ်ရဲ့သဘောကို မောင်သိပါတယ်၊ ဒါပေမယ့် စန္ဒီ့ မေမေ...”

“အို....မေမေလဲ ဂုဏ်မက်၊ ပစ္စည်းမက်လို့ ဟိုတစ်ခါ [illegible]ခံသိုက်ရပြီးကတည်းက တော်တော်ကို နောင်တရနေတာ၊ အခုလို အိမ်ရဲ့စီးပွားရေး ကျဆင်းနေတဲ့အချိန်မှာ ခိုင်တစ်ယောက် မားမားမတ်မတ်နဲ့ ကူညီအားပေးဖို့ ပြန်ရောက်လာ[illegible]ပြီဆိုရင် တအားဝမ်းသာနေမှာ၊ စန္ဒီ တစ်ခုအကြံရပြီ”

“ဘာများလဲ စန္ဒီ”

“စန္ဒီ့ကို ခိုင်က တိုက်ခန်းဝယ်ပေးမယ်ဆိုတာ ဘယ်သောက်ကုန်မလဲဟင်”

''တိုက်ခန်းတစ်ခန်းကို နှစ်သိန်းခွဲ သုံးသိန်းလောက်ရှိ
ပေါ့''

''အို....ခိုင်က အဲသလောက် အကုန်ခံနိုင်လို့လား''

''ဖြစ်နိုင်ရင် သိန်းသုံးဆယ်တန် တိုက်တစ်လုံးတောင်
ပေးချင်ပါတယ် အချစ်ရယ်၊ မောင့်အချစ် စန္ဒီဟာ မေ
အတွက် တန်ဖိုး မဖြတ်နိုင် လောက် အောင် ကို တန်ဖိုးရှိ
တယ်''

''ခိုင် စကားတွေ အရမ်းတတ်နေတာပဲ''

''မတွေ့ရတဲ့အချိန်တွေတုန်းက တွေ့ရင်ပြောဖို့ ရေထား
စကားတွေလေ၊ အတူနေရမှ နားညည်းအောင် ပြောမြည်
နော''

''ဒီကလဲ နားထောင်ချင်ပါတယ်နော်၊ အခုတော့
ပြောတာကို နားထောင်ဦး၊ မောင်က စန္ဒီ့ကို သိန်းသုံး
တန် တိုက်တစ်လုံးဝယ်ပေးချင်တယ် ပြောတယ်နော်''

''အင်းလေ''

''မောင့်စေတနာ စစ်မှန်လို့လား မသိဘူး၊ မောင်
ပေးမယ့် သုံးသိန်းဟာ သိန်းသုံးဆယ်တန်တယ်သိလား''

''မောင်တော့ နားမလည်တော့ဘူး စန္ဒီ''

''နားထောင်၊ စန္ဒီရှင်းပြပြမယ်''

စန္ဒီက သူတို့အိမ်တစ်ခြမ်းကို စဘော်ငါးသောင်းစီ
လခ တစ်နှစ်စာ ကြိုယူ၍ ငှားထားရာမှ ယခု ငွေလို
တစ်ခန်းကို အပျောက်သုံးသိန်းနှင့် ရောင်းတော့မည်
ကြောင်း ပြောပြသည်။



အကယ်၍ရောင်းလိုက်လျှင် နှစ်ခန်းအတွက် ငွေခုနစ်သိန်း ခန့်ရမည်ဖြစ်သော်လည်း မိမိတို့၏ သိန်းပေါင်းများစွာတန် သော တိုက်ကြီးမှာ တန်ဖိုးများကျဆင်းပြီး မိမိတို့မှာလည်း စိတ်ဆင်းရဲရမည်။ နေခွင်ရေးအတွက်လည်း မြေအရှုပ်အရှင်း ဖြစ်လာနိုင်သည်။ ယခု ခိုင်ဝယ်ပေးမည့်အိမ်အတွက် ငွေထဲမှ အိမ်ငှားများ၏ စဘော်ငွေတစ်သိန်းနှင့် တစ်နှစ်စာကြိုယူထား သည့် အိမ်လခငွေကို ပြန်အမ်းလိုက်မည်ဆိုလျှင် ငှားထား သော အခန်းနှစ်ခန်းသည် မိမိပိုင်အခန်း ပြန်ဖြစ်လာမည်။

''စန္ဒီ့သဘော၊ စန္ဒီကြိုက်တာလုပ်၊ အချစ်စိတ်ချမ်းသာရင် မောင်ကျေနပ်တယ်''

''ဒါဆို အိမ်ကျရင် မေမေ့ကိုပြောလိုက်းတော့မယ်နော်''

''ပြောလိုက်လေ''

''ပျော်လိုက်တာမောင်ရယ်၊ မောင်ရောဟင်''

''မောင့်လောက်ပျော်တဲ့လူ ဒီကမ္ဘာမှာ ရှိဦးမှာလား အချစ်ရယ်''

ခိုင်က အရည်ရွှန်းလဲ့သော မျက်လုံးနက်များဖြင့် စန္ဒီ့ကို စိုက်ကြည့်ရင်း ကြင်နာစွာပြောလိုက်ခြင်း ဖြစ်သည်။

''စန္ဒီငှားထားတဲ့အိမ် ပြန်ယူလိုက်ရင် စန္ဒီ့ချစ်သူလေး တခြားကို ပြောင်းသွားရမှာနော်''

''ဟင်....ဘာပြောတာလဲမောင်''

''ဩော်....အောက်ထပ်က နတ်သျှင်နောင်လေ၊ တခြား ကို ရောက်သွားမှာပေါ့လို့ပြောတာ''

''ဩော်....ဩော်....မောင်က မျိုး အဝေးကိုရောက်သွား

မှာ စိုးရိမ်နေတာလား၊ ဒါဆိုလဲ မျိုးတို့နေတဲ့အောက်ထပ် ချန်ထားပြီး အပေါ်ထပ်တစ်ခန်းတည်းပဲ ပြန်ယူလိုက်မ လေ''

ခိုင်က မဲ့ပြုံးပြုံးလျက်...

''တော်ပြီလား၊ နတ်သျှင်နောင် တစ်ယောက်တည် နောက်ထပ်ရတုစာဆို နဝဒေးကြီးကိုရော ခေါ်မထားချင်ဘူး လား''

''ဘယ်သူလဲ''

စန္ဒီ့အလိုပ်ရှင် ကိုဝင်းမောင်ကြီးကိုပေါ့''

''အို....ကြည့်စမ်း၊ မောင်သိပ်နောက်တယ်၊ ဘာလဲ....ဝ ကို မလှောင်တာလား''

''မလှောင်ပါဘူးဗျာ၊ တတ်နိုင်ရင် နတ်သျှင်နောင် နယ်ခြားပို့ထားချင်တဲ့ ကောင်ပါ၊ ကျုပ်ချစ်သူကို ကျုပ်မ တုန်း ချစ်လားကြိုက်လား သုပ်တဲ့ကောင်၊ တွေ့မှ ကောင် ကောင်းဆွဲထိုးပစ်လိုက်ဦးမယ်၊ ဟော....ဟော....မျက်နှာပျ နေပြီ၊ သူ့မောင်တော်လေးကို တော်တော်ချစ်ပုံရတယ်''

''အို....လူကို မယုံသလိုလုပ်မနေနဲ့၊ ပြန်မယ်....ပြန်မယ်''

စန္ဒီက စိတ်ကောက်ပြီး ပိုက်ဆံအိတ်ထဲမှ မိတ်ကပ်ဘူ လေးကို ထုတ်၍ အလှပြင်သည်။

''ဘယ်ကိုပြန်ပို့ပေးရမလဲ''

''ရတယ်၊ ကိုယ့်ဘာသာကိုယ် ပြန်မယ်''

''ပြန်ခါနီးကျမှ အဲသလို စူပုပ်ပုပ်လုပ်နေရင် မလွှတ်တော့ ဘူးကွာ''



ခိုင်က အဟုတ်ကိုရင်ခွင်ထဲဆွဲဖက်ပြီး ပြန်မလွှတ်သဖြင့် စန္ဒီ ပြန်တောင်းပန်ရသည်။

အချိန်စောသေးသဖြင့် အလုပ်သို့ ပြန်ခဲ့ကြသည်။

ကားပေါ်မှ ဆင်းလာသော စန္ဒီ့ကို ကိုဝင်းမောင်က မျက်လုံးအပြူးသားနှင့် ကြည့်နေသည်။ စန္ဒီ့နောက်မှ လိုက် လာသော ခိုင့်ကိုလည်း သေချာ အကဲခတ်နေသည်။

''ကိုဝင်းမောင်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါကျော်ထွန်း ခိုင်၊ ဟိုလေ စန္ဒီ့ချစ်သူလေ၊ မကြာခင် လက်ထပ်တော့မှာ''

''ဪ....ဟုတ်ကဲ့၊ ထိုင်ပါခင်ဗျ''

ကိုဝင်းမောင်က သိသိသာသာ မျက်နှာပျက်သွားသော် လည်း ချက်ချင်း မျက်နှာပြင်၍ ပျာပျာသလဲ ဖိတ်ခေါ်ရှာပါ သည်။

''စန္ဒီ၊ မောင်ပြန်တော့မယ်၊ ညနေ လာကြိုရဦးမလား''

''ရတယ် မောင်၊ နေပါစေတော့''

''မနက်ဖြန်ရော ဘယ်အချိန် လာရမလဲ''

''ဒီလိုလုပ်လေ၊ ဟိုကိစ္စ မေမေတို့ကို ဖွင့်ပြောဦးမယ်၊ တွေ့ချင်ရင် မောင်ဆိုင်ကိုပဲ လာခဲ့ပေါ့''

''ဟုတ်ပြီ၊ ဒါဆို မောင်ပြန်မယ်၊ သွားဦးမယ် ကိုဝင်း မောင်''

''ကောင်းပါပြီခင်ဗျ၊ ကောင်းပါပြီ''

ခိုင်က ကားပေါ်မှ ပြုံးပြုံးလေး လက်ပြသွားသည်။ စန္ဒီက ခေါင်းလေး ညိတ်ပြရင်း ကျန်ရစ်ခဲ့သည်။

ကိုဝင်းမောင်တစ်ယောက် ငြိမ်ချက်သားကောင်းနေသည်။

"ဘယ်လိုလဲ ကိုဝင်းမောင်၊ ဒီနေ့ ခင်ဗျား ထမင်း
မစားဘူး၊ စကားလဲ မပြောဘူး၊ ခါတိုင်းနေ့တွေတုန်းက
ဟိုဟာပြောဝယ်ရ၊ ဒီဟာပြောဝယ်ရနဲ့၊ စကားကလဲ မျ
သလားမမေးနဲ့၊ ခုတော့ ငြိမ်လို့ချည်လားဗျ"

ကိုဝင်းမောင်က မချိပြုံး ပြုံးနေသည်။

"မစန္ဒီ"

"ရှင်"

"ခင်ဗျား သာမှတ်လဲ၊ ကိုဝင်းမောင်က ကဗျာစပ်တာ
ဝတ္ထုရေးတာတို့ ဝါသနာပါတာ၊ ကျောင်းတုန်း
ဝတ္ထုတွေ ဘာတွေလဲ ရေးခဲ့သေးတယ်၊ ကြည့်နေ မကြာ
အလွမ်းဇာတ်လမ်းတစ်ပုဒ် ရေးလိမ့်မယ်၊ အဲဒီ ဇာတ်လ
ရေးပြီးတဲ့အချိန်ကျရင် စာရေးဆရာကိုယ်တိုင် ဇာတ်လို
လုပ်ပြီး ရုပ်ရှင်ရိုက်ဦးမှာ"

"တော်စမ်းပါဗျာ၊ စိတ်ညစ်ရတဲ့အထဲ"

"ဘာတွေ စိတ်ညစ်နေတာလဲဗျ၊ ဒီပုံအတိုင်းဆို ခင်ဗျ
ဘယ်တုန်းကမှ လျှော့မရတဲ့ ခန္ဓာကိုယ်ကြီး ပိန်ကျသွ
သေချာတယ်၊ ခင်ဗျားက ပိန်သွားရင် ချောလာမှာ၊ ရုပ်
ဘူးဗျ"

ဘေးလူတွေစ,သမျှ မျက်နှာကြီး ပုပ်သိုးသိုးဖြင့် ကို
မောင်တစ်ယောက် နားထောင်နေရရှာသည်။

စန္ဒီကတော့ ရှေ့လာမည့်ခရီးအတွက် စိတ်ကူးတွေ ယဉ်
မိသဖြင့် ကိုဝင်းမောင်ကို ဘေးမှာထားပြီး မေ့နေပြီ။

* * *

## အခန်း (၂၁)

စန္ဒီ စကားကို ကြားရသောအခါ မိဘနှစ်ပါးရော မောင်နှင့်ညီမရော အံ့အားသင့်သွားကြသည်။

အထူးသဖြင့် သိင်္ဂီက ပိုအံ့ဩမည် ထင်သည်။

"ဘယ်သူနဲ့ လက်ထပ်မှာလဲ သမီးရဲ့"

"ခိုင်နဲ့ပါ မေမေ"

"ဟင် ခိုင်နဲ့ ဟုတ်လား၊ သမီးနဲ့ ဘယ်တုန်းက ပြန်တွေ့ကြတာလဲ"

"မကြာသေးပါဘူး မေမေ၊ မေမေ့ကို တိုင်ပင်စရာရှိသေးတယ်"

စန္ဒီက အိမ်ကိစ္စများ ပြောပြသည်။

"သမီးတို့ ကောင်းတာ စီစဉ်တာပဲကွယ်၊ မေမေတို့ ဘာမှ ကန့်ကွက်စရာ မရှိပါဘူး၊ သမီးချစ်သူနဲ့ ပြန်ပေါင်းရလို့ သမီး ပျော်ရွှင်နေတာကိုပဲ မေမေ စိတ်ချမ်းသာပါပြီ"

စန္ဒီ့လောက် ဝမ်းသာမည့်သူ၊ ပျော်မည့်သူ ဤကမ္ဘာတွင် ရှိဦးမည်လား။

သိင်္ဂီ မသိမသာဖြင့် အောက်ထပ်ဆင်းသွားတာကို စန္ဒီ မြင်လိုက်သည်။

မျိုးတို့အိမ် သွားသတင်းပို့တော့မည် ထင်သည်။

"ယင်းမာရေ၊ မမစံက သူ့ရည်းစားဟောင်း ကိုကိုခိုင်နဲ့ လက်ထပ်တော့မှာတဲ့တော့"

"ဟင်....ဟုတ်လို့လား"

"ဪ....ဘာလို့ ညာရမှာလဲ၊ ဒီအိမ်ခန်းတွေကိုလဲ စပေါ်ပြန်အပ်ပြီး သူတို့လင်မယားနေမှာတဲ့"

"ဟင်"

ယင်းမာ၏ မျက်လုံးများ ဝိုးဝင်းဝင်းလက်သွားသည်။

ထို့အတူ မိခင်ဖြစ်သူ ဒေါ်ခင်အေးရီရော မျိုးလွင်ပါ ကိုယ့်နားကိုယ် မယုံသလိုဖြစ်သွားကြသည်။

မိမိတို့က ဤအိမ်ခန်းကို လက်ဖွဲ့ပါမည်၊ မိမိသားလေးကို လက်ထပ်ပါ ပြောတုန်းက ငြင်းလိုက်ခြင်းမှာ သူမ၏ ချစ်သူ နှင့်အတူနေဖို့ အစီအစဉ်ရှိပြီးသားကိုး။

ဪ....မိမိ သားလေးခမျာ ဤအိမ်မှ ပြောင်းရမှာ ကြောက်ပါသည်ဆိုမှ သူချစ်သည့်မမက နှင်နေပြီရော။

ဒေါ်ခင်အေးရီ ပါးပေါ်သို့ မျက်ရည်များစီးကျလာသည်။

"ရက်စက်လိုက်တာမမရယ်၊ မောင့်ကို မြင်ချင်တော့လို့ လားဗျ၊ မမရဲ့ ရုပ်ရည်နဲ့မလိုက်အောင်ကို မမအသည်းနှလုံး တွေက ရက်စက်သိုက်တာဗျာ၊ မောင်ဘယ်လိုခံစားနေရမယ်



ဆိုတာ မမ မစဉ်းစားတော့ဘူးလား၊ ကောင်းပါတယ်ဗျာ၊ တစ်ခြံတည်း တစ်အိမ်တည်းမှာ အတူနေပြီး ကိုယ်မြတ်နိုးတဲ့ သူကို တစ်ပါးသူနဲ့ ပျော်နေတာမြင်ရမယ့်အစား အဝေးကို ထွက်သွားရတာပဲ ကောင်းပါတယ်"

ထိုကဲ့သို့ တီးတိုးပြောရင်း မျိုးလွင်ပါးပေါ်သို့ မျက်ရည် များ စီးကျလာသည်။

"မမစံတစ်ယောက် တခြားချစ်သူမရှိကြောင်းသိထားသဖြင့် တစ်နေ့မိမိကို ပြန်ချစ်လာလိမ့်မည်၊ ကြင်နာလာမည် ထင်ပြီး စောင့်စားမျှော်လင့်နေခဲ့သူ မျိုးတစ်ယောက် ယခုမှ ပီပီပြင် ပြင် အသည်းကွဲတော့သည်။ ဟိုတလောက မမစံကို ခိုင်ဆို သည့် လူကြီးကားဖြင့် လာပို့ကတည်းက မျိုးရင်မှာ မရွှင်ခဲ့ ခြင်းဖြစ်သည်။

"ညည်းအစ်မကို ပြောလိုက်စမ်းပါအေ၊ ငါ့သားလေးက သူ့ကို တကယ်စွဲစွဲလမ်းလမ်း ချစ်ရှာတာပါ၊ ငါ့သားလေး စိတ်ဆင်းရဲရသလို မဆင်းရဲပါစေနဲ့၊ ငါ့သားလေးလို မငိုပါရ စေနဲ့လို့"

သိင်္ဂီ သက်ပြင်းချရပြီ။

မိမိ၏ အစ်မကို သူ့သားတင်မဟုတ်၊ သူ့အမေပါ မက် မောနေခြင်းပါလား။

ကြည့်ပါဦး၊ သူ့သားချစ်သူနဲ့ကွဲတာ သူပါငိုနေပြီ။

ဪ....မမစံတို့မှာ ကံကောင်းသည့်တာဝ။ ချစ်မည့်သူ တွေ ဝိုင်းဝိုင်းလည်လို့နေသည်။

မိမိကျေတော့ ကိုယ်ကချစ်ပါသည်၊ ဖွင့်မပြောရဲတာမည် သည်၊ မိမိကို ချစ်ရပါမည်လားဆိုပြီး မျိုးကရော အန်တီကမ ရန်လုပ်သေးသည်။

ကောင်းသည်။

မိမိအပေါ် အနိုင်ကျင့်သမျှ ယခုသူတို့ ငိုနေရပြီ၊

ကိုခိုင် နောက်တစ်နေ့ အိမ်ကိုလိုက်လာသည်။

အို....ကိုခိုင်က အခုမှ ပိုတောင်ချောနေသေးသည်၊

ငယ်ငယ်ကလို ပိန်ညှောင်ညှောင်မဟုတ်တော့၊ အသာ ပြည့်လာပြီး အဝတ်အစားအကောင်းစားတွေ ဝတ်တတ် ပြီ၊

မမစံနဲ့လည်း မြင့်မြင့်သွယ်သွယ်လေးများဖြစ်၍ လိုက်ဖ လှသည်။

မမကလည်း ကိုကိုခိုင်နှင့် ပြန်တွေ့မှ အပြုံပြင်သည် ဆံပင်ပုံစံတွေလည်း အသစ်တွေလုပ်သည်၊ အဝတ်အစား လည်း ခေတ်ဆန်ဆန်ဝတ်သည်။ ပိုလှတော့ ပိုငေးရသည်

ကိုခိုင်ကဆိုလျှင် မမစံကို တစ်ချိန်လုံး ပြုံးရင်းကြည့် တတ်သည်။ အဖေတို့အမေတို့ရှေ့တွင် ပိုက်ဆံတွေအထပ်လို အထုပ်လိုက်အပ်နေသည်၊

ဆယ်နှစ်မှ မပြည့်ခင် ကိုခိုင်သည်လောက် ချမ်းသာနေ ထောက်တော့ ကေန္တ ဓားပြများတိုက်သလား၊ အို....ကိုခိုင် ရပ်က သည်လိုလုပ်မယ့်အစားမျိုးမဟုတ်။

တိန်း၊ဖြူများ ကုန်ကူးသလား။

အင်း....အံ့ဩစရာကောင်းလိုက်တာ။



အိမ်ငှားတွေပြောင်းပြီး အိမ်ကိုပြန်လည် ဆေးသုတ်ပြီးမှ လက်ထပ်ကြမည်ဖြစ်သည်။

အိမ်ငှားတွေရှိစဉ်ကအတိုင်း အိမ်ကိုထားပြီး မမစံတို့စုံတွဲ က အိမ်ပေါ်ထပ်တွင်နေမည်။ အောက်ထပ်တွင် စန္ဒီတို့မိသား စုအတွက် ပလတ်စတစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းတစ်ခုလုပ် ပေးဖို့ စီစဉ်မည့်အကြောင်းပြောပြသည်။

ကစ်မိသားစုသုံး စားဝတ်နေရေးအတွက်စန္ဒီတို့လင်မယား တာဝန်ယူမည်ဖြစ်ကြောင်း ပြောပြသည်၊

စန္ဒီ့ကတော့ မိဘများကိုခုသေခင် ပြည့်ပြည့်စုံစုံထားရလျှင် ကျေနပ်ပါပြီ။ မောင်နှမများကို ပျော်ပျော်ရွှင်ရွှင် ရှိစေချင် သည်၊

တစ်ဘက်က ပျော်ရွှင်စရာရယူဖို့အတွက် စန္ဒီ့ရင်မှာ နာ ကျင်မှုများတော့ ရှိပါသည်၊

မျိုးတို့မိသားစုက ချက်ချင်းပြောင်းဖို့ ပြင်ကြသည်၊ မျိုးက အားပေါ်မှ ငိုနေသောမျက်လုံးများဖြင့်ကြည့်ရင်း ပါသွား သောအခါ စန္ဒီ အိပ်ရာထဲပစ်လှဲ၍ ငိုချလိုက်မိသည်။ ညနေ ဘက် ခိုင်လာသောအခါ စန္ဒီ့မျက်နှာတွေ ယောင်အမ်းနေ သည်၊

လူရှင်းသည့်အချိန်တွင်....

"ရာဇဓာတုကလျာ မောင်တော်နဲ့ခွဲရလို့ လွမ်းခန်းဖွင့် သွားတယ်ထင်တယ်၊ စန္ဒီ ဒီလောက်ချစ်လျက်နဲ့ ဘာလို့ သူ့ ဒိုခယူဘာလဲ"

စန္ဒီက စိတ်ဆိုးသလို မျက်လုံးရွဲကြီးများနှင့် စွေ၍ကြ ရင်း....

"ရှင်းနေတာပဲ၊ သူ့ကိုမယူဘဲ ခိုင့်ကိုယူတာ သူ့ထ ခိုင့်ကိုပိုချစ်လို့ပေါ့"

"သူ့ကို ချစ်တော့ချစ်တယ်ပေါ့လေ"

ခိုင်က သဝန်တိုသလို မေးနေခြင်းဖြစ်၍....

"သူ့ကိုသွားမေးကွာ၊ ခိုင်ချစ်တယ်လို့ ဘယ်နှစ်ခါ ပြေ ဖူးလို့လဲ"

"ဒါဆို ဘာလို့ငိုနေရသေးလဲ၊ စဉ်းစားကြည့်ပါဦးကွ ကိုယ်ယူမယ့် ကိုယ့်ဇနီးလောင်းက ကိုယ့်ရှေ့မှာ တခြားတ ယောက်ကိုလွမ်းလို့ ငိုနေတာကို တွေ့ရတဲ့လူအဖို့ ဘ လောက်ဖီလင်အောက်မယ်ဆိုတာ ကိုယ်ချင်းစာပါဦး အ ရာ၊ မောင်ရောက်လာတာတောင် ဒီဖီလင်က မပျောက်သေ ဘူးလား"

"မောင်ရောက်လာမှ ငိုလို့လား"

စန္ဒီက မျက်စောင်းထိုးရင်း မေးသည်။

"ငိုကြည့်လေ"

"ခိုင်က စန္ဒီ့နှာခေါင်းချွန်ချွန်လေးကို တမင်နာအော ဆွဲရင်းပြောသည်။

"ကဲ...အပြင်သွားရအောင်၊ အလှပြင်၊ အဝတ်အစာ လဲ"

မျိုးလွင်ကို လွမ်းသည့်စိတ်၊ သနားသည့်စိတ်သည် စန္ဒီ့ထံ အတော်ကြာသည်အထိ နှိပ်စက်ပါသည်။



ခိုင်ကလည်း စန္ဒီ့မျက်နှာညှိုးသည်နှင့် ခါတိုင်းလိုဟာ ဘတ်လွန်းသဖြင့် သူ့ရှေ့မှာ မျက်နှာကို ဟန်မပျက် နေပြရ သည်။

ခိုင်နှင့်အတူ နှယ်နှင့်လဲ့မူတို့ထံ လျှောက်လည်သည်။ ဂလာပွဲကို အကြီးအကျယ်မလုပ်ဘဲ ရုံးမှာလက်မှတ်ထိုးဆွမ်း ကျွေးပြီး အသိမိတ်ဆွေ အနည်းငယ်ကိုဖိတ်၍ ညစာစားပွဲလေး လုပ်မည်။ လဲ့မူတို့နှစ်ယောက်က တစ်ညအိပ်လာကူမည် ဖြစ် ကြောင်း ပြောသည်။

"ခိုင်ရေ... မိစံက သိပ်စွန့်စားတာနော်၊ နင်ကံကောင်းလို့ ကိုမြန်ရတာ၊ ကြိုက်တဲ့လူတွေက ဝိုင်းဝိုင်းလည်နေတာ၊ ခမ်းမှာထိုင်နေရင်းကို ကြိုက်မယ့်လူကို ရှိနေတာရှင့်"

"သိပါတယ်ဗျာ၊ သူက ချောတာကိုး"

စန္ဒီက သူငယ်ချင်းများကို လှမ်းကြည့်ပြီး....

"အဲဒီအကြောင်း သွားမပြောနဲ့ဦး၊ လူရှေ့မှာ မြှုံးနေ မယ့် လူကွယ်ရာကျရင် မြှာနာလုပ်ရော"

"ဒါတော့ဟယ် ချစ်လို့ သဝန်တိုတာပေါ့"

"ငါ ဘယ်လောက်သစ္စာရှိတယ်ဆိုတာ သိထားလို့ ငါက တော့ သူ့ကို သဝန်မတိုဘူး"

"ကဲပါ....ကဲပါ၊ ဒီကိစ္စနဲ့တော့ ရန်မဖြစ်ကြပါနဲ့နော်၊ ယူ သူခါနီးတော့မယ်တာ၊ တကယ်တော့ ခုလို နင်နဲ့ခိုင်ပြန် တာ နှယ့်ကြောင့်၊ နှယ့်ကို ဘုရားပေါ်မှာလိုက်ရှာရင်းနဲ့ င်နဲ့သွားတိုးတာ၊ ဒီတော့ နှယ်ဟာ နင်တို့နှစ်ယောက်ရဲ့ ဖူး ရေးနတ်"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တို့နှစ်ယောက်အတွက် တော့ နွှယ်ရောလဲ့မှုရောဟာ ဖူးစာရေးနတ်တွေပါ၊ ကျေး ရှင်တွေပါ၊ ဒီတော့ အိမ်ဦးခန်းမှာ တင်ကျွေးထားဆို ကျွေးထားပါမယ်ဗျာ"

"တကယ်လား၊ နောက်မှ ရှုပ်တယ်ဆိုပြီး မောင်းထုတ် လဲ ငါတို့က ဆင်းမယ့်ဟာတွေ မဟုတ်ဘူး၊ အိမ်ငှား လိုပေါ့၊ အိမ်ပေါ်တင်ပြီး ငှားထားလိုက်ရင် တစ်ခါတ အိမ်ရှင်ဖြစ်သွားတော့တာပဲ၊ တုတ်နဲ့ကော်ထုတ်တောင် မ ချင်တော့ဘူး"

"အောင်မယ်၊ ငါတို့အိမ်က အိမ်ငှားတွေကတော့ ခန်းပြန်လိုချင်တယ် ပြောရုံရှိသေးတယ်၊ တစ်ခါတည်း မ ဆင်းတော့တာပဲ"

"ဒါမျိုးကလဲ တစ်ကုဋေမှာ တစ်ဦး မရှိဖူးပါဘူးတ သူတော်ကောင်းတွေမို့ ဖြစ်ပါလိမ့်မယ်"

ခိုင်က ပြုံးစိစိမျက်နှာနှင့် လှမ်းကြည့်နေသဖြင့် စန္ဒီ မျက်စောင်းလေးထိုးပြီး မျက်နှာလွှဲလိုက်သည်။

"မိစံ၊ နင်တို့မင်္ဂလာဆောင်ရင် မန္တလေးက အန်တီမ လင်မယားကို မဖိတ်ဘူးလား"

"ဖိတ်မှာပေါ့၊ မလာနိုင်လဲ လက်ဖွဲ့တော့ ကော ကောင်းရမှာ သေချာတယ်"

စန္ဒီတို့ လက်မှတ်ထိုးသည့်နေ့တွင် မင်္ဂလာဆွမ်းကျွေးသည် အန်တီမာတို့ မိသားစုတစ်စုလုံး ရောက်လာသည်၊



စန္ဒီ့ကို မင်္ဂလာလက်ဖွဲ့အနေနှင့် ကက်ဆက်တစ်လုံးနှင့် နာရီတစ်လုံး ပေးသည်။ ဖိတ်သမျှထဲတွင် မျိုးလွင်တို့မိသားစု တစ်စုသာ ရောက်မလာ၊သို့သော် လက်ဖွဲ့ပစ္စည်းဖောက်သော အခါ မျိုးလွင်၏လက်ဖွဲ့လေး ထွက်လာသဖြင့် ရင်ထဲတွင် တင်းခနဲဖြစ်သွားသည်။

ခေါင်းအုံးစွပ်လေးလုံးနှင့် အိပ်ရာခင်းတစ်ခု၊

အဖြူရောင်ပေါ်တွင် ရွှေချည် ငွေချည်နှင့်လည်းကောင်း၊ ပိုးအပ်ချည်ရောင်စုံနှင့် လည်းကောင်း ထိုးထားသော ရှေး ခေတ် နန်းတွင်းအဝတ်အစားများ ဝတ်ဆင်ထားသည့် အမျိုး သမီးနှင့် အမျိုးသားပုံ၊

ခိုင်က ပြုံးစိစိနှင့် တိုးတိုးပြောသည်၊

"နတ်သျှင်နောင်လေးကို လွမ်းသွားပြီလား"

စန္ဒီ မချိပြုံးလေး ပြုံးနေမိသည်။

ကိုဝင်းမောင်၏လက်ဖွဲ့ကို မြင်တော့လည်း သနားသွား သည်။

သူ့ခမျာ ခဏလာသော ချစ်ညွှန့်သည်မလေးစန္ဒီ့ကြောင့် လွမ်းနေရှာပြီထင်သည်။

ညွှန့်ခံပွဲပြီးသည်နှင့် စန္ဒီနှင့်ခိုင် ကလောမြို့သို့ ဟန်းနီးမွန်း ထွက်ခဲ့သည်။ စန္ဒီတို့နှစ်ယောက် မိုးမမြင်လေမမြင် ပျော်နေ ကြသည်။

ကလောဟိုတယ်တွင်လ...းကောင်း၊ တောင်ကြီးဟိုတယ် တွင်လည်းကောင်း တည်းခိုကြမည်ဖြစ်သည်၊

"စန္ဒီ"

"ဟင်"

စန္ဒီက ခိုင့်ရင်ခွင်တွင်းမှ ထူးသည်။

"စန္ဒီ့ကို မောင် ဘယ်လောက်ချစ်တယ်ဆိုတာ သိတ နော်"

"အင်း....သိပ်သိ"

"စန္ဒီ့ကိုပြန်တွေ့ရလိမ့်မယ်၊ ပြီးတော့ ခုလို ပေါင်းသ ဆက်ဆံရလိမ့်မယ်လို့ မောင် အိပ်မက်တောင် မမက်မိခဲ့ဘူ"

"အို....ဒါ မောင်မချစ်လို့ပြောတာ၊ ကိုယ် တကယ်ချစ် ချစ်တဲ့သူကို မတွေ့တွေ့အောင် ကြိုးစားရမှာပဲ၊ စိတ်အ ထက်သန်စွာနဲ့မျှော်လင့်ရင် ပြန်တွေ့ကိုတွေ့ရမယ်"

"ဪ....စန္ဒီရယ်၊ လူ့လောကမှာ ကိုယ်ဖြစ်ချင်တာသ ဖြစ်ရမယ်ဆိုရင် မျက်ရည်ကျမယ့်သူ၊ စိတ်ဆင်းရဲရမယ့်သူ တာ ရှိတောင်ရှိတော့မှာ မဟုတ်ဘူး၊ စန္ဒီနဲ့မောင် ကွဲသွားပြီ တဲ့နောက်ပိုင်းမှာ စန္ဒီ ဘာဖြစ်ခဲ့တယ်ဆိုတာကို မောင် မစုံစမ် ရဲဘူး၊ ကိုတွင်နဲ့ပဲ ယူဖြစ်သလား၊ တခြားတစ်ယောက်နဲ့ပဲ ယူဖြစ်သလားဆိုတာကိုတောင် မစုံစမ်းရဲဘူး၊ တခြားလူကို ယူသွားပြီး မောင့်ကိုမေ့သွားမှာမျိုးကို မောင် မကြားဝံ့ဘူး၊ ဒါကြောင့် စန္ဒီ့အကြောင်း ဘာတစ်ခုမှ မသိဘူး၊ သိလဲမသိ ချင်ဘူး၊ မောင့်စန္ဒီဟာ မောင့်အတွက်ပဲ ဖြစ်စေချင်တယ်၊ ဒါ ကြောင့် စန္ဒီ့ကိုတွေ့တာနဲ့ မောင် ပိုင်ဆိုင်ဖို့တစ်ခုပဲ စဉ်းစားခဲ့ တယ်၊ နောက်တစ်ခါ ထပ်မဆုံးရှုံးချင်ခဲ့ဘူး၊ ဒါပေမယ့် မောင် စန္ဒီ့ကို မညာချင်ဘူး"

"ဟင်....မောင် ဘာညာတားလို့လဲ"



"ညာထားတာတော့ မဟုတ်ဘူး၊ မောင် မပြောဝံ့တဲ့ အကြောင်းတစ်ခုတော့ရှိတယ်"

"ဘာလဲ မောင်"

စန္ဒီ့မျက်လုံးများက အရောင်တဖိတ်ဖိတ်လက်ပြီး သိချင် စိတ် စောနေလေသည်။

"မောင်ပြောပြမယ်၊ ပြောပြပြီးရင်တော့ မောင့်ကိုနား လည်ပါ၊ မောင့်ကိုခွင့်လွှတ်နိုင်အောင် ကြိုးစားပါ၊ ပြီးတော့ မောင့်ကို နောက်တစ်ခါ မောင်းမထုတ်ပါနဲ့လို့ မောင် တောင်းပန်ပါတယ်"

"ဟင်....မောင့်စကားတွေက စစ်မျိုးကြီးပါလား၊ ဘာ တွေလဲ၊ ဘယ်လိုဖြစ်ခဲ့လို့လဲ၊ စန္ဒီ့ရင်တုန်လိုက်တာ မောင် ရယ်"

"မောင်လေ စန္ဒီနဲ့ကွဲသွားပြီးတဲ့နောက်ပိုင်းမှာ...."

*   *   *

## အခန်း (၂၂)

အိမ်ကို တိုင်စာရောက်လာသဖြင့် ခိုင့်မိဘများက ကျော
မှ လာထုတ်သွားကြသည်။

ပညာရေးကို အလွန်ဦးစားပေးခဲ့သော ခိုင်တစ်ယော
ယခုတော့ ပညာလည်းဆုံး၊ ချစ်သူလည်း ဆုံးခဲ့ရသည်။

ငယ်ရွယ်နုပျိုသည့်အရွယ်ဖြစ်၍ အချစ်ဦးနှင့် ဝေးရသော
ဒဏ်ကို လှိမ့်၍ခံနေရသည်။ မစားနိုင် မသောက်နိုင် ဖြစ်
တော့သည်။

ထိုဝေဒနာကို သေလုမျောပါး ခံစားနေရချိန်မှာပင် မိဘ
များက သူတို့ပြောစကားကို နား မ ထောင် သ ဖြင့် လည်း
ကောင်း၊ ပေး ထား သော ကတိကို ဖျက် ကွက် သ ဖြ
လည်းကောင်း၊ ရန်ကုန်မှအမျိုးများကို အရှဲ့တိုက်ချင်သည်
သဘောဖြင့်လည်းကောင်း ခိုင် ခြေပြိမ်သွားအောင် မိန်းမ
ပေးစားဖို့ ပြင်တော့သည်။



ခိုင်တစ်ယောက် ချစ်သူနှင့် ကွေကွင်းရသည့် ခံစားမှုကို
ပြင်းထန်စွာ ခံစားနေရချိန်မှာပင် မချစ်မနှစ်သက်သောသူကို
လက်ထပ်ရမည့် အဖြစ်ကိုပါ ရင်ဆိုင်ရလေပြီ။

အဖြစ်ချင်းတူလျှင်တော့ ကိုယ်ချင်းစာကြမည် ထင်သည်။

ကိုယ့်မှာ တမ်းတမ်းစွဲ အသက်လောက်ချစ်ရမည့်သူ ရှိနေ
သူတစ်ဦးသည် ကိုယ်မချစ်သော ကိုယ်နှင့် မသိသော ကိုယ်နှင့်
မရင်းနှီးသော ကိုယ် မေတ္တာမရှိနိုင်သော သူစိမ်းတစ်ဦးကို
ဘယ်လိုမျှ မချစ်နိုင် မယူနိုင်ပါ။

ရှင်းရှင်းပြောရလျှင် ဘယ်လောက် ချောနေပါစေ၊ ဘယ်
လောက် လှနေပါစေ၊ ဘယ်လောက် ချမ်းသာနေပါစေ ခိုင်
မချစ်နိုင်၊ မယူနိုင်။

ခုတော့ မိဘများသည် ရက်စက် ့နံးသည်။

ငွေမျက်နှာ တင်ခုတည်းကိုသာ ကြည့်၍ ခိုင့်ထက် အသက်
ဆယ်နှစ်နီးပါးကြီးသော အပျိုကြီးစာရင်းဝင် ခင်ခင်ထက်
နှင့် ပေးစားဖို့ စီစဉ်ကြသည်။

ခင်ခင်ထက်သည် ချော၏၊ လုံးကြီးပေါက်လှ ဖြစ်၏။
ပိုက်ဆံလည်း အလွန်ချမ်းသာ၏။ ပညာတတ် ဘွဲ့ရလည်း
ဖြစ်၏၊ တက္ကသိုလ်မှာနေစဉ်က လူတစ်ယောက်နှင့် သဲသဲမဲမဲ
ချစ်ကြ တွဲခဲ့ကြပြီးမှ မယူဖြစ်ဘဲ ကွဲသွားသဖြင့် အဆွေးကြီး
ဆွေးခဲ့ဖူးသည်ဟု ခိုင်တို့ လူငယ်ပိုင်းက သိထားခဲ့ဖူးသည်။
တချို့ကလည်း လွန်လွန်ကျူးကျူး ဖြစ်ခဲ့သည်ဟုလည်း
သွားပုပ်လေလွင့် ပြောခဲ့ကြသည်။

ပညာတတ်၊ ရုပ်ချော၊ ပိုက်ဆံရှိသူ ဖြစ်၍ ခင်ခင်ထက်လို ရွယ်တူတန်းတူတွေ အရာရှိတွေထဲက တောင်းရမ်းကြောင်း လှမ်းခဲ့ကြဖူးသည်။ သည်တုန်းက ခင်ခင်ထက် ခေါင်းတစ်ခါ ခါလုပ်နေခဲ့ပြီးမှ ယခု သူမသက် ဆယ်နှစ်နီးပါး ငယ်သော ခိုင်နှင့် ပေးစားသော အခါကျမှ ခေါင်းညိတ်တော်မူတော့ သည်။

ဟိုးယခင်က ခင်ခင်ထက် သူများတွေ ဘာပြောပြော ခိုင် အထင်သေးခြင်း၊ အထင်ကြီးခြင်း လုံးဝမရှိ။ အမှတ်မထင် တွေ့မြင်ချိန်များတွင် လှပသော မိန်းမတစ်ဦးအဖြစ် အသိ အမှတ်ပြုသည့် သဘောဖြင့် ရှုမ်းကြည့်မိရုံသာ။

ယခု မိမိကို သူမက လက်ထပ်မည် ဆိုသောအခါ ခင်ခင် ထက်သည် မိမိ၏ အကြီးဆုံးရန်သူ ဖြစ်သွားခဲ့ပြီ။

မယူနိုင်ကြောင်းလည်း မိဘများကို အတိအလင်းကြေညာ ခဲ့သည်။ ခိုင်နှင့် ခင်ခင်ထက်၏ သတင်းသည် ဤနယ်တကြော တွင် အုံးသြစရာ၊ ရယ်စရာအဖြစ် ပြော၍မဆုံးတော့။

နဂိုကမှ မချစ်ရ၊ မကြိုက်ရသည့်အထဲ တေးလူတွေက နောက်ကြ၊ ပြောင်ကြ၊ ပြုံးကြလေသောအခါ ခိုင်တစ်ယောက် ရှက်ခြင်း၊ ခံရခက်ခြင်း၊ ဒေါသခြင်းဖြင့် အရက်ကို တမင် ရွဲ့၍ သောက်သည်။

ဘာမှ မသိတာ အကောင်းဆုံး။

ရူးသွားလျှင် ကောင်းမည်၊ သို့မဟုတ် တစ်ခါတည်း သေ သွားလျှင် ကောင်းမည်။



မင်္ဂလာပွဲ ကျင်းပခနချိန်တွင် သတို့သားက အရက်မြူး ဆိုင်မှာ၊ မနည်း ဆွဲမွေ့ပြီး ရေချိုးပေး၊ အဝတ်စားလဲပေး ပြီး ဒယီးဒယိုင်ဖြင့် ပွဲထုတ်ကြရသည်။

အပျိုကြီး ခင်ခင်ထက်ကတော့ ချစ်သော ခင်ပွန်း လောင်းကို ခွင့်လွှတ်ပြုံးဖြင့် ကြည့်နေရှာသည်။

ဓာတ်ပုံရိုက်ဖို့ လူကြီးများက ခင်ခင်ထက်ပခုံးပေါ် လက် တင်ပေးသောအခါ ခိုင်က အဘင်မခံ၊ လက်ခြင်းတွဲခိုင်းသော အခါ ခင်ခင်ထက်လက်ကို ဆောင့်၍ တွန်းလွှတ်သည်၊ ခုတင် ပေါ်တွင် ဓာတ်ပုံရိုက်ခိုင်းသောအခါ ခင်ခင်ထက်ကို တွန်းချ ခဲ့လိုက်ပြီး မချစ်ဘူး…မချစ်ဘူး၊ ခင်ဗျားမျက်နှာကို လုံးဝ ကြည့်ချင်ဘူး ဟု ငိုသံကြီးဖြင့် အော်လိုက်သော ခိုင့်အသံကို ဧည့်ပရိသတ်များ ကြားရလေသောအခါ ခင်ခင်ထက်ကို သနားကုန်ကြသည်။

ဘာကြီးပဲဖြစ်ဖြစ် ထိမ်းမြားမှုစ၍ ခိုင်နှင့် ခင်ခင်ထက်တို့ တစ် အိမ်တည်း အတူနေကြရတော့သည်။

ခင်ခင်ထက်တစ်ယောက် ခိုင် ဆိုသည့်ကောင်လေးကို ယူမိ သဖြင့် အရက်သမားမိန်းမ ဖြစ်ရတော့သည်။ အရက်သောက် ပြီးပြန်လာတိုင်း အရိုက်ခံရသည်။ အရက်သောက်ပြီး ပြန် လာသဖြင့် အရက်ဆိုင်တွင် လည်းကောင်း၊ ထန်းတောတွင် လည်းကောင်း လိုက်ခေါ်ရသည်မှာ မရေမတွက်နိုင်။

လေးနှစ်ခန့်ကြာပြီး သားတစ်ယောက်၊ သမီးတစ်ယောက် ရပြီးသော်လည်း ခိုင်က မိန်းမအပေါ် မကြင်နာ။

သားနှင့် သမီးကို ချစ်သော်သည်း ဇနီးကို မကြည့်ချင်
စီးပွားရေးလုပ်ငန်းများကို တိုးတက်အောင် ဦးစီးပြီး ထ
နယ်တကျေးကို သွားနေတတ်သည်က များသည်။

ခင်ခင်ထက်သည် အလုပ်အကိုင်တော်သော လင်ယ
ငယ်ကို ရရှိသော်လည်း ယုယကြင်နာခြင်း၊ ချစ်ခင်စွဲလမ်း
ခြင်းမျိုးတော့ မခံစားရပါ။

ခိုင်တစ်ယောက် မိမိထံ ရောက်သည်နှင့် အရက်ကို မွန်
အောင် သောက်သာတတ်သော်လည်း တခြားနေရာများတွ
နေထိုင်သောအခါတွင် မသောက်မစားဘဲ ခပ်အေးအေး
နေတတ်သည်ကို ကြားသိရလေသောအခါ ရင်နာခြင်း
အတူ ခွင့်လွှတ်ထားရသည်။

* * *

စန္ဒီ့ မျက်လုံးများက အရူးမလေးလို ကြောင်တောင်တော
ဖြစ်နေသည်။ နှုတ်ခမ်းများတွန့်၍ တဆတ်ဆတ်တုန်နေသော်
လည်း စကားလုံးများထွက်မလာ။

မျက်ရည်များ ပါးပေါ် တလိမ့်လိမ့် စီးကျလာပြီးနော
နှုတ်ခမ်းကို သွားဖြင့် ဖြတ်ထွက်မတတ်ကိုက်ပြီး အိပ်ရာထဲ
ဝုန်းခနဲထသည်။

ထို့နောက် အဝတ်အစားများကို သေတ္တာထဲ ထည့်သည်



မှန်ရှေ့တွင် ခေါင်းဖြီးသည်။

အဝတ်အစားလဲသည်။

"စန္ဒီ....ဘယ်လဲ"

"ဖယ်....ဖယ်၊ နင့်လိုလူလည်ကို ငါမပေါင်းဘူး၊ နင့်မှာ သားနဲ့မယားနဲ့ဆိုတာ ပြန်တွေ့တုန်းက ဘာလို့ဖွင့်မပြောတာလဲ၊ ငါက နင် ငါ့ကို ငါချစ်သလို၊ ငါသစ္စာရှိသလို ချစ်နေမယ်၊ တမ်းတနေမယ်ထင်လို့ နင့်ကိုယူခဲ့တာ၊ အခုတော့ နင်က ငါ့ကို ချိုးတာပေါ့လေ ဟုတ်လား၊ ငါ့အမေကို ငွေမက်တဲ့မိန်းမကြီးဆိုပြီး ပညာပေးလိုက်တာပေါ့ ဟုတ်လား"

စန္ဒီ့ အသံက နှလုံးသားမှ ပေါက်ကွဲထွက်လာသော အသံဖြစ်၍ ကြေကွဲသံများ၊ နာကြည်းသံများဖြင့် တုန်ခါနေသည်။

"ပြန်...ပြန်၊ နင့်မိန်းမဆီပြန်၊ ငါ အလိမ်ခံလိုက်ရတယ်၊ အဖျက်ဆီးခံလိုက်ရတယ်၊ ဖျ အကျခံလိုက်ရတယ်လို့ပဲသဘောထားလိုက်တယ်၊ နင့်ပစ္စည်းတွေ အိမ်ရောင်းပြီးအကုန်ပြန်ပေးမယ်"

အော်ရလွန်းသဖြင့် မောနေပြီ။

မျက်ရည်တွေရော၊ ချွေးတွေရော တလိမ့်လိမ့်စီးကျနေကြသည်။

"ဖယ်လို့ပြောနေတယ် မဟုတ်လား"

စန္ဒီက စားတော့ ဝါးတော့မလိုကြည့်ရင်း အော်သည်။

"လုပ်ချင်သလိုလုပ် စန္ဒီ၊ မောင်မဖယ်နိုင်ဘူး၊ မောင် မမခင်...."

"အို.... နင့်မယားနာမည်မပြောနဲ့၊ ငါမကြားချင်ဘူး"

"ဆောရီး စန္ဒီ....ဆောရီး၊ မောင် သူ့ကို မချစ်လို့၊ သူ့နားမကပ်ချင်လို့ ရန်လုပ်ခဲ့သမျှ၊ ရိုက်ခဲ့သမျှ၊ ဆဲခဲ့သမျှ အား စန္ဒီက ပြန်ပြီး ဒဏ်ခတ်တော့မယ်ဆိုတာ မောင်သိတယ်၊ ဒါပေမယ့် စန္ဒီ ဘယ်လိုအပြစ်ပေးပေး မောင်ခံယူဖို့ အသင့်ပဲ၊ စန္ဒီ့နားက မောင် ဘယ်ကိုမှ ထွက်သွားပါမှာမဟုတ်ဘူး၊ စန္ဒီကို စွန့်လွှတ်ရတိုင်း ခံစားရတဲ့ဝေဒနာဟာ နှလုံးသားမှာ ဒဏ်ရာတွေ ပြင်းထန်လွန်းနေပြီ၊ နောက်တစ်ခါ ထပ်မခံစားချင်ဘူး စန္ဒီ၊ အသက်ကလေးရလာလေ၊ အသိဉာဏ်လေး ရှိလာလေ ခံစားရတဲ့ဝေဒနာဟာ ပြင်းထန်လေပါပဲ၊ နောက်တစ်ခါ ထပ်ရလာတဲ့ အခွင့်အရေးကို မောင် လက်လွှတ်မခံနိုင်လို့ စန္ဒီ့ကို မောင်ယူလိုက်တာပဲ၊ စန္ဒီ့ကို မောင် တစ်ခုကတိပေးတယ်၊ သူနဲ့မောင်ဟာ နဂိုကတည်းက အနေဝေးခဲ့ပါတယ်၊ စန္ဒီနဲ့ယူပြီးချိန်ကစပြီးမောင် သူ့ဆီမသွားဘူးဆိုတာ ကတိပေးပါတယ်"

"အို....ရှုပ်ရှုပ်ယှက်ယှက်၊ ငါ နင့်ကိုမပေါင်းနိုင်ဘူး၊ သူများမယားငယ်အဖြစ် ခံမယ့်အစား မှတ်နေလား"

"စန္ဒီ့ကို အလျှင်ကတည်းက မောင် လက်ထပ်ခွင့်တောင်းခဲ့ပါတယ် စန္ဒီရယ်၊ အခုလဲ စန္ဒီ့စိတ်တိုင်းကျ ဖြစ်စေရမှာပါ၊ မောင် စန္ဒီနဲ့ ပြန်တွေ့ကတည်းက အိမ်ကို စာရေးလိုက်တယ်၊ နောက်အိမ်ထောင် ပြုတော့မယ့်အကြောင်းလေ၊ ပြီးတော့ သူနဲ့ကွာရှင်းဖို့ပါပေါ့"

"အို....မသိဘူး....မသိဘူး၊ စန္ဒီပြန်မယ်....ပြန်မယ်၊ ရှက်တယ်....သိပ်ရှက်တယ်"



စန္ဒီ လိုမ့်ရှိုက်နေသည်။ ခိုင်က လုံးဝအပြင်ပေးမထွက်သဖြင့် ဟိုတယ်အခန်းထဲတွင် စန္ဒီ ပစ္စည်းတွေဖြင့် ပေါက်ခြင်း၊ ဆောင့်ဟစ်ငိုယိုခြင်း၊ ထုခြင်း၊ ရိုက်ခြင်းဖြင့် တစ်နေကုန်သွားသည်၊

စန္ဒီနိုပ်စက်သမျှ ခိုင်က ပန်းနှင့်ပေါက်သလို ခံယူနေသည်မှာ တစ်ပတ်ခန့်ကြာသွားသည်။

မိမိနှင့် စန္ဒီလက်ထပ်ပြီး ငါးရက်အကြာတွင် ခင်ခင်ထက်က သူသာလျှင် တရားဝင်မယားကြီးဖြစ်ကြောင်း ကြော်ငြာခဲ့သလို၊ ခိုင်ကသည်း ခင်ခင်ထက်ကို ကွာရှင်းသည့်အကြောင်းများကို သတင်းစာမှ အပြန်အလှန် ကြော်ငြာနေတော့သည်။

"တွေ့လား၊ ငါ့သားလို လူပျိုနုနုထွတ်ထွတ် ချောချောလှလှကို မယူချင်တဲ့ကောင်မ၊ အခုတော့ ထိပြီမဟုတ်လား၊ အခုတော့ သူများလင်ကြီးကို ယူမိလျက်သားဖြစ်ပြီ၊ တွေ့လား၊ ဟွန်း...ဟွန်း၊ လောကမှာ လင်ရှားလို့တော်၊ မိန်းမကိုက"

ဒေါ်ခင်အေးရီက ညှော်ခန်းထဲတွင် သတင်းစာအထပ်လိုက်ကိုဖတ်ရင်း မွဲ့မွဲ့ရွဲ့ရွဲ့ ပြောနေခြင်းဖြစ်သည်။

အိပ်ခန်းထဲမှ မျိုးထွဋ်ကတော့ စာတစ်စောင် ကောက်ရေးနေသည်။

"ချစ်ရလွန်းတဲ့ မမစီ....

မောင် ချစ်အလွမ်းတွေနဲ့ စာရေးလိုက်ပါတယ်။

အဝေးရောက်နေရပေမယ့် တစ်နေ့တစ်ရက် တစ်နာရီမှ မမေ့ပါဘူးဗျာ၊ မမကတော့ ကိုယ် တမ်းတဖြတ်နိုးရသူနဲ့ အတူတွဲနေရပြီဆိုတော့ ပျော်နေမှာ

ပေါ့နော်၊ မျိုးလွင်ဆိုတဲ့ကောင် ဘယ်လိုခံစားနေ
တယ်၊ ဘယ်လောက်လွမ်းနေရတယ်ဆိုတာ မမ စိ
ဘူးမိမှာ မဟုတ်ပါဘူးလေ....

မမဘယ်လိုဖြစ်ဖြစ် မောင်ကတော့ လွမ်းနေ၊
နေ၊ သတိရနေမှာပဲ....

သည်မှာမမ....

မမကို ဘယ်သူတွေဘာပြောပြော၊ ဘယ်လိုအထ
သေးသေး၊ မောင် အဲ့သည်အထဲမပါဘူးဗျ။

မမ အချစ်ကိုတန်ဖိုးထားသလို မောင်လည်း တ
ဖိုးထားတယ်....

မမလုပ်တာမှန်တယ်၊ မမနေရာမှာ မောင်ရှိနေ
ကိုယ့်ချစ်သူ ကိုယ်လက်ထပ်မှာပဲ။

မောင်ဆိုလိုချင်တာက မမနဲ့ကိုခိုင် အဆင်မ
ဖြစ်လို့မပေါင်းသင်းကြတော့တဲ့ တစ်နေ့ မောင်
မမစဉ်းစားဖို့စချင်တယ်၊ မောင့်ကို လက်ကျန်အ
နဲ့ဆက်ချစ်ပါနော်၊ မောင် အဲသည်နေ့ကို စောင့်
မယ်။

မမရဲ့ မောင်(မျိုးလွ

စာဖတ်ပြီး ခိုင် ဒေါ်နှင့်မောနှင့် ဆွဲဆုတ်ပစ်ပိုက်သ
ထို့နောက် အမှိုက်ပုံးထဲထည့်ရင်း စန္ဒီ့ကို စိတ်တိုသ
လှမ်းကြည့်သည်။

"ဒီစာ ဖတ်ပြီးပြီမဟုတ်လား"



စန္ဒီ ပြုံးနေသည်။

"သိပ်ကျေနပ်နေတယ်ပေါ့ဟုတ်လား"

"ဒါတော့ မောင်ရယ်၊ မောင်က အသစ်ရှာတတ်တဲ့လူ
ဆိုတော့ တကယ်လို့များ ကိုယ့်ကိုပစ်သွားရင် နောက်တစ်
ယောက်ယူရမယ့်သူ ရှိနေပါသေးလားလို့တွေးပြီး ကျေနပ်မိ
တာပါ"

"ဘာကွ၊ မင်း ငါချစ်မှန်းသိလို့ ငါ့ကို စိတ်ဆင်းရဲမယ့်
စကားပဲ ရွေးပြောနေတာလားဟင် စန္ဒီ"

"ချစ်တဲ့လူကလဲ အိမ်က မိန်းမပေးစားတာနဲ့ ယူလိုက်
ရရောတဲ့သား၊ စန္ဒီဆို ရှင့်ထက်တောင် ယူနိုင်သေးတယ်နော်"

"အေး....ငါက မင်းယူလိုက်ပြီ ထင်လို့ပေါ့ကွ"

"မဆိုင်ပါဘူးကွာ"

"အေး....မင်းငါ့ကို စိတ်ဆင်းရဲအောင် ကောင်းကောင်း
လုပ်၊ ဟိုတစ်ယောက်နဲ့ယူတုန်းက မချစ်လို့ အရက်သောက်
တယ်၊ ဒီတစ်ယောက်နဲ့ကျတော့ ချစ်ရလွန်းလို့ အရက်
သောက်မယ်"

"သောက်လေ၊ သောက်ပြီးရင်အိမ်ပြန်မလာနဲ့"

"မိန်းမတွေများ သိပ်ရယ်စရာကောင်းတယ်ကွာ၊ ဟိုတစ်
ယောက်ကျတော့ မချစ်မှန်းလဲသိတယ်၊ မလာချင်မှန်းလဲ
သိတယ်၊ ဒါကို လာအောင် ယတြာချေပြီး ခေါ်တယ်၊ မချစ်
ချစ်အောင်လုပ်တယ်၊ ဒီတစ်ယောက်ကျတော့ ချစ်မှန်းသိလို့၊
အနားက မခွာနိုင်မှန်းသိလို့ တစ်ချိန်လုံး မောင်းထုတ်နေ
တယ်"

"အို…ဒါတော့ ကိုယ်ကအပျိုးရင်က ကလေးနှစ်ယော
အဖေပဲ၊ ဒီလောက်တော့ သည်းခံပေါ့"

"စန္ဒီ"

နိုင် စိတ်ဆိုးပြီး စန္ဒီကို အိပ်ရာပေါ် ဆောင့်တွန်းချလိုက်
သည်၊

"မင်း ငါ့အားနည်းချက်ကို မထောက်နဲ့ကွာ၊ အဲဒီအတွက်
မင်းကိုငါဘယ်လိုတောင်းပန်ရမလဲ၊ ငါမင်းကို ဘယ်လောက်
ချစ်သလဲဆိုရင် ငါ့သွေးနဲ့ ဖွဲ့စည်းထားခဲ့တဲ့ သားနဲ့ သမီး
တောင် မေ့ထားတယ်ကွာ၊ လုံးဝအဆက်အသွယ် ဖြတ်ထား
တယ်ကွာ၊ နောက်ထပ် ငါဘာလုပ်ပေးရဦးမလဲ၊ မောင်ဘာ
လုပ်ပေးရဦးမလဲ"

နိုင်က စန္ဒီ့လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်ရင်း၊ ခါယမ်း
ရင်း ပြောသည်။ စန္ဒီက ခပ်ပြုံးပြုံးလေး ခေါင်းခါရင်း…

"မဟုတ်ဘူးမောင်၊ မောင်လုပ်တာတွေ မှားနေပြီ၊ စန္ဒီ
စောစောက မသိလို့ပါမောင်ရယ်၊ မောင်က စန္ဒီ့အပေါ်
ချစ်ပြနေတာ အရေးမကြီးဘူး၊ စန္ဒီဟာ ပတ်ဝန်းကျင်အမြင်
မှာ သူများလင်ကို လုတဲ့မိန်းမဖြစ်ရပြီ၊ တံတွေးခွက်မှာ ပက်
လက်မျောပြီသိရဲ့လား၊ ထားပါ၊ စန္ဒီရော မောင်ရောဟာ
မောင့်မယားကြီးအပေါ်မှာ မငဲ့ညှာကြဘူးဆိုတာ မောင့်
မယားကြီးက မောင့်ကို အဆုံးရှုံးခံနိုင်တယ်ထားပါ၊ မောင့်
သမီးတွေဟာ မောင့်ကို အဆုံးရှုံးခံနိုင်မတဲ့လား"



"နောက်ဖြစ်လာမှာကို မောင် မစဉ်းစားသေးဘူးကွာ၊
အခုလောလောဆယ် မင်း မောင့်ကို နှိုင်စက်နေတာ တော့
မောင်မခံနိုင်ဘူး"

"မခံနိုင်ရင်လဲ ပြန်နိုင်ပါတယ်နော်"

"သိပ်ပြန်စေချင်တယ်ပေါ့…ဟုတ်လား၊ဒီမှာ မင်းညီမက
ရော ရမောင်ရော ငါ့ကိုစကားမပြောဘူး၊ မင်းအမေကလဲ ခပ်
တည်တည်ပဲ၊ အေး…တလောကလုံး ဘယ်လိုထင်ထင်၊ ဘာ
ပြောပြော ငါမင်းအနားက တစ်ဖဝါးမခွာဘူး နားလည်
လား"

နိုင်တစ်ယောက် စန္ဒီ့အနားမှ တစ်ဖဝါးမခွာတမ်း နေခဲ့
သည်မှာ နှစ်တွေကြာလှပါပကော။

* * *

## အခန်း (၂

မန္တလေးဘူတာကြီး ရောက်သောအခါ အန်တီမာ
သမီးဖြစ်သူ ဒန္တီက အပျိုးကိုယ်စီနှင့် ကြိုနေကြပါသည်။

''အိုး....ဒန္တီရယ်၊ ထွားလာလိုက်တာကွယ်၊ အပြင်မှာ
တွေ့ကြရင် မှတ်မိမှာတောင် မဟုတ်ဘူး၊ ကြည့်စမ်းပါ
အပျိုကြီးကျနေတာပဲ၊ အရပ်ကလဲမြင့်ပါ''

ဒန္တီ အရပ်က စန္ဒီ ပခုံးကို မီနေပြီ။

''ညီ....ညီမက အပျိုဖြစ်ပြီလေ''

အန်တီမာက နားနားကပ်၍ ခပ်တိုးတိုးပြောခြင်း
သည်။

ဒန္တီ မျက်နှာသည် ပန်းသွေးနုရောင်ကြွပြီး နုစိုနေသည်
မျက်လုံးလေးများက အရည်တလက်လက်နှင့် လည်
သည်။



မျက်တောင်က ပါးပြီး ရှည်၍ ကော့သည်။ မျက်ဆန်က ညို
ည်၊ နှုတ်ခမ်းထူထူလေးများက ရဲသည်၊ နှာတံက အချွန်
ကြီးမဟုတ်။ လုံးလုံးကော့ကော့လေး ဖြစ်သည်။

ဆံပင်နက်နက်များကို ဖြောင့်ဖြောင့်လေးထားပြီး နဖူး
ပေါ်တွင် ဘုတ်သိုက်လေး ချထားသည်။ ပခုံးပေါ်တွင် ဆံပင်
များက ဝဲသည်။

ပိုးသားကို ဇာအဖြစ်ဖောက်ထားသော ဘလောက်စ်ပွပွ
ကပ်ပြတ်၊ ခြေသလုံးတစ်ဝက်ခန့်အထိ ရှည်သော ရောင်စုံ
ီးစကပ်အရှည်၊ အနက်ရောင် ရှူးဖိနပ်ကို ခြေအိတ်ဖြူနှင့်
တွဲ၍ကာ စွပ်ထားသည်၊ တစ်ထွာခန့်ရှိသော အနီရဲရဲ သားရေ
အိတ်ကလေးကို ခေါင်းမှစွပ်၍ သိုင်းလွယ်ထားသည်။

ဒန္တီကို ကြည့်ရသည်မှာ ဘာမျှ ဟော့ဟော့ရမ်းရမ်း
ပြင်ထားဘဲနှင့် ခေတ်မီမီလေး၊ ကြွားကြွားဝင့်ဝင့်လေး
နေသည်။

လူကြီး လူငယ်မရွေး ဒန္တီကို လှည့်ကြည့်သွားကြရသည်။
ိုးဒယ္ယားမင်းသမီးလေးလိုလို။

ဟောင်ကောင်မင်းသမီးလေးလိုလိုနှင့် မပြင်ဘဲလှသူ။

မိခင်ဖြစ်သူ အန်တီမာကလည်း ယခုအချိန်ထိ အလှကို
ထိန်းသိမ်းထားသဖြင့် လှပကြော့မော့နေမြဲ ဖြစ်သည်။

''မောင်သန့်ဇင်ရော ပါမလာဘူးလား''

''အိမ်စောင့်ကျန်ရစ်ခဲ့တယ်လေ အန်တီမာ''

''လာ....လာ၊ အိမ်ကျမှ အေးအေးဆေးဆေး ပြောကြ

ဆိုကြမယ်၊ အစ်ကိုကြီးနဲ့ မမနုတို့ပါ ပါလာလို့ အ
ဝမ်းသာတာပဲကွယ်''

''ဟုတ်တယ် အန်တီမာ၊ မေမေတို့ ဖေဖေတို့လဲ ဘုရား
ပေးချင်လို့လေ''

''ကောင်းတယ်၊ ကောင်းတယ်''

မန္တလေးမြို့၏ နေ့လယ်ခင်းသည် အပူရှိန်ပြင်းသည်
သော်လည်း အန်တီမာတို့အိမ်က အဲယားကွန်း တပ်
သဖြင့် နေရထိုင်ရ သက်သာပါသည်။

''ခိုင်၊ ဦးကိုဇင်နှင့် စန္ဒီ ဖခင် ဦးညွန့်ဓမောင်တို့ ယော
သုံးယောက်က တစ်ဝိုင်းဖွဲ့၍ စကားပြောနေကြသလို
မိန်းမအုပ်စုက တစ်ဖွဲ့ဖြစ်သည်။

''စန္ဒီက ကလေးဘာလို့ မယူတာလဲ''

''နှစ်နှစ်လောက်တော့ လွတ်လွတ်လပ်လပ် နေချင်
လို့လေ၊ နောက် လိုချင်တော့ မရတော့ဘူးလေ၊ အဟ
ဟင်း''

''မိသိမ်ကရော မယူသေးဘူးလား''

သိဂီက ရယ်နေသည်။

ဒေါ်စမ်းနုကတော့ ကွမ်းယာလေးစားရင်း....

''ဒီနှစ်ကုန်ရင်တော့ သူမယူလဲ ကျုပ်တို့ ရှာဖွေပြီး
စားဖို့ စီစဉ်နေတာပဲဟေ့''

သိဂီက ရေချိုးခန်းထဲ ဝင်သွားသည်။

ဒေါ်စမ်းနုက ခပ်တိုးတိုးလေး။



''မိသိဂီက ဇာတ်လမ်းနဲ့ပြောရမှာလဲ မကောင်းဘူး၊
ါတို့အောက်ထပ်မှာ ငှားနေသွားတဲ့ မျိုးကို သိလား''

''သိတာပေါ့၊ ပလီမှာတုန်းက ပါလာတာလေ''

''အေး....အေး၊ မျိုးက မစံကို ကြိုက်တယ်၊ မိသိမ်က
မျိုးကို ကြိုက်တယ်၊ တစ်ဖက်သတ်တွေပေါ့အေ၊ မျိုးလွင်ကလဲ
မ်ကို ခုထိ မျှော်လင့်တုန်း''

''ဟင်....ခုချိန်ထိ ဟုတ်လား''

''ဟုတ်တယ်၊ ဟုတ်တယ်၊ မိသိမ်ကလဲ မျိုးလွင် မယူမချင်း
တခြားလူကို မယူဘဲ စောင့်နေသလား မပြောတတ်ပါဘူး''

ထိုစကားများကို အပျိုပေါက် ဒန္တီက မျက်လုံးလေး
ပေကလပ် ပေကလပ်ဖြင့် နားထောင်ရင်း....

''မာမီ''

''ရှင်''

''မမစန္ဒီက တအားလှတာပဲနော်၊ ဒါကြောင့် အဲဒီ
မျိုးလွင်ဆိုတဲ့ လူကြီးက စွဲလမ်းတာ ဖြစ်မှာပေါ့၊ ဦးခိုင်ကလဲ
မမစန္ဒီကို တအား ဂရုစိုက်တာပဲနော်''

''အောင်မာ....မာ၊ ကလေး ကလေးလိုမနေဘူး၊ လူကြီး
တွေကြားထဲ ဝင်နားထောင်ပြီး ဝေဖန်နေလိုက်တာ၊ ကဲ....
သွား....အခု အပြင်ကို''

မိခင်က ခေါင်းခေါက်လိုက်မှ ဒန္တီလေး ထပြေးတော့
သည်။

''ဒန္တီလေးက တအား ချစ်စရာကောင်းတာပဲဟေ့''

''ဟုတ်တယ် မမနုရေ၊ သူ့ကိုလဲ ခုကတည်းက ကြိုက်

မယ့်လူက အများသား၊ အသက်က ဘာမှရှိသေးတာမဟု
ဘူး၊ ဟိုကစာပေး၊ ဒီက ဖုန်းဆက်နဲ့၊ အချစ်ကို ဦးစား
မှာစိုးလို့ သံပတ်တင်းပေးနေရတယ် မမနူရယ်''

''ပညာရေးမှာကော ဘယ်လိုနေလဲ''

''ထူးက်တယ်၊ ဉာဏ်သိပ်ကောင်းတာ၊ သူ့အဖေကလဲ
တာတခြား စည်းကမ်းက တခြားပဲ''

''ကောင်းတယ်....ကောင်းတယ်''

မြန်မာပြည်အလယ်ပိုင်း ဘုရားဖူးခရီး၊ ရှမ်းပြည်
ဘုရားဖူးခရီးတွင် ဒန္တီလေး လိုက်ပါခွင့်ရသဖြင့် ပျော်နေ
သည်။

ခေါတ်ပုံတွေ တွဲရိုက်ကြသည်မှာဖလင်လိပ်ပေါင်း(၁၀)
မက ကုန်ခဲ့သည်။

သီဂီနှင့် ဒန္တီက တစ်တွဲ။

အဘိုးကြီး အဘွားကြီးကတစ်တွဲ။

စန္ဒီတို့လင်မယားက တစ်တွဲ။

ခိုင်က ယောက္ခမများကို မိဘအရင်းသဖွယ် သဘောထား
ပြီး ပြုစုဆက်ဆံတတ်သူဖြစ်၍ စန္ဒီ ကျေနပ်မိသည်။

သို့သော် စန္ဒီ့ ပျော်ရွှင်မှုသည် တစ်ခါတစ်ရံ အတွေးမျိုး
ကြောင့် ငေးငေးဆွေးဆွေးလေး ဖြစ်သွားတတ်သည်။

ဇနီးသည်ကို အမြဲ မျက်ခြည်မပြတ် ဂရုစိုက်တတ်သော
ခိုင်က....

''ဘာလဲ....အချစ်က နတ်သျှင်နောင်လေးကို လွမ်းသို့
လား''



စန္ဒီက မဲ့ပြုံးလေး ပြုံးလျက်....

''မောင်ကတောင် စန္ဒီ့ကိုအဲသလိုစိုးရိမ်သေးရင် သံယော
ဇဉ်တွေ အများကြီးနဲ့ ခွဲနေရတဲ့ မောင့်ကိုရော စန္ဒီက မစိုးရိမ်
ဘဲ နေမသား''

ခိုင်က ခေါင်းခါသည်။

''မောင် မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းသိပါ
တယ်ကွာ၊ မင်း ငါ့ကို ဘယ်လောက်မောင်းထုတ်ထုတ်၊ ဘယ်
လောက် နာကြည်းအောင်ပြောပြော မင်းအနားက တစ်
ဖဝါးမခွာတာသာ ကြည့်တော့၊ ဒါတွေကို အဆန်းလုပ်ပြီး
ပြောနေစရာ မလိုတော့ပါဘူး မိန်းမရာ၊ မင်းနဲ့ငါနဲ့ အတူနေ
ခဲ့တာ (၁၈)နှစ်တောင် ပြည့်ခါနီးနေပြီ''

''မဟုတ်ဘူး မောင်၊ စန္ဒီတော့ မောင်တို့မိသားစုကွဲနေ
တာဟာ စန္ဒီ့ကြောင့်ဆိုတဲ့ အသိစိတ်နဲ့ အမြဲစိတ်မချမ်းမသာ
ဖြစ်နေမိဘယ်''

''အချစ်က အလကားနေရင်း စိတ်ပင်ပန်းအောင် လုပ်နေ
တာကိုး၊ အချစ်ကြောင့် ကွဲတာမဟုတ်ပါဘူး၊အလျင်ကတည်း
က မောင်တို့ အတူမနေကြပါဘူးဆို''

''ဘယ်လိုပဲမနေနေလေ၊ သားသမီးတွေဆီပြန်သွားရင်း
တွေ့ကြဆုံကြရင်း အချိန်မရွေး ခေါ်တယ်ပြောတယ်နဲ့ နီးစပ်
မှုတော့ ရှိနိုင်သေးတယ်မဟုတ်လား၊ အခုတော့ မောင်က
ကလေးနှစ်ယောက်ဆီပါ လုံးဝမသွားတော့ ဘယ်ကောင်းပါ့
မလဲ၊ ပတ်ဝန်းကျင်အမြင်မှာ မောင့်ကို အဖေမပီသတဲ့လူ
တစ်ယောက်လို့ မြင်မှာပေါ့၊ မောင့်စိတ်ထဲမှာလဲ ဒါကို စဉ်း

စားမိတိုင်း စိတ်ဆင်းရဲရမှာပဲ''

''ဘာလဲ၊ စန္ဒီက မောင့်ကို ပြန်စေချင်နေတယ်လား''

''ကလေးတွေနဲ့တော့ ဆက်သွယ်သင့်တယ်လေ''

ခိုင်က မချိုမချဉ်ပြုံးလျက်....

''ကလေးအမေနဲ့ရော''

စန္ဒီက ခွင့်လွှတ်စွာပြုံးရင်း....

''အခုမှမဟုတ်ဘူးမောင်၊ မောင် စဖွင့်ပြောကတည်းက စန္ဒီပြန်သွားခိုင်းခဲ့ပါတယ်၊ စန္ဒီရဲ့အပျိုဂုဏ် ပျက်စီးသွားတာ ကိုလဲ စန္ဒီ ထည့်မတွက်ခဲ့ပါဘူး၊ သူများလင်ကိုယူမိတဲ့အဖြစ်က စန္ဒီ ကို အမြဲခြောက်လှန့်ပါတယ် မောင်၊ ဒီခြောက်လှန့်မှု ကြောင့် မောင် အချိန်မရွေးပြန်သွားလို့ရအောင် နောက်ဆံ တင်းမနေအောင် ကစ်နွှေပြန်သွားရင် အရှုပ်အရှင်းတွေ ဖြစ် မနေအောင် စန္ဒီ သားသမီးမယူခဲ့တာပဲပေါ့''

''ဟင်....စန္ဒီ ဒီလိုလုပ်တာတော့ မကောင်းဘူး''

''အခု မကောင်းပေမယ့် ပြဿနာ ဖြစ် လာ ရင် တော့ ကောင်းချင်ကောင်းနေမှာပေါ့ မောင်ရယ်''

ခိုင်က မေးကြောကြီးများ ထောင်ထလာသည်အထိ အံ သွားများကို ကြိတ်နေသည်။

''ဘာလဲ၊ မောင့်ကလေးတွေကို ပိုက်ဆံထောက်လို့ စန္ဒီ အခုလို မကျေမနပ်ဖြစ်နေတာလား''

''အိုး....နိုး....နိုး၊ စန္ဒီ ဒီလောက် အောက်တန်းမကျဘူး မောင်၊ မောင့်သားသမီးတွေကို မောင်ပေးတာပဲ၊ စန္ဒီ ပိတ် ပင်ခွင့် မရှိပါဘူး၊ ပိတ်လဲ မပိတ်ပင်ဘူး၊ ပေးပါ မောင်၊ပေး



တင် မဟုတ်ဘူး၊ တွေ့ချင်ရင်လဲ သွားတွေ့နိုင်တယ်၊ ခေါ်ချင် ရင်လဲ ခေါ်ထားနိုင်တယ်၊ ဒါ စန္ဒီရဲ့စေတနာ အစစ်အမှန်ပဲ မောင်''

ထိုသို့ပြောရင်း ပြုံးနေသောမျက်နှာလေးဖြင့် ခင်ပွန်း သည်၏နဖူးကို ဖွဖွလေးနမ်းလိုက်သည်။

ခိုင်က စန္ဒီ့ကိုယ်လေးကို ခါးမှသိုင်းဖက်ရင်း ပါးခြင်း ကပ်ထားသည်။

''မမသိမ်....ဟိုမှာကြည့်စမ်းပါဦး၊ ဦးဖိုးခိုင်က သိမ်ပိုတာ ပဲနော်၊ တစ်ချိန်လုံး မမစံကိုပဲ ချစ်နေတာပဲ၊ ဒန္တီတို့ ချစ်ဖို့ ဘောင်မထားဘူး၊ မမစံနဲ့စကားပြောချင်တာတောင် ကောင်း ကောင်းမပြောရဘူးနော်''

သိဂီက မဲ့ပြုံးလေးဖြင့်....

''သူကလှတာကိုး၊ သူနဲ့ရင်းနှီးဖူးတဲ့ ယောကျ်ားတွေဟာ သူ့ကြောင့် စိတ်ဆင်းရဲနေကြရတာချည်းပဲ''

ဒန္တီ မျက်ခုံးလေးတွန့်၍ နားမလည်သလို ကြည့်နေသည်။

''ဒန္တီလဲလှတာပဲ၊ မှတ်ထားနော်၊ ကိုယ်တကယ်မယူနိုင်တဲ့ ဘယ်ယောကျ်ားကိုမှ အပျော်လဲမကြိုက်နဲ့၊ ဟန်ဆောင်လဲ မကြိုက်နဲ့၊ ဘွဲ့မရမချင်း အိမ်ထောင်ရေး မစဉ်းစားရဘူး''

ဒန္တီက မျက်လုံးစွေကြည့်ရင်း....

''မမသိမ်ကလဲ ဘွဲ့ရပြီးတာ ကြာလှပြီပဲ၊ ဘာလို့ ယောကျ်ားမယူသေးတာလဲ''

ဒန္တီက ဟိုတလောက မာမီနှင့် ကြီးကြီးနုတို့ပြောထားသည့် စကားကို ကြားပြီးသားဖြစ်၍ မေးခြင်းဖြစ်သည်။

"မမသိမ်ကို ချစ်မယ့်လူမှ မရှိတာ"

"တစ်ခါမှ ရည်းစားမထားဖူးဘူးပေါ့... ဟုတ်လား"

"ဟုတ်တယ်"

"ရည်းစားစာတွေ ဘာတွေရော အပေးမခံရဘူးလား"

"ဟင့်အင်း"

"ဟယ်....ဒန္တီ့ကို ရည်းစားစာတွေ ပေးထားတာ အမျာ ကြီးပဲ သိလား၊ မာမီကပြောတယ်၊ ကိုယ့်ကို ရည်းစားစာ ပေးတဲ့လူတွေကို ဂရုမစိုက်ရဘူးတဲ့၊ ကိုယ်တကယ်ချစ်တဲ့ တစ်နေ့ တွေ့လာလိမ့်မယ်တဲ့"

ဒန္တီသည် ငယ်သလောက် တကယ်သွက်လက်သူလေး ဖြ သည်။

ဘာမဆို သူသိနေသည်။ သူနားလည်နေသည်။

အတွယ်အတာမရှိသော သိဂီက ဒန္တီ့ကို ချစ်ခင်နေပြီ ဖြ သည်။

"ဒန္တီ ဆယ်တန်းအောင်ရင် ရန်ကုန်မှာ လာနေပါလာ မမတို့အိမ်ကနေ ကျောင်းတက်ပေါ့"

"ဟား... သိပ်တက်ချင်တာပေါ့၊ မာမီတို့က လွှတ်ပါလိ မယ်နော်၊ ဒက်ဒီကလဲ ဒန္တီ့ကို တအားချစ်တာ၊ သူတို့လွှတ် ရင် လာနေမယ်နော် မမသိမ်"

"ဟုတ်ပြီ"

ဘုရားပေါင်းစုံဖူးပြီးအပြန် မန္တလေးကိုဝင်၍ ဒန္တီ့ကို ပြ ပို့ကြသည်။

သိဂီတို့အဖွဲ့ ပြန်မည့်နေ့ မနက်ခင်းကတည်းက ဒန္တီ မျက်



နှာပျက်နေသည်။ ကားပေါ် ပစ္စည်းတွေလည်းတင်ရော ငိုပါ လေရော။

သူ့မိဘနှစ်ပါးက သမီးကို ခါးတစ်ဘက်စီသိုင်းဖက်၍...

"သမီးလေးကလဲကွာ၊ ပြန်မယ့်လူတွေ စိတ်မကောင်းဖြစ် အောင်ကွယ်၊ သမီးသွားချင်ရင် ကျောင်းပိတ်တိုင်း ပို့ပေး မယ်"

"ဟင့်....သမီး ရန်ကုန်မှာ ကျောင်းသွားတက်မှာ"

"ဩော်...အေး အေး၊ ဆယ်တန်းအောင်ရင်ပို့ပေးမယ်၊ ဟုတ်ပြီလား"

သည်တော့မှ ဒန္တီ အငိုတိတ်သည်။ ဒါတောင် ငိုမဲ့မဲ့ဖြင့် လက်ပြရင်း ကျန်ရစ်ခဲ့သည်။

ဒန္တီ မည်မျှ အစွဲအလမ်းကြီးသနည်းဆိုလျှင် ရန်ကုန်အိမ်ကို စာတွေ နေ့စဉ်နီးပါး ထည့်တတ်သည်။

ဘကြီးဦးညွန့်မောင်၊ ကြီးကြီးဒေါ်စမ်းနုဆိုပြီး တစ် စောင်။

ဦးခိုင်နှင့် မမစန္ဒီဆိုပြီး တစ်စောင်။

သိဂီ့ကို တစ်စောင်။

"ဒန္တီလေး....

စာတွေရေးပြီး သတိရနေတယ်ဆိုလို့ မမသိမ်တို့ စိတ်မကောင်း ဖြစ်နေရတယ်၊ မမသိမ်တို့သာ မလာခဲ့ ရင် ဒန္တီလေး လွမ်းရမှာ မဟုတ်ဘူးနော်....

ပြောရဦးမယ်၊ မမတို့မိသားစုထဲမှာ ကိုကိုသန့် ဇင်ဆိုတာ တစ်ယောက်ရှိသေးတယ်လေ...

သူ့ဆီလဲ စာထည့်ဦး၊ ကိုသန့်ကပြောနေတယ်၊

သူ့ဆီကျတော့ ဘာလို့စာမရေးတာလဲတဲ့....

ဒန္တီက စာကလေးကိုဖတ်ရင်း စူပွပွဖြင့်....

"ဟင်.... သူနဲ့လဲမသိဘဲနဲ့ စာရေးခိုင်းနေသေးတယ်၊ ကြောင်လိုက်တာနော်"

ဒန္တီ ငယ်ငယ်တုန်းက ရန်ကုန်လာလည်ရင်း ကိုသန့်ကပဲ ကျောပိုးပြီး ထိန်းခဲ့ရတာလေ....

ဒန္တီ မှတ်မိတော့မယ် မထင်ဘူး....

ဘုရားဖူးသွားရင်း ရိုက်လာတဲ့ဓာတ်ပုံတွေကြည့်ပြီး ကိုသန့်က အရမ်းအံ့သြနေတယ်၊ ဒန္တီက အရမ်းကြီးသွားသာလို့လေ၊ ကဲ....နောက်တစ်ခါ စာရေးရင် ကိုသန့်ဆီလဲရေး....ကြားလား"

သိဂီမှာသည့်အတိုင်း ဒန္တီ တကယ်ရေးသည်။

ကိုကိုသန့်ဇင်....

ဒန္တီစာရေးလိုက်ပါတယ်။

ကိုကိုသန့်ဇင်ဆိုတာ ဖြူဖြူလား၊ မည်းမည်းလား၊ ပုပုလား၊ မြင့်မြင့်လား၊ချောလား၊ ရုပ်ဆိုးလားဆိုတာ‌ေသိလို့ ဓာတ်ပုံတစ်ပုံလောက် ပို့ပေးလိုက်စမ်းပါနော့။

ထိုစာကိုဖတ်ပြီး သန့်ဇင်ကပြုံးသည်။

ထို့နောက် မိမိတို့အလုပ်ရုံရှိ ဆံပင်တွေ တွန့်လိမ်ကောက်ကွေးပြီး အသားမည်းချိတ်နေသည့် ခပ်ဝဝကုလားလူမျိုးမှသာ၏ ဓာတ်ပုံတစ်ပုံထည့်ပေးလိုက်သည်။ ဒန္တီဆီမှ ပြန်စာလာသည်။



ကိုကိုသန့်ဇင်

ဒန္တီထင်တာကတော့ ဘဘကြီးနဲ့ကြီးကြီးတာ အာဖရိကကိုသွားလည်ရင်း ကိုသန့်ကို ကောက်ယူမွေးစားခဲ့သလားမသိဘူးနော်၊ ကိုသန့်ပုံကို ကြည့်ရတာ ဖေဖေ့စွယ်စုံကျမ်းထဲက ကပ္ပလီကြီးနဲ့ သိပ်တူတာပဲ၊ ဒန္တီ့အခန်းထဲမှာ ကြွက်တွေပေါတာနဲ့ အတော်ပဲ၊ စာရေးစားပွဲပေါ်မှာ ကြွက်ခြောက်ဖို့တင်ထားတယ် သိလား၊ ဟွန်း....

ထိုစာလေးဖတ်ပြီး သန့်ဇင်တို့မိသားတစ်စုလုံး ရယ်မောနေကြသည်။ ဒန္တီသည် အတော်သွက်သည့် မိန်းမငယ်ပင်။

မမသိမ်နှင့် မိသားစုသို့....

ဒန္တီဆယ်တန်းအောင်တယ်၊ ဂုဏ်ထူး(၂)ခုတည်းပါလို့ ဒက်ဒီကပွမ်နေတာ၊ နားကိုပူနေတာပဲ၊ ဒက်ဒီက ဆရာဝန်မကြီးသိပ်ဖြစ်စေချင်တာ....

ဘာပဲဖြစ်ဖြစ် ဒန္တီရန်ကုန်လာရတော့မှာမို့ ပျော်လိုက်တာ၊ မာမီကတော့ရန်ကုန်မှာ ကျောင်းတက်ရင် ဝတ်ဖို့ အဝတ်အစားတွေ တစ်ပုံကြီးပဲချုပ်ပေးနေတယ်သိလား။

ပွတာပဲနော်၊ ဟီး....ဟီး။

ဒန္တီ့အတွက် အိပ်ခန်းပြင်ပေးထားဦး။

တစ်ယောက်အခန်း အပိုမရှိလဲ မမသိမ်နဲ့အိပ်မယ်။

ဇီရိုဘစ်လုံးလဲ့ စီစဉ်ထားဦး၊ ဖဲစက်တွေ သေတ္တာနဲ့ သုံးလုံးလောက်ပါလာမှာ။

ပြောရဦးမယ်သီလား၊ ဒက်ဒီက စိတ်သာဆိုးတာ၊ ဒို့ကျောင်းတက်ရင် စီးဖို့ ကားတစ်စီးနဲ့ ဒရိုင်ဘာ တစ်ယောက်လဲ ထည့်ပေးလိုက်မှာဆရာ သီလား”

ဒါပဲနော်၊ မမစံနဲ့ ဦးခိုင်ကိုလဲ သတိရတယ်လို့ ပြောပေးဦး၊ ဪ....ကပ္ပလီကြီးကိုကိုသန့်ရော အာဖရိကကို အလည်မသွားဘူးလားလို့။

* * *

ဒို့....

စာမေးပွဲအောင်တယ်ဆိုတဲ့အတွက်ရော၊ ရန်ကုန် လာနေမယ်ဆိုတဲ့အတွက်ရော တစ်အိမ်သားလုံး ပျော် နေကြပါတယ်။

မမစံတို့လင်မယားက စာမေးပွဲအောင်တဲ့အတွက် မုန့်ဖိုးပေးမယ်တဲ့။

ဒို့ပြောတဲ့က ပွလီကြီးကိုကိုသန့်က အာဖရိကကို သွားမလည်ဘူး၊ အလုပ်ကိစ္စနဲ့ ဂျပန်ကိုသွားတယ်၊ အဲ့ဒီကနေမှ တစ်ဆင့် တခြားနိုင်ငံတွေကို သွားမယ် လေ၊ အနည်းဆုံးသုံးနှစ်၊ အများဆုံး ငါးနှစ်တော့ ကြာမယ်လေ။

ဒို့ အတွက် အိပ်ခန်းရော၊ ဇီရိုရော၊ စားပွဲခုံရော၊ မှန်တင်ခုံရော အဆင်သင့်ပြင်ထားပါပြီတဲ့ရှင်။

* * *

## အခန်း (၂၄)

“ဦးလေးညို၊ ဒီနေရာလှူရှင်းတယ်၊ ဒို့ ခဏလောက် မောင်းကြည့်မယ်နော်”

“အောင်မယ်လေး၊ မလုပ်ပါနဲ့ဒို့ရယ်၊ နင့်ဒယ်ဒီနဲ့မာမီ က ငါ့ကို တစ်ချိန်လုံး မှာနေတာ၊ကားရောသမီးရောဂရုစိုက် ပါတဲ့၊ ငါတစ်ယောက်လုံးပါလျက်နဲ့ တစ်ခုခုဖြစ်ရင် ငါ့ အပြစ်ဖြစ်မှာသိလား”

“ဦးလေးညိုကလဲ ဒို့ကို အထင်သေးလိုက်တာနော်၊ ဒို့ကောင်းကောင်း မောင်းတတ်နေပါပြီ”

“ညည်းဘာသာညည်း ဘယ်လောက်မောင်းတတ်မောင်း တတ်၊ မော်တော်ကားမကလို့ ခမောက်တော်ဘုတ်ပဲ မောင်း တတ်မောင်းတတ်၊ လေယာဉ်ပျံပဲ မောင်းတတ်မောင်းတတ် အလုပ်ရှင်ရဲ့စကားကို ငါမဖီဆန်ဝံ့ဘူးဒို့၊ နင့်ကိုစိတ်မချလို့

မနက်ခြောက်နာရီကနေ ညနေခြောက်နာရီအထိ ငါ့ကိုဗီကာ နဲ့ ဆယ်ပေမခွာရဘူးလို့ မှာထားတာပေါ့"

"ဟုတ်ပါပြီဦးလေးညို့ရယ်၊ အခု ဆယ်ပေမကွာပါဘူး ရှေ့ခန်းမှာပဲ ထိုင်နေရမှာပါ"

"မရဘူး....မရဘူး"

ဦးလေးညို့က မျက်နှာကို ရှုံ့မဲ့ပြီး ခေါင်းခါသည်။

ဒန္တီကလည်း နှုတ်ခမ်းကို စူပုပ်ပြီး မျက်နှာကို ရှုံ့တွ

"တွန့်....ဦးလေးညို့ သိပ်ပိုတယ်၊ ကိုယ့်ကားကိုယ် ခ လေးမောင်းချင်တာတောင် ပေးမမောင်းဘူးလား၊ ဒယ် ဘယ်လောက်ပြောပြော ဗီကျောင်းထဲအထိ လိုက်ကြည့် တာမှတ်လို့၊ ဟိုး မန္တလေးကနေ ချက်ချင်း ဈာန်နဲ့ ကြွလာ တ ာ ကျနေတာပဲ၊ ရတယ်လေ ပေးမမောင်းချင်လဲနေ၊ ဒ ဆီက ချေးထားတဲ့ ပိုက်ဆံတွေလဲ ချက်ချင်းပြန်ဆပ်၊ မဆပ် ဒယ်ဒီ ဆီ ဖုန်းဆက်ပြီး တိုင်မယ်"

ဒန္တီက ခပ်စွာစွာလေး ပြောခြင်း ဖြစ်သည်။

သည်တော့မှ ဦးလေးညို့က တဟဲဟဲရယ်ရင်း....

"နင်ကလဲ အရေးရှိ ဒီအကြွေးနဲ့ပဲ ခြိမ်းခြောက်နေတော တာပဲကိုးဟ၊ အခုချက်ချင်းတော့ ငါ ဘယ်လိုလုပ် ဆပ်နိုင် ပါ့မလဲလေ"

"ဟို....မသိဘူး၊ မသိဘူး၊ ပေးမမောင်းချင်ရင် အခု ချက်ချင်း ပြန်ဆပ်ပဲ"

ဒန္တီက နီရဲနေအောင် ဆိုးထားသော နှုတ်ခမ်းကို လန်နေ အောင် ထော်၍ ခြေထောက်ကို ဆောင့်ရင်း ပြောသည်။



"ရော့....ငါ့မှာ ငါးဆယ်ပဲ ရှိတယ်"

"အို....အကြွေးက သုံးရာနှစ်ဆယ့်တစ်ကျပ်ပဲဟာ"

"ဟေ့....ဟေ့၊ သုံးရာ့နှစ်ဆယ်ပါ၊ ဘယ်ကတစ်ကျပ်က ဘယ်က ပိုလာတာလဲ"

"အမယ်နော်၊ ဒန္တီက သိပ်သေချာတာနော်၊ မန္တလေးက ထွက်လာတုန်းက လမ်းမှာ ကွမ်းယာစားဖို့ ယူတာလေ၊ ကြွေးယူပြုံးပြုံး၊ ကြွေးပေးမုန်းမုန်းတဲ့၊ ဦးလေးညို့ မျက်နှာက ပိုက်ဆံချေးခါနီးဆို ချိုနေတာပဲ၊ ပေးခါနီးဆို ပုပ်သိုးနေ တာပဲ"

"ကွမ်းယာလေးတစ်ယာတောင် အလကားမကျွေးချင် ဘူးလား ဒန္တီရာ၊ စေတနာ သဒ္ဓါတရားက ခေါင်းပါးလှချည် လား"

"ဒန္တီတို့က စေတနာ သဒ္ဓါတရား သိပ်ပြည့်ဝသမှ ဟိုဘက် တောင် လွန်သေး၊ အခု ကားပေးမောင်းမလား၊ အကြွေး မဆပ်ချင်နေဦး၊ နောက် ငါးဆယ်တင်ရ မျိုးတောင် ထပ် ချေးလိုက်ဦးမယ်"

ဦးလေးညို့ စဉ်းစားနေသည်။

"တစ်ရာချေးမလား"

"ချေးမယ်လေ"

"ဘယ်တော့ ပြန်ဆပ်ရမှာလဲ"

"ရပါတယ်၊ အေးအေးဆေးဆေးမှ ဆပ်ပါ၊ မလောပါ ဘူး၊ ဘယ်တုန်းကမှလဲ မလောခဲ့ပါဘူး ဦးလေးညို့ရာ"

"ကဲ....ဒါဆိုလဲ မောင်း မောင်း"

ငွေတစ်ရာမျက်နှာဖြင့် ကားကို ပေးမောင်းလိုက်ရသော် လည်း ဦးညိုခမျာ မျက်လုံးအပြူးသား၊ ပါးစပ်အပြဲသားနှင့် ဒန္တီမောင်းသည့်ကားကို စီးနေရရှာသည်။

"ဟဲ့ဟဲ့ ....ဖြည်းဖြည်းကွေ့ လေ၊ ဖြည်းဖြည်းလဲမောင်းပါ ဟ၊ နင်က ပန်းထိမ်မတတ်ခင် ရွှေခိုးသင်ချင်တာက အလ ကိုး၊ တော်ကြာ နှစ်ယောက်လုံး ဆေးရုံရောက်နေပါမယ် တစ်ခါတည်းသေသွားရင် အရေးမကြီးဘူး၊ ကျိုးပဲ့ပြီး ဒုက္ခိ ဖြစ်မှ ဒုက္ခ၊ နင်ဒုက္ခိတဖြစ်တာက အရေးမကြီးဘူး၊ နင်တို့ သူဌေး၊ ငါက ခွက်ဆွဲပြီး တောင်းစားရမှာ"

"အဟင်း....ဟင်း"

ဒန္တီက သူလုပ်ချင်တာလုပ်ရသဖြင့် အကြီးအကျယ် ကျေ နေသည်။ သဘောကျနေသည်။ သွားကလေးများ စေ့အော ရယ်ရင်း မျက်လုံးအပြူးသားနှင့် မောင်းနေသည်။

"ဟဲ့—ဟဲ့ ၊ ဟိုမှာကား....ကား၊ ဘရိတ်အုပ်လေ၊ ဘရိ အုပ်၊ အောင်မယ်လေးဗျ၊ အောင်မယ်လေး သေကုန်ပြီထ ပါရဲ့"

ကွေ့ချိုးတစ်ခုတွင် မသင်မှတ်ဘဲ ကားတစ်စီး ပေါ်လ သဖြင့် ဒန္တီ ကြောက်အားလန့်အားဖြင့် ကွေ့လည်းကွေ့ သည်။ ဘရိတ်လည်းအုပ်သည်။

အေးတွင် ကပ်ထိုင်နေသော ဦးညိုတစ်ယောက် ဆန်ကော ထဲ သီးဖြူသီးလှိမ့်သလို ဒယီးဒယိုင် ဒလိမ့်ခေါက်ကွေး ရင်း ပါးစပ်မှလည်း ဘုရားစာတွေ လျှောက်ရွတ်နေမိသေ သည်။



"ဝုန်း"

"အောင်မယ်လေးဗျ"

"အောင်မယ်လေးဗျာ၊ ကားတော့ ပျက်စီးပြီထင်ပါရဲ့"

ဦးလေးညို၏ အောင်မယ်လေးဆိုသည့် အသံနှင့်အတူ အပြင်ဘက်မှ အောင်မယ်လေးဆိုသည့် ယောကျ်ားသံတစ်သံ ကို ကြားလိုက်ရသဖြင့် ဒန္တီ စိုးရိမ်တကြီး လှမ်းကြည့်မိသည်။ ဟုဘ်ပါသည်။

ဂျင်းဘောင်းဘီအပြာနှင့် ဘွတ်ဖိနပ်စီးထားသော အမျိုး သားတစ်ယောက် ကားဘေးတွင် ဖရိုဖရဲ လဲနေသည်ကို တွေ့လိုက်ရသဖြင့် ဒန္တီ ခေါင်းနပန်း ကြီးသွားသည်။ မျက်လုံး ပြူး မျက်ဆန်ပြူးဖြင့်....

"ဟင်....လူတိုက်မိတယ် ထင်တယ်၊ ဘုရား....ဘုရား"

ထိုကဲ့သို့ ငိုမဲ့မဲ့ ရှုံ့တွတွညည်းညူရင်း ကားတံခါးဖွင့်ကာ လဲကျနေသူထံ ပြေးဆင်းသွားသည်။

ဦးညိုကလည်း တစ်ဘက်ပေါက်မှ ကားတံခါးဖွင့်ကာ အမြန်ပြေးသွားသည်။ ဦးညိုက ကားရှေ့ပိုင်းကို မျက်လုံး ပြူးကြီးများဖြင့် ထိခိုက်မှုရှိမရှိ စိုးရိမ်တကြီး ငုံ့ကြည့်နေခြင်း ဖြစ်သည်။

ဦးညို၏ စိုးရိမ်ပူပန်မှုအကြည့်ကို လဲကျနေသော လူရွယ် က ကောင်းစွာမြင်တွေ့လိုက်ရသဖြင့် နှုတ်ခမ်းကို တင်းတင်း စေ့ထားလိုက်သည်။

"သူ....သူ ဘာဖြစ်သွားလဲဟင်၊ ခိုက်မိသွားလား"

ဒန္တီက ခြေမကိုင်မိလက်မကိုင်မိသည့် ပုံစံလေးဖြင့် လူရှ
ကို မေးလိုက်ခြင်းဖြစ်သည်။

လူရွယ်က မျက်လုံးထူထူကိုတွန့်လျက်....

"ဘာလဲဗျ၊ ဆေးဖိုးဝါးခ ပေးရမှာစိုးလို့ စိုးရိမ်နေတ
လား"

ခပ်မာမာအသံ၊ ဒေါသသံနှင့်မေးနေသော လူရွယ်
ဒန္တီက မျက်နှာငယ်ငယ်ဖြင့်....

"အို....အဲသလို သဘောနဲ့ မဟုတ်ပါဘူးနော်၊ တကယ်
ရိမ်လို့မေးတာပါ"

"တော်စမ်းပါဗျာ၊ လူတစ်ယောက်လုံးကို ဝင်တိုက်
လုပ်ပြီး ကိုယ့်ကားပျက်စီးသွားမှာ စိုးရိမ်နေတဲ့လူမျိုးတွေ
က တောင်းပန်မှုလဲ မလိုချင်ဘူး၊ ဆေးဖိုးဝါးခလဲ မလို
ဘူး"

ထိုစကားကြောင့် ကားရှေ့ပိုင်းကို မင်ထောင်၍ ကု
ကြည့်နေသော ဦးညိုတစ်ယောက် မျှတ်ခနဲဖြစ်သွားပြီး
ရွယ်ကို လှမ်းကြည့်လိုက်သည်။

သည်တော့မှ ဒန္တီ သဘောပေါက်သွားသည်။

ဦးလေးညိုကို ဒေါကန်နေခြင်းကိုး။ ဦးလေးညိုက ရ
မျာသလဲပြေးလာပြီး....

"စိတ်မရှိပါနဲ့မောင်ရင်ရယ်၊ ဦးလေးက ဒရိုင်ဘာပါ၊ ဘ
အဖေက သူ့အကြောင်းကိုသိလို့၊ သူ လက်ဆောင်တတ်မှန်း သ
လို့ ကားပေးမမောင်းပါနဲ့ သေချာသတိပေးထားတာ၊ ကာ
ကိုဂရုစိုက်ဖို့လဲ မှာထားတာ၊ အလုပ်ရှင်မကျေနပ်ရင် ဦး



သေးအလုပ်ပြုတ်မယ်၊ အလုပ်ပြုတ်ရင် ဦးလေးတို့မိသားစု
သမင်းငယ်မယ်၊ ဒါကြောင့် ကား ဘာများဖြစ်သွားပြီလဲလို့
ိုးရိမ်တကြီး ကြည့်မိတာပါ ငါ့တူရယ်၊ စိတ်မရှိပါနဲ့နော်"

လူရွယ်၏ မျက်ခုံးထူများက တွန့်နေဆဲပါ။

လဲနေရာမှကုန်းထနေသော လူရွယ်အား ဒန္တီရော ဦးညို
ပါ ဆွဲထူကြသည်။

သွေးထွက်သံယို ဘာမှမဖြစ်သဖြင့် အပြစ်ရှိသူ ဒန္တီ တစ်
ယောက် သက်ပြင်းတစ်ချက် ချနိုင်တော့သည်။

ရုံးတို့၊ ဂါတ်တို့၊ ထောင်တို့ရောက်မှာ ဒန္တီကြောက်သည်။

"လျှောက်နိုင်လားဟင်၊ ဘယ်နေရာတွေထိသွားသေးလဲ၊
အရိုးတွေဘာတွေ နာသွားသေးလား"

ဒန္တီက လူရွယ်၏မျက်နှာကို စိုးရိမ်သောမျက်လုံး၊ တောင်း
ပန်သော မျက်လုံးလေးများဖြင့် ချစ်စဖွယ်မေးခြင်း ဖြစ်သည်။

လူရွယ်က မှုန်ကုပ်ကုပ်ဖြစ်ရှိသေးသည်။

ဖုန်နှင့် အမှိုက်များပေနေသော သူ့ အင်္ကျီနှင့်ဘောင်းဘီကို
ခါသည်။ ထို့နောက် လမ်းလျှောက်ကြည့်သည်။ ခြေလှမ်း
သုံးလေးငါးလှမ်းအထိ ယော့နင်းတော့နင်း ဖြစ်နေသေး
သည်။ ထို့နောက် ခြေလှမ်း ခပ်ကျဲကျဲ လျှောက်သည်။ ခပ်
ဝေးဝေးရောက်သွားသည်။

ဆက်၍လျှောက်သွားသည်။

နောက်ဘက်သို့ လှည့်မကြည့်တော့။

"ဘယ်လိုကောင်လဲမသိဘူး၊ သိပ်ရိုင်းတယ်"

ဦးညိုက မျက်စောင်းတခဲခဲဖြင့် ပြောခြင်းဖြစ်သည်။

"သူ့ခမျာလဲ ကံကောင်းလို့မသေတဲ့လူဆိုတော့ စိတ် ချင်လဲ ဆိုးမှာပေါ့လေ၊ အင်း....ကံကောင်းလို့နော်"

"သိပြီမဟုတ်လား၊ မောင်းချင်ဦးလေ"

ဒန္တီက ပခုံးလေးတွန့်ပြပြီး စပ်ဖြဲဖြဲမျက်နှာဖြင့် နောက်ဘ ခန်းထဲ ဝင်ထိုင်သည်။

ဦးညိုက ကားရှေ့ပိုင်းကို ထပ်မံကုန်းကြည့်နေသဖြင့်

"ကဲပါဦးလေးညိုရယ်၊ တစ်စုံတစ်ခုဖြစ်ရင်လဲ ဒန္တီ့ အ ကို ဒန္တီ ဝန်ခံပါ့မယ်၊ အဲသလောက်လဲ စိတ်ပူမနေစမ်းပါ"

ဦးညို ကားပေါ်ပြန်ရောက်လာသည်။

"ရော့....ဦးလေးညို"

ဒန္တီက ငွေတစ်ရာ လှမ်းပေးသည်။

"တော်ပါပြီ မချောရယ်၊ မယူတော့ပါဘူး၊ ငွေအ ကောင်းလို့ မသေတာ ကံကောင်း"

အိမ်ရောက်ပြီး ရေမိုးချိုးပြီးသည့်တိုင် ဒန္တီ ရင်တွေခုန်ဆဲ

ညဘက်အိပ်၍လည်း မပျော်တပျော်။ အိပ်ရာထဲ လူး ရင်း နေ့ခင်းကအကြောင်းကို စဉ်းစားမိသည်။

ကားနှင့် ပွတ်မိမလိုဖြစ်သွားသော ဒန္တီတို့အရွယ် ကော လေး၏ ပုပ်သိုးသိုးမျက်နှာ၊ မျက်ခုံးတူထူကို အတွန့်ချိုး တစ်ချိန်လုံး မှုန်တေတေကြည့်သွားသော ပုံစံ။

မာကျောကျောပြောပြီး နှုတ်မဆက်ဘဲ ထွက်သွားသေ အရပ်မြင့်မြင့်၊ ရုပ်ချောချော၊ ခပ်ထွားထွားလူရွယ်ကို ယခုတိုင် မြင်ယောင်နေဆဲ၊ မှတ်မိနေဆဲ။ ကြောက်သလို လန့်သလိုလိုလည်း ဖြစ်နေဆဲ....။



ထိုသူက ဒန္တီ့ကို စိုးမိုးနေသည်။

ကားပေါ်တက်ထိုင်လိုက်သည်နှင့် သူ့ကို သတိရနေသည်။ ကားစီးနေသမျှ ပတ်ဝန်းကျင်အားလုံးတွင် သူ့ကိုဖွေရှာတတ် နေပြီ။

ဘောင်းဘီပြာပြာ၊ ဂျာကင်ဝါဝါနှင့် တွတ်ဖိနပ်ဖြူဖြူ စီးထားသော လူငယ်များကို မြင်လျှင် လည်ပြန်၍ကြည့်တတ် သည်က အကျင့်ပါနေပြီ။

ဤမျှများပြားရှုပ်ထွေးလှသော ရန်ကုန်မြို့ကြီးဝယ် နာ မည်မသိသောလူတစ်ယောက်ကို နောက်တစ်ဖန် ပြန်လည်ဆုံ တွေ့ချင်နေသော ဒန္တီ့ဆန္ဒသည် မလွယ်ကူချေ။

ကံကောင်းပါမှ ပြန်ဆုံတော့မည်။

ကျောင်းမြန်မြန်ဖွင့်ပါစေတော့။

ဒါမှ သူ့ကို မေ့ပျောက်သွားနိုင်မည်ထင်သည်။

သွားဟယ်၊ လာဟယ်၊ ဝတ်ဟယ်၊ စားဟယ် အပေါင်း အသင်းသစ်တွေနှင့်တိုးပြီး အလုပ်ရှုပ်နေမှ သူ့အကြောင်း မစဉ်းစားဖြစ်မှာ။

ကျောင်းတော်ကြီးရှိရာသို့ အလာခရီးတွင် တွေ့သမျှလမ်း ပေါ်မှ လူများထဲမှ လူပျောက်ကိုရှာဖွေနေမိတဲ့ ဒန္တီတစ် ယောက် လူအလွန်ရှုပ်ထွေးသော၊ အရောင်အသွေးစုံလှသော ကျောင်းတော်ကြီးထဲ ရောက်လာသောအခါ ခေါင်းတွေ မူး နောက်နေပြီ၊ သူ့ကြောင့် မျက်လုံးကိုစုံမှိတ်ကာ နဖူးကို ညာ လက်ဖြင့် နှိပ်နေသည်။

"ခေါင်းကိုက်လို့လား ဒန္တီ"

"မဟုတ်ပါဘူး ဦးလေးညို၊ မျက်စိနောက်လွန်းလို့ပါ"

ဒန္တီနှင့် ဦးညိုက မမြင်သော်လည်း ဒန္တီတို့ကားကိုရော ဒန္တီနှင့် ဦးလေးညိုကိုရော တစ်စုံတစ်ဦးက မြင်ပါသည်။ မြင်ရုံလည်း နဂိုကတည်းက ပြူးသား မျက်မှောင်မှာ ပို၍ကုတ်သွားပါသည်။

ဒန္တီ·စာသင်ခန်းထဲတွင် ထိုင်မိပြီး ဘာမှမကြာ ရင်ထဲမှာ တဒိန်းဒိန်းတဖိုင်းဖိုင်းမြည်ဟည်းသွားသည်အထိ ခံစားလိုက်ရသည်၊

ရှာဖွေနေစဉ်က မတွေ့ခဲ့သောသူသည် ယခု စော်ရစ်ပါတွင် မားမားမတ်မတ်ကြီးရပ်ပြီး ဟိုကြည့်သည်ကြည့်နှင့် တစ်စုံတစ်ဦးကို ရှာဖွေခနသည့်ပုံစံမျိုးနှင့်ပါလား။

မိမိကိုများ မျှော်ဖွေနေသလားဟု စိတ်ထဲက ဖြစ်မိသေးသည်။ သို့သော် သူသည် ဒန္တီ့ကို မခင့်ခင်ဂဏတည်းက မုန်းနှင့်နေသူ။

အင်္ကျီအဖြူ၊ ဘောင်းဘီရှည်အနက်၊ ဘွတ်ဖိနပ်အဖြူကြီးရှုံ့ပခုံး လွယ်အိတ်အပြာရောင်နှင့် သူက ပေါ်လွင်နေသည်။

သူ့ကို လည်ပင်းလေးရှည်ပြီး ရင်အခုန်သားနှင့် ငေးကြည့်နေမိသော ဒန္တီတစ်ယောက် ငိုချင်သွားသည်။

စိတ်ကူးယဉ်ကမ္ဘာလေး ပျက်စီးသွားသည်။

သူက သူ့ အဆက်ကို လာရှာခြင်းကိုး။

အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် ခေတ်ဆန်ဆန်ဝတ်ထား



သော ကောင်မလေးတစ်ယောက်နှင့်တွဲ၍ အပြင်သို့ ထွက်သွားသည်။

ဒန္တီတစ်ယောက် မျက်ရည်လေး မသိမသာဝဲပြီး ဝမ်းနည်းသလို၊ အားငယ်သလိုလိုဖြစ်ပြီး ကျန်ရစ်ခဲ့သည်။

ကျောင်းစတက်တက်ခြင်းနေ့မှာပင် ဒန္တီ့ နှလုံးသားနူနူတွင် ဝေဒနာတွေ စုခဲ့ရသည်။

မိမိကိုမြင်လျှင် သူ့ ခေါ်လေမလားဟု သူမြင်အောင် ကိုယ်ယောင်ပြမိသည်။

ပက်ပင်းတိုးလျှင်ပင် သူက ခပ်တည်တည်ကြည့်ပြီး ရှောင်ထွက်သွားတတ်သည်၊ ကျန်ရစ်ခဲ့သူ ဒန္တီ့ ရင်မှာ ဘယ်လိုနေမည်ဆိုတာ သူ ဘယ်ကိုယ်ချင်းစာတတ်ပါမလဲလေ၊

"ယူ နေမကောင်းဘူးလား"

ဘေးချင်းကပ်ခုံတွင်ထိုင်သော ဖြူးရီကမေးခြင်းဖြစ်သည်။

"ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ"

"ဩော်....အမြဲငိုင်နေတတ်လို့လေ"

ဒန္တီတစ်ယောက် ယခုမှရှက်သွားသည်။ ဟိုတစ်ယောက်က သူ့ အဆက်နှင့်သူ သွားလာနေပါလျက် မိမိက ခေါ်လေမလားဟု မျှော်လင့်နေမိသည်၊ မိမိ ဘယ်လိုပင် မျက်နှာချိုသွေးပါသော်လည်း သူက အဖက်မလုပ်။

နေပါစေတော့လေ၊ သူမခေါ်ချင်လဲ နေပါစေတော့....။

* * *

## အခန်း (၂၅)

မြူးရီနှင့် ဒန္တီ အင်းလျားတွင် အကြော်စားပြီး တွဲ၍ သတင် နောက်ဘက်ပေါက်မှ ဖြတ်၍ ဝင်လာကြသည်။

“ဟင်”

“ဘာလဲ ဒန္တီ”

ဒန္တီက သစ်ပင်ဘေးမှာ ထိုင်စကားပြောနေသော စုံတွဲကို ကြည့်ရင်း ဟင်လိုက်ခြင်း ဖြစ်သည်။ ကောင်လေးက ကောင် လေးကို ဖက်ထားသည်။ ကောင်မလေးက ကောင်လေး ပခုံးကို မှီထားသည်။

“အဲဒါ ဟိုဘက်ခန်းက ကောင်မလေးပဲ၊ သူနဲ့ တွဲနေတာ တစ်ယောက်၊ ခုတစ်ယောက်ပါလား၊ ဟိုတစ်ယောက်က တော့ သိရှာမှာ မဟုတ်ဘူး”

“နင်ကလဲဟယ်၊ တချို့ကောင်မလေးတွေ ရည်းစား တစ်ပြိုင်တည်း လေးငါးဆယ်ယောက် ထားတယ်၊ တချို့



ကောင်လေးတွေ တစ်ပြိုင်တည်း ရည်စား ဆယ်ယောက်၊ ဆယ့်ငါးယောက် ထားတယ်၊ တချို့ များဆို နာရီပိုင်းလေး တွဲပြီး ဖြတ်ပစ်ကြတယ်၊ မဆန်းပါဘူး”

“ဟင်....ငါတို့တော့ အဲဒီလိုမျိုးကြီး မလုပ်တတ်ပါဘူး၊ တစ်ယောက်ဆို တစ်ယောက်ပဲ”

“အေး....နင်တို့လို လူမျိုးတွေပေါ့ ဖိလင်တွေဖြစ်ပြီး ကျန်ခဲ့ရမှာ၊ ကင်းခြေများလို ချစ်တတ်တဲ့လူမျိုးမှ ကောင်း တာ၊ ခြေတစ်ချောင်းကျိုးသွားလို့ တာမှ ဝမ်းနည်းနေစရာ မလိုဘူး။ နောက်ထပ် ခြေထောက်တွေ အများကြီးရှိသေး တယ်လေ၊ ကိုယ့်လမ်းကိုယ် ဖြောင့်ဖြောင့် ဆက်သွားလို့ ရတယ်”

“ကြံကြံဖန်ဖန် မြူးရီရယ်၊ ငါတို့တော့ အဲဒီလိုမျိုးကြီး မလုပ်ရဲပါဘူး၊ ကြောက်တယ်”

နွေခင်းဘက် စာသင်ချိန် လွတ်သဖြင့် လှည်းတန်းဈေး ဘက် ထွက်ခဲ့ကြသည်။

“ဟင်”

“ဘာလဲဟဲ့၊ နင်ကလဲ အလန့်တကြားကြီးပဲ”

“ဟိုမှာ မတွေ့ဘူးလား”

ဟုတ်ပါသည်။

အတော်တတ်နိုင်သည့် မိန်းကလေးပင်။ မနက်က တစ် ယောက်နှင့် တွဲသည်။ နေ့ခင်းဘက် တစ်ယောက်နှင့် တွဲသည်။

သို့သော် ကွာခြားတာတော့ ရှိသည်။

မနက်ကမြင်ကွင်းသည် ကြည်နူးစရာ၊ ယခုမြင်ကွင်းသည် ကြောက်စရာ။

ဒန္တီ စိတ်ဝင်စားလှသော ကိုဒေါ်သက ထိုမိန်းကလေးကို ဒေါ်နှင့်ခဲမာနှင့် လက်သီးလက်မောင်းတန်းပြီး ပြောနေသလို မိန်းကလေးက အရှုပ်ရှုပ် ငိုနေသည်။

''ကော့နှီ မနက်က တခြားတစ်ယောက်နဲ့ ချိန်းတွေ့တာ သိသွားလို့ ထင်တယ်နော်''

''ဟုတ်မှာပေါ့''

ဒန္တီ့ကို မသင်မှတ်ဘဲ တွေ့လိုက်ရသောအခါ သိသိသာသာ မျက်နှာပျက်သွားပြီး မျက်နှာလွှဲသွားသည်။

ဒန္တီ မျက်လွှာလေးချပြီး ဝမ်းနည်းစွာဖြင့် ဆက်လျှောက်ရသည်။

ဒန္တီလေးတော့ အံ့သြပြီးရင်း အံ့သြနေရသည်။ နားမလည်နိုင်တော့ပါ။

နောက်တစ်နေ့ ကျောင်းတက်ချိန်တွင် သူနှင့် ဟိုကောင်လေး၏ အဆက် အတူတူ မော်တော်ဆိုင်ကယ် တွဲစီးလာသည်။

ပြီးတော့ စာကြည့်တိုက်ရှေ့နားမှာ ရယ်ရယ်မောမော စကားပြောနေကြပါကလား။

ဘယ်လိုလဲ။

အဖြေရှာမရသော ဒန္တီ့ကို ပြုံးရီက အဖြေရှာပေးသည်။

''ဟဲ့....သူတို့နှစ်ယောက်က မောင်နှမပဲဟဲ့''

''ဘယ်နှစ်ယောက်လဲ''



''ဆိုင်ကယ်နဲ့လာပို့တဲ့သူက အစ်ကို''

''ဟုတ်လိုလားဟယ်၊ သူတို့နှစ်ယောက်က ငိုလိုက်ယိုလိုက် ချော့လိုက်နဲ့''

''မောင်နှမပဲဟ၊ ဆူစရာရှိ ဆူမှာပေါ့၊ သူ့နှမ ရည်းစား ထားလို့ ဆူတာနေမှာပေါ့''

''မနက်ကတော့ သူ့ညီမရည်းစားကို ရယ်တောင်ပြသွား သေးတယ်''

''ဒါတော့ သူ သဘောတူလို့ နေမှာပေါ့''

''ဟင်....နင်ကလဲ ထင်ရာရမ်းအုပ်နေတော့တာပဲ''

''ဒါပဲ ဖြစ်နိုင်တာပဲဟဲ့၊ ဒါနဲ့ နင်က တစ်မျိုးပဲ၊ ဘာလို့ အဲဒီစုံတွဲကို စိတ်ဝင်စားနေတာလဲ၊ ကောင်မလေးကို စိတ်ဝင် စားတာလား၊ ကောင်လေးကို စိတ်ဝင်စားတာလား''

သည်တော့မှ ဒန္တီ ဖွင့်ပြောပြသည်။ ကားနှင့် တိုက်မိမလို ဖြစ်ခဲ့သည့်ဇာတ်လမ်းကို။

''အိုဟိုး....ဒါကြောင့်ကိုး''

ပြုံးရီ သဘောပေါက်သည်။

ဒန္တီ့ကို ဂရုစိုက်ကြည့်ခဲ့သူဖြစ်၍ ဒန္တီ့ မျက်လုံးနှင့် စိတ် လှုပ်ရှားမှုလေးများကို သဘောပေါက်နေခဲ့သည်။

ဒန္တီသည် ဟိုကောင်လေးကို အမြဲလိုလို လိုက်ရှာတတ် သည်။

ကောင်လေးကလည်း တွေ့လေတိုင်း ဒန္တီကို မကျေနပ် သလိုကြည့်တတ်သည်။ မျက်နှာလွှဲတတ်သည်၊ ရှောင်ထွက် သွားတတ်သည်။

တကယ်တော့ ဒန္တီကတောင်းပန်ချင်သူပါ။

"ဒန္တီရေ နေ့ခင်းကျရင်ငါတို့ဓာတုဗေဒ ဘောလုံးအသင်းကို သွားအားပေးရအောင်"

"သွားလေ"

ထိုင်ကြည့်သည့် စင်မြင့်ခုံပေါ်တွင် ဒန္တီနှင့် ပြုံးရီ အပါအဝင် ကျောင်းသူကျောင်းသားများနှင့် ပြည့်နေသည်။

ကျောင်းသားများက ကျောင်းသူများကို ဆီးစေ့နှင့် ပေါက်၍သည်းကောင်း၊ . သားရေကွင်းနှင့် ပစ်၍ လည်းကောင်း၊ ကောင်မလေးများ၏ မျက်စောင်းထိုးရင်း ပွစိပွစိနှင့် ဆဲသံများကို မကြာခဏ တွေ့မြင်ကြားနေရသည်။

"ဟော့....ဟော့ ဒန္တီ၊ ဟိုမှာကြည့်စမ်း၊ ဟိုတစ်ယောက်"

ပြုံးရီ မေးငေါ့ပြသဖြင့် ရှေ့ဘက်မျက်စောင်းထိုးနားတွင် တစ်ယောက်တည်း နေကြာစေ့ တဖြောက်ဖြောက်ဝါးရင်း ထိုင်နေသော သူ့နှမငယ်ကိုတွေ့လိုက်ရသည်။

"မော်စီကွ၊ မော်စီ"

"နံပါတ်ငါးကွ၊ မော်စီကွ"

"ဟယ်....ဒန္တီ ဟိုမှာကြည့်စမ်း၊ မော်စီဆိုတာ နင့်လူပဲ"

"ဟဲ့ဟဲ့....တိုးတိုး"

ပြုံးရီ၏ အသံက ကျယ်သွားသည်။ ထို့ကြောင့်မျက်စောင်းထိုးတွင် ထိုင်နေသော သူ့ညီမက လည်ပင်းလေးလှည့်၍ လှည့်ကြည့်လာသည်။ ယခုမှ ခိုးထုပ်ခိုးထည်နှင့် မိတော့သည်။ ဒန္တီက ပြုံးရီ၏ပါးစပ်ကို လှမ်းပိတ်နေချိန်နှင့် တိုက်



သဖြင့် ဒန္တီသည် သူ့အစ်ကိုနှင့်ပတ်သက်နေသူဆိုတာ ရိပ်မိသွားပုံရသည်။

သူမက ဒန္တီကို နောက်ထပ်တစ်ခါ ထပ်ကြည့်သည်။သူမ၏ မျက်နှာက ပြုံးရိပ်သမ်းနေသည်။ ခင်မင်မှုအရိပ်အရောင်များကိုတွေ့ရသည်။ သူ့အစ်ကိုနှင့်တခြားစီပါပဲ။

"ရှုတ်....ရှုတ်"

တရှုတ်ရှုတ်အသံနှင့်အတူ သူမ၏ အဆက်ရောက်လာပြီး သူမ၏ဘေးတွင် ခင်ပူးပူးလေးဝင်ထိုင်သည်။ .

"နောက်ကျလှချည်လား"

"ဒီနေ့ ဆိုင်ကယ်ဆီထုတ်ရတယ်လေ"

ထိုသို့ပြောရင်းက....

"မော်စီကွ၊ ကြိုးစားထား ယောက်ဖကြီးရ"

ထိုအော်သံကြောင့် ဘေးပတ်စန်းကျင်ရှိ ကျောင်းသူကျောင်းသားများက ပြုံးစိစိဖြင့် လှမ်းကြည့်ကြသည်။

သူမက သူ၏ချစ်သူကို မသိမသာ ဗိုက်ခေါက်လိမ်ဆွဲလိုက်ကြောင်းတွေ့ရသည်။

"ဟော့ကောင် သိန်းအောင်၊ မင်းက ယောက်ဖကို အပိုင်ပေါင်းထားတာကိုးကွ"

"ဒါပေါ့ကွ၊ ဒါမှ ခုလို ပေါ်ပေါ်လွင်လွင် တွဲလို့ရမှာပေါ့"

"ငါတို့ကတော့ ဥမ္မာဒန္တီကိုမှ ကြိုက်မိလို့သိဝိမင်းလို ရူးရတော့မယ် ကိုယ့်လူရေ"

"ဘာလဲကွ၊ ဘယ်သူ့ကိုပြောတာလဲ စိုးလှိုင်"

သိန်းအောင်က မျက်စိနှင့်လှမ်းမေးသည်ကို စိုးလှိုင်က မျက်စနှင့်ရော လက်ညှိုးနှင့် ထိုး၍ ပစ်၍ပြသည်၊

စိုးလှိုင်လက်ညှိုးထိုးပြရာသို့ သိန်းအောင်က လှမ်းကြ သည်။ နောက်ဘက်မျက်စောင်းထိုးရှိ ကျောင်းသူများကြ တွင် ဒန္တီ ပုံစံကထင်းနေသည်။

အံဖြူဆွတ်ဆွတ် ပိုးသားရှပ်အင်္ကျီလက်ရှည် ပွပွကြီး အပြင်ထုတ်ဝတ်ထားသည်။ လည်ပင်းတွင် ဖဲပွင့် အနေ ကလေးတတ်ထားသည်။ လုံချည်က အမျိုးသားများ ဘော ဘီ ချုပ်ဝတ်သည့် အစင်းများပါသည့် ချောကလက်ရော ဖိုးသားလုံချည်။

လုံချည်တိုတိုဝတ်ထားသဖြင့် သူမစီးထားသော ခပ် ပါးဘွတ်ဖိနပ်လိုလို လေဒီရှူးအပါးစားလိုလို ဖိနပ်ဖြူ ဆွတ်ဆွတ်လေးကို တွေ့ရသည်။

ဆံပင်မှာ နက်ပြောင်နေပြီး နဖူးပေါ်တွင် ဘုတ်သို ကလေး၊ ကုပ်ပေါ်တွင် ခပ်ဝဲဝဲလေး။

မြန်မာ့ ရုပ်မြင်သံကြားတွင် ပြသနေသော ဗိုင်နက် စီးရီးထဲမှ မင်းသမီး လင်ဒါဒါဗင်၏ ဆံပင်ပုံစံမျိုး၊ သူ မျက်တောင်ကော့များ ဝန်းရံနေသည့် အရည်ကြည်တော သော အညိုရောင်မျက်လုံး ရွှဲရွှဲကြီးများသည်လည်း ဆွဲဆော မှုအားကောင်းလှသည်။

"ဘာလဲအောင်၊ ဥမ္မာဒန္တီကို စွဲသွားပြီလား"

"နော်မာကလဲကွာ၊ အောင် ရိုးရိုးသားသားကြည့်ပ ပါ၊ သူ့နာမည်က ဥမ္မာဒန္တီတဲ့လား"



"မသိဘူးလေ၊ နော်မာလဲ ဗီကနေ့မှ သူ့ကိုဂရုတစိုက် ကြည့်မိတာ၊ သူတို့အချင်းချင်း ခေါ်နေတာတော့ ဒန္တီတဲ့၊ ဥမ္မာဆိုတာ နာမည်အရင်းလား၊ ဒန္တီဆိုတာ နာမည်အရင်း လားဆိုတာတော့ နော်မာလဲ မပြောတတ်ဘူး၊ တစ်ခုတော့ ပြောစရာရှိတယ် သိလား"

"ဘာလဲ....နော်မာ"

"ခုနက အဲဒီ ဒန္တီဆိုတဲ့ကောင်မလေးရဲ့ သူငယ်ချင်းက တိုးမော် ဘောလုံးကန်နေတာကို ကြည့်ပြီး ကိုမော့်ကို ဒန္တီ သူ့သို့ ပြောလိုက်သံကြားတယ်"

"ဟုတ်လား၊ နော်မာ့အစ်ကိုက ကြည့်တော့သာ ပုပ်သိုး နေဘာ၊ အလှအပကိုတော့ ရွေးတတ်သားနော်"

"ဟုတ်တယ်....ဒန္တီက ချောတယ်နော်"

"နော်မာ့ကို မမီပါဘူးကွာ"

"ဟွန်း....စိတ်ထဲကပါမှလဲ ပြောပါနော်"

"မော်စီကွ....မော်စီ"

ဒန္တီ နေရထိုင်ရ ခက်နေသည်။ ဒန္တီစိတ်ဝင်စားနေသူ မော် ခေါ်ညီမ စုံတွဲက ဒန္တီ့ကို ကွ ဘ်ကြည့်ကွက်ကြည့်လုပ်ကာ ခပ်တိုး ိုး စကားပြောနေကြသည်။

ဘောလုံး ပွဲကြည့်စဉ်ပေါ်က ကျောင်းသား တစ်အုပ် လည်း ဒန္တီ့ကိုခြောင်ကြည့်သူက လာကြည့်သည်။ နေရာမှ သဘဲ ဥမ္မာဒန္တီနှင့် သိဝိမင်းကြီးဇာတ်ခင်းနေကြသဖြင့် အား ပေးကြည့်ရှုသူ ကျောင်းသူကျောင်းသားပရိသတ်၏အာရုံသည်

ဒန္တီ့ ခန္ဓာကိုယ်ပေါ်သို့ စုပြုံရောက်နေကြသဖြင့် ဒန္တီ့ ကျော
ရုပ်ကလေးလို မလှုပ်မယှက် ထိုင်နေမိသည်။

ဘောလုံးပွဲအပြီးတွင် မော်စီတို့ဘက်က အနိုင်ရသွား
သဖြင့် နော်မာတို့စုံကွဲက ခုန်ပေါက်၍ အားပေးနေကြသည်
သို့သော် ယောင်လို့တောင် လက်ခုပ်မတီးရဲ၊

ပွဲပြီး၍ အားလုံးပြန်ချိန်တွင် ဒန္တီမရှိတော့။ မသိမသာ
ခပ်စောစောလေး ထပြန်ခဲ့သည်၊

"ကိုမော်"

"အင်း....ပြော"

"ပြောရဦးမယ် သိသား"

"အေးလေ...ပြောပါ ဆိုနေ"

"ကိုမော် မှန်မှန်ပြော၊ နော်မာမသိဘဲ ဘာရှုပ်ထား
မော်စီက မျက်ခုံးကိုတွန့်လျက်....

"ဘာရှုပ်ထားလို့လဲ၊ လောကမှာ ရှုပ်တာလောက်
မုန်းတာ မရှိဘူးဆိုတာ နင်သိသားနဲ့"

"ကဲ....ဒန္တီ့ ကိုသိလား"

"ဘာလဲ၊ ဗီဒီယိုထဲက မင်းကျောင်းမင်းသားလား"

"ဟာ....ပေါက်ပေါက်ရှာရှာ၊ သူပဲ အဲဒါကိုစဉ်း
တယ်"

"မသိဘူးလေ၊ ငါသိတာ သူတစ်ယောက်ပဲရှိတယ်"

"ကြောင်နေပြန်ပါပြီ ကိုမော်ရာ၊ ဒန္တီဆိုတာ ကို
အဆက်မဟုတ်လား"

"ငါ့အဆက်ဟုတ်လား၊ နေပါဦး၊ နင် ဘာတွေပြော



တာလဲမိနော်၊ ငါ့ဘဝမှာ အဆက်ဆိုတဲ့ကိစ္စမျိုးကို ရှာဖွေဖို့
အချိန်မရှိဘူးဆိုတာ နင်သိသားပဲ"

"ဟင်....ဒါဆို ဒန္တီဆိုတာကိုရော ကိုမော် လုံးဝမသိဘူး
ပေါ့"

"မသိပါဘူးဆိုနေမှ၊ ဘယ်သူလဲ ဒန္တီဆိုတာ"

"ဒန္တီဆိုတာ သိပ်လှတဲ့ကောင်မလေးတစ်ယောက်၊ သိပြီ
လား၊ နဖူးပေါ်မှာ ဆံပင်လေးဝဲဝဲ ကုပ်ပေါ်မှာ ဆံပင်
လေးဝဲဝဲနဲ့ တီဗီစီးရီးထဲမှာလာတဲ့ ဗိုင်နက်စတီထဲက လင်ဒါ
အီဗင်လို ဆံပင်ပုံစံလေးနဲ့၊ သူ့မျက်နှာက မျက်လုံးညိုညို၊
နှာတံလုံးလုံးနဲ့ သူဝတ်ပုံစားပုံက သိပ်ဗိုလ်ဆန်တယ်၊ သူစီးတဲ့
ဖိနပ်က လေဒီရှူးအပေါ်းလေး"

မော်စီက မဲ့ပြုံးပြုံးနေသည်၊

သိလိုက်ပါပြီ၊

ဟုမချောလေး၊

"ဘာလဲ....နင်ပြောတာ မြန်မာပြည်က မိန်းကလေးသား
နိုင်ငံခြားက မင်းသမီးလား"

"ဟင်....ကိုမော်နဲ့ စကားပြောရတာ အစီးကိုမကောင်းဘူး
ကွာ၊ ကျောင်းသူရှင့်....ကျောင်းသူ၊ ကောင်လေးတွေက သူ့
ကိုဥမ္မာဒန္တီလို့ ခေါ်နေကြတယ်၊ သူက ဘာပြောတယ်မှတ်လဲ"

"ဘာပြောလဲ"

ဒါကိုတော့ မော်စီ စိတ်ဝင်စားသည်။ သိချင်သည်၊

"သူ့ ဘေးက သူငယ်ချင်းက ကိုမော်ဘောလုံးကန်နေတာ
ကိုကြည့်ပြီး ကိုမော် ကို နင့်လူတဲ့"

“ဘာပြောတာလဲ၊ ငါ နားမလည်ဘူး”

“ဟာကွာ၊ ဒန္တီနဲ့ကိုမော်နဲ့ပတ်သက်တဲ့ ပုံစံမျိုးနဲ့ နောက်နေတာကွာ၊ ရှင်းပြီလား၊ ကိုမော်နဲ့မပတ်သက်ဖူး စမလား၊ နောက်မလား၊ မှန်မှန်ပြောနော်၊ကိုမော် သွားသွားငမ်းနေပြီ ထင်တယ်”

မော်စီက နှုတ်ခမ်းနှင့် ပခုံးကို တစ်ပြိုင်တည်းတွန့်၍—

“သူကသာ ငါ့ကို စိတ်ဝင်စားနေတာ ဖြစ်ပါလိမ့်

ထိုစကားကြောင့် နော်မာက နှုတ်ခမ်းလေးစူလျက်...

“ကိုမော် သိပ်ကြီးကျယ်တယ်၊ ဒန္တီ့ အချော ယောက်ျားလေးတစ်ယောက်ကို စိတ်ဝင်စားစရာ မလို နော်၊ သူ့ကိုကြိုက်တဲ့လူတွေ ဝိုင်းဝိုင်းကို လည်လို့၊ ပြော ပါ၊ ကိုမော်နဲ့ သူနဲ့အကြောင်း တစ်ခုခုတော့ ရှိရမယ်”

“သိချင်ရင် သူ့ကို သွားမေးဟာ၊ ငါသွားစရာရှိ တယ်၊ သိန်းအောင် ငါသွားမယ်”

“ကောင်းပြီ သူငယ်ချင်း”

* * *

## အခန်း (၂၆)

ဒန္တီ ဝါးလက်စ ထမင်းလုပ်အပြည့်ဖြင့် အံ့ဩသလိုလေး ကြည့်နေသည်။

မိမိကို သူမ ရယ်ပြနေပါကလား။

ထမင်းတွေ ပလုတ်ပလောင်း ဝါးရင်း ရယ်ပြရမလို ရှက် သလိုဖြစ်နေသော ဒန္တီ့ မျက်နှာလေးမှာ အလွန် ချစ်စရာ ကောင်းလှပါသည်။ ကိုမော် မပြောနှင့် နော်မာပင် ချစ်နေ ပါပြီ။ သည်ကောင်မလေးကို ယောက်မတော်ရလျှင် ကောင်း မည်ဟု တွေးရင်း နော်မာ လျှောက်လာခဲ့သည်။

မိမိထံ လျှောက်လာနေတာ သေချာသဖြင့် ဒန္တီ ထပ်မံရယ် ပြရင်း....

“စားဦးလေ”

“စားပါ ဒန္တီ၊ နော်မာ စားခဲ့ပြီးပြီ”

ဖြိုးရီက မျက်နှာလေးပြုံးထားရင်း နော်မာ့ကို ကြ
သည်။

"စားနေသောက်နေတုန်း ရောက်လာလို့ စိတ်တိုနေ
မလား မသိဘူး"

"မတိုပါဘူး၊ ထိုင်ပါနော်"

"ကိုယ့်နာမည် နော်မာပါ"

"ဟုတ်ကဲ့၊ တို့က ဒန္တီ၊ သူက ဖြိုးရီ"

"ကိုယ်သိပြီးပါပြီ ဥမ္မာဒန္တီရယ်"

ထိုအခေါ်အဝေါ်ကြောင့် ဒန္တီ မျက်နှာလေး ရဲသွားသည

"ဒန္တီက တအားချောတယ်၊ ချစ်စရာလဲ ကောင်းတယ

ထိုအပြောကြောင့် ဒန္တီတစ်ယောက် ခေါင်းလေးငုံ့က
ရှက်နေပြန်သည်။

"ဒီနှစ်အတွက်တော့ တို့ကျောင်းမှာ ဒန္တီက ကွင်းပဲ"

"အို....ဒီလောက်လဲ မဟုတ်ပါဘူးကွာ"

"ဟုတ်တယ်၊ လူရော၊ နာမည်ရော၊ ဝတ်ပုံစားပုံ
တကယ်မိတယ်၊ ခေတ်မီတယ်"

"တကယ်တော့ ဒီနာမည်ဟာ ခေတ်နောက်ကျတဲ့ နာမ
ပါနော်မာ၊ ဒန္တီတို့မှာ အစ်မတစ်ယောက် ရှိတယ်လေ၊အ
ဝပ်ရင်လဲ တော်နိုင်တယ်၊ မဝပ်ရင်လဲ မတော်နိုင်ဘူးပေ
သူ့နာမည်က စန္ဒီတဲ့"

"ဟင်"

"စန္ဒီလို့ခေါ်တဲ့ မမဟာ တအားလှပြီး ထူးခြွေသိပ်
တာ၊ ကြိုက်တဲ့လူတွေလည်း ဝိုင်းဝိုင်းလည်နေတာပဲ၊ ဒန္တီက



မမစန္ဒီလက်ထဲမှာ ကြိုပြင်းခဲ့တာ၊ ဒါနဲ့ ဒန္တီ့မာမီက ဥမ္မာလို့
ပေးထားတဲ့ စန္ဒီဆိုတဲ့ ကာရန်ညီတဲ့ ဒန္တီဆိုတဲ့ အသုံးအနှုန်းကို
ယူပြီး အိမ်နာမည် ခေါ်ခဲ့တာ၊ ကျောင်းမှာ နာမည်ပေး
တော့လဲ ဥမ္မာနောက်က ကွင်းစကွင်းပိတ်နဲ့ ဒန္တီဆိုတာရော
ပါလာတာ၊ မာမီတို့ကတော့ စ,ကြ၊ နောက်ကြတာပေါ့လေ၊
ဥမ္မာနဲ့ဒန္တီ နာမည်နှစ်ခုပေါင်းရင် ဥမ္မာဒန္တီတဲ့၊ ဥမ္မာဒန္တီဆိုရင်
မသိသူရှားတယ်တဲ့၊ ယောကျ်ားတကာကို အလှနဲ့ ရူးသွပ်
အောင် စွမ်းဆောင်နိုင်လို့ အများက သိထားတယ်တဲ့"

"ဟုတ်မယ်၊ ဟုတ်မယ်၊ အခုလဲ ဒန္တီဆိုတဲ့ကောင်မလေးရဲ့
အလှမှာ ကျောင်းသားတွေ ယစ်မူးနေပြီနော်၊ နော်မာ
တောင် ဒန္တီ့ကို ယောက်မတော်ချင်နေပြီ"

"ဟင်"

ထိုစကားကြောင့် ဒန္တီ မျက်လုံးလေး ပြူးသွားရင်း
ဖြိုးရီကို လှမ်းကြည့်သည်။

"ဒန္တီ"

"ဟင်"

"ဒန္တီနဲ့ ကိုမော်နဲ့ တစ်ခုခုတော့ တစ်ခုခု ဖြစ်နေကြတယ်
မဟုတ်လား"

"အို....ဟိုလေ ဘယ်လိုမှ မထင်ပါနဲ့နော်၊ ဒန္တီတို့ အချင်း
ချင်း ဘာမှ မဖြစ်သေးပါဘူး၊ သူ.. သူက ဘာပြောလို့လဲ
ဟင်"

"ကိုမော်က ဘာမှ မပြောပါဘူး၊ သိချင်ရင် ဒန္တီ့ကို
သွားမေးဆိုလို့ လာမေးတာ"

သည်တော့မှ မော်တော်ကားနှင့် ဝင်တိုးမလို ဖြစ်ခဲ့သည့် ဇာတ်လမ်းကို ပြန်ပြောလိုက်သည်။

"သူ့ကို ဒန္တီ ထပ်ပြီး တောင်းပန်ပါတယ်လို့ ပြောပေး ပါနော်၊ ဒန္တီလေ ဘယ်သူ့ကိုမှ မစော်ကားဖူးခဲ့ဘူး၊ ဒန္တီ သိသမျှ ခင်သမျှကို အားလုံး ပြန်ခင်ခဲ့ ချစ်ခဲ့တာချည်းပဲ၊ ဒ ကြောင့် သူ့ကို ကားနဲ့ ဝင်တိုက်မလို ဖြစ်ရတဲ့အထဲ သူ ဦးလေးညီုရဲ့ ပုံစံကိုကြည့်ပြီး ဒေါပွသွားတော့ ဒန္တီ စိ မကောင်း အရမ်း ဖြစ်ခဲ့ရတာ၊ တောင်းပန်ဖို့ ကြိုးစားတို သူက ခပ်တည်တည်ကြီးလုပ်ပြီး မျက်နှာလွှဲသွားတာတို့ ရှေ ထွက်သွားတာတို့ လုပ်တော့ ဒန္တီ အရမ်းဝမ်းနည်းတာပဲ"

"ကိုမော်က လူဖြောင့် စိတ်တိုပါကွယ်၊ ဒန္တီ့ ကိုမှ မဟု ဘူး၊ သူ့ အမြဲစိတ်တိုနေတာပဲ၊ ဘာပဲဖြစ်ဖြစ် ဒန္တီနဲ့ ကိုမေ ပြိမ်းချမ်းရေးရအောင် နော်မာ ကြိုးစားပေးမယ်"

"မခေါ်ချင်လဲ နေပါစေလေ၊ ဒန္တီတို့ မရိုင်းစိုင်းဘူ ဆိုတာ သူသိရင် တော်ပြီ"

"စိတ်ချ၊ ပြောပြလိုက်မယ်၊ ကဲ....ယူတို့နှစ်ယောက် ကိုယ်နဲ့ မိတ်ဆွေဖြစ်ပြီ၊ နောက်တွေ့ရင် ခေါ်နော်"

ဒန္တီတို့နှစ်ယောက်က ပြုံး၍ ခေါင်းညိတ်ပြရင်း ကျန်ရ ခဲ့သည်။

"ဘယ်လိုလဲ ဒန္တီ၊ မင်းတို့ချင်း ကြိုက်တာ မကြိုက်တာ တော့ မသိဘူး၊ ယောက်မကတော့ ကြည်ဖြူနေပြီ"

ဒန္တီ ပြုံးနေသည်။

ထိုအပြုံးသည် အိမ်အထိ ပါလာခဲ့သည်၊



သည်လောက်ဆို သူ ကျေနပ်လောက်ပါပြီလေ ဆိုသည့် အတွေးဖြင့် မေ့ခနဲ အိပ်ပျော်သွားသည်။

ဗုန်းခနဲ အသံကြီးတစ်သံ ထွက်ပေါ်လာသဖြင့် ဒန္တီ လန့်နိုး သွားသည်။

မျက်လုံးကို ဖွင့်ကြည့်မိသည်၊ အို....မှောင်နေပြီပဲ။

ကျောင်းကပြန်လာပြီး ရေမိုးချိုးပြီးနောက် အိပ်ရာထဲ ခဏလှဲရင်း အိပ်ပျော်သွားခြင်းဖြစ်သည်။

ဗိုက်ထဲက 'တဂွီးဂွီး'မြည်နေသည်။ ဘာမျှမစားရသေး သဖြင့် ဗိုက်ဆာနေပြီ။

သို့သော် ထမင်းစားခန်းဆီသို့ မသွားဖြစ်သေး၊ အပေါ် ထပ်မှ ခပ်ကျယ်ကျယ်အသံများ ထွက်ပေါ်နေသဖြင့် ဒန္တီ စိတ်ဝင်တစား နားထောင်နေမိသည်။

"ရှင် ဘာမှညာမနေနဲ့၊ သွား...အခုထွက်သွား"

"ငါ ဘာညာသလဲ၊ မင်းကို ငါ ဘယ်လိုကျိန်ရမလဲ၊ မင်း ထင်သလို မဟုတ်ဘူးလို့"

မမစန္ဒီနှင့် ကိုခိုင်တို့၏အသံဖြစ်နေ၍ ဒန္တီ ဖုံ့ညြိသွားသည်။ ကိုကိုခိုင် သည်လောက်ချစ်ပါလျက်၊ သည်လောက်အလိုလိုက် ပါလျက်နဲ့ မမစံက ဘာလို့ ခုလိုအနိုင်ကျင့်နေပါလိမ့်၊ ကိုကို ခိုင်က တောင်းပန်နေပြီပဲ၊ ကျေနပ်လိုက်ပါတော့လားနော်။

"သွား....ရှင့်မျက်နှာ အခုမကြည့်ချင်ဘူး၊ ထွက်သွား"

မမစံ၏အသံသည် ညအချိန်ဖြစ်၍ ပိုကျယ်လောင်နေသည်၊ ရင်ထဲ အသည်းထဲက အော်နေသောအသံဖြစ်၍ ရှိုက်သံလှိုက် သံများပင် ပါနေသည်။

"သွား...သွား၊ ကျွန်မအသားကို ရှင်မထိနဲ့၊ သွားဆို"

တွန်းသံ၊ ထိုးသံများအပြင် ပစ္စည်းနှင့်ပစ်ပေါက်၍ အုတ်နံရံကိုထိပြီး အခင်းကြမ်းပြင်ပေါ် ကျကွဲသံများကိုပါ ကြားနေရသည်။

"ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ ရှင်မသွားရင် စန္ဒီထွက်သွားမယ်"

ခြေသံများ ကြားနေရသည်။

"ဖယ်ပေးစမ်းပါ...ဖယ်စမ်းပါ"

ကိုကိုခိုင် တံခါးပိတ်ထားပုံရသည်။

ပစ္စည်းများ၊ ထုသံ ရိုက်သံများ ကြားရပြန်သည်။

တစ်မိသားစုလုံး စုပြုံပြီး ရောက်လာပုံရသည်။

တံခါးဖွင့်သံ၊ စကားပြောသံ၊ အော်ဟစ်သံများကို ဆ ၍ကြားနေရပြီးနောက် အသံများ ရပ်သွားသည်။

ဒန္တီ စိတ်ကူးလှလှလေးပင် ပျက်ပြယ်သွားရသည်။

နောက်တစ်နေ့မနက် အိပ်ရာနိုးသောအခါ ကိုကိုခိုင့်မျက် တွင်လည်းကောင်း၊ လည်ပင်းတွင် လည်းကောင်း အ အခည်းများနှင့် လက်သည်းနှင့်ခြစ်ထားသည့်ခြစ်ရာများ ပွ သည်။

မမစံက အစောကြီးအပြင်ထွက်သွားသည်။

သူတို့ ဘာဖြစ်ကြပါလိမ့်ဆိုတာကို သိချင်လွန်း၍ မမသ ကို စောင့်နေမိသည်။

"မမသိင်္ဂီ၊ သူက ဘာဖြစ်တာလဲဟင်"

"ဖိုက်ကြတာလေ"



"ဘာကြောင့်လဲလို့"

"သူ့ယောကျ်ား ခြေရှုပ်လို့လေ"

သိင်္ဂီသည် အစ်မအရင်း စန္ဒီကို မနာလိုဝန်တိုသူဖြစ်၍ မပြောသင့်တာ ပြောသင့်တာကို စဉ်းစားမနေ၊ ခပ်နာနာ အမြဲပြောလေ့ရှိသည်။

"အို...ဖြစ်နိုင်ပါ့မလား မမသိင်္ဂီရယ်၊ ကိုကိုခိုင်က ဒီလောက်ချစ်တတ်တာ၊ မမစံကိုလေ အမြဲဂရုတစိုက်ရှိနေတာ ဒန္တီကိုယ်တိုင် မြင်တွေ့နေရတာပဲ"

"အို...အဲဒီလိုလူမျိုးက ပိုကြောက်ရတာ၊ ကွယ်ရာမှာ ပွေချင်တိုင်းပွေပြီး ရှေ့တင်ကြရင် အဖြစ်မမြင်အောင် ဟန်လုပ်ပြီး ချစ်ပြနေကြတာ"

ဒန္တီ သိပ်သက်မခံချင်၊ ကိုကိုခိုင်သည် အလုပ်သွားခါနီးတိုင်း နဖူးနှင့်ပါးကို နမ်းသွားတတ်သလို ခြံဝမှလှည့်ကြည့်၍ လက်ပြနှုတ်ဆက်တတ်သည်။

အလုပ်မှပြန်လာလျှင်လည်း ခြံဝမှနေ၍ လေချွန်သံပေးလာတတ်သည်။

မမစံ ခြံထဲဝင်သွားလျှင် ကိုကိုခိုင် နောက်မှလိုက်သွားပြီး စကားတွေ ရယ်ကာမောကာပြောနေတတ်သည်။

တစ်ခါတလေ လူလစ်ပြီအသင်နှင့် ပါးကိုဆွဲလိမ်တာမျိုး၊ နှာခေါင်းချွန်ချွန်ကလေးကို ဆွဲညှစ်ပြီး မလွှတ်ဘဲထားတတ်တာမျိုး၊ ခါးကို နောက်ဘက်မှ သိုင်းဖက်ထားတတ်တာမျိုး။

မမစံကို တယ်သောအခါမှ အသံမာမာနှင့်ပင်မပြော။

မမစံကသာ မကြာခဏ စိတ်ကောက်တတ်သည်။

ခြေစောင့်နင်းပြီး မမစံထွက်သွားလျှင် ဖြစ်စေ၊ အပေါ် ထပ်တက်သွားလျှင်ဖြစ်စေ ကိုကိုခိုင် ဘယ်သူ့ကိုမှ မရှက် မကြောက်နိုင်ဘဲ သူ့မိန်းမနောက် ပြေးလိုက်၍ ချော့တတ် သည်။

မမစံက အော်လိုက်၊ ငေါက်လိုက်၊ ငိုလိုက်၊ မကြာခဏ လုပ်တတ်သည်၊ မမစံဘက်က မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ် စေ ကိုကိုခိုင်ချော့တာပဲ မြင်ဖူးသည်။

"ဘာလဲ၊ ဒန္တီက တို့ ညာတယ်ထင်လို့လား၊ တစ်အိမ် သားလုံး ဓာတ်ပုံပဲ မြင်ကြရတာ"

"ဟင်....ဓာတ်ပုံ ဟုတ်လား"

"ဟုတ်တယ်၊ ခပ်တောင့်တောင့် မိန်းမလှလှတစ်ယောက် နဲ့ဖက်ပြီး ရိုက်ထားတာ"

"အို....ဟုတ်လား၊ တကယ်ရော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ဟယ်၊ မဟုတ်ဘဲနဲ့ ဒီဓာတ်ပုံက မိုးပေါ်က ကျလာပါ့မလား၊ ဓာတ်ပုံရိုက်ထားတဲ့ရက်စွဲက ဒီနှစ်လအတွင်း လောက်ပဲ ရှိသေးတယ်၊ ကြည့်ရတာ မိန်းမကောင်း ဟုတ် မပေါ်ပါဘူး၊ ဝတ်ဘာစားတာ မလုံမလဲနဲ့၊ နေဦး....မမ ဘယ်မှာထားလဲ မသိဘူး၊ တွေ့မှပြဦးမယ်၊ ဒန္တီလဲ သတိထား နေ၊ သူက စားနေကျ ကြောင်ပါ၊ အလျှင်မယားကြီးလဲ ရှိဖူးတယ်"

"ဟင်"

"အေး၊ အဲဒါကြောင့် ပြောတာပေါ့၊ အကျင့်မကောင်း ပါဘူးလို့ မမစံက သူ့လင်ကို ရုပ်ကလေးချောတာမက်ပြီး



တော့ မျက်ရည်နဲ့ဒူး သုတ်နေရတာပေါ့၊ တစ်ချိန်လုံး မယုံ သင်္ကာ ဖြစ်နေရတော့တာပဲ"

"ဪ"

ဒန္တီ ယခုမှသိရသဖြင့် အံ့ဩနေသည်။

မမစံအတွက် စိတ်မောရပြန်သည်။

ကျောင်းကိုထွက်လာမှ ထိုကိစ္စများ ခေါင်းထဲမှ ထွက်သွား သည်။

နော်မာနှင့် သိန်းအောင်တို့စုံတွဲနှင့်တိုးသဖြင့် ဒန္တီ ပြုံးပြ လိုက်ပါသည်။

"ယောက်မ....ကိုမော်က သူ အဲဒီကိစ္စကို မေ့ထားလိုက်ပါ ပြီတဲ့"

ကြည့်၊ ပြောပုံက သဘောကတော့ စိတ်မဝင်စားတော့ ဘူးဆိုတဲ့ သဘောပေါ့လေ။

သူက ဘာဖြစ်နေနေ နော်မာကတော့ အလွန်ခင်တတ်သူ။ သူ့အဆက်ကိုပါခေါ်လာ၍ ဒန္တီတို့နှင့် မကြာခဏ စကား ပြောသည်။ မုန့်မျိုးစုံလုပ်ယူလာ၍ ဝိုင်းဖွဲ့ပြီး စကားပြောဖြစ် ကြသည်။ ဒန္တီတို့ကလည်း တစ်လှည့် ပြန်ကျွေးကြသည်။

သုံးလေးလကြာတော့ တကယ် အခင်မင်ဆုံး သူငယ်ချင်း များကဲ့သို့ ဖြစ်ခဲ့ကြပြီ။

မိမိတို့ ဘယ်လိုခင်ခင်၊ ဘယ်လိုနေနေ မော်စိက ယခုချိန် ထိ မခေါ်ချင်သလို၊ မပြောချင်သလို ဖြစ်နေဆဲပင်။

မိမိတို့နှင့် စကားမပြောသည့်အချိန်များတွင် နော်မာနှင့်

စကားလာပြောတတ်သော်လည်း မိမိနှင့် စကားပြောနေတာ တွေ့လျှင် သူ မသိသေးသော ပြန်လှည့်ထွက်သွားတတ်သည်။

ကြာတော့ ဒန္တီ အမြင်ကပ်လာပြီး

သည်လောက်တောင်းပန်နေပါလျက် သူက မကျေနပ်နိုင်ရအောင် ကျိုးသွားပဲ သွားတာလဲ မဟုတ်။

"ဒန္တီက အနေဆောင်မှာနေတာလား"

"မဟုတ်ဘူး....နော်မာ၊ ပြူးရီက အဆောင်သူ၊ ဒန္တီက ဟို တစ်ခါပြောပြဖူးတဲ့ မမစံတို့အိမ်ကနေ ကျောင်းတက်တာ"

"ဟုတ်လား၊ သူများအိမ်မှာနေရတာ စိတ်မကျဉ်းကျပ်ဘူးလား"

"ဟင့်အင်း၊ မမစံတို့က ခြံအကျယ်ကြီးထဲမှာ၊ အိမ်ကနှစ်ထပ်၊ အကျယ်ကြီးလေ၊ ရှိတာမှ လူကလေးငါးယောက်ရယ်၊ ဘဘကြီးနဲ့ကြီးကြီးရယ်၊ မမသီဂီရယ်၊ မမစန္ဒီတို့လင်မယားရယ်၊ ဒန္တီရယ်မှ ခြောက်ယောက်ပဲရှိတာ၊ ကိုကိုသန့်ဆိုတာက ဒန္တီလာမနေခင်ကတည်းက နိုင်ငံခြားသွားနေတယ်လေ"

"မမစန္ဒီက ကလေးမရှိဘူးလား"

"မရှိဘူး၊ ကလေးမရသို့လားမသိဘူး၊ အပျိုရှုံးအောင်လှတယ်"

"မမသီဂီ ဆိုတာကရော"

"သူလဲ အပျိုကြီးပဲ၊ သူက မမစံလောက်မလှဘူး၊ လှတာမလှတာမဟုတ်ဘူး၊ စိတ်ဓာတ်လဲမလှဘူး သိလား၊ မမစံက သူများအကြောင်းလဲ အတင်းမပြောဘူး၊ သူ့ညီမအတင်းကိုလဲ မပြောတတ်ဘူး၊ မမသီဂီကတော့ သူ့အစ်မအရင်



ခေါက်ခေါက်ကိုတောင် မနာလိုဖြစ်နေတာ၊ အင်း....သူ့မနာလိုလောက်အောင်ကို မမစံကလဲ တကယ်လှတာ"

"အင်း....ဒန္တီပြောတာနဲ့ နော်မာတော့ စိတ်ဝင်စားနေပြီ၊ မမစံ ဘယ်လောက်လှလဲဆိုတာသိရအောင် ဓာတ်ပုံလေး ဘာလေးပြစမ်းလကွာ"

"ရတယ်၊ ဓာတ်ပုံလဲပြမယ်၊ အိမ်ကိုလိုက်လည်လဲရတယ်၊ မမစံတို့ တစ်အိမ်လုံးက သိပ်သဘောကောင်းတာ"

"နေပါစေကွာ၊ အိမ်တော့လိုက်မလည်တော့ပါဘူး၊ မင်းကလဲ့ ညွှဲသည်မဟုတ်လား၊ ဓာတ်ပုံပဲကြည့်ရရင်တော်ပါပြီ၊ မင်းဓာတ်ပုံလဲ အမှတ်တရပေးရမယ်နော်"

"ပေးမယ်လေ၊ အပြန်အလှန်ပေါ့၊ တစ်ခုတော့မှာရဦးမယ်၊ ကိုယ့်ဓာတ်ပုံကို နော်မာ့အစ်ကို မမြင်စေနဲ့နော်၊ တော်ကြာ ဒေါ်ပွပြီး ဆွဲဖြဲနေဦးမယ်"

"အေး... ဒန္တီက အဲဒီလိုပြောတယ်လို့ ကိုမော်နဲ့တွေ့မှပြောပြလိုက်မယ်"

"မလုပ်ပါနဲ့ကွာ၊ ကြောက်ပါတယ်"

"တို့ကိုကိုက ကြောက်စရာ မကောင်းပါဘူး ဟယ်၊ သဘောကောင်းပါတယ်"

ဒန္တီက ပခုံးလေးတွန့်ပြရင်း....

"နော်မာတို့က အတူတူနေတာမဟုတ်ဘူးလား"

"ဟင့်အင်း....အဆောင်မှာနေကြတာ"

"ဘြဲ...နယ်ကလာတက်တာလား"

"ဟုတ်တယ်"

"ဘယ်မြို့ကလဲ"

"မွန်ပြည်နယ်ဘက်ကလေ"

"ဟုတ်လား၊ နောက်မှ လိုက်လည်ဦးမယ်"

"လိုက်လည်ဖို့လိုသေးလားကွာ၊ ကိုမော်နဲ့ယူပြီးရင် လိုက်နေရမယ့်ဟာ"

"နော်မာကတော့ တစ်ဘက်သတ် ကြိမ်းသေနေတာကိုး၊ သူ့အစ်ကိုကဖြင့် ခုထိ ရှူးသိုးသိုးနဲ့၊ သူ့ကိုဗီကပဲ ကြိုက်မှာကြောက်နေသလိုလို ဟွန်း"

ဒဏ္ဍီ ရင်ထဲက ဒေါသကို ဘယ်လိုမှ ဖုံးဖိလို့ မရအောင် လွှတ်ခနဲထွက်သွားခြင်းဖြစ်သည်။

နော်မာက ဒဏ္ဍီ့အပြောနှင့် အပြုအမူလေးကို သဘောကျသလို ကြည့်ရင်း....

"ဟဲ....ကိုမော်က ယူ့ကိုကြိုက်ပါပြီတဲ့၊ ယူက ပြန်ကြိုက်မှာလား"

ဒဏ္ဍီ မျက်လုံးလေးနီသွားပြီး....

"ဒီလောက် ခွင့်မလွှတ်ထက်တဲ့လူမျိုး၊ ကိုယ့်ကို အမြဲရှောင်နေတဲ့လူမျိုးရဲ့ မေတ္တာကို ဒဏ္ဍီဘယ်ယုံရဲမှာလဲ"

ဒဏ္ဍီက လီမှာပါးနပ်စွာဖြေသည်။

ထိုစဉ်မှာပင် မော်စီလာနေသည်ကို တွေ့လိုက်ရသဖြင့် ဒဏ္ဍီက အလျင်ဦးအောင် ရှောင်ထွက်သွားတော့သည်။



မော်စီတစ်ယောက် အောင့်သက်သက်ဖြစ်၍ ကျန်ရစ်ခဲ့သည်။ ခပ်သွက်သွက်ထွက်သွားသော ဒဏ္ဍီကို မျက်မှောင်ကြီးကြုတ်၍ကြည့်ရင်း ကျန်ရစ်ခဲ့သည်၊

နော်မာက သူ့အစ်ကို အခံရခက်နေသည်ကို ကြည့်ရင်း ကျေနပ်စွာပြုံးနေသည်။

* * *

## အခန်း (၂

ဘကြွန်ပွဲတော်ပင် ကျင်းပနေပေပြီ။

မိဘများ ရောက်လာသဖြင့် ဒန္တီခုန်ပေါက် ပျော်ရွှင်နေ
သည်။

ဒန္တီတို့များ ကုသိုလ်ကောင်းသည့်ဘဝ။

ရန်ကုန် မိသားစုက မုန့်ဖိုးတွေပေးသည်၊ အဝတ်အစား
တွေ ဝယ်ပေးသည်၊ မိဘများက လူကြုံဖြင့် မကြာခဏ ငွေ
ပေးသည်။ အဝတ်အစားတွေ ပစ္စည်းတွေ ပို့ပေးသည်။

ယခုလူကိုယ်တိုင် ရောက်လာကြသော အခါတွင်လည်း
ဒန္တီ့အတွက် လိုချင်သမျှ ပါလာခဲ့သည်။

ဒါတင် မဟုတ်သေး။

နိုင်ငံခြားရောက်နေသော ကိုသန့်ဇင်က သူ့မိသားစု
ပစ္စည်းတွေပို့တိုင်း ဒန္တီ့အတွက်ပါ ပို့ပေးသည်။

ထို့ကြောင့် ဒန္တီ အပျော်ကြီးပျော်နေသည်။



ကိုကိုသန့် ပို့ပေးသောပစ္စည်းများထဲတွင် သူနိုင်ငံခြား
ရောက်နေစဉ် သူ့အိပ်ခန်း၊ သူလည်ပတ်ခဲ့သမျှကို ဓာတ်ပုံရိုက်ပို့
လိုက်သည်မှာတစ်ထပ်ကြီးဖြစ်သည်။

"ကိုသန့်က ဟိုရောက်လို့လားမသိဘူး၊ ပိုချောလာတယ်
နော်"

"နဂိုကတည်းက ငါ့သားက ချောတာပါအေ"

ထိုဓာတ်ပုံများကို ဒန္တီ့မိဘများဖြစ်သည့်ဦးကိုဇင်နှင့်ဒေါ်
ခင်မာတို့ကလည်း ခပ်ပြုံးပြုံးမျက်နှာများဖြင့် ထိုင်ကြည့်နေ
ကြသည်။ ကိုကိုခိုင်လည်းရှိသည်။ ဟိုတကောက စကားများ
ကြသည်မှာ ဆယ်ရက်ကျော်ပြီဖြစ်သော်လည်း မမစံ တစ်
ယောက် ကိုကိုခိုင့်ကို မခေါ်သေးပေ။ ကိုကိုခိုင်ကတော့ သူ့
ညီမ မျက်နှာကို အရိပ် တကြည့်ကြည့်လုပ်နေရှာသည်။

မမသီဂီ၏ ပြောပြထားချက်များအရ ဒန္တီလည်း ကိုကိုခိုင့်
အပေါ် ကြည်ညိုလေးစားမှုတော့ လျော့သွားတာအမှန်။

"ကဲ... ရေပက်ခံထွက်ကြရအောင်"

ဦးကိုဇင်တို့လင်မယားက လူငယ်လင်မယားပီပီ ပျော်ပျော်
ရွှင်ရွှင်နေတတ်သူများ။

ဒန္တီနှင့် သီဂီ အဝတ်အစားတွေလဲပြီး ကားပေါ်ရောက်နေ
ပြီ။

"ဟဲ ...စန္ဒီရော မလိုက်တော့ဘူးလား"

"မလိုက်တော့ဘူး အန်တီမာ"

"ကိုခိုင်ရော"

"မလိုက်တော့ဘူး အန်တီမာ"

စန္ဒီက ခိုင့်ကိုစိမ်းကားသောအကြည့်ဖြင့် တစ်ချက်ကြ
ပြီး....

"ခဏစောင့်ဦး အန်တီမာ၊ စန္ဒီ အဝတ်သွားလဲလိုက်ဦးမယ်"

မိမိနှင့် အတူတွဲမသွားလိုကြောင်း စန္ဒီက အားလုံးရှေ့
တွင် ကြေညာလိုက်ခြင်းမှန်း ခိုင်သိသည်။

သူမသည် အချစ်ကြီးသလောက် အလွန်အမျက်ကြီးသူ

သူမ အထင်လွဲလောက်အောင်လည်း စာတိုက်မှ ရော
လာသော ဓာတ်ပုံသည် အသက်ပါလှပါသည်။

ခက်သည်က မိမိသည် သူမအပေါ် လုံးဝ သစ္စာမဖော
ခဲ့ပါ၊ သူမ ဘယ်လိုအထင်လွဲလွဲ မိမိဘက်က အနေမှန်ဖို့
အရေးကြီးပါသည်။

ထိုဓာတ်ပုံကို မြင်တွေ့ရပြီးကတည်းက စန္ဒီ မိမိကို စက
မပြော၊ အကပ်မခံ။ နေ့စဉ် အပြင်ထွက်လည်နေတတ်သည
တစ်ခါတလေ နှယ်နှင့်လဲ့မူတို့အိမ်တွင် ညအိပ်တတ်သေးသည

မိမိ သွားရောက်တွေ့ဆုံသည့်အခါတိုင်း ထွက်မတွေ့။

ယခုရက်ပိုင်း အိမ်ပြန်ရောက်ခြင်းမှာ ဒန္တီ့ မိတများ ရော
နေကြခြင်းကြောင့်ဖြစ်သည်။

ခိုင် လေသာဆောင်မှာရပ်ရင်း ခြံထဲမှ ပိတောက်ပင်မှ
ကို ငေးနေမိသည်။

ဒန္တီတို့၏ သကြြန်ကားလေးမှာ ရေပက်သည့်မဏ္ဍပ်ရေ
အလှအကများရှိသည့်မဏ္ဍပ်ရော အကုန်လျှောက်ရပ်ကြသည

"ဟေ့....ဒန္တီ....ဒန္တီရေ"

အော်ခေါ်သံကြောင့် ဒန္တီ လိုက်ရှာကြည့်မိသည်။



"ဟာ....နော်မာ၊ မင်းတို့လဲ ရေပက်ခံထွက်တယ်လား"

"အေး"

ကားချင်းကပ်၍ ရပ်မိကြသည်။

ဒန္တီက မော်စီကို လှမ်းကြည့်သည်။ ဒန္တီ စိတ်ထဲတွင် ခံပြင်း
သွားသည်။ မော်စီ မျက်လုံးများက ဒန္တီ့ကို လုံးဝမကြည့်၊
သူ့ မျက်လုံးများသည် ရေစိုပြီး ချပ်ချပ်ရပ်ရပ်နှင့် သပ်သပ်ရပ်
ရပ်ကလေး လှနေသော မမစန္ဒီ၏ ခန္ဓာကိုယ်ပေါ်မှာ။

မော်စီ မျက်လုံးတွေက မမစန္ဒီကိုယ်ပေါ်မှမခွာ။

"နော်မာရေ၊ ဒါ ကိုယ့်ဒက်ဒီနဲ့ မာမီလေ"

"ဟုတ်လား"

"ဒါက ကိုယ်တစ်ခါကပြဖူးတဲ့ ဓာတ်ပုံထဲမှာပါတဲ့ မမစန္ဒီ
နဲ့ မမသီဂီ"

မမစံနှင့် မမသီဂီက ချစ်စဖွယ်ပြုံးပြ၍ နှုတ်ဆက်ကြသည်။
မော်စီတို့ မောင်နှမကလည်း ပြန်၍ပြုံးပြကြသည်။

"မင်းတို့ နေ့တိုင်း လည်မှာလား"

"ဟင့်အင်း၊ လူကြီးတွေက ဥပုသ်စောင့်ဦးမှာ၊ မုန့်တွေ
ဘာတွေ လုပ်ကြဦးမှာ"

"ကိုယ်တို့က နေ့တိုင်းလည်မှာ၊ လိုက်မလား"

ဒန္တီက မော်စီကို လှမ်းကြည့်သည်။

အံ့သြသွားသည်။

မော်စီက ခပ်ပြုံးပြုံးလေး ခေါင်းညိတ်ပြနေပါလား။

"ဒန္တီတစ်ယောက်တည်းတော့ မလိုက်ဘူး၊ မမသီဂီလဲ
လိုက်မှာ"

"ရတယ်၊ မမသိဂီတင်မဟုတ်ဘူး၊ မမစံလဲ လိုက်ခဲ့လေ"

နော်မာက မော်ရွှေစွာပြောနေသဖြင့်....

"သိဂီတော့ ဒန္တီနဲ့ အဖော်လိုက်ပါလိမ့်မယ်ကွယ်၊ မမ
က လူကြီးတွေကို ချက်ပြုတ်ကျွေးရဦးမယ်လေ"

"ညနေဘက်တစ်ရက်တော့ လိုက်ခဲ့ရမယ်နော်၊ ခင်မ
ပေါ့ မမရယ်"

နော်မာက အတင်းခေါ်သဖြင့်....

"ကဲ....မနက်ဖြန် ညနေတစ်ရက်တော့ လိုက်ခဲ့မယ်"

"ဟေး....ဒါမှ တို့မမကွ၊ကဲ....အားလုံးကိုနှုတ်ဆက်တ
သွားပြီ"

ဒန္တီ ပျော်နေသည်။

သူက ဒန္တီ့ကို ပြုံးပြသည်။ သကြွန်အတူလည်ချင်သ
ထင်ပါရဲ့။

ဒန္တီ စိတ်မကောင်းဖြစ်သွားသည်။

ကလေးတွေနှင့်လိုက်မည်ဟု ကတိပေးပြီးမှ မိမိသည် အပျ
မဟုတ်၊ လွတ်လပ်သူမဟုတ်ဆိုတာ ပြန်တွေးမိသည်။

အိမ်မှာကျန်ခဲ့သော ခင်ပွန်းသည် ခိုင့်ကို သတိရပြီး ရင်ထဲ
တွင် ကျဉ်သွားသည်။

စန္ဒီ့ကို သူချစ်တာတော့ သိပါသည်။

သို့သော် သူ ဘယ်လိုငြင်းငြင်း ခေတ်ပုံထဲက ကိစ္စသည်
ခွင့်လွှတ်နိုင်စရာ မရှိ။ ပြီးတော့ သူက နောက်ကြောင်းရှင်းခဲ့
သူ မဟုတ်၊ လူပုံက ရိုးပါသော်လည်း စိတ်ဓာတ်က မရိုးသား
ရင်တော၊ သူ့မယားကြီးအပေါ် သစ္စာဖောက်ရက်သေးလျှင်



သားသမီးတွေကိုတောင် ပစ်ရက်သေးလျှင် မိမိလို မိန်းမကို
ရော ဘာလို့ သစ္စာမဖောက်ရက်မှာလဲ၊ မိမိမှာက သူနှင့်
တော်သက်ပြီး ဘာသံယောဇဉ်အနှောင်အဖွဲ့မှ ရှိသူမဟုတ်။

ပျော်သွားသော စန္ဒီ့စိတ်ထားသည် ပြန်၍ တင်းသွား
သည်။

နှုတ်ခမ်းလေး တင်းတင်းစေ့သွားသည်။

အိမ်ပြန်ရောက်သောအခါ လေသာဆောင်တွင် ရပ်နေ
သော ခိုင့်ကို မြင်ရသောအခါ ပြန်၍ စိတ်ပျော့သွားသည်။

သို့သော် အနားသို့ မကပ်ပါ။

နေ့ခင်းဘက်ကြီး ပိုးရွာသဖြင့် သကြံန်လည်သူများ မိုးရွာ
ထဲမှာပင် သဲကြီးမဲကြီး လည်နေကြသည်။

နောက်တစ်နေ့ နံနက်မိုးလင်းသောအခါ ပိတောက်တွေ
တစ်ခြုံလုံး ပွင့်သည်၊ ဝါထိန်ကြိုင်လှိုင်နေသည်။

စန္ဒီ အကပ်မခံသဖြင့် ခိုင် အိပ်ခန်းထဲရှိ ဆိုဖာခုတင်ပေါ်
တွင် သီးသန့် အိပ်ရတာ ကြာပြီ။

ပိတောက်နံ့တွေကြောင့် စန္ဒီ အစောကြီး နိုးလာသည်။

လူးရင်းလှိမ့်ရင်း ခိုင့်ခုတင်ရှိရာ မသိမသာ ကြည့်မိသည်၊
ခိုင် မရှိ။

စန္ဒီ ပြတင်းပေါက်လိုက်ကာကို ဖယ်၍ ခြံထဲသို့ ကြည့်မိ
သည်၊ ခိုင် ပိတောက်ပန်းတွေ ခူးပြီးနေပြီပဲ၊

စန္ဒီ မျက်နှာသစ်နေချိန်တွင် အိပ်ခန်းထဲသို့ ခိုင် ရောက်လာ
သည်။ပိတောက်ပန်းခက်များကို စာရေးစားပွဲပေါ်တွင် လည်း

ကောင်း၊ မှန်တင်ခုံပေါ်တွင် လည်းကောင်း လှပစွာ ပန်းအိုး
ဖြင့် ထိုးထားပေးသည်။

စန္ဒီ ပန်ဆင်နိုင်ရန်အတွက် ရှာပေ့ဆိုသည့် အပွင့်ကြီးများ
ပါသည့် ပိတောက်ပန်းခက်များကိုလည်း မှန်တင်ခုံပေါ်တွင်
ထင်ထားပေးသည်။

စန္ဒီ့ရင်မှာ တသိမ့်သိမ့် ဖြစ်နေသည်။

ငယ်ဘဝလေးများကိုလည်း ပြန်လည်မြင်ယောင် တမ်း
လာသည်။ ထို့အတူပင် ခိုင်လည်း ခံစားနေပုံရ၏။

“စန္ဒီ”

ခိုင်က ခပ်တိုးတိုး ခေါ်ခြင်း ဖြစ်သည်။ စန္ဒီက မထူးသော်
လည်း လှည့်ကြည့်လိုက်သည်။ ထိုခဏတွင် စန္ဒီ့မျက်လုံး
တွင် အမုန်းရိပ်များ ထင်မနေပါ။

“သင်္ကြန်ရက်ဟာ မောင့်အတွက် ကံဆိုးဖို့ မရှိတော့ဘူး
လို့ ထင်ထားတာ၊ ခုထိ ခံစားရတုန်းပါပဲလား စန္ဒီရယ်

စန္ဒီ တောင့်တောင့်လေး ရပ်နေဆဲ....

“မောင့်ကို မယုံဘူးလား စန္ဒီ၊ မောင် ဘာတစ်ခုမှ မညာ
ပါဘူး၊ အားလုံး အချစ်ကို ဖွင့်ပြောခဲ့တာချည်းပါပဲ၊ စ
ယုံအောင် မောင် ထပ်ကျိန်ပါဦးမယ်၊ စန္ဒီနဲ့ တွေ့ပြီး နောက်
ပိုင်း မောင် ပွေ့ခဲ့ ရှုပ်ခဲ့ရိုး မှန်ရင် သွေးပွက်ပွက်အံ သေရပါ
စေ၊ စန္ဒီရဲ့အချစ်ကို တစ်သက်လုံး မရပါစေနဲ့တော့”

စန္ဒီ ယုံနေပါပြီ။

သို့သော် မိန်းမသားတို့ဂုဏ်ကြောင့်ကတော့ တစ်ပြားမျှမလျော့
မြူးခြင်း၊ ရယ်ခြင်း မရှိဘဲ မှန်တင်ခုံရှေ့တွင် အလှပြ



နေသည်။ ထို့နောက် ခိုင် ပန်ဖို့တင်ပေးထားသော ပိတောက်
ခက်လေးများကို လှပစွာ ပန်ဆင်၍ အောက်ထပ်သို့ ဆင်း
သွားသည်။

ခိုင် သဘောပေါက်သွားသည်။

စန္ဒီလည်း မိမိကို မည်မျှ ချစ်သည်ဆိုတာ မိမိ သိပါသည်။
အထူးသဖြင့် မိမိတို့ နှစ်ဦးသည် ယခုလို အတာကူးသည့်
တန်ခူးလတွင် စတွေ့၊ စချစ်ပြီး ကွဲခဲ့ရသူများ ဖြစ်၍ ဤရာသီ
ရောက်လျှင် သေမတတ် ခံစားကြရသည်။ နောက်တစ်ခါ
ထပ်ခွဲရမှာကိုလည်း မလိုလားကြ၊ ထို့ကြောင့် ခိုင် အရှုံးပေး၍
ချစ်နေခြင်းလည်း ဖြစ်သည်။

စန္ဒီက တစ်အိမ်လုံး စားဖို့သောက်ဖို့ ဆင်းချက်နေသည်။

ခိုင်လည်း အပေါ်ထပ်တွင် လုပ်စရာရှိတာ လုပ်နေစဉ်....

ကားဟွန်းသံ ကြားလိုက်ရပြီးနောက်....

သိင်္ဂီနှင့် ဇန္ဒီတို့ ကားပေါ်တက်လိုက်သွားကြသည်။

စန္ဒီက ချော့ဖို့ စောင့်နေသော်လည်း စန္ဒီက လုံးဝတောင်
မလာ။

ထမင်းစားဖို့ အိမ်ဖော်မလေး လာခေါ်သဖြင့် အောက်
ဆင်းခဲ့ရသည်။

“စန္ဒီ ညနေကျရင် ဘုရားသွားရအောင်”

အရဲစွန့်၍ ပြောမိသည်။

“ညနေ ရေပက်ခံထွက်ဖို့ ကတိပေးပြီးပြီ၊ နက်ဖြန်မနက်မှ
သွားချင်သွား”

ခိုင် ကျေနပ်လိုက်ပါသည်။

အိမ်ပေါ်ထပ်တက်လာသော စန္ဒီ့အား....

"မောင်ရော မလိုက်ရဘူးလား"

"သိပ်လဲလာရောဖို့ စဉ်းစားမနေနဲ့ဦး၊ ပိတောက်ပွင့်တွေကို အားနာလို့ စကားပြောတာ"

စူပွပွပြောနေသော ချစ်ဇနီး၏မျက်နှာလှလှကို ခိုင်က ခပ်ပြုံးပြုံးကြည့်ရင်း....

"ပိတောက်တွေ နေ့တိုင်းပွင့်နေရင် သိပ်ကောင်းမှာပဲ ဒါမှ စန္ဒီ့ရင်ထဲမှာ ကြင်နာတဲ့စိတ်တွေ ပြန်ဝင်လာမှာ"

စန္ဒီကျောခိုင်းပြီးရင်း ညနေဘက် ရေပက်ခံထွက်လျှင် ဝတ်ဖို့ အဝတ်အစားများကို ရွေးသည်။

လှပစွာ ဝတ်စားဆင်ယင်ပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။

သုံးနာရီခန့်တွင် ဒန္တီတို့ကားလေးပြန်လာပြီး စန္ဒီ့ကို ခေါ်သွားသည်။

❋ ❋ ❋

အခန်း (၂၈)

---

သင်္ကြန်ချိန်ခါ××ရေကစားကြတာ ပျော်ရွှင်စွာ၊ လောင်းကာပက်ကာ မောင်ရင်းနှမလို ဖော်ရွေစွာ×ဖြော် ရေကစားပါ ရေကစားပါ××ညီမြတော့ အခေါ်မခံနိုင်ဘူးဆရာ××

တိုဘေးသွားတိုဆိုရင်း ဒန္တီရော၊ နော်မာရော လက်ခုပ်တီး၍ ကသလို၊ မော်စီ၊ သိန်းအောင်နှင့် တခြားလူငယ် သုံးလေးယောက်ကလည်း ကသည်။

လမ်းမပေါ်က ကလေးငယ်များကလည်း ထိုသီချင်းကို ဆိုသည်၊ တခြားသင်္ကြန်ကားများပေါ်ကလည်း ဆိုသည်၊ မဏ္ဍပ်တွေပေါ်ကလည်း ဆိုသည်။

စန္ဒီလည်း ငယ်ရာမှကြီးလာသူမို့ ရိပ်မိပါသည်၊

သိန်းအောင်နှင့် နော်မာသည် ဖက်လှဲတကင်း နေလွန်းသည်၊ ရေအကြီးအကျယ်ပက်သည့် နေရာများရောက်လျှင် နော်မာကို သိန်းအောင်က သူ့မျက်နှာသုတ်ပဝါကြား ဆွဲ

သွင်းပြီး သိမ်းကြုံးဖက်ထားတတ်သည်။ ထားပါတော့။ သူတို့ကိစ္စက စဉ်းစားနိုင်မဆိုင်။

စိတ်မှသည် ဒန္တီလေးကို။ ဒန္တီဆိုတာက ကိုယ့်ညီမအရင်းလေးလို ချစ်ရသူ။ နုနုထွေးထွေး အပျိုစင်လေး။

ယခုတော့ ကြမ်းကြမ်းတမ်းတမ်း ရေပက်သည့်နေရာမျိုးတွင် ဒန္တီသည်လည်း မော်စီ ရင်ခွင်ထဲ ရောက်သလိုလို ဖြစ်သွားတတ်သည်။ ဒန္တီကိုယ်တိုင်က တိုးဝင်ခြင်းမျိုး။

မော်စီက ဒန္တီတိုးဝင်လာလေတိုင်း မသိမသာ သိုင်းဖက်ထားတတ်သည်။ ဒန္တီ မျက်လုံးလေးများသည် အရောင်တဖိတ်ဖိတ်တောက်ပြီး မော်စီကို မကြာခဏ လှမ်းကြည့်တတ်သည်။

သိင်္ဂီကလည်း ထိုကားပေါ်တွင် ပါလာသော ခပ်ငယ်ငယ်ကောင်လေးတစ်ယောက်နှင့် ရယ်လို့မောလို့၊ ရေပက်လိုက်တိုင်း သူတို့နှစ်ယောက်က လုံးလုံးထွေးထွေး ဖြစ်သွားတတ်သည်။

ဩော်.... သင်္ကြန်ကိုအကြောင်းပြုပြီး၊ ရေပက်ခြင်းကိုအကြောင်းပြုပြီး ဖိုနှင့်မ သံလိုက်ဓာတ်လို ဆွဲငင်လွှန်းလှပါကလား။

အင်းလျားထဲကို ဝင်ခဲ့ကြသည်။

နိုင်ငံခြားမှ ပင်လယ်ကမ်းခြေကို ရောက်နေသလို လူတွေကြိတ်ကြိတ်တိုး စည်ကားလှသည်။

ကာဖီ၊ လက်ဖက်ရည်၊ အအေး၊ အကြော်၊ အကုန်အစုံရှိသည်။ တစ်နေကုန် လည်ပတ်ထားသူများ ဤနေရာတွင် လာ



ရောက်စားသောက်ကြသည်။ အနားယူကြသည်။

ရေထဲဆင်းဆော့ကြသည်။

"လာလေ...မမစီ၊ ရေထဲဆင်းဆော့ရအောင်"

"မလိုက်တော့ပါဘူးကွယ်"

"လာပါ....မမရဲ့၊ မမတစ်ယောက်တည်း ကျန်နေခဲ့မှာပေါ့၊ ကျွန်တော်တို့က အကြာကြီးဆော့ကြမှာ"

အားလုံးဝိုင်းခေါ်ကြသဖြင့် လည်းကောင်း၊ တစ်ယောက်တည်းနေခဲ့ရမှာ ကြောက်လွန်းသဖြင့် လည်းကောင်း စန္ဒီ သူတို့နောက် ခပ်ကုပ်ကုပ်ကလေး လိုက်ခဲ့ရသည်။ ယခုမှနောင်တရသည်။ ခိုင့်ကို ခေါ်ခဲ့ရလျှင် အကောင်းသား။

ခိုင့်ခမျာ လိုက်ချင်၍ ဖွင့်ပြောရှာသည်။

ခုတော့ မိမိလည်းမပျော်။ မောင်လည်း ပျင်းနေရှာပေမည်။

အိမ်ထောင်သည်တစ်ယောက်လည်း ဖြစ်ပြန်၊ ကိုယ်တိုင်ကလည်း သစ္စာရှိသူဖြစ်၍ ကိုယ့်လင်သားကိုသာ သတိရသည်၊ ရေထဲဆင်းခဲ့ရသော်လည်း မပျော်ပါ။

ဒန္တီတို့သိင်္ဂီတို့အုပ်စုကတော့ ဇာခြားသူများနည်းတူ တစ်ယောက်နှင့်တစ်ယောက်တွန်းလိုက်၊ ထိုးလိုက် ရေနှင့်ကျုံး၍ပက်လိုက်၊ ဘောလုံးပုတ်လိုက်၊ ရေထဲငုတ်ပြီး ခြေထောက်ကိုယိုက်ဆွဲ၍ အသံသေး အသံကြောင် အသံကုန် ကြောက်အားလန့်အားအော်လိုက်နှင့် ဆူညံပွက်လောရိုက်နေသည်။

ထုလိုက်၊ ဆွဲလိုက်နှင့် တဟားဟားတခစ်ခစ် ရယ်မောနေကြသည်။ ပျော်စရာကောင်းတာတော့အမှန်။

မောင်သာပါလာလျှင် သိပ်ပျော်စရာ ကောင်းပေလိမ့်မည်။

ခုတော့စန္ဒီ့မှာ ဟိုလူ့ကိုလှမ်းကြည့်ပြီး ပြုံးရမလိုလို၊ရယ်ရမလိုလိုဖြစ်လိုက်၊ သည်လူ့ကိုကြည့်ပြီး ပြုံးရမလိုလို ရယ်ရမလိုလိုဖြစ်လိုက်နှင့် အူကြောင်ကြောင် နိုင်လှသည်။

"အမေ့ ...."

စန္ဒီ့ခြေထောက်နှစ်ဘက်ကို လက်နှစ်ဘက်က ခပ်တင်းတင်းဆုပ်ကိုင်ခြင်း ခံလိုက်ရခြင်းဖြစ်သည်။

တစ်ယောက်ယောက်တော့ လူမှားပြီး လာဆွဲပြီထင်သည်။

"လူမှားနေပြီ၊ မမစံခြေထောက်၊ မမစံခြေထောက်"

"ဗွမ်း"

"အမယ်လေး"

ပြောနေရင်းမှာပင်ဆွဲလှဲခြင်း ခံလိုက်ရသဖြင့် စန္ဒီ့တစ်ကိုယ်လုံး ရေထဲသို့ ပက်လက်အနေအထားအတိုင်း ဖရိုဖရဲပြိုလဲသွားသည်။

အစပထမတော့ ပြန်လွှတ်မည်ထင်သည်။

သို့သော် ခြေထောက်ကို ဆွဲထားဆဲဖြစ်၍ စန္ဒီပြန်ထ၍မရ၊ ရေထဲမှာ ရုန်းရင်းကန်ရင်း ပြန်လွှတ်ပေးဖို့ အော်နေမိသည်။ တောင်းပန်နေမိသည်။

ထိုသို့အော်ဟစ်နေသဖြင့် ပါးစပ်ထဲ ရေတွေဝင်ပြီး စန္ဒီဆက်မရုန်းနိုင်တော့၊ ဆက်မအော်နိုင်တော့။

မွန်းသိပ်ပြီး အသက်ရှူမရတော့။

စန္ဒီ သေပြီထင်သည်။ စန္ဒီ့ခန္ဓာကိုယ်သည် ရေပြင်အောက်



ထဲတွင် ငြိမ်သက်စွာ ကျန်ရှိသော်လည်း စန္ဒီ့ခန္ဓာကိုယ်မှ ဝိညာဉ်ကတော့ ပေါ့ပါးစွာ လွင့်ထွက်သွားလေပြီ။

စန္ဒီ ဝိညာဉ်ကမ္ဘာကို ကူးခတ်၍ သွားနေရသည်။

ခိုင်က စန္ဒီ့ကို လှမ်းခေါ်သဖြင့် စန္ဒီ နောက်ကြောင်း ပြန်လှည့်ကြည့်မိသည်။ သို့သော် စန္ဒီ့ကို အခြား ဝိညာဉ်များက တစ်ဖန် ဆွဲခေါ်ကြပြန်သဖြင့် စန္ဒီဆက်လက်ကူးခတ်မိသည်။

"မမစံ... မမစံ"

"မမစန္ဒီ....မမစန္ဒီ"

ခေါ်သံများက ညံနေပါသည်။ စန္ဒီ့နားကို ယောင်၍ပိတ်ထားလိုက်မိသည်။

"သတိရလာပြီလားမမစံ၊ သတိရလာပြီလားဟင်"

ဝမ်းသာအားရလေးငုံ့၍ မေးနေသော သိဂီ့အသံနှင့် သိဂီ့မျက်နှာ....

စန္ဒီသတိရလာပြီပဲ။

စန္ဒီ ငေါက်ခနဲ ထထိုင်လိုက်မိသည်။

ကြောက်သလိုလို၊ သေသလိုလိုကြီးဖြစ်နေသည်။

စန္ဒီ ခြေအစုံကို လှန်ကြည့်လိုက်မိသည်။

ခြေကျင်းဝတ်နှစ်ခုတွင် အညိုအမည်းအရာကြီး နှစ်ခုနှင့်ပါလား။

စန္ဒီ့ရင်တွေ တဒိတ်ဒိတ်ခုန်ပြီး မျက်လုံးကို စုံမှိတ်ထားလိုက်မိသည်။

"အိမ်ပြန်ချင်ပြီ"

စန္ဒီကို ကားဒရိုင်ဘာနှင့် အိမ်ပြန်ပို့ပေးသည်။

အိမ်ရောက်သည်နှင့် အပေါ်ထပ်ကို ပြေးတက်သွားပြီး ခင်ပွန်းဖြစ်သူကို ပြေးဖက်၍ ငိုပစ်လိုက်မိသည်။

''တစ်ယောက်ယောက်က မှားပြီး ဆွဲမိတာနေမှာပါ အချစ်ရယ်၊ အလကားအဓိပ္ပာယ်မရှိတာတွေ လျှောက်တွေး မနေပါနဲ့ကွာ''

''စန္ဒီတော့ စန္ဒီ့ကို အသေသတ်တယ်ထင်တာပဲ''

''ကဲ...ကဲ၊ ဒါဆို နက်ဖြန်ကျရင် ဥပုသ်စောင့်၊ သက်သတ်လွတ်စား၊ မနက်အစောကြီး ဘုရားတက် ဟုတ်ပြီလား''

စန္ဒီခေါင်းညိတ်ပြီး ချစ်သူရင်ခွင်ဝယ် ငြိမ်သက်နေမိသည်။

''မောင်ကတော့ ရေထဲက ရေသူရဲကို ကျေးဇူးတင်ရမလို ဖြစ်နေပြီ၊ စိတ်ကောက်နေတဲ့ ကောင်မလေးတစ်ယောက်အခုမှ မောင့်ရင်ခွင်ထဲ ရောက်လာလို့လေ''

သင်္ကြန်အတက်နေ့တွင်လည်း ဒန္တီနှင့် သိင်္ဂီလည်ကြသည်။ လူကြီးများမျက်ကွယ်တွင် သူတို့တွေ ဘယ်လောက် သောင်းကျန်းနေမည်ဆိုတာ စန္ဒီပြေးမြင်မိသည်။

စန္ဒီကတော့ လူကြီးမိဘများနှင့် ခင်ပွန်းသည်ကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးရင်း မုန့်မျိုးစုံလုပ်ဝေရင်း၊ ဥပုသ်စောင့် ဘုရားစာဖတ်၊ ပုတီးစိပ်ရင်း သင်္ကြန်ရက်များကို ကုန်လွန်စေခဲ့သည်။

နှစ်ဆန်းတစ်ရက်နေ့ဖြစ်၍ မိဘနှစ်ပါးနှင့် အန်တီမာတို့ စုံတွဲ ဘုရားသွားကြသည်။



သင်္ကြန်သုံးရက်လုံး အကြိုက် သောင်းကျန်းထားသော သိင်္ဂီနှင့် ဒန္တီက အသံတွေပျက်၊ အသံတွေအက်ပြီး သာခွေယိုင်ဖြစ်နေကြသည်။

ထုံးစံအတိုင်း စန္ဒီက မီးဖိုခန်းထဲမှာ။

ခိုင်က သတင်းစာဖတ်နေသည်။

ထိုစဉ် တယ်လီဖုန်းသံမြည်လာသဖြင့် ခိုင်က ကောက်ကိုင်သည်။

''ဟုတ်ကဲ့၊ (....)ကပါ''

''.... .... ....''

''အခုပြောနေတာ ဘယ်သူပါလဲဗျာ''

''.... .... ....''

''ကျွန်တော် သူ့ယောက်ျားပါ၊ ပြောစရာရှိရင် ကျွန်တော့်ကို ပြောနိုင်ပါတယ်''

''.... .... ....''

ခိုင် မျက်မှောင်ကြုတ်ရင်း ဖုန်းကိုချလိုက်သည်။

''ဘယ်ကဖုန်းလဲ မောင်၊ ဘယ်သူ့ဆီ လာတာလဲ''

ခိုင်က ရှုံ့တွတွမျက်နှာဖြင့်....

''မင်းဆီကိုလာတာ၊ နာမည်မေးတော့လဲ မပြောဘူး၊ ဘာကိစ္စရှိလဲ မေးတော့လဲ မပြောဘူး၊ မင်းသိတယ်တဲ့၊ မောင်မောင်လို့ ပြောလိုက်ပါတဲ့''

စန္ဒီက မျက်မှောင်လေးကြုတ်လျက်....

''မသိပါဘူး၊ စန္ဒီ့အသိထဲမှာ မောင်မောင်ဆိုတာ တစ်ယောက်မှ မရှိဘူး''

ထိုသို့ပြောရင်း မထင်မှတ်ဘဲ မျိုးလွင်ကို သတိရမိသည်။ မျိုးလွင်က တစ်ခါတစ်ခါ သူ့ကိုယ်သူ မောင်မောင်ဟု ပြောတတ်သည်။

"ဟိုကောင်သားမှမသိတာ"

"ဘယ်ကောင်လဲ"

"မင်းအဆက် နတ်သျှင်နောင်ပေါ့"

"အို...သူဆိုရင် သူ့နာမည်ကို ပြောမှာပေါ့"

"ပြောမလားဟ၊ သူ့မယားကြာခိုချင်တဲ့အကောင်က သူ့လင်နဲ့တွေ့မှတော့ သူ့နာမည်ကို အမှန်အတိုင်း ပြောပါ့မလား"

ခိုင် အသံတုန်နေသည်၊ မာကျောခက်ထန်နေသည်။

တစ်ခါမှ ထိုအသံမျိုး၊ ထိုဟန်မျိုးနှင့် စန္ဒီ့ကို မဆက်ဆံဖူးခဲ့ပါ။ စန္ဒီ သည်လို ရိုင်းရိုင်းစိုင်းစိုင်း ပြောတာမျိုးကို မကြိုက်။

"ဟိုတလောက ငါမပါဘဲ အပြင်ထွက်နေတုန်းက ခြေရှုပ်ခဲ့သလားမှ မသိတာ"

ထိုစကားကြောင့် စန္ဒီ ဒေါကန်သွားပြီး....

"ရှင့်လို မခုတ်တတ်တဲ့ကြောင်များ မှတ်နေသလား"

ထိုမျှသာပြော၍ မီးဖိုထဲ ပြန်ဝင်ခဲ့သည်။

ခိုင် မကျေနပ်သောမျက်နှာကြီးဖြင့် ဧည့်ခန်းထဲတွင် ငူငူကြီး ကျန်ရစ်ခဲ့သည်။

စန္ဒီလည်း စဉ်းစား၍မရ။



မောင်မောင်ဆိုသူသည် ခိုင် မီးဖိုချောင်ထဲ ချက်ပြုတ်နေဘဲ့မှာပင် သုံးခေါက်တိတိ ဆက်ပုံရသည်၊ ခိုင်တစ်ယောက်ကိုသူထံမှ ဖုန်းလာပြီးတိုင်း ဒေါပွ၍ ကျန်ရစ်ခဲ့သည်။

"ဒီမှာ အိမ်ရှေ့ကိုယ်တော်ကြီး၊ နောက်တစ်ခေါက် ဖုန်းလာရင် ကျုပ်ကိုင်မယ်၊ ရှင့်ရှေ့မှာ မေးပြမယ်"

"ကောင်းပြီ"

ထမင်းစားသောက်ပြီးသောအခါ ထပ်လာပြန်သည်။

ခိုင်က စန္ဒီ့ကိုခေါ်ပေးသည်။ အပေါ်ထပ်တွင် တစ်လိုင်းတည်း တပ်ဆင်ထားသော ဖုန်းအပိုတစ်လုံးရှိသည်။ ထိုဖုန်းရှိရာသို့ ခိုင်က ပြေးတက်သွားပြီး နားထောင်သည်။

"ဘယ်က မောင်မောင်လဲ"

"ဟောဗျာ....ဘယ်က မောင်မောင်လဲတဲ့လား၊ မေ့ပြီလားဗျာ၊ မမ တမင်စနေတာမဟုတ်လား၊ မနေ့တစ်နေ့ကမှ အဘူပျော်ခဲ့တဲ့ လူတွေအချင်းချင်းဗျာ၊ မမကို တွေ့တည်းကဒီကကောင်ကဖြင့် စွဲနေတာ၊ စားလဲဒီစိတ်၊ အိပ်လဲဒီစိတ်ဖြစ်နေပြီ၊ မမရဲ့မျက်နှာလှလှလေးရယ်၊ ကိုယ်လုံးလှလှလေးရယ်၊ ညို့ဆွဲအားကောင်းလှတဲ့ မျက်လုံးလှလှလေးတွေရယ်ဟာ ယောကျ်ားတွေကို တကယ် ညှို့ယူနိုင်လွန်းတယ်ဗျာ၊ ရေပက်ခံထွက်တုန်းက မမကိုယ်လေး မောင့်ရင်ခွင်ထဲရောက်လာတော့ မောင်ထဲ စိတ်မထိန်းနိုင်ဘဲ တအားဖြိုးဖက်ထားမိခဲ့တာကို ခွင့်လွှတ်ပါနော်၊ မောင်တော့ဗျာ မမရဲ့နူးအိတဲ့ ပါးမို့မို့လေးနှစ်ဘက်ရယ်၊ သေးကျဉ်တဲ့ခါးလေးရယ်ကို မမေ့နိုင်အောင် ဖြစ်နေတယ်"

စန္ဒီမျက်လုံးလေးပြူး၊ ပါးစပ်လေးဟ၍ အံ့သြနေမိသည်။ ပြီးတော့ စိုးရိမ်နေမိသည်။ မောင်တစ်ယောက်တော့ တယ်လီဖုန်းထဲကစကားတွေကို နားထောင်ပြီး စန္ဒီ့ကို အထင်လွဲနေတော့မှာပဲ။

"မင်း....မင်း ဘယ်သူလဲ၊ ဘာ မဟုတ်တာတွေ လျှောက်ပြောနေတာလဲ၊ ငါ သင်္ကြန်တုန်းက ဘယ်သူ့ရင်ခွင်မှ မဝင်ခဲ့ဘူး၊ ငါဟာ အပျိုမဟုတ်ဘူး၊ လင်ရှိပြီးသားမိန်းမ၊ သစ္စာမရှိတဲ့အလုပ်ကို ဘယ်တော့မှ မလုပ်ဘူး၊ မင်း သူများအိမ်ထောင်ရေး ကမောက်ကမဖြစ်အောင် မလုပ်ပါနဲ့ကွ"

စန္ဒီ့အသံက တုန်နေပြီး ငိုသံပင်ပါနေပြီ။

"မမဘက်က မှန်ချင်မှန်မယ်လေ၊ မမကို ဖောက်ပြန်ပါတယ်လို့ မောင်ကပြောတာမှ မဟုတ်ဘဲ၊ မမရဲ့အလှအပတွေကို တွေ့မြင်ထိတွေ့ခဲ့ရပြီး မောင်မောင် ဖောက်ပြန်နေမိတယ်။ ဖြစ်မှားနေမိတယ်လို့ အမှန်အတိုင်းဖွင့်ပြောတာပါ၊ ဒီမှာ မမ"

"ဘာလဲ"

"မမလူကြီးနဲ့ မမ အဆင်မပြေဘူးဆို"

"ဘယ်သူလဲ"

"ကျော်ထွန်းခိုင်ဆိုတဲ့ မမယောကျ်ားလေ"

သူ့အမေးကို စန္ဒီဖြေဖို့ထက် စန္ဒီ့အတွေးက သင်္ကြန်ကားပေါ် ရောက်နေသည်။

မောင်မောင်ဆိုသူသည် မည်သူဖြစ်မည်နည်း။ ကားပေါ်မှာ ယောကျ်ားတွေ အများကြီးပါတာပဲ"



အိုင်တာ၊ ဒန္တီနဲ့ချိတ်နေတဲ့ မော်စီ၊ နော်မာရဲ့အဆက် သိန်းအောင်၊ သီဂီနှင့်ရင်းရင်းနှီးနှီးနေတဲ့ ကောင်လေး၊ နောက်ထပ်ကောင်လေး လေးယောက်၊ အားလုံး အမျိုးသား ရှစ်ယောက်၊ စန္ဒီ အားလုံးကို ခင်မင်မှုအရ ပြုံးပြမိသည်က လွဲ၍ မပိုခဲ့။

"မမ"

"ဘာလဲ"

"မမလူကြီးက လူပျိုမဟုတ်ဘူးဆို"

"ဟုတ်တယ်လေ၊ ငါနဲ့ယူထားတာ ဆယ်နှစ်ရှိနေပြီပဲ၊ ဘယ်လိုလုပ် လူပျိုဖြစ်မလဲ"

"အဲဒါကိုပြောတာ မဟုတ်ဘူးလေ၊ မမနဲ့ မယူခင်က တခြားမိန်းမနဲ့ အလျှင်ယူတာမျိုးကို ပြောတာ"

"ဘယ်သူနဲ့ရခဲ့ရခဲ့ပါလေ၊ ငါ သူ့ကိုချစ်လို့ ထပ်ယူတာပဲ၊ ငါခွင့်လွှတ်ရင် ပြီးတာပဲ"

"ဒီလောက်ပွေတဲ့ လူကြီးများဗျာ၊ မမနဲ့ယူပြီးနောက်ပိုင်းလဲ ရှုပ်သေးတယ်ဆို"

ထိုစကားကြောင့် စန္ဒီ ဒေါသဖြစ်ရသလို အပေါ်ထပ်မှ ဖုန်းကိုင်ထားသော ခိုင်လည်း သည်းမခံနိုင်တော့ဘဲ....

"ဟေ့ကောင်...မင်းဘယ်သူလဲ၊ ဘယ်ကကောင်လဲ၊ ငါတို့လင်မယားနှစ်ယောက်ကြား မင်း ဘာဝင်နှောက်နေတာလဲ၊ ပြောစရာရှိရင် အိမ်မှာလာပြောလှည့်၊ တယ်လီဖုန်းထဲက ဆက်မနေနဲ့"

"ကျွန်တော် ခင်ဗျားနဲ့စကားမပြောချင်ပါဘူး၊ မမဆီကို
ဆက်တာပဲ၊ မမနဲ့ ပြောပါရစေ"

"မပြောရဘူးကွာ၊ စန္ဒီ ဖုန်းချလိုက်တော့"

စန္ဒီ ဖုန်းခွက်ကို ပြန်တင်ထားလိုက်သည်။

တယ်လီဖုန်းသံများက တစ်အိမ်လုံး ဆူညံမတတ် ကြား
နေရသည်။ တစ်ခါမဟုတ်၊ နှစ်ခါမဟုတ်။ တစ်နေကုန်မြည်
နေခြင်းဖြစ်သည်။

စန္ဒီ သက်ပြင်းအခါခါ ချနေရပြီ။ ခိုင်လည်း မှန်တော
မျက်နှာဖြင့် စကားမပြောတော့။

တစ်ခုတော့ သတိထားမိသည်၊

ခိုင်တစ်ယောက် သိဂီနှင့်လည်း စကားပြောသည်။ ဒန္ဒီ
နှင့်လည်း စကားပြောသည်။

သည်မိန်းကလေးတွေနှင့် ယခင်က သူ ရယ်ရုံ၊ ပြုံးရုံထ
ပိုမရော။ ခပ်မှန်မှန်ပင် နေတတ်သည်။

စန္ဒီ သိပါသည်။ သူ သင်္ကြန်တုန်းက ကားပေါ် ဘယ်သူ
တွေပါသည်ဆိုတာကို မေးမည်ထင်သည်။

ပြုံးမိပါသည်။ သူ့အပြင် နောက်လူတွေနေပြီဆိုပြီး သော
ကပ္ပားနေပြီ ထင်ပါ၏။

ကောင်းသည်။ ဒါမှ သူ ကိုယ်ချင်းစာတတ်မည်၊

"ဒန္ဒီ"

"ဩော်....ကိုကိုခိုင်"

ခြံထဲတွင် ပန်းခူးနေသော ဒန္ဒီက အလန့်တကြားထ
ထူးလိုက်သည်၊



"ဒန္ဒီတို့ ရေပက်ခံထွက်တုန်းက ကားပေါ်မှာ ဘယ်သူ
တွေပါလဲ"

"အများကြီးပဲ ကိုကိုခိုင်ရ၊ ဒန္ဒီ့ သူငယ်ချင်းတွေလေ"

"စန္ဒီတို့လိုက်တဲ့နေ့က အမျိုးသားထဲက ဘယ်သူတွေပါ
လဲ"

"အိုင်တာရယ်၊ ကိုသိန်းအောင်ရယ်၊ ကိုမော်စီရယ်၊
ကိုညီညီရယ်၊ ကိုသန်းမြင့်ရယ်"

ခိုင်က ဒန္ဒီရွတ်ပြသမျှကို မျက်ခုံးကြီးတွန့်၍ နားထောင်
နေရာမှ....

"မိန်းကလေးကရော"

"မိန်းကလေးက ဒန္ဒီရယ်၊ မမစံရယ်၊ မမသိဂီရယ်၊ နော်
မာရယ်"

ခိုင် ခေါင်းညိတ်ပြီး ပြန်ထွက်ခဲ့သည်။

ဒန္ဒီ ပန်းလေးများကိုဆွတ်ခူးရင်း ကျန်ရစ်ခဲ့သည်၊

ဒန္ဒီ သူ့ကိုလွမ်းနေမိသည်။

သင်္ကြန်သုံးရက်လုံး မမျှော်လင့်ဘဲ သူနှင့် ရင်းရင်းနှီးနှီး
နေခဲ့ရသည်။ ရှားရှားပါးပါး သူ့အပြုံးလေးများကို တွေ့မြင်
ခဲ့ရသည်၊

ဆန္ဒတစ်ခုတော့ ရှိနေသည်၊ သူက တွေ့ချင်သည်ဟု ပြော
စေချင်သည်။ တွေ့ခွင့်ပေးပါဟု ပြောစေချင်သည်။ သို့သော်
သင်္ကြန်သာပြီးသွားသည်၊ သူက ခွင့်မပန်။

ထို့ကြောင့် ဒန္ဒီ စိုးရိမ်နေမိသည်။ သူ ကျောင်းပြန်ဖွင့်ရင်
အလျင်ကလိုပဲ ရှောင်တိမ်းနေဦးမှာလားလို့....။

တယ်လီဖုန်းသံကြားတိုင်း မိမိထံ ဖုန်းများ လာလေမလား ဟု မြှေးကိုင်မိသည်။

''သီဂီတဲ့၊ ဖုန်းလာတယ်''

ခိုင်က ထိုကဲ့သို့လှမ်းအော်ပြီး အပေါ်တက်သွားသည်။

''သီဂီ ပြောနေပါတယ်''

''.... .... ....''

''ဪ....ညီညီလား''

စန္ဒီ မီးဖိုထဲမှ မသိမသာ ချောင်းနားထောင်နေသည်။

ညီညီဆိုတာ သကြြန်တုန်းက သီဂီနှင့်တွဲခဲ့သူ။

သင်္ကြန်ရက်များအတွင်း ချစ်စကား မဆိုဖူးဘဲ သီဂီနှင့် ညီညီသည် ဖက်လဲတကင်းနေခဲ့သည်။ စန္ဒီက မကြိုက်သလို လှမ်းကြည့်သော်လည်း သီဂီက ဂရုမစိုက်။ စန္ဒီနှင့် သီဂီသည် မျိုးလွင်ကြောင့် အနေတန်းခဲ့ကြသည်။

စန္ဒီက အစ်မဖြစ်၍ ခွင့်လွှတ်စွာဆက်ဆံခဲ့သော်လည်း သီဂီက စန္ဒီ့အပေါ် သူစိမ်းလို ရန်သူလို ပြုမူဆက်ဆံတတ်သည်။ သူမ မနှစ်သက်သဖြင့် စန္ဒီ နောက်ပိုင်း သူမ၏ကိုယ်ရေးကိုယ်တာမှန်သမျှ ဘာမှ ဝင်မစွက်တော့။

သင်္ကြန်တုန်းက ညီညီနှင့် တရင်းတနှီးကြီးနေတာကတော့ ရှက်ဖို့ကောင်းသည်ဟု စန္ဒီထင်သည်။ အခုမှတွေ့သည့်သူ၊ ကိုယ့်ကို ချစ်ပါသည်၊ မြတ်နိုးပါသည်ဟု ပြောဖူးသူလည်း မဟုတ်၊ ပြီးတော့ အသက်အများကြီးကွာသည်။

ယခုလည်း ညီညီ့ဆီက ဖုန်းလာပြန်ပြီထင်သည်။



သီဂီနှင့် ညီညီ ဖုန်းစကားပြောသည်မှာ တစ်နာရီကျော်ကျော်ကြာသည်။

သီဂီ့အသံသည် ချိုပြီး နွဲ့နေသည်၊ ကြည်နူးပျော်ရွှင်နေသည်။ ဖုန်းပြောပြီးနောက် သီဂီနှင့်ဒန္တီ ခပ်တိုးတိုး ပြောကြသည်၊ ရယ်ကြသည်၊ ဝမ်းသာနေပုံရသည်။ ထို့နောက် သူတို့အိပ်ခန်းများထဲသို့ ဝင်သွားသည်။

စန္ဒီလည်း အိမ်ပေါ်တက်ခဲ့သည်။

* * *

## အခန်း (၂၉)

ဒန္တီနှင့်သီဂီ ကားဖြင့် ထွက်ခဲ့ကြသည်။

လမ်းထိပ်တွင် ညီညီနှင့် မော်စီတို့ စောင့်နေကြသည်။ မော်စီက အညိုရောင် ရှပ်လက်ရှည်အကွက်ပေါ်တွင် ခေါင်းစွပ်ဆွယ်တာ လက်ပြတ် အနက်ရောင်ကို ထပ်ဝတ်ထားပြီး ဘောင်းဘီရှည် အညိုနုကိုဝတ်ကာ ဘွတ်ဖိနပ်စီးထားသည်။ ကြိုးရှည် လွယ်အိတ်ကလေး လွယ်ထားသည်။

"ဦးလေးညို၊ ကားရပ်လိုက်နော်"

ဦးလေးညိုက မော်စီကိုတွေ့တော့ အံ့ဩနေသည်။ မော်စီက ဦးလေးညိုကို မချိမချဉ်ကြည့်နေသည်။

"ဟေး....မောင်ရင်လေးပါလား၊ ဘယ်ကိုတုံး"

ဦးလေးညိုတစ်ယောက် ဒန္တီတို့သင့်မြတ်သွားတာကို မသိသေး။



"လာ....လာ မော်"

ဒန္တီက သူ့ဘေးမှတံခါးကိုဖွင့်ပေးပြီး မော့်ကိုခေါ်၍ သူ့မဘေးတွင် စင်ထိုင်ခိုင်းရင်း ညီညီကိုလည်း ရှေ့မှာထိုင်ခိုင်းသည်။

"ညီညီ ရှေ့မှာထိုင်နော်"

ဦးလေးညိုက ခေါင်းတညိတ်ညိတ်လုပ်ရင်း....

"ဘယ်ကို မောင်းပို့ရမလဲခင်ဗျာ"

"မင်္ဂလာဒုံဥယျာဉ်ဘက်ကိုမောင်း ဦးလေးညို"

ဦးလေးညိုက ကားမောင်းရင်း နောက်ကြည့်မှန်ထဲမှ နောက်ဘက်ခန်းကို မသိမသာကြည့်သည်။

ဒန္တီက မော်စီ့ဘက် ကိုယ်လေးစောင်းထိုင်ပြီး သာလိကာလို စကားတွေ တစ်လမ်းလုံးပြောလာသည်။

"မော်တို့ရောက်နေတာ ကြာပြီလားဟင်"

"အင်း....ကိုးနာရီတိတိဆိုလို့ ရှစ်နာရီခွဲတည်းက ရောက်နေတာ"

အို....ဒါဆို အဆောင်ကလာတာဆိုတော့ အစောကြီးလာရမှာပေါ့"

"ဟုတ်တယ်၊ ခြောက်နာရီခွဲထဲက ထွက်လာတာ"

"အို....အားနာလိုက်တာကွာ၊ဘာလို့အဲဒီလောက်အစောကြီးလာရတာလဲ"

"ကိုယ်တို့က ကိုယ်ပိုင်ကားရှိတဲ့ကောင်တွေ မဟုတ်ဘူးလေ၊ စောစောလာမှ ရှေ့မင်းသမီးလေးကို တွေ့ရမှာပေါ့၊

နောက်ကျမှ ရောက်လာရင် စိတ်ကောက်ပြီး ပြန်သွားရင်ကော”

“အမယ်၊ လူကို သဘောထားသေးသိမ်တယ်များ မှတ်နေသလား”

ဒန္တီက မော့်ပေါင်ကိုထုရင်း မျက်စောင်းလေး ထိုး၍ပြောသည်။ ဒန္တီ့ မျက်လုံးညိုညိုလေးများသည် အရောင်တဖိတ်ဖိတ် လက်၍နေသည်။ မော်စီက မျက်လုံးလေးစင်း၍ ပြုံးရုံပြုံး၍ ကြည့်နေသည်။ ထိုအကြည့်က အတော်ကြာသည်၊ ဒန္တီ တစ်ယောက် နေရထိုင်ရခက်လာပြီး မော်စီ ကိုလျှာကလေး လှစ်ခနဲထုတ်ပြလိုက်သည်။ သည်တော့မှ မော်စီက ရယ်သည်။

ဒန္တီတို့နှစ်ယောက်၏ အပြုအမူများကို မြင်လိုက်ရသော ဦးလေးညိုက ခေတ်လူငယ်တွေ ရည်းစားအဖြစ်မြန်ပုံ၊ အနေအထိုင်ရဲတင်းပုံကို အံ့သြယူရသည်။

ဦးလေးညိုတို့ မိန်းမပိုးတုန်းက....

အိမ်ကမိန်းမကို ပိုးဖို့သွားတုန်းက မိမိမျက်နှာကို မြင်လိုက်သည်နှင့် ရှက်ပြီး ဝင်ပုန်းနေသည်မှာ လုံးဝထွက်မလာတော့၊ ခုလိုမျိုး လျှာထုတ်ပြဖို့ဝေးရော။

“ဦးလေးညို၊ရော့ ငွေအစိတ်၊ ဗိုက်ဆာရင် တစ်ခုခု ဝယ်စားနော်၊ရော့....ပျင်းရင်ဖတ်ဖို့ ကာ:တွန်းသုံးအုပ်”

ဒန္တီနှင့်မော်စီကတစ်တွဲ၊ သိင်္ဂီနှင့်ညီညီကတစ်တွဲ၊ ဟိုတက်တစ်လမ်း၊ သည်ဘက်တစ်လမ်းခွဲ၍ ထွက်သွားကြပြီ။

“မော်”

“ဟင်”



“မော်က ဒန္တီ့ဆီကို ဖုန်းဆက်ရမှာ၊ ကိုယ်တိုင်ပြောရမှာ ရှက်နေတာလား၊ ဒါမှမဟုတ် သိက္ခာကျတယ်များ ထင်နေသလားဟင်”

မော်စီက ဒန္တီ့ပခုံးလေးကို ညင်သာစွာ လှမ်းဖက်ရင်း....

“တစ်ချိန်လုံး ကိုယ်က ဒန္တီ့ကို မခေါ်မပြောနေခဲ့လို့ ဒန္တီ့ စိတ်ထဲမှာ ခုလိုထင်နေတာဖြစ်မှာပါ၊ ကိုယ်ဟာအချစ်ဆိုတာကို လုံးဝ မရှာဖွေတတ်သေးတဲ့ လူရိုင်းတစ်ယောက်လို့ မြင်လိုက်ပါ ဒန္တီ”

“ဟင်....ဒန္တီမေးတာကိုဖြင့် မဖြေဘဲနဲ့”

ဒန္တီနှုတ်ခမ်းလေးစူရင်း မော်စီကို ပခုံးနှင့်တိုက်ရင်း ခပ်နွဲ့နွဲ့လေးဆိုသည်။

“ဖုန်းကိုယ်တိုင်မဆက်တာက ဒန္တီတို့အိမ်က လူကြီးတွေ သိရင် ဒန္တီကိုဆူမှာစိုးလို့ပါ”

“မဆူပါဘူးကွာ၊ ကိုယ့်ချစ်သူဆီက တယ်လီဖုန်းလာမှာကို ဘယ်သူဖြစ်ဖြစ် မျှော်မှာပေါ့”

“ကဲ....နောက်ဆိုဆက်ပါ့မယ်တဲ့ဗျာ၊ နောက်တော့သာ ခဏခဏဆက်လို့ စိတ်မတိုနဲ့ဦး”

“မတိုပေါင်”

မော်စီက ခပ်နွဲ့နွဲ့ခပ်ခွဲခွဲလေး ပြောတတ်သော ဒန္တီ့ မေးစေ့ချွန်ချွန်လေးကို လက်ညိုးနှင့်လက်မနှင့် ညှပ်ကိုင်ရင်း....

“ဒန္တီက သိပ်ချစ်စရာကောင်းတယ်”

“ဟား....ဟား၊ စိတ်ထဲကပါလို့ပြောတာလား”

ခေါင်းလေးမော့၍ မယုံသလို မေးနေသည့် ဒန္တီ့ပုံစံမှာ ချစ်စရာ အသည်းယားစရာ ကောင်းတာအမှန်။

‘‘စိတ်ထဲက မပါဘဲ ပြောတတ်တဲ့အစားထဲက မှတ်နေသလားဒန္တီ’’

ဒန္တီ့မျက်လုံးကို စူးစူးရဲရဲကြည့်ရင်း ပြောလာပြန်တော့ ဒန္တီရှက်သည်။ မော်စီက တကယ်တမ်း စိုက်ကြည့်လာလျှင် ဒန္တီ အနေရအထိုင်ရခက်ပြီး ဟိုကုတ် သည်ဖဲ့ လုပ်ရော၊ မျက်စိမှိတ်ပစ်တတ်သလို၊ လျှာထုတ်ပြတတ်သည်။ ယခုလည်း နားတွင် ပန်ထားသော ကပ်နားကပ်ဆွဲဖြုတ်ပြီး လက်ထဲတွင် အသံမြည်အောင် ဆော့နေသည်။

ထိုအမူအရာလေးများသည် တကယ်ကို ချစ်စရာကောင်းပါသည်။ စွဲလမ်းစရာကောင်းပါသည်။

နူတိုဖောင်းအိနေသော ထိုလက်ကလေးနှစ်ဘက်ကို မော်စီက ဆွဲယူဆုပ်ကိုင်ထားရင်း....

‘‘ဒန္တီကလှပြီးသားပဲ၊ ဘာလို့ နားနာအောင် ဒီနားကပ်ကြီး ဝတ်ထားရတာလဲ’’

‘‘ပိုလှအောင်ပေါ့’’

ထိုသို့ပြောရင်း ဒန္တီက မော်စီ့နားတွင် ကပ်နားကပ်ကို ညှပ်ပေးပြီး တခစ်ခစ်ရယ်သည်၊ မော်စီက ဖြုတ်ပစ်ရင်း....

‘‘ဘာဖြစ်လို့လှချင်တာလဲ’’

‘‘သူချစ်အောင်ပေါ့’’

‘‘ဒါဖြင့် ကိုယ်နဲ့ မတွေ့ခင်ကအလှတွေပြင်နေတာကရော၊ ဘယ်သူတွေ ချစ်အောင်လဲ’’



‘‘ဒန္တီ သိတယ်လေ၊ တစ်နေ့နေ့ သူနဲ့တွေ့မယ်လို့’’

‘‘ဖြီးပြီကွာ’’

‘‘သူ သိပ်မုန်းဖို့ကောင်းတယ်၊ သူများ တောင်းပန်နေတာကို မျက်နှာကြီးပုပ်သိုးပြီး တစ်ချိန်လုံး ရှောင်နေရက်တယ်၊ ခေါ်တော့လဲ ချက်ချင်းပဲ၊ တကယ်ကြောင်တယ်ကွာ’’

မော်စီက ပြုံးလျက်....

‘‘မခေါ်ရဘူးလား’’

‘‘ဈေးကိုင်မနေစမ်းပါနဲ့ မော်ရာ၊ မော်ပဲ ကျောင်းမှာတွေ့တုန်းက လူကိုမြင်ရင် ရှောင်သွားရတာ အမော၊ ခပ်တည်တည်ကြီး လုပ်နေရတာ အမော၊ ဒန္တီ့ရင်ထဲမှာ ဘယ်လိုနေမယ်ဆိုတာ ကိုယ်ချင်းမစာတတ်ဘူး’’

‘‘ကိုယ်မခေါ်တာနဲ့ပဲ ဒန္တီက ဘာဖြစ်လို့ စိတ်မကောင်းဖြစ်ရတာတဲ့လဲ’’

‘‘ကားနဲ့တိုက်မလို ဖြစ်ကတည်းက ဒန္တီ စိတ်မကောင်းဖြစ်နေခဲ့တာပဲ’’

‘‘ကားနဲ့ တိုက်မလိုဖြစ်တာနဲ့ ကိုယ်တို့နှစ်ယောက် ချစ်ကြတာ တကယ်တော့ ဘာမှ မဆိုင်ဘူးနော်’’

‘‘ဟင်....ဘာလို့ မဆိုင်ရမှာလဲ၊ ဒါ ဖူးစာရေးနတ်က ဖန်တီးပေးလိုက်တာ ဖြစ်မယ်၊ လူတွေအများကြီး၊ ယောက်ျားတွေအများကြီးထဲက မော်နဲ့မှ ရွေးကြိုက်ရတယ်လို့၊ ပြီးတော့ မော်ဆိုတဲ့လူက ဘဝင်ခေါင်ခိုက်လို့၊ မကျေနပ်မချင်း ဒီက တောင်းပန်ရရော၊ နောက်တော့ တောင်းပန်ရလွန်းလို့ သနားပြီး ပြန်ချစ်ရော မဟုတ်လား’’

"အင်း....အဲဒီနေရာမှာ စကားရှုပ်သွားပြီ၊ ဒန္တီက တောင်းပန်ရုံတင် တောင်းပန်တာ၊ ကိုယ်က ဘာဆိုင်လို့ ပြန်ချစ်ရတာလဲ၊ ဒန္တီက ကိုယ့်ကို ချစ်ပါလို့ ပြောတာမှ မဟုတ်ဘဲ၊ သနားပြီး ပြန်ချစ်တာ မဟုတ်ဘူး၊ မော်စီကိုယ်တိုင်က နဂိုကတည်းကချစ်နေလို့ ပြန်ချစ်တာ"

"ဟင်....ဒီလူကြီးလား ချစ်မှာ၊ ဒီလောက် မျက်နှာပေါက်ဆိုးတာ"

"ပထမတော့ ဦးလေးညိုကြီးကို ခေါ်ကန်နေတာ အမှန်ပဲလေ၊ ဒါပေမယ့် ကိုယ်ဟာ သဘောထားသေးသိမ်တဲ့ လူစားမျိုး မဟုတ်လို့ နောက်ပိုင်း ကျောင်းမှာတွေ့တော့ ခေါ်မလို့၊ နှုတ်ဆက်မလို့ပါပဲ၊ ကိုယ့်ပြဿနာနဲ့ကိုယ် စိတ်ရှုပ်စရာတွေ ရှိနေတာရယ်၊ ဒန္တီက ကျောင်းမှာ စူပါကွင်း ဖြစ်နေတော့ စိတ်တိုပြီး ခမ်တည်တည် လုပ်နေတာ"

"ဘာဆိုင်လဲကွာ"

"ဆိုင်တယ်၊ ကိုယ့်အကျင့်က ဒီလိုပဲ၊ သူများတွေ သိမ်ငမ်းငမ်းတက်လုပ်လာရင် အမြင်ကပ်လာရော"

"ဘယ်သူ့ကိုလဲ"

"အားလုံးကိုပဲ"

"ဟင်....သူကလဲ ဝါးလုံးရှည်နဲ့ တယ်ရမ်းချင်တာကိုးကဲ....ဒါဖြင့် ဘာဖြစ်လို့ ပြန်ချစ်သေးသလဲ"

"ပြန်ချစ်တာ မဟုတ်ဘူး၊ အစကတည်းက ချစ်တာ၊ ဒန္တီ့ကို တမင် မခေါ်ဘဲ စ,နေတာ၊ ကိုယ် ခပ်တည်တည်ဖြစ်



သွားတိုင်း၊ မခေါ်တိုင်း ဒန္တီ့မျက်နှာလေး ညိုပြီး ငိုမလိုဖြစ်ကျန်ခဲ့တာ ကိုယ်သိသားပဲ"

"ကြည့်စမ်း၊ သူ သိပ်ဆိုးတယ်"

ဒန္တီက ဆဲ့ဆိတ်သည်။

"နောက်ပိုင်း ဒန္တီ စိတ်ကောက်သွားတယ်နော်"

"အင်းပေါ့၊ သူမှ မကောင်းတာကိုး၊ ရက်တာပေါ့"

"အင်း....အဲဒီလို ဒန္တီစိတ်ကောက်ပြန်တော့ ဒီကောင်ချော့ချင်လာပြန်ရော၊ အရေးထဲကျမှ ကျောင်းပိတ်ရက်နဲ့ တိုးနေသေးတယ်၊ ဒါနဲ့ သင်္ကြန် ရေပက်ခံထွက်ရင်း ဒန္တီ့ကို ဝင်ခေါ်ပါလားလို့ နော်မာ့ကို အပူကပ်မိတယ်၊ မရွှေနော်မာက သူ့အဆက်နဲ့ ကြည်နူးနေတာနဲ့ ဒန္တီ့ဆီ ဖုန်းဆက်မပေးဘူးလေ၊ ဒန္တီတို့အိမ်ရှေ့ ကိုယ် ခဏခဏ ဖြတ်တာပဲ"

"အဟုတ်"

ခေါင်းလေး ဆတ်ခနဲငှဲ၊ မျက်လုံးလှန်ကြည့်ပြီး ဒန္တီက မယုံသလို မေးသည်။

"ဘာလို့ ညာရမှာလဲ၊ ဒန္တီ့လိပ်စာကို သိကတည်းက ဖြတ်တာ၊ အလုပ်ရှိမရှိ ဖြတ်တာ"

"ဘာလို့ ဖြတ်တာလဲ"

"ဥမ္မာဒန္တီနဲ့တွေ့တော့ သိဝိမင်းကြီး ရူး သ လို ပေါ့၊ ဒီကောင်လဲ ရူးတာပေါ့"

"ဟာ....ဟ၊ ဒါလား ရူးတဲ့ရုပ်၊ အသည်းနှလုံးမရှိတဲ့ လူကများ"

"ရှိလွန်းလို့ ဟိုဘက်ကမ်းတောင် လွန်သေး"

"ဒါဆို ဘာလို့ စုပုပ်ထားတာလဲ၊ ဘယ်တော့ ကြည့်လိုက် ကြည့်လိုက် အမြဲ ပုပ်သိုးနေတာပဲ၊ တလောကလုံး သူ့လုပ်စာ ထိုင်စားနေတာ ကျနေတာပဲ"

"အဲဒါက တခြားအကြောင်းတွေကြောင့်ပါ"

"ကိုမော်က တခြားအကြောင်းတွေ၊ ဘာပြဿနာတွေ ရှိနေလို့လဲ"

"ရှိတာပေါ့"

"ဘာတွေလဲ၊ ပြောပြလေ"

"ဒါတွေပြောပြလဲ အလကားပါကွာ၊ ဒန္တီ စိတ်ရှုပ်ရုံပဲရှိမှာပဲ၊ တခြားအကြောင်းတွေ ပြောရအောင်ပါ"

"ပြော၊ ဒန္တီကတော့ မော်နဲ့ ခုလို အဲတူတွဲသွားနေရတာ၊ မော်ကချိန်းတာ၊ အချစ်အကြောင်းတွေပြောနေတာတွေဟာ တကယ်မှဟုတ်ရဲ့လား၊ အိပ်မက်များလားလို့တောင် ထင်နေမိတယ်"

"ကဲ....အိပ်မက်ဟုတ်သလား မဟုတ်သလား သိသွားရအောင် ယောဒီ ပါးဖောင်းဖောင်းလေးကို မွှေးမွှေးပေးပစ်မယ်ကွာ၊ ကဲ....အိပ်မက်က လန့်နိုးပြီလား"

"ဟင့်အင်း၊ အဲဒါကိုလဲ အိပ်မက်ထင်နေတာပဲ"

"ကဲ....ဒါဆိုရင် ဟောဒီလို အတင်းဖက်ထားမယ်ကွာ၊ ဟောဒီမေးစေ့ချွန်ချွန်လေးကို ကိုက်ပစ်မယ်ကွာ"

"အိုး....မော်က တကယ်ကိုက်တယ်နော်"

မော် စိတ်မထိန်းနိုင်ဘဲ တကယ်ကိုက်မိသွားခြင်း ဖြစ်သည်။



"ဆောရီးကွာ၊ ဒန္တီက ချစ်စရာကောင်းလွန်းလို့ မော် လွတ်ထွက်သွားတယ်"

ထိုသို့ပြောရင်း ဒန္တီ့ ကိုယ်လေးကို တင်းကျပ်စွာ ဖက်ထားသလို ဒန္တီ့ မျက်နှာအနှံ့ မွှေးကြူနေတော့သည်။

"ဟိုး....ဟိုး၊ အိပ်မက်ကလန့်နိုးပြီ၊ တော်ပြီ....တော်ပြီလေ"

မော်က ထင်ရာလျှောက်လုပ်ပြီး ခပ်ကြမ်းကြမ်းဖြစ်လာသောအခါ ဒန္တီ လန့်လာသည်။

"မှတ်ထားနော်၊ ယောကျ်ားဆိုတာ ယောကျ်ားပဲ၊ ညုတုတုမလုပ်နဲ့"

"ဟင်....ဒါဆို တခြားမိန်းကလေးတွေ ညုရင်လဲ ခုလိုပဲလုပ်မှာပဲလား"

"မသိဘူးလေ၊ မော် တစ်သက်တော့ တခြားမိန်းကလေးတွေ စိတ်ဝင်စားမှုလဲ မရှိခဲ့ဖူးဘူး၊ ဒီမိန်းကလေးတောင် မော့်နောက် တကောက်ကောက်လိုက်လွန်းလို့"

"အမယ်မယ်၊ လူကိုအထင်သေးလိုက်တာ၊ ကောင်းပြီ၊ အဲဒီစိတ်မျိုးနဲ့ သနားပြီးချစ်တာဆိုရင်တော့ ဆောရီးပဲ၊ ဒါနောက်ဆုံးတွေ့ခြင်းပဲ"

"ဒါဆို နောက်တစ်ခါ မော်ထပ်ချိန်းရင် မလာတော့ဘူးပေါ့"

"မလာဘူး"

ဒန္တီ တကယ်စိတ်ကောက်နေသည်။ နှုတ်ခမ်းလေး ချွန်အောင်စူပြီး စောစောကဖြုတ်ထားသော မြေကြီးပေါ်တွင်

ကျနေသော ကျောက်စီ ကပ်နားကပ်လေးကို ပြန်ရှာပြီး ပြန်တပ်နေသည်၊ ပခုံးလွယ်သားရေအိတ်ထဲမှ ဘီးနှင့်မှန်ကိုထုတ်သည်။ မိတ်ကပ်ဘူးလေးကိုထုတ်၍ အလှပြင်သည်။

“ဟင်”

“ဘာလဲ....ဒန္တီ၊ အလန့်တကြား”

ဒန္တီက သူ့မေးစေ့တစ်ပိုက်မှ သွားရာများကိုကြည့်ပြီး လန့်သွားသည်။ ယခုထိ အကွင်းလိုက်ရှိသေးသည်။

ပြီးတော့ နှုတ်ခမ်းက ထူပြီး အမ်းနေသည်။

နဂိုနှုတ်ခမ်းထက် များစွာထူပြီး ယောင်နေသည်။

“စိတ်ဆိုးနေပြီလား၊ ဒါမှမဟုတ် အိပ်မက်လို့ထင်နေတုန်းပဲလား”

ဒန္တီက မျက်စောင်းလေးထိုးရင်း....

“အိမ်ကလူတွေရိပ်မိကုန်ရင် ဘယ်လိုလုပ်မလဲ”

မော်စီက ပခုံးတွန့်ပြီး ခပ်မဲ့မဲ့မျက်နှာဖြင့်....

“သိမှာတော့ သေချာတယ်၊ လာတုန်းက ဗီပုံစံမှမဟုတ်တာ၊ မပြန်ရဲတော့ဘူးလား၊ တစ်ခါတည်းလိုက်ခဲ့တော့မလား”

“ဟင်....အခုမှ တစ်ခါပဲ ချိန်းတွေ့ရသေးတယ်၊ တစ်ခါတည်းလိုက်ပြေးမယ်ဆိုရင် ပတ်ဝန်းကျင်က ဘာပြောကြမလဲ၊ ပြီးတော့ မော်ကရော ဒန္တီ့ကို ရှာကျွေးနိုင်လို့လား”

“ကျွေးနိုင်တာပေါ့....ရော့”

မော်စီက ဒန္တီ့နှုတ်ခမ်းနားကပ်၍ သူ့လျှာကို ထုတ်ပေးသည်။



“ဟင်....သူ့ သိပ်ပြောင်တာပဲ၊ တဲ....ကဲ”

ဒန္တီက တွန်းထုတ်ပစ်လိုက်ရင်း....

“မော်”

“အင်း....နားထောင်နေတယ်”

“ကျောင်းကြီးပိတ်ရင် ခွဲကြရမှာနော်၊ ဒန္တီတော့ အရမ်းလွမ်းနေမှာပဲ”

“ဒါဆို မလွမ်းရအောင် မော်တို့နေတဲ့ မြို့ကိုလိုက်လည်ပေါ့”

“ဟွန့်....သူသိပ်လည်တယ်၊ ဒန္တီက မဒ္ဒလေးကို လိုက်ခဲ့ဖို့ ခေါ်မလို့ဟာကို”

“တကယ်လိုက်လာမှာ”

“လာပေါ့၊ ပိုတောင်ကြိုက်သေး”

“ထမင်းကဘယ်သူကျွေးထားမှာလဲ”

“ဒန္တီ ကျွေးမှာပေါ့”

“အိမ်မှာ ခေါ်တင်ပြီးကျွေးမှာလား”

“အင်းပေါ့”

“အောင်မယ်လေးဗျာ၊ ခင်ဗျားလေးက သဘောကောင်းပေမယ့် မားသား၊ မားသားကြီးတွေက ဘယ်ကကောင် ခေါ်လာမှန်းမသိဘူးဆိုပြီး ရိုက်ချရင်ကော၊ မောင်းထုတ်ရင်ကော”

“ဒီတော့လဲ ဖွင့်ပြောလိုက်မှာပေါ့၊ ဒန္တီ့ ချစ်သူလို့”

“အဲဒီတော့မှ သဘောမတူဘူးဆိုရင်ကော”

“တူမှာပါ၊ မာမီက ပြောထားပြီးသား၊ ကိုယ်က စိတ်ဝင်စားနိုင်မယ့် ယောကျ်ားမျိုးကို ရှာယူတဲ့”

"ဒါဆို ဒန္တိက မော့်ကို စိတ်ဝင်စားတယ်ပေါ့ ဟုတ်လား"

"သူ့ကရော"

"စိတ်မဝင်စားပါဘူး"

"ဟင်...."

ဒန္တိ့ အညိုရောင် မျက်လုံးဝိုင်းဝိုင်းလေးများထဲတွင် ချက်ချင်း မျက်ရည်တွေ ဝိုင်းသွားသည်။ မော်စီက ကျေနပ်စွာ ပြုံးရင်း....

"မော်က စတွေ့ကတည်းက ဒန္တိ့ကိုချစ်တာ၊စိတ်ဝင်စားတာ မဟုတ်ဘူး"

သည်တော့မှ ဒန္တိရှက်ပြီး မော်စီ့ရင်ဘတ်ကို ထုသည်။

မော်စီက ဒန္တိလက်သီးလေးများကို ဖမ်းဆုပ်ထားရင်း....

"ဘာလို့ အဲဒီလောက် ထုနေရတာလဲ၊ အထဲက ချစ်တတ်တဲ့ အသည်းနှလုံးတွေ နာကုန်မှာပေါ့"

"ဒါဆိုလဲ ဥုံဖွ...ဥုံဖွ"

ချစ်စဖွယ် ဒန္တိ့မျက်နှာလေးကို မော်စီက ငေးငေးလေး ကြည့်ရင်း....

"ဒန္တိ"

"ဟင်"

"တကယ်လို့ ဒန္တိ့အိမ်က သဘောမတူဘူးဆိုရင်ကော"

"တူမှာပါ"

"မော် ပြောပြီးပြီလေ၊ တကယ်လို့"



"ဟင်....ဒန္တိရော့ ဖြစ်ချင်တာကိုပဲ စဉ်းစားတယ်၊ မဖြစ်ချင်တာကို ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး၊ ဒန္တိဖြစ်ချင်တာကိုလဲဖြစ်အောင် အားလုံးလုပ်ပေးခဲ့ကြတာချည်းပဲ၊ကဲ....မာမီတို့နဲ့တွေ့ရင် ဒန္တိပြန်ပြောမယ်၊ ဒန္တိ့မှာချစ်သူရှိနေပြီ၊ နာမည်က မော်စီ၊သိပ်ချောတယ်လို့"

"ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြီကွာ၊ ဒန္တိ့မျက်လုံးထဲမှာ ချောပေမယ့် သူတို့မျက်လုံးထဲမှာ သဘောတွေ့ဦးမှကိုး"

"ဒီလိုလုပ်၊ဒီပန်းခြံထဲမှာ ဓာတ်ပုံရိုက်သွားမယ်၊ အမှတ်တရလဲ ဖြစ်အောင်ပေါ့"

"တွဲရိုက်မှာလား"

"ရိုက်ချင်လို့လား၊ ရိုက်ပေါ့"

"ကဲ....ကိုယ်နဲ့ မယူဖြစ်ရင်ကော၊ တခြားတစ်ယောက်နဲ့ ယူတဲ့အခါ ဒီဓာတ်ပုံကြောင့် ပြဿနာ မတက်နိုင်ဘူးလား"

"ဟာ....ဒန္တိ စိတ်တိုလာပြီ၊ ဘာလဲ မော်က ဒန္တိ့ကို ချစ်ရုံတင်ချစ်ပြီး ယူဖို့အထိ မစဉ်းစားဘူးလား"

မော်စီက ဒန္တိပေါင်ပေါ် ပစ်လှဲချရင်း ပြုံးနေသည်။ ထိုစဉ် မော်စီ့ ဗိုက်ထဲမှာ တဂွီဂွီ အသံများ ထွက်ပေါ်လာသဖြင့်....

"ဟော....ဘာသံတွေလဲ"

"ဗိုက်ထဲက ပိုးမွှားတွေကို အစာမကျွေးရသေးလို့ ဗိုက်ဆာနေပြီလို့ အော်ကြတာလေ"

"ဟင်...မော် ဘာမှမစားရသေးဘူးလား"

“မနက် ခြောက်နာရီတုန်းက လက်ဘက်ရည်တစ်ခွက် သောက်ပြီး မိဖုရားလေးဆီ အမိခစားဖို့ ထွက်ခဲ့ရတယ်လေ၊ တော်ကြာ နောက်ကျသွားရင် စိတ်ကောက်သွားမှာစိုးလို့”

“ကဲ...ထ...ထ၊ ပြန်ကြစို့”

“ဟော...လောလှချည်လား”

“အို...မော်ဗိုက်ဆာနေပြီပဲ၊ မြို့ထဲဘက်သွားပြီး တစ်ခုခု သွားစားရအောင်”

“မဆာပါဘူးကွာ၊ ကိုယ့်ချစ်သူ မျက်နှာလှလှကို ကြည့်နေရရင် ကျန်တာအကုန်မေ့ပဲ၊ ထမင်းမေ့၊ ဟင်းမေ့၊ တလောကလုံးမေ့ပဲ”

“နောက်တစ်ခါတွေ့ကြရင် ဒန္တီ အိမ်ကအစားအသောက် တစ်ခုခု လုပ်ခဲ့မယ်နော်”

“နေပါစေကွာ၊ မော် တစ်ခုခုစားခဲ့ပါမယ်”

“မော့်ကိုမေးရဦးမယ်၊ ညီညီက မမသီဂီကို တကယ်ချစ်တာလား”

“အို...ဒီမိန်းကလေး၊ လူတိုင်းကို သံသယမျက်လုံးနဲ့ တယ်ကြည့်တတ်ပါလား၊ ဒီမှာ နှစ်ယောက်လုံး ရည်းစားမထားဖူးကြတဲ့ လူတွေဆိုတော့ ရူးနေကြတာမှ မပြောနဲ့တော့”

“တကယ်ချစ်တာဆို ပြီးတာပေါ့ပဲ၊ တော်ကြာ မမသီဂီကို အပျော်ချစ်သွားမှာစိုးလို့”

“အမယ်လေးဗျာ....သူ့ မမသီဂီက ကလေးလေးမဟုတ်လား၊ စိုးရိမ်နေလိုက်တာ၊ ဟိုလူကလဲ တအားစိုးရိမ်နေတာ၊



ညီညီတို့က ဆင်းရဲတယ်၊ အခု တက္ကသိုလ်တက်နေတာတောင် ဆွေမျိုးတွေ ဝိုင်းထောက်ပံ့ထားလို့”

“အင်း....ကြီးကြီးသာ ဟိုးအလျှင် စိတ်ထားမျိုးနဲ့ဆိုရင် မမသီဂီတို့ရဲ့အချစ်ရေးဟာ မလွယ်ဘူးဘဲ၊ အခု ကြီးကြီးက သားသမီးတွေရဲ့အချစ်ရေးကို သိပ်မချုပ်ကိုင်တော့ဘူးလေ”

“ဘယ်သူ့တုန်းက ချုပ်ကိုင်ခဲ့လို့လဲ”

“မမစန္ဒီတုန်းကပေါ့”

“အင်း....မမစန္ဒီဆိုတဲ့မမဟာ တကယ်မိုက်တယ်နော်”

“သိပါတယ်နော်၊ သကြန်တုန်းက သူငမ်းနေတာ မမြင်ဘူး မှတ်လား”

“မိန်းမတစ်ဦးအနေနဲ့ အတော်ချောတာပဲဆိုပြီး ကြည့်မိတာပဲရှိတယ်၊ ငမ်းတာမဟုတ်ဘူး၊ ကိုယ့်အမေအရွယ်လောက်ကို မကြိုက်ပါဘူး”

ထိုကဲ့သို့ပြောသဖြင့် ဒန္တီကျေနပ်သွားသည်။

“မမစန္ဒီတုန်းက ဆင်းရဲသားနဲ့ကြိုက်ခဲ့လို့လား”

“အင်းပေါ့၊ တောက လယ်သမားသားနဲ့ကြိုက်တာ”

မော်စီက မျက်မှောင်ကြုတ်လျက် ဒန္တီ့ကို စိုက်ကြည့်နေသည်။

“ကွဲသွားလား အဲဒီလူနဲ့”

“မမစံကသဲဒန္တီ့ လိုလူဝါးမျိုးသိလား၊ အဲဒီလူကို ရအောင်ကို ပြန်ယူတာ၊ အဲဒီလူကလဲ မမစံကို အရမ်းချစ်တာ၊ မမစံနဲ့ ပြန်တွေ့ရော သူ့မယားကြီးကိုပစ်ပြီး တစ်ခါတည်း မမစံနောက်ကို အပြီးလိုက်ခဲ့တာ”

မော်စီက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

"ကဲ…တကယ်လို့ ဒန္တီ့အိမ်က ကိုယ်နဲ့သဘောမတူဘဲ တခြားအစ်ယောက်နဲ့ ပေးစားရင်ကော"

"မယူပါဘူး၊ သူ့နောက်ကို လိုက်ခဲ့မှာပေါ့"

"ကိုယ်တို့က ဆင်းရဲတယ်"

"ရတယ်၊ ဆင်းရဲရဲ"

"ဒန္တီ ကိုယ့်ကိုတကယ်ချစ်လား"

"မယုံဘူးလားကွာ"

"ယုံပါတယ် ဒန္တီရယ်၊ တကယ်ချစ်ရင် ကိုယ် စိတ်ချမ်းသာအောင် ကူညီနိုင်မလား"

"ဘာလဲမော်၊ ဒန္တီဘတ်နိုင်တာဆိုရင် အကုန်လုပ်ပေးမယ်"

"မခက်ပါဘူး ဒန္တီ၊ ဒန္တီသိပ်အထင်ကြီးနေတဲ့ မမစံဟာ ကိုယ်တို့မောင်နှမနှစ်ယောက်ရဲ့ အမေကိုရော အမွေတွေကိုပါ ခြေဝ်ယူထားတဲ့ မိန်းမကြီးပဲ၊ အစကတော့ ကိုယ့်အမေကို အပြစ်တင်မိတယ်၊ အခု မမစန္ဒီကို ကိုယ်တိုင်မြင်ဖူးတော့ ကိုယ့်အမေကျခဲ့ယ်ဆိုလဲ ကျသောက်တာပေါ့လေ၊ သူက သိပ်ချော တာကိုး"

"ဟင်…ဒါ…ဒါဖြင့် ကိုကိုခိုင်ဟာ မော်တို့ဖေဖေပေါ့… ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ ဒန္တီ၊ အမေဆိုပေမယ့် သိပ်ရက်စက်လွန်းပါတယ်ကွာ၊ ကိုယ့်အမေကို မချစ်ဘဲယူရတယ်ဆိုပြီး နှိပ်စက်လိုက်တာ၊ ဘာပြောသေးတယ် မှတ်သလဲ၊ ကိုယ်တို့ကို



မွေးခဲ့တာလဲ အမေ့နားမကပ်ချင်လို့ အရက်တွေ အလွန်အကျွံသောက်ထားလို့ ခွေးစိတ်ပေါက်နေတုန်းမို့ ကိုယ်တို့ကို ရခဲ့ဘာတဲ့ကွာ၊ ဒီတော့ ကိုယ်တို့ဘဝလဲ ခွေးဖြစ်ရုံဘဲ မဟုတ်ဘူးလား"

ဒန္တီ နားထောင်ရင်း အံ့ဩခြင်း၊ စိတ်မကောင်းခြင်းတွေ ဖြစ်နေရသည်။

မျက်ရည်တွေစီးကျရင်း နာကြည်းစွာပြောနေသောချစ်သူကို သနားမိတာအမှန်။ မမစန္ဒီသည် ရုပ်လှသလောက် အလွန်ရက်စက်လွန်းပါကလား။

"အခု မော်တို့ဖေဖေနဲ့ တွေ့ပြီးပြီလား"

"ကိုယ်တို့ငယ်ငယ်လေးတည်းက ပစ်သွားတာပဲ၊ ကိုယ်တို့ကို သူတွေ့ရင်တောင် မှတ်မိမယ် မထင်ပါဘူး"

"တွေ့ချင်လားဟင်"

"တွေ့ချင်တာပေါ့ကွာ၊ သိပ်တွေ့ချင်တာပေါ့၊ ပစ္စည်းတွေ မရချင်နေပါစေ၊ ကိုယ့်အမေကိုယ် တွေ့ရရင် တော်ပါပြီ၊ ကိုယ်တို့ကိုတွေ့လိုက်ရင် သူ့စိတ်ပြောင်းချင် ပြောင်းသွားမှာပါ၊ နော်မာဆိုတာ အခဖရူး ရူးနေတာ၊ တစ်ချိန်လုံး တွေ့ဖို့ ပူဆာနေတာ"

"ဒါများ ခက်တာမှတ်လို့၊ ဖုန်းဆက်ပြီးချိန်းလိုက်ပေါ့"

"ဖုန်းနံပါတ်ကို သိရတာလဲ မကြာသေးဘူးလေ"

ဒန္တီ မျက်နှာလေးညိုသွားပြီး…

“ဒါဆို ဒန္တီ့ ကိုချစ်တာ မော့်ဖေဖေနဲ့တွေ့ဖို့အတွက် အထောက်အကူရအောင်များလား မော်ရယ်”

ထိုစကားကြောင့် မော် စိတ်တိုသွားပြီး....

“အဲသလိုထင်ရင်တော့ ဆောရီးကွာ၊ ကိုယ် တော်တော် နဲ့ ဒန္တီ့ ကို မခေါ်မပြော ချစ်ခွင့်မပန်ဘဲနေခဲ့တာ၊ ဒီလိုထင် မှာစိုးလို့ပဲ၊ ကဲ....ရှေ့လျှောက်လဲ အဆင်လွဲနေမယ့်အတူတူ ဒီနေ့ဒီအချိန် ဒီအချစ်တွေကိုရော မော့်ကိုရော မေ့လိုက်ပေ ဒန္တီ”

မော်စီ့ ပုံစံသည် စတွေ့ကာစတုန်းကလို ခက်ထန်မာကျော လာသည်။

“မဟုတ်ရင်လဲ ပြီးတာပါပဲ မော်ရယ်၊ ဘာလို့ဒေါသတွေ ကြီးနေတာလဲ”

“ကြီးတယ်၊ ကိုယ်တို့ဘဝမှာ မွေးကတည်းက ဘာမှ အဆင်မပြေခဲ့တော့ စိတ်လဲတိုတတ်တယ်၊ ဒေါသလဲ ကြီးတတ် တယ်”

“ကဲ....ရှေ့လျှောက် မော်တို့ဖြစ်ချင်တာတွေ၊ တွေ့ချင် တာတွေ အဆင်ပြေအောင် ဒန္တီ ကူညီမယ်လေ”

“တကယ်လား ဒန္တီ”

“အင်း”

ချစ်သူစိတ်ချမ်းသာအောင် ပြောလိုက်ရသော်လည်း အစ် အရင်းလို ချစ်ခင်ယုယခဲ့သော မမစံကို အားနာမိသည်။



သို့သော် မမစံသည် သူတစ်ယောက်တည်း စိတ်ချမ်းသာ ဖို့အတွက် သူများမိသားစုကို ဒုက္ခပေးခဲ့သူ။

မိမိ မော် ကိုချစ်သည်။

မော် ပျော်စေချင်သည်။

* * *

## အခန်း (၃၀)

ဒန္တီ နေရထိုင်ရ ခက်လှသည်။ ဦးလေးညိုက ကားခေါ် တက်လာသော ဒန္တီ့မျက်နှာကို သေချာကြည့်နေသဖြင့် ဒန္တီ မျက်နှာချင်းဆုံအောင်မကြည့်။

ထို့အတူ အိမ်ပြန်ရောက်တော့လည်း မမစန္ဒီက ဒန္တီ့မျက်နှာကိုကြည့်ပြီး မျက်နှာပျက်နေသည်။

"ဒန္တီ....ဒန္တီ"

မမစံနှင့် မျက်နှာချင်းဆိုင်ရမှာ မလုံမလဲဖြစ်နေ၍ အိပ်ခန်းထဲ အောင်းနေပါမှ မမစံက တံခါး လာခေါက်လေ၏

"ဒန္တီ"

"လာပြီ"

"အိပ်နေပြီလား ဒန္တီ"

"မအိပ်သေးပါဘူး....မမစံ"

"ခဏစကားပြောမယ်နော်"



"ဟုတ်ကဲ့"

ဒန္တီ့ ခုတင်ပေါ်တွင် ဘေးချင်းယှဉ်၍ ထိုင်မိကြသည်။ စန္ဒီက ဒန္တီ့ပခုံးပေါ်လက်တစ်ဘက် ညင်သာစွာတင်ရင်း....

"ဒန္တီလေးကို မမစံ ဘယ်လောက်ချစ်တယ်ဆိုတာ သိတယ်နော်"

ဒန္တီ ခေါင်းညိတ်သည်။

"ချစ်လွန်းလို့လဲ ဒီမှာကျောင်းခေါ်ထားတာပေါ့၊ အန်တီမာတို့ ဦးကိုဇင်တို့ကလဲ မမစံတို့ကိုယုံကြည်လို့ သူတို့ရဲ့ တစ်ဦးတည်းသောသမီးလေးကို အပ်ပေးပို့ပြီး ထားခဲ့တာပေါ့"

ဒန္တီ မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်၍ နားထောင်သည်။

"မမစံ စိတ်ပူတယ်ကွယ်၊ ဒန္တီက အရွယ်ငယ်သေးတယ်၊ ပညာသင်ဖို့နှစ်တွေ အများကြီးကျန်သေးတယ်၊ အချစ်ကို သိပ်ဦးစားပေးရင် မှားတတ်တယ်ကွယ်"

ဒန္တီ အရောင်တဖိတ်ဖိတ်လက်သော မျက်လုံးအစုံဖြင့် နှုတ်ခမ်းလေး တင်းတင်းစေ့၍ စန္ဒီကို ကြည့်နေသည်။ စိတ်ထဲကလည်း ပြန်ပြောနေမိသည်။

"ဒန္တီက ငယ်သေးပေမယ့် စဉ်းစားဉာဏ်ရှိပါတယ် မမစံရယ်၊ မမစံလို အချစ်ဘစ်ခုပဲ ဦးစားပေးပြီး ဘယ်သူသေသေ ငတေမာပြီးရောဆိုပြီး လုပ်ခဲ့တာမဟုတ်ပါဘူး"

"အခု ဒန္တီတွဲနေတဲ့ကောင်လေးဟာ ဘယ်ကလဲ၊ သူ့မိဘတွေ ဘာလုပ်ကိုင် စားသောက်လဲ"

ဒန္တီ နှုတ်ဖျားတွင် မမစန္ဒီရဲ့ ယောကျ်ားဟာ မော်စီ့ အဖေပါပဲဟု ဖြေချင်သည်မှာ အရမ်း ဖြစ်နေသည်။

သို့သော် မော်စီက မသိစေချင်သေး၍ မပြောဘဲ ထားလိုက်သည်။

“စုံစမ်းပြီး မျိုးကောင်းရိုးကောင်းဆိုရင် ငွေရှိဖို့ မလိုပါဘူးကွယ်၊ အန်တီမာတို့က သဘောမတူဘူး ဆိုရင်တောင် မမစံက တာဝန်ယူတယ်”

ထိုစကားကြောင့် ဒန္တီ ရယ်ချင်သွားသည်။

မမစံ ခုလို သဘောကောင်းနိုင်ခြင်းမှာ မော်စီ့ အဖေ ပစ္စည်းများကို ဘုန်းထားခြင်းကြောင့် မဟုတ်လား။

ရုပ်လှသလောက် စိတ်ထားယုတ်မာလိုက်တာ မမစံရယ်။

အပေါ်ယံပြုံးနေသလောက် အတွင်းက ကောက်ကျစ်ခဲ့တာတွေကို ဒန္တီ မသိခဲ့ရင်တော့ အကောင်းသားပေါ့။

အင်းလေ...မမစံခမျာ မော်စီဟာ သူ့ယောကျ်ားရဲ့သား ဆိုတာ သိသေးတာမှ မဟုတ်ဘဲ၊ တကယ် ဒန္တီ့ကို ချစ်လို့ စိုးရိမ်လို့ ပြောနေတာပဲလေ။

စိတ်ကောင်းလေးဖြင့် ပြန်တွေးမိတော့လည်း မမစံသည် တကယ်ကို မြင့်မြတ်သူပါ။

“နောက်ကို တွေ့ချင်ရင် အိမ်ကိုခေါ်တွေ့နော် ဒန္တီ၊ ဟိုဟိုဒီဒီခေါ်တိုင်း မလိုက်နဲ့ဦး၊ တော်ကြာ မှားယွင်းကုန်မှာ စိုးလို့ပါ”

ဒန္တီ ခေါင်းညိတ်မိသည်။



လောလောဆယ်ဆယ် မမစံ ကျေနပ်သွားဖို့ အရေးကြီးသည်။

နောက်ပိုင်းကိစ္စက ဒန္တီ့ သဘောပါ။

“ဒန္တီ ဟိုကိစ္စ အဆင်ပြေလား”

“ပြေတယ် မော်ရော”

စာအုပ်ကြားတွင် ညှပ်ထားသော ဓာတ်ပုံသုံးပုံကို ထုတ်ပေးလိုက်သည်။

ဖခင်ဖြစ်သူ ဦးကျော်ထွန်းခိုင်၏ ဓာတ်ပုံသုံးပုံ။

ဖခင်သည် အရွယ်ထက် များစွာ နုပျိုနေသည်။ တကယ် ချောသူ။

ဓာတ်ပုံများမှာ တစ်ယောက်တည်း ရိုက်ထားသောပုံ၊ ဇနီးအသစ်နှင့် တွဲရိုက်ထားသောပုံများ ဖြစ်သည်။

“ဒီဓာတ်ပုံတွေ ဘာလုပ်မလို့လဲဟင် မော်”

“သုံးလေးရက်နေရင် ပြန်ပြမယ်လေ”

ထိုရက်များအတွင်း ကျောင်းပိတ်ထားသဖြင့် မော်စီနှင့် မတွေ့ရ။ တယ်လီဖုန်းကို စောင့်မျှော်ပါသော်လည်း မလာ။

မျှော်သူမလာသော်လည်း လုံးဝမမျှော်လင့်ထားသူ ရောက်လာသည်။

“ဟယ်....မာမီလာတယ်တော့”

ဒန္တီ ဝမ်းသာအားရ ပြေးကြိုရင်း....

ပြန်သွားတာတောင် မကြာသေးဘူး၊ ဘာအကြောင်းထူး ရှိလို့လဲ မာမီ”

"ရှိတယ် သမီးလေးရဲ့၊ အရောင်းအဝယ်ကိစ္စလေးတစ်ခု ရှိတယ်"

ဒန္တီ ခြေချုပ်မိသွားသည်။ မိခင်က ကျောင်း သုံးလေးရက် ခွင့်ယူခိုင်းထားသဖြင့် မော်စီနှင့် မတွေ့ရတော့။

ဒန္တီ့ စိတ်ထဲတွင် သံသယ ဖြစ်နေသည်။ မာမီ ရုတ်တရက် ရောက်လာခြင်းသည် မမစံ အကြောင်းကြားလိုက်၍ ဖြစ်နိုင်သည်။

မော်စီက သုံးလေးရက်နေရင် တွေ့မည်ဟုချိန်းထားသဖြင့် ဒန္တီ တွေ့ချင်နေသည်။

"မာမီ သမီး အပြင့်သွားလိုက်ဦးမယ်"

"ဘယ်ကိုတုံး"

"သမီးသူငယ်ချင်း မြူးရီတို့အိမ်ကိုလေ"

"သွားလေ၊ မာမီ လိုက်ပို့ပေးမယ်"

ဒန္တီ လုံးဝ စိတ်မောဟ်ကျသွားသည်။ မိခင်သည် မိမိကို လုံးဝ အပြင်မလွှတ်တော့ပါလား။

"မာမီတို့တောင် သမီးကို ကျောင်းပြောင်းမလား စဉ်းစားနေကြတာ၊ သမီးဒယ်ဒီက လွှမ်းတယ်တဲ့ကွယ်"

"ဟင်....မာမီကလဲ ကျောင်းတစ်ဝက်ကြီးနဲ့၊ နောက်နှစ်မှ ပြောင်းတာ မဟုတ်ဘူး"

ဒန္တီ လုံးဝ သဘောပေါက်ပါပြီ။

မမစန္ဒီ အိမ်ကို လှမ်းတိုင်ပါပြီ။

ဒန္တီ မှဲ့ပြူးလေး ပြူးမိသည်။



ဒါလောက်အထိ သူများအတွင်းရေးကို ဝင်ရှုပ်လာတာ၊ သူများအချစ်ရေးကို ဝင်နှောင့်ယှက်လာတာတော့ ခွင့်မလွှတ်နိုင်။

"သမီးသူငယ်ချင်းအိမ်မှာ စာတွေ ကူးရဦးမှာဆိုတော့ ကြာမှာ မာမီ"

"ရတယ်လေ၊ မာမီ စောင့်နေပါ့မယ်"

နောက်ဆုံး ရသလောက်အခွင့်အရေးကိုပင် အသုံးချရတော့မည်။ မြူးရီအိမ်ကိုသာ ထွက်ခဲ့ရသည်။

"ဟေ့ကောင်၊ မင်း ကျောင်းပြေးလှချည်လား၊ မော်စီ ခဏခဏ လာမေးတယ်"

ဒန္တီက ဆက်မပြောရန် မျက်ရိပ်မျက်ခြည်ပြသည်။ ဒေါ် ခင်မာကလည်းသိသည်။ မြူးရီဆီကနေတစ်ဆင့် သူ့အဆက်ဆီ စာပေးခိုင်းမှာကိုလည်းသိသည်။ သူ့အဆက်ကရော မြူးရီ ဆီမှာ စာမပေးခဲ့ဘူးပြောနိုင်မလား။ စာပေးစာယူလုပ်တာ လောက်ကိုတော့ ဘာမျှမပြောချင်ပါ။ သို့သော် အချိန်းအချက်လုပ်ပြီး ခိုးပြေးတာမျိုး အထိတော့ ခွင့်မပြုနိုင်။

ဒန္တီတစ်ယောက် သူ့ဆန္ဒပြည့်၍လားမသိ၊ နာရီစက်ခန့် သာနေသည်။ ခပ်ပြုံးပြုံးမျက်နှာဖြင့် ကားပေါ်ထိုင်လာသည်။

အိမ်ရောက်သည်နှင့် သူ့အဆက်ဆီကစာကို ပြေးဖတ်ပေလိမ့်မည်။

အချစ်ဆုံး ဒန္တီ

အခုမှ ရည်းစားထားတတ်တဲ့ကောင်ကို ပညာပေး နေတာလားဟင်၊ ဘာလို့ ကျောင်းမတက်တာလဲ၊ မင်္ဂလာဒုံဥယျာဥ်မှာ ရိုက်ထားတဲ့ ဓာတ်ပုံတွေရပြီ၊ ဒန္တီက တအားလှတာပဲ၊ မော်တော့ မွှေးမွှေးတွေ ပေးထားပြီ၊ ဓာတ်ပုံလေးသာ စကားပြောတတ်ရင် ရန်ထောင်မှာသေချာတယ်။

စာဖတ်ရင်း ဒန္တီက ခပ်ပြုံးပြုံးမျက်နှာဖြင့် ပါးအိမ်ကို ပွတ်နေသည်။

အချစ်နေကောင်းရဲ့လား။ တွေ့ချင်လွန်းအားကြီးလို့ ဖုန်းဆက်တယ်၊ မခေါ်ပေးဘူးထင်တယ်၊ မော်နဲ့ဖြစ်တာကိုသိနေကြပြီလား၊ သဘောမတူကြဘူးလား၊ မမသိမ်ကရော ကျေနပ်ရဲ့လား၊ ကိုညီညီတော့ တစ်ချိန်လုံး ကျောင်းကနေ လစ်နေတာပဲ၊ သူတို့အတွဲတော့ မော်တို့ထက် အလျင်စွန်လိမ့်မယ်ထင်တယ်''

ဩော်....ဒန္တီယူခဲ့ပေးတဲ့ ဓာတ်ပုံသုံးပုံကို မော် ဓာတ်ပုံပညာနဲ့ ဖန်တီးထားတာ၊ မပြောင်းလဲသွားဘူးလား''

ဟုတ်ပါသည်။

ဓာတ်ပုံထဲတွင် မော်တို့မောင်နှမနှင့်အတူ ကိုကိုခိုင်က ပြုံး၍ကြည့်နေသည်၊ နောက်တစ်ပုံက ကိုကိုခိုင်နှင့်မယားကြီး ဒေါ်ခင်ခင်ထက်၏ ဓာတ်ပုံကလည်း အသက်ပါလှသည်။ ဒေါ်ခင်ခင်ထက်သည် ခန့်ခန့်ချောချောပင်၊



ဒီပုံတွေကို မော့်ဖေဖေရဲ့ အင်္ကျီအိတ်ကပ်မှာထည့်ပေးထားစမ်းပါ ဒန္တီ။

မိသားစုလေးတစ်စု စည်းစည်းရုံးရုံးပြန်ဖြစ်အောင် လုပ်ပေးတဲ့အတွက် ဒန္တီကုသိုလ်ရမှာပါကွာ။

ဒန္တီ ဘယ်နေ့ကျောင်းပြန်တက်မှာလဲ။

အလျင်တုန်းက ဒန္တီ့ကို မခံချင်အောင်စတဲ့အနေနဲ့ မမြင်ချင်ယောင် ဆောင်တာတို့၊ ခပ်တည်တည် လုပ်နေတာတို့ဟာအခုအခါမှာ ပြောင်းပြန်ဖြစ်ကုန်ပြီ။ မြင်ချင် တွေ့ချင်လွန်းလို့ အိမ်ရှေ့ကဖြတ်ရတာလဲ အခေါက်ပေါင်း မရေမတွက်နိုင်တော့ဘူး၊ တစ်ခု တော့ထူးခြားတယ်ကွ၊သကြြန်ကားပေါ်မှာ မော်စီနဲ့ နော်မာ ပါဘယ်သို့ ဖေဖေ့ကို ဒန္တီပြောပြဖူးတယ် မဟုတ်လား....

ဖေဖေဟာ ကိုယ်တို့မောင်နှမနှစ်ယောက်ကို ဟိုးငယ်ငယ်လေးကတည်းက ပစ်ထားခဲ့တဲ့ လူဆိုတော့ အခုနောက်ပိုင်းမမြင်ဖူးဘူးလေ၊ မော် အိမ်ရှေ့က ဖြတ်တုန်းက ဖေဖေနဲ့တိုးတယ်၊ ကိုယ်က မချိုမချဉ် မျက်နှာနဲ့ကြည့်တော့ ကိုယ့်ကိုပြုံးပြီးပြန်ကြည့်နေတယ် ဗျ၊ ကိုယ်တို့မောင်နှမနှစ်ယောက် မျက်နှာကိုမြင်ပြီး ကိုယ်တို့နှစ်ယောက်နဲ့ စကားပြောလိုက်ရင် ဖေဖေဟာ ကိုယ်တို့ဘက်ကို ပြန်ပါလာမှာပါလေ။

ဒန္တီ လူအလစ်ကို ချောင်းနေမိသည်။

အိမ်ရှေ့ပန်းခြံထဲတွင် မာမီနှင့် မမစန္ဒီသစ်ခွပန်းပင်တွေကိုကြည့်နေကြသည်။

မမသီမ်က ဖုန်းဆက်နေသည်။

ဘဘကြီးနှင့်ကြီးကြီးက ဘုရားခန်းထဲမှာ။

ကိုကိုခိုင်က အလုပ်သွားသည်။

ဇန္ဒီ အပေါ်ထပ်တက်ခဲ့သည်။ ခြေဖွနင်း၍ မမစန္ဒီတို့၏ အိပ်ခန်းဘက်လျှောက်ခဲ့သည်။ အခန်းတံခါးသော့ပိတ်ထားသဖြင့် စိတ်ညစ်သွားသည်။ ပြန်ဆင်းခဲ့ရသည်။

ကိုကိုခိုင် အလုပ်က ပြန်ချိန်ကို စောင့်ရသည်။

ထင်သည့်အတိုင်း ညဘက် ထမင်းစားချိန်တွင် သူတို့အိပ်ခန်းတံခါးပွင့်နေသည်။ ဇန္ဒီရင်တဖိုဖိုဖြင့် အင်္ကျီချိတ်တိုင်တွင် ချိတ်ထားသော ကိုကိုခိုင်၏ တိုက်ပုံအင်္ကျီအတွင်းအိတ်ထဲသို့ ခေါက်ပုံများကို ထိုးထည့်လိုက်သည်။ ထို့နောက် အောက်ထပ်သို့ ပြန်ဆင်းခဲ့သည်။

ညဘက် အပေါ်ထပ်မှ ရန်ဖြစ်ကြမည်လားဟု စောင့်နားထောင်သေးသည်၊ (၁၁)နာရီခန့်အထိ ဘာသံမျှမကြားရသဖြင့် ဇန္ဒီအိပ်ပျော်သွားသည်။

''ချွမ်....ဂလွမ်''

မှန်ကွဲသံများကြောင့် ဇန္ဒီ လန့်နိုးလာသည်။

အလင်းရောင်များကြောင့် မျက်စိပင် ကျိန်းသွားသည်။

''ဟင်....မိုးလင်းပြီပဲ''

အမြန်ကုန်းထပြီး နာရီကိုကြည့်မိသည်။ ခြောက်နာရီ ထိုးပြီးပြီ။



''သွား....သွားအခုထွက်သွား၊ ရှင့်မျက်နှာကိုမကြည့်ချင်ဘူး''

စန္ဒီ့ အသံက စူးရှကျယ်လောင်လှသည်။

ဇန္ဒီ ပခုံးတစ်ချက်တွန့်၍ ပြုံးမိသည်။ ဟိုဟာ တွေ့တော့ တွေ့သွားပြီထင်သည်။

''နင်နဲ့မပေါင်းဘူး၊ သွား....လူယုတ်မာ လူရှုပ်''

အသံပျောက်သွားသည်။ ဟော....အောက်ထပ်ကို ရောက်လာကြပြီ။

ဇန္ဒီ တံခါးနားတွင်မှီ၍ နားထောင်နေလိုက်သည်။

''ဘယ်လိုဖြစ်ပြန်လဲ စန္ဒီရယ်၊ မနက်စောစောစီးစီး''

ဒေါ်စမ်းနုက သူ့ရင်ဘတ်သူ လက်ဖြင့်ဖိရင်း မေးသည်။

''သူ့ကို သမီးမပေါင်းချင်တော့ဘူး၊ သူ သိပ်ရှုပ်တယ်''

စန္ဒီက တရှုပ်ရှုပ်ငိုရင်း ပြောသည်။

''ယူတုန်းကလဲ အမီးသဘောနဲ့သမီး ယူခဲ့တာပဲ၊ဘယ်သူ့ကိုမှ တိုင်ပင်ခဲ့တာမှ မဟုတ်ဘဲ၊ အခု မပေါင်းချင်တော့လဲ သမီးပဲနော်၊ ယူတုန်းက မကန့်ကွက်ခဲ့ပေမယ့် ကွဲမယ်ဆိုတာကိုတော့ ကန့်ကွက်ချင်တယ်၊ လင်နဲ့ကွဲနေတဲ့မိန်းမကို ဘယ်သူမှ မလေးစားဘူး သမီး''

''သမီး အားလုံးကို အားနာပါတယ် မေမေ၊ မေမေတို့တွေ စိတ်ဆင်းရဲအောင် မလုပ်ချင်ပါဘူး၊ ဒါပေမယ့် သူ့ကိုတော့ လုံးဝ ဆက်ပေါင်းလို့မဖြစ်တော့ပါဘူး မေမေ၊ သမီး မိုက်ပြစ်နဲ့သမီး ရှိပါစေတော့၊ သူ့ကိုချစ်လွန်းလို့ သမီး အား

လုံးကိုရင်ဆိုင်ခဲ့တယ်၊ အခု သမီး သူ့ကိုမုန်းတယ်၊ ရွံတယ်၊ သူ့မျက်နှာကို မကြည့်ချင်ဘူး”

စန္ဒီက မျက်နှာကို လက်ဝါးနှင့်အုပ်၍ ငိုသည်။

“ဘာပြဿနာဖြစ်သလဲ ပြောဦးမှပေါ့ကွယ်”

ဖခင်ကြီးက ဖြေရှင်းပေးချင်သဖြင့် မေးခြင်းဖြစ်သည်။

“ဟောဒီဓာတ်ပုံတွေ သူ့အိတ်ထဲက တွေ့တယ်လေ၊ သူ့သားနဲ့ သမီးရယ်၊ မယားကြီးရယ် တွဲရိုက်ထားတဲ့ပုံတွေ ဘယ်အချိန်တုန်းက ဘယ်လိုမချိန်းအချက်လုပ်ကြတယ် မသိဘူး”

ခိုင်က ခေါင်းခါပြီး လက်နှစ်ဘက်ဖြင့် ဆံပင်များကို ဖွပစ်နေသည်။

ဒေါ်စမ်းနု၏ မျက်လုံးများမှာ အပြင်သို့ ပြူးတွက်လာသည်ဟုပင် ထင်လိုက်ရသည်။ လက်မှာလည်း တဆတ်ဆတ်တုန်နေသည်။

ဖခင် ဦးညွန့်မောင်ကတော့ ခေါင်းတညိတ်ညိတ်ဖြင့်....

“အေး....အေး၊ ငါ့သမီးကို ဖေဖေပြောမယ်၊ နားထောင်နော်၊ အမေကြီးကလဲ စိတ်မဆိုးနဲ့၊ စိတ်မတိုနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သမီးယူထားတာက လွတ်လပ်သူမဟုတ်ဘူးလေ၊ အခု သမီး ဘယ်လိုခံစားနေရသလဲ၊ အဲဒီလိုပဲ ဟိုဘက်က မိန်းကလေးမှာလဲ ခံစားခဲ့ရမှာပဲ၊ ဟိုက ပိုဆိုးတာပေါ့ကွယ်၊ သားနဲ့သမီးနဲ့ မဟုတ်လား၊ မောင်ခိုင် ဒီကိုရောက်လာတာ ဆယ်နှစ်ကျော်ပြီ၊ ထွက်လာကာစတုန်းကဆို ဒီကလေးတွေ ဘာရှိဦးမလဲ၊ သုံးလေးနှစ်ရှိဦးမှာပေါ့....



ငါ့သမီးနဲ့တွေ့လို့ ဒီကလေးတွေကိုပစ်ပြီး လာခဲ့တာပါ၊ သမီးနဲ့သာမတွေ့ရင် ဒီကလေးတွေသံယောဇဉ်နဲ့ပဲ သူတို့ချင်း ပြန်ပြီးပေါင်းသင်းဖြစ်ကြမှာပဲ၊ ဟိုတစ်ချိန်က ဖေဖေ ဘာလို့ ဒီစကားကိုမပြောခဲ့လဲဆိုတော့ မောင်ခိုင်ကိုယ်တိုင်က ပြန်သွားခိုင်းလို့မှ မရတဲ့ကိုကွယ်၊ အခုတော့ သူ့သား၊ သူ့သမီး၊ သူ့ဇနီးနဲ့ ပြန်ကြည်ကြည်လင်လင်ဖြစ်နေမှ”

“မဟုတ်ဘူးအဖေ....မဟုတ်ဘူး၊ ဒါ ကျွန်တော်ကိုယ်တိုင် ရိုက်တဲ့ဓာတ်ပုံ မဟုတ်ဘူး”

“ဟော....အဖေးဟေး....မောင်ခိုင်ရယ်၊ မင်းကလဲ လက်ပူးလက်ကြပ်တွေ့နေမှကွယ်၊ သမီးကလဲ ရှုပ်ရှုပ်ယှက်ယှက်မကြိုက်ဘူး ပြောနေပြီ၊ ဒီကိစ္စကြောင့် ခဏခဏရန်ဖြစ်နေကြတာလဲ မကောင်းဘူး၊ ဒီတော့ မင်း ကျေနပ်ပါကွယ်၊ အဖေတို့ မင်းကို ကြည်ဖြူခဲ့တုန်းက လူပျိုမဟုတ်ဘူးဆိုတာလဲ သိပေမယ့် ဘာမှမပြောခဲ့ဘူး၊ အခုလို ရှုပ်ရှုပ်ယှက်ယှက်ဆိုတော့ သမီးလဲ ဘယ်စိတ်ချမ်းသာပါ့မလဲ၊ ခွဲခွာစတော့ ခဏ ဝေဒနာရှိမှာပေါ့ကွယ်၊ ကြာတော့လဲ မေ့ပျောက်မသွားသည့်တိုင် ခံသာလာမှာပါ”

ခိုင်က ဇနီးဖြစ်သူကို လှမ်းကြည့်သည်။

စန္ဒီက တသိမ့်သိမ့်ရှိုက်ငိုဆဲ....

ဒေါ်စမ်းနုက အသံမာမာဖြင့်....

“မိရွှေစံ၊ ညည်း အခုမှငိုပြမနေနဲ့၊ အစကတည်းက ညည်းမပြတ်နိုင်ရင် လူသိအောင် ဇာတ်စုံမခင်းနဲ့ပေါ့၊ မေမေ ပြတ်ပြတ်ပဲပြောမယ်အေ၊ မေမေတို့ အသက်ကြီးပြီ၊ ညည်း

မျက်ရည်မျက်ခွက်နဲ့ ရှာကျွေးတာလဲ မစားချင်ဘူး၊ ဒီတော့ ညည်းမပြတ်နိုင်ရင် လိုက်သွား၊ ညည်းတို့စီးပွားတွေလဲ အကုန်ယူသွား၊ ငါတို့မှာ ခြံနဲ့အိမ်ရှိတယ်၊ သန့်ဇင်တို့ပေးတဲ့ငွေနဲ့ စားမယ်”

ယောက္ခမအထီးရော အမရောက အပြတ်ပြောနေပြီ။

ခိုင် ခေါင်းငုံ့နေရပြီ။

တစ်ခုတော့ စဉ်းစားမိသည်။ ဓာတ်ပုံများသည် ဘယ်လို မိမိအိတ်ကတ်ထဲ ရောက်လာသနည်း။ မိမိအင်္ကျီချွတ်စဉ်က အိတ်ကတ်ထဲမှ ဖောင်တိန်များဖြုတ်ယူစဉ်က ဘာမျှမရှိ၊ ဘာမျှမကျန်၊

ဘယ်သူ လာထည့်သနည်း။

သိင်္ဂီနှင့်ဒန္တီ အတွဲများသည်။ အတူအပြင်ထွက်တာ များသည်။ သူတို့နှစ်ယောက် တစ်ယောက်ယောက်ဖြစ်မည်။

မော်စီနှင့် နော်မာဆိုသည့် နာမည်ကို ကြားကတည်းက ခိုင် ရင်ခုန်နေခဲ့သည်။ မိမိသားနှင့် သမီးများ ဖြစ်မလားဟု တွေးမိခဲ့သည်။ ယခုတလော ကောင်လေးတစ်ယောက် မိမိကို နောက်ယောင်ခံနေသည်ဟု ထင်ခဲ့သည်၊ ယခု ဓာတ်ပုံထဲက ကောင်လေးကို အိမ်ရှေ့နားတွင် တွေ့တာများသဖြင့် သံသယဖြစ်မိတာ အမှန်။ ဒန္တီ့ကို လာပိုးသည်ဟုသာ ထင်ခဲ့သည်။ ယခုတော့....

စန္ဒီက အန်တီမာ့ကို ဖက်၍ ငိုသည်။

“စန္ဒီ ဘာလုပ်ရမလဲဟင် အန်တီမာ”

ဒေါ်ခင်မာက သက်ပြင်းချလျက်....



“ဒီလိုလုပ်လေ၊ အန်တီမာတို့နဲ့အတူ မန္တလေးကို ခဏလောက် လိုက်နေလိုက်၊ ဒါဆို စိတ်ပြောင်း လူပြောင်းလေး ဖြစ်သွားမယ် မဟုတ်လား”

ဒန္တီက မျက်လုံးအပြူးအားလေးဖြင့် ကြည့်နေသည်။

မိမိကိုရော ခေါ်သွားမှာလားဟု စိုးရိမ်နေသည်။

“အန်တီမာ့ အလုပ်ကိစ္စတွေ ပြီးအောင် လုပ်ပါလေ”

“ဘာအလုပ်ကိစ္စမှ မရှိဘူး၊ ဟောဒီ မိဒန္တီကို စိတ်မချလို့ လိုက်လာတာ”

စန္ဒီက မျက်ရည်ဝဲသော မျက်လုံးအစုံဖြင့် ဒန္တီ့ကို လှမ်းကြည့်ပြီး....

“ဒန္တီ့ကို ဘာလို့ စိတ်မချရဘာလဲဟင်”

“သတင်းကြားတယ်လေကွယ်၊ သင်္ကြန်တုန်းက အတူလည်တဲ့ကောင်လေးနဲ့ ရည်းစားဖြစ်နေတာ၊ ကောင်လေးက ပေါ့ပျက်ပျက်နဲ့တဲ့၊ တစ်ခါပဲ ချိန်းတွေ့ရသေးတယ် သမီးကို မြင်မကောင်းအောင် လုပ်လွှတ်လိုက်တယ်လေ”

ထိုစကားများကြောင့် ဒန္တီနှင့် စန္ဒီ မျက်လုံးချင်း ဆုံသွားကြသည်။

“အန်တီမာ့ကို ဘယ်သူပြောလဲ”

“ပြောတဲ့လူ ရှိတာပေါ့ကွယ်၊ ကိုယ့်သမီး စိတ်ချမ်းသာအောင်ဆိုပြီး အဝေးမှာ ပို့ထားပေမယ့် အန်တီမာတို့ လက်လွှတ်စပယ် မထားပါဘူး၊ သမီးက ငယ်သေးတဲ့အရွယ်ဆိုတော့ စိတ်ကစားမှာ၊ မသူတော်နဲ့တွေ့မှာ ကြောက်တယ်လေ၊

ဒါကြောင့် ကားရော ဒရိုင်ဘာရော ပို့ထားတာပေါ့၊ ကိုညို ဟာ အန်တီမာတို့ရဲ့ လူယုံပါ"

"ဟင်"

ဒန္တီ ယခုမှ ဦးလေးညိုတိုင်မှန်း သိတော့သည်။ မမစန္ဒီကို အတင်လွဲခဲ့သည်မှာ ယခုတော့ လွန်ကုန်ပြီ။

"ခေါ်သွား....ခေါ်သွား၊ သွားမယ်ဆို အခုပဲ သွားကြ စန္ဒီ၊ ဒီမှာရှိနေရင် ဟိုကောင်က အတင်းကပ်နေမှာ၊ စန္ဒီက စိတ်မပျော်တယ်"

ဒေါ်စမ်းနုက ကားဖြင့် ချက်ချင်း ခရီးထွက်ခိုင်းသည်။

"အဝတ်တွေ သွားထည့်လိုက်ဦးမယ်"

"အမယ်လေး ထည့်မနေပါနဲ့တော့၊ နောက်မှ ပို့ပေး လိုက်မပါ့မယ်၊ လောလောဆယ် ဒန္တီ့ဟာတွေ ယူဝတ်ပေါ့၊ ခေါ်သွား...ခေါ်သွား၊ နှစ်ယောက်လုံး ခေါ်သွား"

ဒေါ်စမ်းနုက နှင်နေပြီဖြစ်၍ ခင်မာတို့သားအမိ အဝတ်တွေ ထည့်နေရပြီ။ စန္ဒီက မျက်ရည်ကျနေသည်။

ဒီတစ်ခါတော့ တကယ် ကွဲကြပြီ။

မိမိ ထွက်သွားသည်နှင့် ခိုင်ဤအိမ်မှ အလိုလိုထွက်သွားဖို့ သာ ရှိသည်။

"မာမိ"

"ဘာလဲ"

"သမီးကို ကျောင်းဆက်တက်ခွင့် ပေးပါနော်၊ အမီး မမပြောတဲ့စကားကို နားထောင်ပါ့မယ်"



"အိုး....မာမိက ပြတ်သားတယ် သမီး၊ အလိုလိုက်သင့်ရင် ကမ်းကုန်အောင် လိုက်တယ်၊ ဘူးဆိုရင်လဲ ဖရုံမသီးဘူးကွယ့်၊ သမီးက စိတ်အလို သိပ်လိုက်တာကိုး၊ မတော်တဆ ကား လေးနဲ့ တိုက်မိမလို ဖြစ်ရုံနဲ့ တောင်းပန်လို့မရလောက်အောင် စိတ်မာတတ်ရှိတဲ့လူမျိုးကို သမီးမို့ နောက်က တကောက် ကောက်လိုက်ပြီး မျက်နှာငယ်နဲ့ တောင်းပန်နေတယ်၊ သမီး ငယ်ငယ်လေး ရှိပါသေးတယ်ကွယ်....

နေ့စက်ထပ် လူတွေအများကြီး တွေ့ရဦးမယ်၊ ဆက်ဆံ ရဦးမယ်၊ မာမီတို့က ငယ်ရာက ကြီးလာတဲ့သူတွေကွယ့်၊ စဉ်း စားကြည့်စမ်း၊ တကယ် ချစ်မြတ်နိုးသူဆိုရင် ကိုယ့်ချစ်သူကိုယ် တန်ဖိုးထားတယ်ဆိုရင် ပထမ စတွေ့တဲ့နေ့မှာပဲ စချိန်းတဲ့နေ့ မှာဘဲ တစ်ခါတည်းမြင်မကောင်းအောင် လုပ်လှတ်ပါ့မလား၊ ကဲ...နောက်အခေါက်တွေကျရင် ဘယ်လောက်အထိ သောင်း ကျန်းလာဦးမလဲ၊ ဒီမှာ သမီး၊ မာမီတို့ ဘယ်လိုနေတယ်၊ ဘယ်လိုစားတယ်၊ သမီးကို ဘယ်လိုထားတယ်ဆိုတာ သမီး အသိဆုံးပဲ၊ ကိုယ့်လောက်မှ အဆင့်အတန်းမရှိတဲ့လူကို သမီး ဘာလို့ စဉ်းစားတာလဲ၊ မာမီကို တော်ရုံနဲ့ သဘောမတူဘူး ကွယ်"

ဒန္တီ သည်းမခံနိုင်တော့....

"အို...မော်ဟာ အဆင့်အတန်းမရှိတဲ့လူ မဟုတ်ဘူး မာမီ၊ သူ့အဖေဟာ ဘယ်သူလဲ မာမီ သိလား"

"မသိချင်ဘူး"

''မသိချင်လဲ ဒန္တီကတော့ ပြောရမှာပဲ၊ မော့်ဖေဖေဟာ အခု မမစန္ဒီယူထားတဲ့ ကိုကိုခိုင်ပဲ၊မမစန္ဒီတို့ ချမ်းသာနေတာ၊ မော်ကြွားနေနိုင်တာဟာ မော်စီတို့ပစ္စည်းတွေကို အလွဲသုံးစား လုပ်ထားလို့ပဲ''

ထိုစကားကြောင့် ဒေါ်ခင်မာ၏ မျက်လုံးများမှာ အရောင်တဖိတ်ဖိတ်တောက်လာပြီး....

''ဩော်....ဒီကောင်ဟာ ခိုင့်သား ဟုတ်လား၊ အေး.... မှတ်ထား၊ မယားကြီးရှိလျက်၊ သားသမီးရှိလျက်နဲ့ နောက်မိန်းမယူပြီး သားမေ့ မယားမေ့လုပ်တတ်တဲ့ အကျင့်ရှိတဲ့ လူမျိုးရဲ့သားနဲ့ ပိုတောင်မပေးစားသေးတယ်၊ နားလည်လား၊ သူ့သားလဲ သူ့အဖေသွေးပါမှာပဲ၊ ဒီကောင့်အကြောင်း မပြောစမ်းနဲ့အေ၊ ငါ အကုန်သိတယ်....

ဒီမှာ ကိုညိုကို ငါ အစအဆုံး အကုန်မေးထားပြီးပြီ၊ ဘာမှရှည်မနေနဲ့၊ လုံးဝသဘောမတူဘူး၊ မပေးစားဘူး၊ ပိုက်ဆံမရှိရင်နေ သစ္စာရှိဖို့လိုတယ်၊ မြိတ်မြိတ်နိုးနိုး ကြင်ကြင်နာနာ ရှိဖို့လိုတယ်၊ ညည်းအကောင် ညည်းကို တကယ်ချစ်တယ်ထင်သလား၊ ငါ ကောင်းကောင်းစဉ်းစားမိပြီ၊ ညည်းကို ချစ်ဟန်ဆောင်ပြီး သူ့အဖေနဲ့ အဆက်အသွယ်ရအောင် လုပ်နေတာ နားလည်လား....

အခု စန္ဒီနဲ့ခိုင်တို့ပြဿနာဖြစ်တာလဲ ညည်းကြောင့်ပဲမဟုတ်လား၊ မနေ့က ညည်း ပြူးရိုဆိုသွားတုန်းက ဓာတ်ပုံတွေ ယူလာတာမဟုတ်လား''

ဒန္တီ ပါးစပ်ပိတ်နေပြီ။



စန္ဒီကတော့ အပြင်မှာ ပါးစပ်ဟောင်းလောင်းလေးဖြင့် နားထောင်နေရှာသည်။

''ညည်းကိုကြိုက်ချင်ယောင်ဆောင်ပြီး ခိုင်းနေတာ အမိရဲ့၊ ကိုယ့်အပေါ် ညီမအရင်းလိုချစ်တဲ့ စန္ဒီကိုလဲ နင်မညှာဘူး၊ တစ်ချိန်လုံး ဒီအိမ်မှာ လာစားသောက်နေပြီး ဒီအိမ်ကလူတွေ ဒုက္ခရောက်အောင် လုပ်ရသသား ဒန္တီရယ်၊ မာမီတော့ သိပ်ဝမ်းနည်းတယ်''

စန္ဒီ သိပါပြီ။

ဟိုတစ်ခါ သကြံန်ရေပက်ခံထွက်တုန်းက အင်းလျားကန်ထဲတွင် ခြေထောက်နှစ်ဘက်ကိုလက်နှစ်ဘက်ဖြင့် ဆောင့်ဆွဲခြင်း ခံခဲ့ရသည်။ ရေထဲတွင် နှစ်၍အသေသတ်ခြင်း ဖြစ်မည်။

''ဘုရား....ဘုရား''

စန္ဒီ ရင်ဝကို လက်ဖြင့်ဖိရင်း မျက်လုံးကို စုံမှိတ်ထားမိသည်။

လပိုင်းလေးအတွင်းတွင် မိမိကို မော်စီစိတ်ဒုက္ခပေးခဲ့သည့် အကြိမ်မှာ မနည်းတော့။

ရေထဲတွင် နှစ်သတ်သည်။

ခိုင့်ကို မကောင်းသည့်မိန်းမတစ်ယောက်နှင့် ဓာတ်ပုံထဲမှာ အကြံအဖန်တွဲပေးပြီး စန္ဒီ့ထံပို့ပေးသဖြင့် စန္ဒီတို့လင်မယားပြဿနာတက်ခဲ့ကြသည်။

နောက်တစ်ခါ စန္ဒီ့ထံ မောင်မောင်ဆိုပြီး ဖုန်းဆက်သည်။

ယခု ဓာတ်ပုံတွေ ပို့ပြန်ပြီ။

နောက် ဘာတွေလုပ်ဦးမည်မသိ။ သူတို့၏ဖခင်ကို မိမိနှင့်အဘင်းခွဲနေကြပြီ၊ မိမိအသက်ကိုပင် ရန်ရှာနေကြပြီ။

"စန္ဒီရေ...သွားတို့ပေ"

"ဟုတ်ကဲ့...အန်တီမာ"

ကားပေါ်တက်ထိုင်လိုက်ချိန်တွင် စန္ဒီ့ရင်ထဲဝယ် အောင့်ခနဲဖြစ်သွားသလို လူတစ်ကိုယ်လုံး ပျော့ခွေ၍နေသည်။

ခြံပြင်အရောက် အိမ်ပေါ်ထပ်ကို လှမ်းကြည့်မိသည်၊

ခိုင်က လေသာဆောင်မှ ရပ်၍ကြည့်နေသည်။

စန္ဒီ့ မျက်လုံးအိမ်ထဲမှ ပြည့်လျှံနေသော မျက်ရည်များကြောင့် အမြင်သည် ဝိုးဝါး၍နေပြီ။

ဒန္ဒီ့ရင်ထဲမှာလည်း လွမ်းနေပါသည်၊

သို့သော် မမစန္ဒီထက်စာလျှင် မိမိဝေဒနာက ဖြေသာပါသည်။

မိမိတို့က ယခုနှစ်ပိုင်းအတွင်းကမှ စတွေ့ပြီး ရည်းစားသက်တမ်း ဘာမှမရှိသေး။

မမစန္ဒီတို့က ငယ်ကကျွမ်းသည့် ငယ်ကျွမ်းချစ်သူတွေ။

ချစ်လွန်း၍ အပြစ်မမြင်နိုင်တဲ့ ပေါင်းသင်းခဲ့သူတွေ။

(၁၀) နှစ်ကျော် ပေါင်းသင်းခဲ့ပြီးမှ ယခုလို ဇပြီးအပိုင်ခွဲခွာရလေသောအခါ အသည်းကြွေမတတ် ခံစားရပေမည်။

မမစန္ဒီကိုကြည့်ပြီး ဖြေသာတယ်ဆိုပေမယ့် ရင်ထဲမှာ သိပ်တော့မသက်သာလှပါ၊

* * *

အခန်း (၃၀)

---

စန္ဒီ့ဘက်က ပြတ်ပြတ်သားသား ဆုံးဖြတ်သွားပြီ ဖြစ်သလို စန္ဒီ့မိသားစုကလည်း တစ်ယောက်မှစကားလာမပြောကြ၊ မျက်နှာမပြကြသဖြင့် ကျော်ထွန်းခိုင် အိမ်ပေါ်ကဆင်းဖို့ ပြင်ရတော့သည်။

"အဖေနဲ့အမေကို ကျွန်တော် ကန်တော့ခဲ့ပါတယ်၊ အခုလိုဖြစ်ရတဲ့ကိစ္စမှာ ကျွန်တော်ဖောက်ပြားလို့၊ သစ္စာဖောက်လို့ မဟုတ်ဘူးဆိုတာ ကျိန်တွယ်ပြောဆိုပါတယ်၊ ဒါပေမယ့် စန္ဒီကိုယ်တိုင်က ကျွန်တော့်ကို လက်မခံချင်မှတော့ ကျွန်တော်ပြန်ရုံရှိပါတယ်။ စန္ဒီဟာ ကျွန်တော့် ဇနီးတစ်ယောက်အနေနဲ့ နှစ်ပေါင်းများစွာ သစ္စာရှိရှိ ပေါင်းသင်းခဲ့တဲ့အတွက် ကျွန်တော် သူ့ကိုတစ်သက်တာ စားဝတ်နေရေးပြေလည်အောင် စီမံပေးသွားပါတယ်၊ လုပ်လက်စလုပ်ငန်းတွေကို ဒီအတိုင်း

ဆက်လုပ်သွားပါလို့ ပြောပေးပါ၊ ကျွန်တော် သားနဲ့သမီးကို ရင်းနှီးရှာဖွေပေးဖို့ ငွေသားနဲ့အတွင်းပစ္စည်း နည်းနည်းပါးပါး ယူသွားပါတယ်''

''ယူသွားပါကွယ်၊ ကြိုက်သလောက်ယူသွားပါ၊ ပစ္စည်းအဓိက မဟုတ်ပါဘူး''

တစ်ချိန်က ငွေစကားပြောလွန်းသော ဒေါ်စမ်းနုသည် ယခုမူနောက်ပိုင်း မေတ္တာကိုသာ တန်ဖိုးထားနေပြီ။

''ကျွန်တော် ကန်တော့ခဲ့ပါတယ် အဖေနဲ့အမေ''

''အေးကွယ်၊ ဘယ်လိုပဲ မေတ္တာစေတနာ ရှိကြပေမယ့် ဖူးစာရှိမှ ကြုံရဆုံရတာကလား၊ ဒီကပြန်ရင် မင်းတို့မိသားစုတွေ တစ်သက်လုံး စုစုစည်းစည်းနဲ့ ချမ်းမြေ့ပျော်ရွှင်ကြပါစေလို့ အဖေတို့ အမေတို့ ဆုတောင်းပေးလိုက်ပါတယ်ကွယ်''

မိမိ ဤအိမ်ပေါ်ကိုတက်လာစဉ်က ဖော်ဖော်ရွှေရွှေလက်ခံခဲ့သော ယောက္ခမများသည် ယခုလည်း ဖော့်ဖော်ရွှေရွှေပင် နှုတ်ဆက်ကြပါသည်။

ကျော်ထွန်းခိုင် သားရေအိတ်နှစ်လုံးကို တစ်ဘက်ကလွယ် တစ်ဘက်က သယ်ရင်း ခြံထဲရောက်လာခဲ့သည်။

ပိတောက်ပင်အောက် ရောက်သောအခါ ခြေလှမ်းများက ရပ်တန့်သွားသည်။

စန္ဒီတစ်ယောက် ပိတောက်တွေပွင့်ချိန်ကျလျှင် မိမိကို လွမ်းလေမလား၊ နာကြည်းလေမလား။ မိမိကတော့ သူမကို မမေ့ပေါင်းသင်းရတော့သည့်တိုင် နာကြည်းခြင်း၊ မုန်းခြင်းမရှိပါ။



ခြံဝမှနေ၍ မိမိနှလုံးသားပိုင်ရှင် စံမြန်းသည့် အိမ်ကြီးဆီသို့ လှမ်းမျှော်ကြည့်မိသည်။

ဩော်....သည်တစ်ခါတော့ သည်နေရာက အပြီးအပိုင်ခွဲခွာရပေပြီ။

ကားတစ်စီးထိုးရပ်လာသဖြင့် မော့ကြည့်မိသည်။

''ဖေဖေ''

နော်မာက ပြေးဆင်းလာပြီး ဖခင်ကို မျက်ရည်ဝိုင်းသော မျက်လုံးများဖြင့် မရဲတရဲလေး ပြုံးပြသည်။

မော်စီက ခပ်တည်တည်စိုက်ကြည့်နေသည်၊ သူ့နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်၊ သူ့မျက်လုံးများက အရောင်ဘဖိတ်ဖိတ်လက်နေသည်။

''ဖေဖေပြန်လိုက်ခဲ့ပါနော်၊ ဖေဖေပစ်သွားလို့ မေမေ့ခမျာ သမီးတို့ကို ဒီအရွယ်ရောက်တဲ့အထိ ရှာဖွေကျွေးခဲ့ရတာ ပင်ပန်းနေရှာပါပြီ၊ မေမေ့ကိုမချစ်သည့်တိုင် ဖေဖေနဲ့ရခဲ့တဲ့ သမီးတို့ကိုတော့ ဖေဖေ ချစ်သင့်ပါတယ်၊ မေမေဟာလဲ ဘွဲ့ရပညာတတ်တစ်ယောက်ပါ ဖေဖေ၊ ရုပ်လဲ ချောပါတယ်၊ ဖေဖေပစ်သွားပြီးတဲ့နောက်ပိုင်း မေမေနောက်အိမ်ထောင်ပြုရင်ရလျက်နဲ့ သမီးတို့ မောင်နှမကိုရော ဖေဖေ့မျက်နှာကိုပါ ထောက်ပြီး မပြုခဲ့ပါဘူး''

နော်မာသည် မိမိမျက်နှာ ချွတ်စွတ်တူသလို မော်စီသည် သူ့အမေနှင့် အလွန်တူသူဖြစ်သည်။

''ဖေဖေ ဒီအိမ်က အပြီးထွက်လာတာ မဟုတ်လားဟင်''

ဦးကျော်ထွန်းခိုင် ခေါင်းညိတ်မိသည်။

"ဒါဆို သမီးတို့နဲ့လိုက်ခဲ့ပါနော်၊ မေမေလဲ အထည်လာဝယ်ရင်းနဲ့ အဆောင်မှာရောက်နေတယ်၊ မေမေသာသိရင် အရမ်းဝမ်းသာမှာပဲ ဖေဖေရယ်၊ အဟင်း....ဟင်း၊ နော်မာ့ ဘဝ်သက်မှာ ဒီနေ့ဟာ အပျော်ဆုံးနေ့ပဲ"

နော်မာကပြောရင်း မျက်ရည်တွေကျသည်။ ထို့နောက် ဖခင်ဖြစ်သူ၏လက်ထဲမှ ပစ္စည်းများကို ကားပေါ်ထိုးတင်ပြီး ဖခင်ကိုလည်း ကားပေါ် အတင်းတက်ခိုင်းသည်။

မော်စီက အိမ်ကြီးဘက် လှည့်ကြည့်နေသည်။

သားဖြစ်သူ ဘာကြောင့်ကြည့်သနည်းဆိုတာ သိပါသည်။

ဒန္တီတစ်ယောက် မန္တလေးပါသွားပြီဆိုတာ သူသိလျှင် အဘယ်သို့ ရှိမည်နည်း။

သားသမီးများ၏ကားပေါ် တက်ထိုင်စဉ်တွင် စန္ဒီတို့ခြံထဲ ကားတစ်စီး ကွေ့ဝင်နေကြောင်းတွေ့ရသဖြင့် ဦးကျော်ထွန်းခိုင် လှမ်းကြည့်မိသည်။

ယောက်ဖဖြစ်သူ သန့်ဇင်ကိုမြင်ရသဖြင့် အံ့ဩသွားသည်။ ကားပေါ်မှဆင်းပြီး နှုတ်ဆက်ဖို့ဟန်ပြင်နေသော ဖခင်အား နော်မာက....

"ဖေဖေ ပြန်လာပါနော်"

"ခဏစကားပြောမလို့ပါ သမီး၊ ခဏလေးပါ"

ဖခင်ဖြစ်သူက သမီးဟုခေါ်လိုက်သဖြင့် နော်မာ ကျေနပ်သွားသည်။ အစ်ကိုဖြစ်သူကို ဝမ်းသာအားရလေး လှမ်းကြည့်မိသည်။

မော်စီက ဖခင်ကို ခပ်တည်တည်ကြည့်နေသည်။



"ဟေ့....ကိုခိုင်၊ ဘယ်တုံးဗျ"

သန့်ဇင်က လှမ်းမေးခြင်းဖြစ်သည်။ ကျော်ထွန်းခိုင်က ထိုမေးခွန်းကိုမဖြေဘဲ....

"ကိုသန့်၊ ဘာပြန်လာလုပ်တာလဲ၊ အပြီးပြန်လာတာလား"

"မဟုတ်ဘူး ကိုကိုခိုင်၊ တစ်ပတ်လောက်ပဲနေနိုင်မယ်"

"ဪ....ဪ၊ ကိုယ် အပြင်သွားလိုက်ဦးမယ်"

"ကောင်းပြီ၊ ကိုခိုင့်အတွက် လက်ဆောင်ပါလာသေးတယ်"

ကျော်ထွန်းခိုင်က မချိပြုံးဖြင့် ခေါင်းညိတ်ပြပြီး စိုးရိမ်တကြီးလေး ကြည့်နေရှာသော သမီးဖြစ်သူထံ ပြန်လျှောက်ခဲ့သည်။

နော်မာ ယခုမှ သက်ပြင်းချနိုင်တော့သည်။

* * *

"ဟယ်....ကိုသန့်"

အပေါက်ဝတွင် မားမားကြီးရပ်နေသော သန့်ဇင်ကို မြင်လိုက်ရသဖြင့် သရဲသဘက်ကို တွေ့လိုက်ရသလို ဒေါ်ခင်မာက ထအော်သည်။

ထိုအသံကြောင့် ဧည့်ခန်းဆောင်ရှိရာ ဆိုဖာပေါ်တွင် ခွေ

ခွေလေးအိပ်ရင်း မှိုဒီယိုကြည့်နေသော စန္ဒီက အူယားဖားယားထလာပြီး.....

"ဟယ်....ဟုတ်ပါရဲ့၊ ကိုသန့်....နင် ပြန်လာတယ် ဟုတ်လား"

အိပ်ခန်းထဲတွင် မော်စီကိုလွမ်းရင်း မျက်ရည်ဝဲနေသော ဒန္တီလည်း ထိုအသံများကြောင့် လိုက်ကာကြားမှ ချောင်းကြည့်မိသည်။

"အို....ချောလိုက်တာ၊ သူ့အရပ်က အမြင့်ကြီး၊ အသားကလဲ ဖြူနုနေတာပဲ"

သားသားနားနားကြီးနှင့် ချောမောသော သန့်ဇင်က ဧည့်ခန်းထဲမှ ဓာတ်ပုံများကို လျှောက်ကြည့်ရင်း....

"ဒန္တီရော"

ထိုမေးသံကြောင့် ဒန္တီ ရင်တွေခုန်သွားသည်။

မှန်ရှေ့ကိုပြေးပြီး သပ်သပ်ရပ်ရပ် ပြင်ဆင်မိသည်။

"ဒန္တီရေ....သမီးရေ၊ ခဏဟေ့"

ဒန္တီ ရင်တွေတအားခုန်နေရင်းက ယွက်ခဲ့ရသည်။

သန့်ဇင်က ဒန္တီကို ညီညာသော သွားဖြူဖြူများ လှစ်ဟရင်း ရယ်ပြသည်။ ချောမွတ်ပြောင်ဝင်းနေသော ကိုသန့်၏ ပါးပြင်တစ်ဘက်တွင် ကြုံကြုံဖန်ဖန် ပါးချိုင့်တစ်ဘက်က ခပ်နက်နက်ကလေး ပေါ်နေသေးသည်။

ကိုသန့်၏ဆံပင်မှာ ပုံမသွင်းထားပါ။ နက်မှောင်ပြောင်လက်ပြီး နောက်ဘက်သို့ လှန်တင်ထားသည်။



"ဘာလဲကွ၊ ကပ္ပလီကြီးချောလာလို့ အံ့သြနေလား၊ နိုင်ငံခြားမှာ ပလတ်စတစ် ဆာဂျရီ လုပ်လာခဲ့ပြီလေကွာ"

ကိုသန့်က လှမ်းစသဖြင့် ဒန္တီ ပြုံးမိသည်။

"ကျွန်တော် တစ်ပတ်ပဲ နေခွင့်ရတယ်၊ ရန်ကုန်မှာပဲ ရှိနေကြမယ်ထင်တာ၊ မမစံတို့ ဒီကိုရောက်နေကြလို့ လိုက်ခဲ့ရတာ၊ မသက်သာဘူး"

"ဖုန်းဆက်လိုက်ပါလား မောင်လေးရယ်၊ မမတို့ လာခဲ့မှာပေါ့"

ပြောသာပြောရသည်။ ရန်ကုန်ကို မပြန်ချင်သေး။

"တမင် အံ့သြသွားအောင် မဆက်ဘဲသားတာ၊ ကဲ....ရော့၊ မမတို့ဖို့လက်ဆောင်တွေ"

ဒန္တီ့အတွက် အလှပြင်ပစ္စည်းနှင့် နာရီလေးတစ်လုံး။

ဒန္တီ့ မျက်လုံးလေးများ အရောင်တဖျပ်ဖျပ် လက်နေသည်။

သမီးဖြစ်သူ၏ ပုံစံကိုကြည့်ပြီး ဒေါ်ခင်မာ ပြုံးသည်။

သမီး၏ချစ်ဝေဒနာသည် နုပါသေးသည်။

အစားထိုးစရာရလျှင် ခေတ္တ သူနှင့် ပျောက်သွားနိုင်ပါသည်။

"နက်ဖြန် ရန်ကုန်ပြန်မယ်၊ မမစံတို့ လိုက်ခဲ့ကြလေ"

စန္ဒီက ဒေါ်ခင်မာကို လှမ်းကြည့်သည်။

ဒေါ်ခင်မာက ပြုံးလျက်....

"ကိုသန့်ရေ....မင်းအစ်မကိုရော၊ မင်းနှမကိုရော ရန်ကုန်ပြန်လွှတ်ရမှာ ကြောက်နေပြီကွယ်"

"မမစံအကြောင်းတော့ သိပြီးပါပြီ၊ ဒေါ်ဒန္တီက ဘာဖြစ်လို့လဲ"

"သူကလဲ ရည်းစားနဲ့"

ထိုစကားကြောင့် ဒန္တီ့မျက်နှာကို သန့်ဇင်က လှမ်းကြည့်သည်။

ဒန္တီက မျက်လုံးလေးစွေကြည့်ပြီး ခေါင်းငုံ့သွားသည်။

"ဒါကတော့အန်တီမာရာ၊ သူတို့အရွယ်က စိတ်ကစားတဲ့အရွယ်ကိုး၊ ဒီလောက်တော့ရှိမှာပေါ့"

"ကိုသန့်ကရော ဒီအရွယ်ရောက်နေမှတော့ တွေ့နေပြီပေါ့...ဟုတ်လား"

ဒေါ်ခင်မာ၏အမေးကို ကိုသန့်က ပြုံးလျက်....

"မေမေကတော့ ပြောလွှတ်လိုက်တယ်၊ ဒီကိုပြန်ရောက်လာတုန်း တစ်ခါတည်း ယူချင်ယူသွား၊ စေ့စပ်ချင်စေ့စပ်သွားတဲ့"

"ဟော...မမနုက မင်းအတွက် ရှာပြီးထားပြီထင်တယ်"

"မပြောတတ်ပါဘူး.... အန်တီမာရာ၊ ကဲ....ကျွန်တော်ဘုရားကြီး သွားဖူးလိုက်ဦးမယ်"

"မမစံတို့လဲ လိုက်မှာပေါ့"

မောင်ငယ်ပြန်ရောက်လာသဖြင့် စန္ဒီ့ အလွမ်းဝေဒနာ သက်သာနေသည်။ ညဘက် ရန်ကုန်ကို ဖုန်းဆက်ကြသည်။

"အမေ...သမီးလဲ ပြန်လိုက်လာခဲ့မယ်"

"ပြန်လာပေါ့ သမီးရယ်၊ တစ်သက်လုံး သူများအိမ်မှာနေလို့ ဖြစ်တာမှ မဟုတ်ဘဲ၊ သမီးတို့ သွားလိုက်လာလိုက်နဲ့ ပင်ပန်းနေပါ့မယ်"



"ရပါတယ် မေမေရယ်၊ မောင်လေးတောင် ရေခြားမြေခြားက ပြန်လာပြီး သမီးတို့ဆီ လိုက်လာသေးတာ"

"သမီးရေ....မေမေ ခင်မာနဲ့ စကားပြောချင်တယ်"

"ဟုတ်ကဲ့ မေမေ"

တယ်လီဖုန်းခွက်ကို ကိုင်ရင်း ဒေါ်ခင်မာက ပြုံး၍ ဟုတ်ကဲ့ပြီးရင်း ဟုတ်ကဲ့နေ၏။

ဖုန်းချပြီးနောက်....

"မနုကတော့ သူ့သားကို မိန်းမရှာပေးပါလို့ ပူဆာနေပြီဟေ့၊ မာမီကလဲ ငါ့သမီးလေးကို မောင်သန့်နဲ့ သဘောတူနေတာနဲ့ အတော်ပဲ"

ထိုစကားကြောင့် ဒန္တီ မျက်နှာလေး နီရဲတွတ်သွားပြီး အိမ်ထဲဝင်ပြေးတော့သည်။

သန့်ဇင်က ဒန္တီကြားအောင် အော်ပြောသည်။

"အန်တီမာရေ၊ ဒန္တီ သဘောမတူဘဲနဲ့တော့ အတင်းမစီစဉ်နဲ့ဗျ၊ ကျွန်တော်က သူချစ်ကိုယ်ချစ်မှ ကြိုက်တာ၊ ကျွန်တော့်ကို ပြန်ချစ်မယ်ဆိုရင် စေ့စပ်သွားပြီး နိုင်ငံခြားကိုခေါ်ပြီး ဟိုမှာ လက်ထပ်မှာ"

ထိုစကားကြောင့် ဒန္တီ မျက်လုံးလေး ပြူးသွားသည်။ ပျော်သလိုလို ရန်ခုန်သလိုလိုကြီး ဖြစ်နေသည်။

"ကိုကိုသန့်လိုလူကို ဒန္တီက ဘာလို့ မချစ်ရမှာလဲ၊ ဘာလို့ မယူရမှာလဲ"

တိုအတွေးဖြင့် မြူးစိစိလေး ဖြစ်နေသည်။

"ဒဂ္ဂီရေ...."

"ရှင် မာမီ"

"နက်ဖြန် စန္ဒီတို့ ပြန်ရင် လိုက်မှာလား"

"မာမီပဲ ရန်ကုန်မှာ စိတ်မချဘူးဆို"

"စိတ်ချရအောင် တစ်ခါတည်း သတင်းစာထဲ ကြေညာမှာပေါ့အေ"

ဒဂ္ဂီ စိတ်ကလေး အခဝေးရောက်သွားသည်။

မိမိကို ချစ်ဟန်ဆောင်ပြီး သူ့ဖခင်ကို မစေ့ရင်ခွင်ထဲမှ အတင်းဆွဲခေါ်ထုတ်သွားသူ မော်စီ့ကို စိတ်နာမိသည်။

"ဒဂ္ဂီ"

"ရှင်....မာမီ"

"ဘာလုပ်နေတာလဲ၊ ငါမေးနေတာ ဖြေလေ"

"ဘာကိုလဲ မာမီ"

"ညည်းကို ခေါ်နေတယ်"

စန္ဒီ ပြန်ထွက်ခဲ့သည်။ မျက်လွှာချပြီး ရပ်နေမိသည်။

"ထိုင်လေ ဒဂ္ဂီ"

အရုပ်ကလေးတစ်ရုပ်လို ဒဂ္ဂီ အမိန့်အတိုင်း ထိုင်ချလိုက်သည်။

"ရန်ကုန်လိုက်မှာလား ဒဂ္ဂီ"

ဒဂ္ဂီ ခေါင်းညိတ်သည်။ ရှက်ပြီးတော့ မျက်နှာကို အတင်းငုံ့ထားသည်။

"စေ့စပ်တာကိုရော ရင်ထဲက လက်ခံမှာလား"



ဒဂ္ဂီ သူ့မာမီကို တစ်ချက်ကြည့်ပြီး ခေါင်းညိတ်သည်။

"နိုင်ငံခြားကိုရော လိုက်မှာလား"

"ဟာ....ကိုကိုသန့်ကလဲ၊ တမင်သက်သက် သူများကို ရှက်အောင် လုပ်နေပြန်ပါပြီ၊ စေ့စပ်မှတော့ လက်ထပ်ကြမှာပေါ့၊ ကဲ....ဟုတ်တယ်"

"ဟား....ဟား....ဟား"

အားလုံး ဝိုင်းရယ်ကြသဖြင့် ဒဂ္ဂီ ရှက်ပြီး သန့်ဇင်ကို ထုပြီးရင်း ထုနေတော့သည်။

* * *

## အခန်း (၄၂)

သန့်ဇင်နှင့် ဒန္တီ၏ စေ့စပ်ကြောင်းလမ်းခြင်း ကြော်ငြာလေး သတင်းစာထဲတွင် ပါသည့်နေ့မှာပင်....

သန့်ဇင် နိုင်ငံခြားပြန်ဖို့ လေယာဉ်ကွင်းဆင်းရသည်၊

ဒန္တီက တရှုပ်ရှုပ်ငိုသည်၊

“ဟော....ဘာဖြစ်လို့ငိုတာတုံး၊ ဟိုမှာ သူများတွေ ဝိုင်းကြည့်နေကြပြီ၊ မရှက်ဘူးလား”

ဒန္တီ့ မျက်ရည်ဥများကို ကြင်နာစွာသုတ်ပေးရင်း ပြောခြင်း ဖြစ်သည်။

“ကိုကိုက ဒန္တီနဲ့ ခွဲရမှာကို မခံစားရပေမယ့် ဒန္တီကတော့ လွမ်းနေမှာ သိလား”



“ဟုတ်ရဲ့လား၊ ကိုကို့မှာက တခြား လွမ်းစရာမရှိဘူးဗျ၊ ဒန္တီက တခြား လွမ်းစရာရှိတာရော”

“အို....ဒန္တီ့ကို မယုံဘူးလား”

“ယုံပါတယ်ဗျာ”

“ဒန္တီကတော့ ကိုကို့ကို စိတ်မချဘူး၊ တော်ကြာ ဟိုမှာ ဘိုမတွေနဲ့ တွဲနေရင်ကော”

“မတွဲပါဘူးကွာ၊ စိတ်ချပါ၊ မကြာခင် ခေါ်လိုက်မှာပါ”

ထိုသို့ပြောရင်း သန့်ဇင်က ဒန္တီ့ပါးနုနုကို နမ်းသည်။

အားလုံး မမြင်ချင်ယောင်ဆောင်နေလိုက်ကြရသည်။

ဒန္တီကလည်းပြန်နမ်းသည်။

ကြော်....ငယ်နုသော ဒန္တီ့ နှလုံးသားသည် အစားထိုးရလွယ်ကူပုံရသည်။

စန္ဒီကတော့ တစ်ယောက်ဆိုတစ်ယောက် စွဲလမ်းတတ်သူဖြစ်၍ ဝေဒနာကို လူမသိအောင် ခံစားနေရပါသည်။

ဖြစ်နိုင်လျှင် ခြံထဲက ပိတောက်ပင်တွေကို ခုတ်လှဲ၍သာ ပစ်ချင်တော့သည်။

ပိတောက်ပွင့်ချိန်ကျလျှင် စန္ဒီ တစ်နေရာရာကို ရှောင်ပြေးရဦးမည်ထင်သည်၊

ဒန္တီကတော့ မော်စီနှင့်တွေ့ခဲ့သည့် ဇာတ်လမ်းကို အိပ်မက်လို သဘောထားပြီး မေ့ပျောက်မစ်ပြီထင်သည်။

“မမစန္ဒီ”

“ဟင်”

"ကျောင်းမှာ မော်စီက အတင်းလိုက်စကားပြောတယ်၊ သူ့နောက်ကို လိုက်ခဲ့လို့လဲခေါ်တယ်"

မော်စီဆိုသည့်နာမည်တောင် စန္ဒီ့အသည်းမှာ ကျင်ခဲနဲ့ ဖြစ်သွားသည်။ ဒန္တီ့အတွက် စိုးရိမ်မကင်းလည်း ဖြစ်သွားသည်။

"ဒန္တီ ဘာပြန်ပြောလိုက်လဲ"

"ဒန္တီ အိမ်ထောင်ပြုတော့မယ်လို့ ပြောလိုက်တယ်၊ သူက လူကြီးတွေ အတင်း စီစဉ်တာလားလို့ မေးတယ်"

"ဒန္တီ ဘာပြန်ပြောလိုက်လဲ"

"ဒန္တီ ကိုယ်ကိုယ်တိုင် စိတ်ဝင်စားတာလို့ ပြောလိုက်တော့ သူက မျက်ထောက်နီကြီးနဲ့ ကြည့်ပြီး လှည့်ထွက်သွားတယ်"

"အင်း....တော်သေးတာပေါ့"

ဒန္တီသည်လည်း သူ့ဇာတ်ကိုသူ ရှင်းနိုင်သူပါပဲ။

မိမိမောင်အပေါ် ဒန္တီတကယ် သစ္စာရှိမရှိ စန္ဒီလိုက်စုံစမ်းသည်။

ဒန္တီက အနေမှန်သလို မော်စီကလည်း ဒန္တီ့ကိုတွေ့သည်နှင့် ချာခနဲ အံကြိတ်၍ လှည့်ထွက်သွားတတ်သည်။

ချစ်သော ဒန္တီ....
ကိုကို အလွမ်းတွေနဲ့စာရေးလိုက်တယ်။
ဒန္တီ ကျောင်းပြန်တက်နေလား။
စိတ်ချပါရစေနော်။
အမြန်ဆုံး ခေါ်ယူနိုင်ဖို့ ကြိုးစားနေတယ်။



မမစန္ဒီအတွက် သတင်းကောင်း ပါးလိုက်စမ်းပါဦး။

ကိုကိုနဲ့ မျိုးလွင် ဟောင်ကောင်မှာတွေ့တယ်လို့။

မမစံနဲ့ ကိုကိုခိုင် ကွာရှင်းလိုက်ပြီ ပြောတော့ မျိုးလွင် ကအားစမ်းသာနေတယ်လို့၊သူ လေးငါးလ လောက်နေရင် ရန်ကုန်ပြန်လာလိမ့်မယ်လို့ ပြောလိုက်စမ်းပါ။

ထိုအကြောင်းကို ပြောပြသောအခါ စန္ဒီ ငေးငေးလေး ဖြစ်သွားသည်၊ သိင်္ဂီက ခပ်ရွှဲ့ရွှဲ့လေး ပြောသည်။

"သူကမှ ယူမယ်ပြောရင် ယူသာယူလိုက်၊ သူ့အမေက မမစံနဲ့ သဘောတူချင်နေတာ၊ မမစံ သူ့သားကို မယူလို့ ဆိုပြီး သူကပါရောင်ိုသေးတာ၊ ဒီတစ်ခါ သဘောတူလို့ ငိုမလား၊ သဘောမတူလို့ ငိုမလားဆိုတာ စောင့်ကြည့်ရအောင်"

သိင်္ဂီ့ မနောက အထင်းပေါ်နေသည်။

စန္ဒီကတော့ ပြုံးနေလိုက်ပါသည်။

နောက်တစ်နေ့ မျိုးလွင်ဆီကစာရောက်လာတော့ အားလုံး အံ့အားသင့်သွားသည်၊ သိင်္ဂီလည်း ပါးစပ်ပိတ်သွားသည်၊

မမစံခေါ် ဒေါ်မာတုစန္ဒီ....
ကျွန်တော် မျိုးလွင်ခေါ် နတ်သျှင်မောင်မောင် စာရေးလိုက်ပါသည်ခင်ဗျား။

ကျွန်တော့်အချစ်ကို ဖွဲ့ဆုတော့ပေးသင့်တယ်လို့ ထင်ပါတယ် မမစံ။

ကျွန်တော် တပေါင်းတန်ခူးလောက်တော့ ပြန်ရောက်မယ်ထင်တယ်။

မမစံကို လက်ထပ်ပြီး ကျွန်တော်အလုပ်ရှိတဲ့ တိုင်းပြည်တွေကို ခေါ်သွားမယ်။

မေမေတို့ဆီကိုလဲ အကြောင်းကြားထားတယ်။

ကျွန်တော်ပြန်လာမယ့်ရက်ကျရင် ထပ်အကြောင်းကြားမယ်။ မမစံလာကြိုပါလားဗျာ။ ကျွန်တော်ဝမ်းသာပါရစေ။

ချစ်တဲ့ မောင်မောင်

မိဘနှစ်ပါးရော၊ ဒန္တီရော ဒေါ်ခင်မာတို့လင်မယားပါ စန္ဒီ့အတွက်ဝမ်းသာကြသည်၊ မျိုးလွင်နှင့် လက်ထင်ဖို့တိုက်တွန်းကြသည်။

စန္ဒီကတော့ ဘာကိုမျှ မစဉ်းစားချင်။

မိမိက အအို....တစ်ခုလပ်။

သူ့အမေက သဘောတူပါမလား။ ပြီးတော့ စန္ဒီတစ်ယောက်ပြီးတစ်ယောက် မယူချင်၊ ရှက်သည်။

"စန္ဒီ ဖုန်းလာတယ်တော့"

"ဟုက်ကဲ့ မေမေ"

ဖုန်းထဲမှ မျိုးလွင်၏မိခင် ဒေါ်ခင်အေးရီ၏အသံကိုကြားရသဖြင့် လန့်သွားသည်။



"စန္ဒီလား"

"ဟုတ်ကဲ့ပါ"

"အခုပြောတာ ဘယ်သူလဲ....သိလား"

"ဟုတ်ကဲ့၊ အန်တီအေးထင်တယ်"

"အသံမှတ်မိသားပဲ"

"ဟုတ်ကဲ့"

"စန္ဒီ့ဆီကို မျိုးဆီက စာလာသေးလား"

"ဟုတ်ကဲ့"

"ဘာတွေရေးထားလဲ"

"သတိရတဲ့အကြောင်းပါပဲ အန်တီ"

"အန်တီ့ဆီလာတဲ့ စာထဲမှာတော့ စန္ဒီ့ကို လက်ထပ်ချင်တဲ့အကြောင်းတွေ ရေးထားတယ်၊ အဲဒါ ဘယ်လိုသဘောရှိလဲ မေးချင်လို့ ဆက်လိုက်တာ"

စန္ဒီ ငြိမ်နေသည်။

"စန္ဒီ ဘယ်လိုသဘောရသလဲ"

"စန္ဒီဟာ တစ်ခုလပ်တစ်ယောက်ပါ အန်တီ၊ ပြီးတော့ သံဃာဇဥ်ထားတတ်လွန်းလို့သိပ်ခံစားရပါတယ်၊ ဒါကြောင့် အိမ်ထောင်ရေးရော၊ အချစ်ရေးရော စိတ်မကူးချင်တော့ပါဘူး၊ ဖေဖေတို့မေမေတို့ကိုလဲ စိတ်ဆင်းရဲအောင် မလုပ်ချင်တော့ပါဘူး"

"အန်တီ့သားက ဘယ်သူ့ကိုမှ စိတ်ဆင်းရဲအောင်လုပ်တတ်တဲ့သူမျိုးမှ မဟုတ်တာ"

"အန်တီက သဘောတူလို့လား"

"သားစိတ်ချမ်းသာရင် ပြီးတာပါပဲ၊ သားဆီ ဘယ်လို အကြောင်းပြန်လိုက်ရမလဲ စန္ဒီ"

"သူလာမှ အန်တီတို့သားအမိ ထပ်တိုင်ပင်ကြပါဦးနော်၊ စန္ဒီလဲ·သူလာမှ ထပ်ဆွေးနွေးပါဦးမယ်"

* * *

"မမစံ"

"ဟင်...ဒန္ဒီ"

"ဒီနေ့ ဘယ်သူနဲ့တွေ့ခဲ့လဲ သိလား"

"မော်စီနဲ့လား"

"မော်စီနဲ့က နေ့တိုင်းတွေ့နေကျပဲ၊ မော်စီ့အဖေနဲ့ တွေ့ခဲ့တာ သိလား"

ထိုစကားကြောင့် စန္ဒီ ကိုယ်လေး တောင့်ခနဲဖြစ်သွားသည်။ မျက်လုံးများလည်း အရောင်တလက်လက်ဖြင့် ကစားသွားသည်။

"သူ့မိန်းမလဲ ပါတယ်၊ အသက်သိပ်မကြီးသေးပါဘူး။ ချောလဲ တော်တော်ချောပါတယ်၊ မမစန္ဒီလောက် မချောပေမယ့် ဝတ်ထားစားထားတာရော၊ ပြင်ထားဆင်ထားတာရော တကယ်အဆင့်အတန်းမြင့်တာပဲ"

စန္ဒီ နှုတ်ခမ်းလေးများ တင်းတင်းစေ့သွားသည်။

မျက်လုံးငြိမ်သွားသည်။



"မပြောလိုက်ဘူးလား၊ မမ မျိုးနဲ့ အိမ်ထောင်ပြုတော့မယ်ဆိုတာ"

"ဟင်...မပြောပါဘူး၊ သတင်းစာထဲထည့်ရင် တွေ့မှာပဲ မှမရဲ့၊ ပြီးတော့ မမကမှ ကိုမျိုးကို အဖြေမပေးသေးတာ"

အင်း....မိမိထက်စာလျှင် ဒန္ဒီလေးကမှ တည်ငြိမ်ပါသေးကလား။

* * *

"မောင်မောင်၊ ထမင်းစားတော့မလား"

နိုင် ခေါင်းခါသည်။

မျက်မှောင်ကိုလည်း ကြုတ်ထားသည်။

သားနှင့်သမီးကို အဆောင်မှာထားစရာမလိုတော့။

နယ်ကအိမ်ကိုရောင်းပြီး ရန်ကုန်မှာ အိမ်ဝယ်သည်။ ပြီးတော့ ရန်ကုန်မှာ စီးပွားရေးအခြေချဖို့ ကလေးတွေအမေက ပြောသည်။ ယခု မိသားစုလေးဦးလုံး တစ်အိမ်တည်းတွင် စုစည်းမိပြီ။

နော်မာတစ်ယောက် ပျော်လွန်းသဖြင့် တပြုံးပြုံးဖြင့်၊ အပြုံးအရယ်နည်းသောမော်စီကတော့ ဂစ်တာကိုသာ အတီးများသည်။

ဖခင်ဖြစ်သူသည် မိခင်ဖြင့် တွဲသွားတွဲလာလုပ်ပြီဖြစ်သော်လည်း မိခင်ကို ခပ်တန်းတန်းနေဆဲဖြစ်သည်။

သူ့မေတ္တာသည် ဒေါ်စန္ဒီ့ထံတွင် ကျန်ရစ်ခဲ့ပုံရသည်။

ဒေါ်စန္ဒီ နောက်အိမ်ထောင် မြန်မြန်ပြုပါစေတော့ မောင်နှမနှစ်ယောက်လုံး ဆုတောင်းမိကြသည်၊

ရာသီအချိန်တွေ မြန်မြန်ကုန်ပါစေဟု ဆုတောင်းမိကြသည်။

"မမမရေ"

"ဘာလဲ....နော်မာ"

"ဟိုလေ....ကိုမော်နဲ့ကြိုက်တဲ့ကောင်မလေး သိလား"

"ဒန္ဒီဆိုတာလား"

"အင်း....အင်း၊ သူ နိုင်ငံခြား လိုက်သွားတော့မယ်တဲ့"

"ဘယ်သူနဲ့လဲ"

"သူနဲ့စေ့စပ်ထားတဲ့လူက မမစန္ဒီရဲ့မောင်လေ၊ ဟိုကနေခေါ်ယူတာ၊ ဟိုမှာလက်ထပ်မှာ၊ ကိုမော်တော့ဆွေးပြီ"

"သူသွားရင် သူ့ထက်ကောင်းတဲ့သူ့ထပ်တွေ့မှာပေါ့သမီးရယ်"

ဒေါ်ခင်ခင်ထက်က လောကအကြောင်း၊ လူ့အကြောင်းနောကျေနေပြီ။ အချစ်ရေးနှင့်ပတ်သက်လျှင်လည်း နှလုံးသားသည် အထုခံရလွန်းသဖြင့် ကျောက်သားလို မာနေပြီ။

တော်ရုံနှင့် မဖြို့တော့၊

"ဒန္ဒီက လာနှုတ်ဆက်ရင်း ဘာပြောသွားသေးတယ် မှတ်သလဲ"

"အင်း....ဘာပြောလဲ"



နော်မာက ညှော်ခန်းထဲတွင် သတင်းစာဖတ်နေသော ဖခင်ဖြစ်သူကြားအောင်—

"မစန္ဒီလဲ မကြာခင် နောက်အိမ်ထောင်ပြုဖြစ်မယ် ထင်တယ်တဲ့၊ သူ့ကိုအလျှင်က ကြိုက်ဖူးတဲ့လူတစ်ယောက်က လက်ထပ်ခွင့် လာတောင်းထားတယ်တဲ့"

ထိုစကားကြောင့် ဦးကျော်ထွန်းခိုင် သိသိသာသာ လှုပ်ရှားသွားသည်။

ကိုဝင်းမောင်လား...

မျိုးလွင်လား....

စန္ဒီသည် တစ်နှစ်အတောအတွင်း ဤမျှ မြန်မြန်ဆန်ဆန်ပြောင်းလွဲလိမ့်မည် မထင်။ မိမိကို သူမ မည်မျှချစ်ကြောင်း၊ မည်မျှစွဲလမ်းကြောင်း မိမိသိသည်၊

ထို့အတူ သူမအပေါ် မိမိ မည်မျှ သံယောဇဉ်ရှိကြောင်းလည်း သူမသိသည်၊

စီးပွားရေးကို လုံးပမ်းနေရသဖြင့် သူမကို လွမ်းဆွတ်ခြင်းဝေဒနာသည် စားချိန်၊ အိပ်ချိန် နှစ်ခုတွင်သာ သိသိသာသာခံစားရသည်။

သူမသည်လည်း ထိုကဲ့သို့ရှိလိမ့်မည် ထင်သည်။

"ဖေဖေ၊ သကြံန်ကျရင် မန္တလေးသွားလည်ရအောင်နော်၊ မန္တလေးသကြံန်က အရမ်းစည်တာ၊ လိုက်ပို့ပေးနော်"

"ဖေဖေမအားပါဘူးကွာ၊ မင်းတို့မေမေကို လိုက်ပို့ခိုင်း"

"ဟင်....ဟိုတစ်ကွဲဒီတစ်ကွဲတော့ ဘယ်တော့မှမသွားဘူး။ မရဘူး၊ ဖေဖေလဲ လိုက်ခဲ့ရမယ်၊ မိသားစုတစ်စုလုံး သွားချင်တာ"

နော်မာက သူဖြစ်ချင်တာကို ခပ်ပျော့ပျော့လေးနှင့် လုပ်ယူတတ်သည်။ မော်စီဆိုသည့်ကောင်ကတော့ မိမိဖြစ်ချင်တာကို ပျော့ပျော့နှင့်မရလျှင် ခပ်ကြမ်းကြမ်းနည်းဖြင့် ရအောင်ယူတတ်သူ။

မခင်ဖြစ်သူကြားအောင် လှမ်းပြောလိုက်ပုံကတော့....

"ဒီကမ္ဘာလောကကြီးမှာ ငါတို့မိသားစုကို ပြိုကွဲအောင်လုပ်မယ့်လူမှန်သမျှ ငါကတော့ အနုနဲ့မရရင် အကြမ်းနဲ့ရှင်းမှာပဲ၊ ဒီတစ်ခါ စန္ဒီဆိုတဲ့အမျိုးသမီးနဲ့ ဖေဖေနဲ့ပတ်သက်လာရင် အဲဒီမိန်းမကိုသတ်ပြီး ငါ ထောင်ထဲဝင်မှာ"

သားဖြစ်သူကိုတော့ ကျော်ထွန်းခိုင် နည်းနည်းမြို့သည်။

* * *

ပိတောက်နံ့က သင်းပျံ့နေသည်။

မိုးစောစောကျသဖြင့် သင်္ကြန်မတိုင်မီ ပိတောက်တွေ ကြိုပွင့်လာသည်။

စန္ဒီ မနက်အစောကြီးကတည်းက ကျိတ်၍ငိုပြီးပြီ။

ပိတောက်ဝါဝါတွေကိုကြည့်ပြီး ရင်မှာနာနေသည်။

မိမိကို ခိုင်တစ်ယောက် သတိမှရပါ့မလား။



သူ့သား၊ သူ့မယားနှင့် ပျော်မြူးနေရသဖြင့် စန္ဒီ့ကို မေ့ပြီထင်သည်။

စန္ဒီ အိပ်ရာထဲတွင် ခေါင်းအုံးကိုမျက်နှာအပ်၍ တသိမ့်သိမ့်ရှိုက်သည်။

"မမစန္ဒီ—ဧည့်သည်ရောက်နေတယ်"

"ဘယ်သူလဲ....ဒန္ဒီ"

"မသိဘူးမမ၊ ကိုကိုသန့်ဆီက လူကြုံလွှတ်လိုက်တာတဲ့"

"ဪ....အေး....အေး"

စန္ဒီ နည်းနည်းပါးပါးပြုပြင်ပြီး အောက်ထပ်ဆင်းခဲ့သည်။

"ဟင်"

စန္ဒီ ပါးစပ်ဟောင်းလောင်းလေးဖြင့် ရင်တွေခုန်သွားသည်။

မျိုးက ပိတောက်ပန်းလှလှတွေ တစ်ပွေ့တစ်ပိုက်ဖြင့် ပြုံး၍ရပ်နေသည်။ လှေကားတစ်ဝက်တွင်ရပ်နေသော စန္ဒီ့ထံလျှောက်လာပြီး....

"လာမကြိုဘူးဆိုတာသိလို့ အကြောင်းမကြားတော့ဘူး၊ မမ....ရော့"

ပိတောက်တွေ ရင်ခွင်ထဲထိုးပေးရင်း အလှဆုံးတစ်ခက်ကို ရွေးကာ စန္ဒီ့ခေါင်းတွင် ပန်ဆင်ပေးသည်။ ပန်ဆင်၍မရလေသောအခါ နားရွက်အပေါ်နားတွင် ထိုးထည့်ပေးထားသည်။

"မမ ငိုထားတယ် ထင်တယ်၊ သိတယ်၊ ပိတောက်ပွင့်တွေ

မြင်ရင် မမ ရောဂါတက်မယ်ဆိုတာ၊ ဒါကြောင့်ကို အမိမြန် လာတာ၊ ကဲ...အခု မမ ဘယ်သူ့ကိုမှ လွမ်းစရာမလိုတော့ဘူး''

ဒန္တီက ခပ်ချောချော ခပ်သွက်သွက်ရှိလှသော မျိုးလွင်ကို မမစန္ဒီ ဘယ်လောက် ငြင်းနိုင်၊ ရှောင်နိုင်မည်နည်းဟု တွေးနေမိသည်။

''ကျွန်တော်ပြန်ရင် မမကို တစ်ခါတည်း ခေါ်သွားမှာ''

''လွယ်တာမှတ်လို့ကွာ၊ ဒန္တီတောင် ကိုသန့်နောက်လိုက်ဖို့ ဖြင်နေတာ တစ်နှစ်ပြည့်တော့မယ်၊ ရွှေ့လလောက်မှ သွားရမယ်ထင်တယ်''

''ဟုတ်လား၊ ညည်း ငါ့ကို မှတ်မိလား''

မျိုးလွင်၏အမေးကို ဒန္တီက ပြုံးပြုံးလေး ဖြေသည်။

''ကိုကိုသန့်လဲ ရွှေ့လရောက်မှာ''

''သိပါဘယ်ဗျာ၊ ကျုပ်တို့ချင်း အမြဲ အဆက်အသွယ်ရှိပါတယ်၊ ဘာလဲ လွမ်းနေပြီလား''

''လွမ်းတာပေါ့''

''အေး...မစန္ဒီလဲ ငါ့ကို စာရေးပြီး လွမ်းဘယ်၊ အမြန်ပြန်လာပါဆိုလို့ အရောက်ပြန်လာခဲ့ရတာ''

စန္ဒီက မျက်စောင်းထိုးသည်။

''ကဲ...လာ မမ၊ လျှောက်လည်ရအောင်''

''အို....မလိုက်ပါဘူး''

''မလိုက်လို့ရမလား၊ ကောင်းကောင်းခေါ်လို့မရရင် ပွေ့ခေါ်သွားမှာဗျ''

မျိုးလွင်က အဟုတ် ပွေ့တော့မလို လုပ်နေသဖြင့်....



''အို...ဘယ်လိုဖြစ်နေတာလဲ၊ ဣန္ဒြေမရဘူး''

''ဣန္ဒြေရသို့ ဆိုင်းသံကြားတောင် ကချင်တဲ့ကောင်ပဲဗျ၊ ကဲ...လာပ! မမရဲ့၊ လဲ့မူတို့ နွယ်တို့ဆီ လိုက်ပို့ပေးမယ်၊ သူတို့ကို မောင်မောင်နဲ့ လက်ထပ်တော့မယ့်အကြောင်း သွားပြောရအောင်လေ''

ထိုသို့ပြောရင်း မျိုးလွင်က စန္ဒီ့လက်ကို ဘု့ချိုင်းကြားတွင် ညှပ်၍ အတင်း ဆွဲခေါ်သွားသဖြင့် စန္ဒီတစ်ယောက် ပိတောက်ပန်းတွေပွေ့ရင်း ဒရွတ်ဆွဲ၍ ပါသွားသည်။

* * *

## အခန်း (၃၃)

---

''လက်ထပ်ပြီးစီးခြင်းတဲ့''

''မျိုးလွင်နဲ့ စောမြတ်စန္ဒီတဲ့''

နော်မာကာမိခင်ဖြစ်သူကို ဖတ်ပြသလိုလိုနှင့် ဖခင်ကြား
အောင် အော်ဖတ်ခြင်း ဖြစ်သည်။

ဦးကျော်ထွန်းခိုင် ငိုင်သွားသည်။

အင်း...သူမ မိမိကို စိတ်နာသွားပြီ၊ မုန်းသွားပြီပဲ။

''ဖေဖေ''

''ဟင်''

''သန့်ဘက်ခါဆို သင်္ကြန်တောင် ကျပြီ၊ ခုထိ မနွှ
သင်္ကြန်လည်ဖို့ မစီစဉ်သေးဘူးလားလို့''



''အိမ်ကကားနဲ့ သွားတာပဲကွာ၊ ဘယ်အချိန်သွားသွား
ရတာပဲ''

''ဖေဖေ လိုက်ရမှာနော်''

''အေးပါ''

''ဝေး....ဟေး၊ ဒါမှ တို့ဖေဖေကွ၊ ပျော်တယ်ဟေ့....
ပျော်တယ်ဟေ့''

ဖခင်ကို နောက်ဘက်မှ သိုင်းဖက်ရင်း နော်မှာက အော်
သည်။

မော်စီက နှုတ်ခမ်းတင်းတင်းစေ့ရင်း ပြုံးသည်။

* * *

××သင်္ကြန်ချိန်ခါ ရေကစားကြတာ××ပျော်ရှင်စွာ××
လောင်းကာပက်ကာ မောင်ရင်နှမ××ဖော်ရွေစွာ××ပြော်
ရေကစားမှာ××ရေကစားမှာ×× ညှိုမြူလို့အခေါ်မခံနိုင်ဘူး
ဆရာ×××

မျိုးက ဂျစ်ကားခေါင်းပေါ်တွင်တက်ကနေရာမှ ထိုသီချင်း
ကို ဆိုသည်။ ထို့နောက် ကားနောက်ဘက်ခန်းသို့ ခုန်ကူးလာ
ပြီး စန္ဒီ့လက်နှစ်ဘက်ကို ဆွဲ၍ ကခိုင်းသည်။ စန္ဒီက သူ့ကို
တွန်းလွှတ်သည်။ ထိုအခါ မျိုးလွင်က စန္ဒီ့ခါးကို နောက်

ဘက်မှ သိုင်းဖက်သည်။ စန္ဒီ အတင်းရုန်းသော်လည်း မလွတ်၊ ဆွဲဆိုတ်တော့လည်း မလွတ်။

"ဟေ့ ....ကောင်မလေးကို လွှတ်လိုက်"

တခြားသကြံန်ကားပေါ်မှ ကောင်လေးများက အော်သွားခြင်း ဖြစ်သည်။

တချို့ကားပေါ်မှ....

"ကောင်မလေးကို....နမ်းလိုက်"

ထိုအခါ စန္ဒီက ခုန်ထိုင်ချလိုက်သည်။

မျိုးလွင်လည်း ထိုင်ချပြီး စန္ဒီ့ကို သိမ်းကျုံး၍ဖက်ထားသည်။ စန္ဒီအတင်းရုန်းထွက်ရင်း ဒန္တီ့ကို ရှက်သလိုကြည့်မိသည်။

ဒန္တီက မိမိတို့ကိုမကြည့်။

တခြား ကားဘစ်စီးကိုကြည့်ပြီး လျှာထုတ်ပြသည်၊ ပခုံးလေးတွန့်၍ ကပြသည်။

သူမပုံစံက လှောင်သည့်ပုံစံ၊ ပြောင်သည့်ပုံစံ၊

ထိုကားကိုကြည့်မိသော စန္ဒီ မျက်လုံးပြူးသွားသည်။ ထိုဂျစ်ကားပေါ်မှ မော်ဝီက ဒန္တီ့ကို အံကြိတ်၍ကြည့်နေသည်။

ဒန္တီကတော့ သင်္ကြန်တီးလုံးများအတိုင်း ပုံစံမျိုးစုံဖြင့် ကနေသည်။

မျိုးလွင်က ကျော်ထွန်းခိုင်ကို မြင်ရသေးသောအခါ စန္ဒီ့ကို ပိုမိုဖက်ထားပြီး ပါးပြင်ကို ခပ်ကြမ်းကြမ်းလေး နမ်းပြနေတော့သည်။

ခိုင့်ကို သူ့ဇနီးဖြင့်တွဲလျက် သင်္ကြန်ထွက်လည်နေသည်ကို



မြင်လိုက်ရသော စန္ဒီသည် မျိုးလွင်ရင်ခွင်တွင် ငြိမ်သက်စွာ အနမ်းများကို ခံယူနေမိသလို မျိုးလွင်ကို ပြုံးပြုံးလေးကြည့်နေမိသည်။

ကျော်ထွန်းခိုင်က ဆွေးမြည့်သော မျက်လုံးများဖြင့် ကြည့်ပြီး ကားကိုမောင်းထွက်သွားသည်။

မော်ဝီက နှုတ်ခမ်းကိုတင်းတင်းစေ့လျက် ဒန္တီ့ကို မျက်မှောင်ကြုတ်ကြည့်ရင်းပါသွားသည်။ ဒန္တီက လျှာထုတ်ပြရင်း ကပြလိုက်သေးသည်။

မျိုးလွင်အတင်းမတ်တတ်ရပ်ခိုင်းသဖြင့် မျိုးလွင်၏ရင်ခွင်ထဲတွင် မတ်တတ်ရပ်ရင်း မျိုးလွင်၏ ဖက်တွယ်ယုယမှုကို ခံယူရင်း စန္ဒီ ဂျစ်ကားလေးပေါ်မှ လာခဲ့သည်။

"မမ"

"မမလို့"

စန္ဒီက မထူးသဖြင့် ခပ်တင်းတင်းဖက်ရင်း....

"မောင်မောင့်ကို ချစ်လား"

မဖြေမိ၊

"မမရဲ့အချစ်ကိုရဖို့ ပေလီပြန်သွားပြီး မျက်လုံးထဲ သဲတွေ အပက်ခံရဦးမှထင်တယ်"

"သိပ်စကားများတာပဲ မောင်မောင်ရယ်"

"ဘာရယ်....သိပ်ချစ်တာပဲ မောင်မောင်ရယ်တဲ့လား"

"အင်း....မျက်စိကန်းရုံတင်မဟုတ်ဘူး၊ နားပါလေးနေပြီထင်တယ်"

"ဟြော်....ချစ်ရုံတင် မဟုတ်ဘူး၊ လက်ထပ်မယ်လား၊

ရပါတယ်မမရယ်၊ ဒီကောင်ကလဲ လက်ထပ်ဖို့ ပြန်လာတာ ပါပဲ"

အူကြောင်ကြောင်လုပ်နေသော မောင်မောင့်ပုံစံကိုကြည့်ပြီး စန္ဒီရယ်မိသည်။ မောင်မောင့်ဗိုက်ခေါက်ကိုလည်းဆွဲလိမ်မိသည်။

"အမယ်လေး....ချစ်ဆိုချစ်ပါ့မယ်ဗျ။ မနှိပ်စက်ပါနဲ့ဗျ"

"အိုး....ဘာလို့အော်တာလဲ"

စန္ဒီ ရှက်ပြီး မျက်နှာကို မျက်နှာသုတ်ပဝါဖြင့် အုပ်ထားလိုက်မိသည်။ မျိုးလွင်က စန္ဒီ့ကိုယ်လုံးလေးကို သူ့ဘက် ဆွဲလှည့်ရင်း ဖက်ထားလိုက်သည်။

သကြာန်ရေများက သူတို့ကားလေးပေါ် ခေါင်းမဖော်ရဲအောင် ပက်နေသည်။

မျိုးလွင်၏ မေတ္တာမိုးရေများက ချစ်သောမမစန္ဒီအတွက် ရွာသွန်းဖြိုးလို့မဆုံးနိုင်။

နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြပါစေ....။

ဆွေဆွေအောင်

၃–၆–၇၉။